နိုင်ငံတော်အစိုးရ နိကာယ်စာမေးပွဲ ဝိသိဋ္ဌဝိနယဝိဒူဘွဲ့အတွက် အထူးထုတ်

# ပါစိတ်အာဘွင့်



၁

## အရှင်စန္ဒဇောတိ

(ပါဠိပါရဂူ၊ပိဋကတ်တစ်ပုံဆောင်)

GRAPHIC NAY WINN AUNG

သု[illegible]သန[illegible]ကြည့်တိုက်

[illegible]သာသနာတော်[illegible]ပြန့်ပွားရေးဦးစီးဌာန
နိုင်ငံတော်[illegible]စာမေးပွဲ

ဝိသိဋ္ဌ ဝိနယဓိုရ်ဘွဲ့အတွက် အထူးထုတ်

# ပါစိတ်အဖွင့်



## အရှင်စန္ဒဇောတိ

(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)

(ဒုတိယအကြိမ်)

အမှတ် ၂၈၂၉၁ ...
ရက်စွဲ ...

# ပါစီတ်အသွင်

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၉၅ / ၂၀၀၁ (၉)

အဖုံးခွင့်ပြုချက်အမှတ် - ၅၆၃/၂၀၀၁ (၁၀)

ကွန်ပျူတာစာစီ - ရွှေမိုးအိမ်ကွန်ပျူတာ

အဖုံးဒီဇိုင်း - ကိုကျော်မင်းမောင်

အတွင်းဖလင် - ကိုထိန်လင်း

ဖူကျိုကို ဖလင်ကာလာခွဲ

ပုံနှိပ်သူ - ဒေါ်စန်းစန်းအေး

ရတနာ့ဂုဏ်ပုံနှိပ်တိုက်

ထုတ်ဝေသူ - ဒေါ်မိုးကေခိုင်

ချိုတေးသံစာပေ၊ ပုလဲမြို့သစ်

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။

ဖြန့်ချိရေး - ရွှေမိုးအိမ်စာပေ

အမှတ် ၁၉၊

ရွှေတိဂုံဘုရားတောင်ဘက်ဈေးတော်ရုံ

ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-(၀၉) ၅၀၁၀၅၀၆

အကြိမ် - ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး -



အင်းစိန်မြို့ ရွာမ ပရိယတ္တိစာသင်တိုက်
တိုက်အုပ်ဆရာတော် အရှင်တိလောကာဘိဝံသ၏ အမှာစာ

## တကယ့်အနှစ်

သစ်ပင်တစ်ပင်၌ အနှစ်သည်သာ ပဓာနဖြစ်သည်။ အပွေး, အခွံ, အခေါက်, အကာစသည်တို့သည် အနှစ်၏ အခြံအရံမျှသာဖြစ်သည်။ အနှစ် မပျက်စီးစေရန် အပွေး,အခွံ,အခေါက်, အကာတို့ကား ကာကွယ်ပေးကြသည်။ အပွေးစသော အခြံအရံများသည် အနှစ်အတွက် ကျေးဇူးများသည် မှန်သော်လည်း လိုရင်းတော့ မဟုတ်ပါ။ အနှစ်လိုအပ်သူအတွက်မှာ အပွေးစသည်ဖြင့် အချိန်မကုန်သင့်ပေ။

ထိုနည်းတူစွာပင် သတ္တဝါတို့၏ နောက်ဆုံးပန်းတိုင် ဝိမုတ္တိရသကို ခံစားနိုင်ရန် မြတ်စွာဘုရားသည် ဓမ္မဝိနယကို ဟောကြားခဲ့သည်။ ထိုဓမ္မဝိနယကို ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာပါဠိတော်များအဖြစ် သင်္ဂါယနာတင်ခဲ့ကြသည်။ ထိုပိဋကတ်, နိကာယ်ပါဠိတော်များသည် ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓ တို့ဖြင့် နက်နဲခြင်းကြောင့် သာမန်ပုဂ္ဂိုလ်တို့ ပြည့်ပြည့်စုံစုံသိဖို့ရာ မလွယ်ကူပေ။

# အကူအညီလိုအပ်

ဂမ္ဘီရလေးတန်ဖြင့် နက်နဲလှသည့် ပါဠိတော်များကို စနစ်တကျသိနိုင်ရန် လမ်းညွှန်အကူအညီကောင်းမှာ မရှိမဖြစ်လိုအပ်နေသည်။ ယင်းလမ်းညွှန် အကူအညီကောင်းအတွက် ဆရာကောင်းတိုက်ရိုက်သော်လည်းကောင်း၊ ဆရာကောင်း၏ လမ်းညွှန်ချက် လက်ရာတစ်မျိုးမျိုးသော်လည်းကောင်း ရှိရပေမည်။ ဆရာကောင်း၏ လမ်းညွှန်ချက်လက်ရာအဖြစ်ဖြင့် အဋ္ဌကထာ, ဋီကာ, အနု, မဓု, ယောဇနာ, ဂဏ္ဌိ, နိဿယ စသော အဖွင့်သံဝဏ္ဏနာကျမ်းများက တာဝန်ယူပေးကြသည်။ ယင်းအဖွင့် သံဝဏ္ဏနာကျမ်းများ၏ ကျေးဇူးကြောင့် ဘုရားဟောပါဠိတော်များ၏ အနက်မှန်ကို ပြည့်ပြည့်စုံစုံသိရှိခွင့် ရရှိကြသည်။ ထိုအဖွင့် သံဝဏ္ဏနာကျမ်းများ၏ကျေးဇူးကား ကြီးမားပါပေစွ။

# အကာသည် အနှစ်မဟုတ်

အနှစ်ရောက်အောင် အကာကို ကျော်လွှားဖြတ်သန်းရာ၌ လိုရင်းပန်းတိုင်ကို မျက်ခြည်မပြတ်သင့်ပေ၊ အကာကို အနှစ်ထင်နေလျှင် (သို့မဟုတ်) အကာဖြင့်သာ တင်းတိမ်နေလျှင် အနှစ်သို့မရောက်နိုင်ပေ၊ တစ်ဖက်ကမ်းသို့ရောက်ရန် လှေ, သင်္ဘော, တံတားတို့၏ အကူအညီ လိုအပ်သည်မှန်သော်လည်း ယင်းအကူအညီများဖြင့်သာ တင်းတိမ်နေလျှင် တစ်ဖက်ကမ်းသို့ ရောက်မည်မဟုတ်ပေ၊ အဖွင့်သံဝဏ္ဏနာကျမ်းများသည် ဘုရားဟောပါဠိတော်များ စနစ်တကျ သိရှိရန် အခြံအရံအကူအညီမျှသာ ဖြစ်သည်ကို သတိမူရမည်၊ အချို့ပုဂ္ဂိုလ်များသည် လိုရင်းပန်းတိုင်ကို မျက်ခြည်ပြတ်နေကြသည်။ အခြံအရံဖြင့် အချိန်ဖြုန်းနေသည်။ အချို့ဆိုလျှင် အကာကို အကာမှန်း သတိမမူမိဘဲ ရှိနေကြသဖြင့် အနှစ်ဖြစ်သော ပါဠိတော်၏အရသာကို မခံစားကြရပေ။ ပထမပြန် ဓမ္မာစရိယ စနစ်လမ်းပေါ် လျှောက်သူများအနက် ထက်မြက်ထူးချွန်သူအနည်းငယ်မှတစ်ပါး များစွာသော ပုဂ္ဂိုလ်တို့သည် လိုရင်းပါဠိတော်နှင့် မျက်ခြည်ပြတ်နေကြသည်။ အခြံအရံ အဖွင့်သံဝဏ္ဏနာများဖြင့်သာ လမ်းဆုံးနေသူသာများသည်။ ထိုကဲ့သို့ အဖွင့်သံဝဏ္ဏနာ အခြံအရံအကာဖြင့် လမ်းဆုံးနေသူများ ပါဠိတော်အနှစ်သို့ မရောက်သူများကို ရည်ရွယ်၍ အကာကိုလုစ် အနှစ်ကို [illegible]မှုမိစေရန် အကာသည် အနှစ်မဟုတ် ဟုဆိုခဲ့ခြင်းဖြစ်သည်။

## အနှစ်တိုက်ရိုက် ဆိုက်ရောက်စေသောစနစ်

ယခုခေတ် စာချစာသင်အများအပြားသည် အဖွင့်သံဝဏ္ဏနာ အကာတို့ ဖြင့်သာ များသောအားဖြင့် လမ်းဆုံးနေကြသည်။ ဤသည်ကို သတိမူမိသော ဆရာတော်ကြီးများ၏ လမ်းညွှန်ချက်ဖြင့် နိုင်ငံတော်အစိုးရက ဝိနယဝိဒူ စသော နိကာယ်စာမေးပွဲများကို ကျင်းပပေးခဲ့ပါသည်။ ဤနိကာယ်စာမေးပွဲစနစ်သည် အကာဖြင့် အချိန်မကုန်စေသော စနစ်, ပါဠိတော်အနှစ်ကို အမြန်ဆုံးဆိုက်ရောက် စေသော စနစ်ဖြစ်သည်၊ သို့သော် ယခုအချိန်မှာ တွင်ကျယ်မှုနည်းသေးသည်။

## တွင်ကျယ်မှုနည်းရကြောင်း

ဆိုခဲ့ပြီးအတိုင်း နိကာယ်စာမေးပွဲ စနစ်ကို အကာကိုလှစ် အနှစ်သို့ တိုက်ရိုက်ရောက်စေသော စနစ်ဖြစ်သော်လည်း ယင်းစာမေးပွဲအတွက် သင်ကြား ပို့ချ၍, ဖြေဆိုသူကား အရေအတွက်နည်းလှသည်၊ ယင်းသို့ နည်းရခြင်းအကြောင်း မှာလည်း ထိုစာမေးပွဲအတွက် ဂရုတစိုက်အလေးထားပြီး သီးခြားပို့ချပေးသူ နည်းနေခြင်းကြောင့်လည်းကောင်း၊ ဝင်ရောက်ဖြေဆိုလိုသူ အများအပြားမှာလည်း ကိုယ်တိုင်စနစ်တကျ မလေ့လာနိုင်ခြင်းကြောင့်လည်းကောင်း ဤသို့ စသော အကြောင်းများကြောင့် ဝင်ရောက်ဖြေဆိုသူ နည်းပါးရခြင်းဖြစ်ပါသည်။

## စာရေးကြံ့ မှတ်ဆိတ်များစွဲ

ဝိနယဝိဒူစသော နိကာယ်စာမေးပွဲများကို ဝင်ရောက်ဖြေဆိုလိုကြသော် လည်း ဆရာမပြ နည်းမရဖြစ်နေသူများအတွက် ကံကောင်းထောက်မသဖြင့် ဤဂုဏ်ထူးဆောင် ဝိနယဝိဒူစာအုပ် ထွက်ပေါ်လာရခြင်းဖြစ်သည်။

ဤစာအုပ် ထွက်ပေါ်လာရခြင်းကြောင့် နိကာယ်စာမေးပွဲ ဖြေဆိုလိုသူ ရဟန်း, ရှင်, လူ မည်သူမဆို ာလွယ်တကူ ဖြေဆိုနိုင်တော့မည်။ ဤစာအုပ်၌-

၁။ နိဿယအနက်ပေးနည်းကိုလည်း ညွှန်ပြထားသည်။

၂။ သဒ္ဒတ္ထ, အဓိပ္ပါယတ္ထစသော ထူးဆန်းသော အာစရိယဝါဒ [illegible] နည်းများကိုလည်း ညွှန်ပြထားပါသည်။

၃။ စာမေးပွဲမေးလေ့မေးထရှိသော မေးခွန်း မေးကွက်များကိုလည်း ညွှန်ပြထားသည်။

၄။ အချုပ်ပိဏ္ဍတ္ထများကိုလည်း ညွှန်ပြထားသည်။

ဤစာအုပ်၏ ကျေးဇူးကြောင့် နိဿယစာအုပ်ရှာစရာပင် မလိုတော့၊ မေးလေ့မေးထရှိသော နိဿယနက်များကိုလည်း အဆင်သင့် ခူးပြီးခပ်ပြီးသား အဖြစ် မိမိလက်ထဲသို့ ဤစာအုပ်က ပို့ပေးထားပါသည်။ မိမိအနီးအနားမှ ဆရာသမားတစ်ယောက် အမြဲတမ်းရောက်ရှိနေသလို ဤစာအုပ်က အမြဲတမ်း အချိန်မရွေး အကူအညီပေးနေပါသည်။ လိုအပ်သူများ၏ မှတ်ဆိတ်သို့ ပျားအုံ လာစွဲသည့်ပမာ မဟာကံထူးရှင်များအတွက် ဤစာအုပ်ထွက်ပေါ်လာရခြင်းဖြစ်သည်ဟု ယူဆမိကြောင်း တင်ပြအပ်ပါသတည်း။

ဦးတိလောကာဘိဝံသ (အင်းစိန်)

ရွာမပရိယတ္တိစာသင်တိုက်

၁၃၅၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁) ရက်

(၁၃-၁-၉၈) အင်္ဂါနေ့။



# နိဒါန်းစကား

## သာသနာပြုစာမေးပွဲများ ကျင်းပခြင်း

ပါဠိပထမပြန်စာမေးပွဲကို ဗုဒ္ဓသာသနာတော်၏ အခြေခံအုတ်မြစ်ဖြစ်သော ပရိယတ္တိသာသနာတော်ကြီး ထွန်းကားပြန့်ပွားစေရန်ဟူသော မွန်မြတ်သော ရည်ရွယ်ချက်ဖြင့် သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀-ပြည့်နှစ် မှစတင်၍ မြန်မာဘုရင်အဆက်ဆက်တို့ ကျင်းပလာခဲ့ကြသည်။

ပထမပြန် စာမေးပွဲကြီးကို နှစ်ကာလကြာသည်နှင့်အမျှ စနစ်မျိုးစုံ ပြောင်းလဲကာ ကျင်းပလာခဲ့ရာ ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်တို့ အများအပြားပေါ် ထွက်ခဲ့ကြသည်။

ထို့နောက် ၁၂၉၉-ခုနှစ်တွင် ဓမ္မာစရိယစာမေးပွဲကို စတင်ကျင်းပ၍ ၁၃၁၀-ပြည့်နှစ်တွင် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးကို စတင်ကျင်းပခဲ့ သည်။ ယင်းသို့ ကျင်းပခဲ့ခြင်းကြောင့် ပရိယတ္တိစာပေကို ကျက်-အံ-ကြံ-ကြည့် ကြသည့် ရှင်ရဟန်းများ ကနေ့တိုင်အောင် တိုးတက်များပြားလာခဲ့ရာ ယခုအခါ မြန်မာနိုင်ငံ၌ ပရိယတ္တိသာသနာရောင် ထွန်းပြောင်ဆုံးအချိန်ဟု ဆိုရပေမည်။

## အဓိပ္ပါယ်ကျမ်းစာမေးပွဲ ကျင်းပခြင်း

တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးကို ကျင်းပလာခဲ့သော်လည်း စာပြန်စာဖြေအရှင်မြတ်တို့သည် ပိဋကတ်သုံးပုံကျမ်းရင်းများဖြစ်ကြသည့် ဝိနည်း (၅) ကျမ်း၊ အဘိဓမ္မာ (၇) ကျမ်း၊ ဒီဃနိကာယ်သုတ် (၃) ကျမ်းတို့ကိုသာ ဖြေဆို မှုများ၌ မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ် စသော ကျမ်းဖျား များကိုမူ ဖြေဆိုမှုနည်းပါးသဖြင့် ယင်းကျမ်းများသည် ကျမ်းအိပ်ကြီးများသဖွယ် ဘီဒိုထဲတွင် အိပ်စက်လျက်ရှိကြသည်။

ထိုအခါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ပိဋကတ် သုံးပုံ ကျမ်းဖျားများ၏ ကျမ်းအိပ်အဖြစ်ကို သိမြင်တော်မူ၍ ယင်းကျမ်းအိပ်ကြီး များကို လေ့လာလိုက်စားသူများ ပေါ်ထွက်စေရန် ရည်သန်၍လည်းကောင်း၊ တိပိဋကဓရစာမေးပွဲကြီးကို ရဟန်း, သာမဏေများသာ ဖြေဆိုခွင့်ပြုထားသဖြင့် ပိဋကတ်သုံးပုံကျမ်းများကိုလည်း ပုဂ္ဂိုလ်မရွေး လေ့လာလိုက်စားနိုင်ရန် ရည်သန် ၍လည်းကောင်း။ ယင်းသို့လေ့လာ လိုက်စားခြင်းအားဖြင့် ပရိယတ္တိ သာသနာတော်

ကြီး နေလိုလနယ် ထွန်းလင်းစေရန် ရည်သန်၍လည်းကောင်း ၁၃၄၅-ခုနှစ် မှစတင်၍ အစိုးရနိကာယ်စာမေးပွဲကြီးကို စတင်ကျင်းပခဲ့လေသည်။

## စာသင်သားများ အခက်ကြုံခြင်း

အစိုးရနိကာယ်စာမေးပွဲကြီးသည် တိပိဋကရေစာမေးပွဲကြီးနှင့် သာမညော ကျော် စာမေးပွဲဝင်အရှင်မြတ်များအတွက် မခဲယဉ်းသော်လည်း ယင်းစာမေးပွဲ နှစ်ပွဲကို မဖြေဆိုကူးကြသည့် အရှင်မြတ်များ, သီလရှင်များနှင့် လူပုဂ္ဂိုလ်များ အတွက် ပလွယ်ကူသောလမ်းဖြစ်၍ စမ်းတဝါးဝါးနိုင်လှသည်။ ဆင်ကန်း တောတိုးရသည့်ပမာဖြစ်သည်။ စာပေခက်ခဲမှုကို အပထား၊ ထုထယ်ကြီးမားလှ သော စာအုပ်ကြီးများကိုကြည့်၍ ကြောက်ဒူးတုန်စရာဖြစ်ရသည်။

## ပုဂ္ဂိုလ်ကျူးဆောင် ဝိနယဝိဒူကျမ်း ပေါ်ထွက်လာခြင်း

မြန်မာနိုင်ငံသည် အခြားနိုင်ငံများထက် သာသနာရေးရာရော ပရိယတ္တိ စာပေရေးရာပါ အထွန်းကားဆုံးနိုင်ငံဖြစ်သဖြင့် အစိုးရနိကာယ်စာမေးပွဲကြီးအတွက် စာပေပို့ချနိုင်သော စာချပုဂ္ဂိုလ်အကျော်အမော်ဆရာတော်တို့ များစွာရှိကြပါသည်။ သို့သော်လည်း စာချဆရာတော်တို့သည် နှစ်စဉ်နှစ်တိုင်း ဝါဆိုဦးမှစ၍ နှစ်ကုန် သည်အထိ အစိုးရ ပါဠိပထမပြန်စာမေးပွဲနှင့် မဟာစရိယတန်းဆိုင်ရာ စာဝါများကို မအားလပ်အောင် ပို့ချကော်မူနေကြရသဖြင့် အစိုးရနိကာယ်စာမေးပွဲကြီးအတွက် စာပေပို့ချချင်သော်လည်း ပင်ပန်းနွမ်းနယ်မှုကြောင့် မျက်နှာမလွှဲချင်ဘဲလွှဲနေကြရာ အစိုးရနိကာယ်စာမေးပွဲဝင် အရှင်မြတ်များ များစွာ အခက်ကြုံလျက်ရှိကြသည်။ ယခုအခါ ယင်းအခက်ခဲကို ကူညီဖြေရှင်းပေးသည့် အနေဖြင့် အစိုးရနိကာယ် စာမေးပွဲ၌ အုပ်စု (၁) ဝိနယပိဋကကို လွယ်ကူစွာ ဖြေဆိုနိုင်ရန် ဂုဏ်ထူးဆောင် ဝိနယဝိဒူကျမ်း (ပါစိတ်) ကို ရေးသားရခြင်းဖြစ်ပါသည်။

## ရေးသားပုံအမိအစဉ်

ဤကျမ်းစာအုပ်ကို ဆဋ္ဌမူပါစိတ်ပါဠိတော်နှင့် ဘုရားကြီးမူပါစိတ်နိဿယ တို့ကိုအခြေခံ၍ နိုင်ငံတော်အစိုးရ နိကာယ်စာမေးပွဲကြီးနှင့် အံဝင်ဂွင်ကျဖြစ်အောင် ရေးသားထားပါသည်။ စာမျက်နှာအောက်ခြေ၌လည်း ပါဠိတော်အနက်ပေးနည်း

များကို အဋ္ဌကထာအဖွင့်, ဋီကာအဖွင့်, ဘာသာဋီကာအဖွင့်များနှင့်အညီ ဖော်ပြထားသည့်အပြင် စာရေးသူပညာရည်နို့သောက်စို့ခဲ့ရာ ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယက ရန်ကုန် တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ Ph.D) ၏ ပို့ချနည်းများဖြင့် တန်ဆာဆင်ထားသဖြင့် အစိုးရနိကာယ်စာမေးပွဲသာမက တိပိဋကဓရ, သာမဏေကျော်, ဓမ္မာစရိယ, ရန်ကုန်နိကာယ် စသော အခြားစာမေးပွဲများကို ဝင်ရောက်ဖြေဆိုကြမည့် အရှင်မြတ်များအတွက်လည်း အထောက်အကူပြုမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

## ရည်သန်တောင်းတချက်

ဤကျမ်းစာငယ်ကို လေ့လာခြင်းဖြင့် အစိုးရနိကာယ်စာမေးပွဲဝင် အရှင်များ, သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား အုတ်တစ်ချပ်, သဲတစ်ပွင့်ပမာ ကျေးဇူးပြုရာရောက်လျှင် ပင်ပန်းကျိုးနပ်သည်ဟု ထင်မြင်မိပါသည်။

## ဂုဏ်ပြုပူဇော်မှု

ဤကျမ်းစာငယ်ဖြင့် စာရေးသူ အဝိကပညာသင်ကြားခဲ့ရာ ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယက ရန်ကုန်ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရနှင့် စာချကထိကများဖြစ်ကြသည့် အရှင်ဣန္ဒက (ဒီဃနိကာယကောဝိဒ), အရှင်ဝိရောစန (ဒွိပိဋကဓရ), အရှင်နာဂိတ (ဒွိပိဋကဓရ), မင်းကွန်းတိပိဋကဆရာတော် ဆရာတော်ကြီး, တပ်ကုန်မြို့နယ် အင်ပင်တောင်ကျောင်းဆရာတော် ဦးကုသလ, ရန်ကုန်မြို့ ဗဟန်း ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်းဆရာတော် ဦးဓမ္မပါလ စသော ကျေးဇူးရှင်အပေါင်းတို့အား ကျေးဇူးဆပ်ပူဇော်ပါသည်။

**အရှင်စန္ဒဇောတိ**
သာသနဓဇဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ဝိသိဋ္ဌဝိနယဝိဒူ
ဝိနယဓရ၊ ဝိနယကောဝိဒ
အောင်သိဒ္ဓိကျောင်း ဓမ္မသုခကျောင်းတိုက်
ကြားတောရပ်ကွက်၊ ဗဟန်း၊ ရန်ကုန်။
ဖုန်း - ၀၁-၅၄၅၄၇၂
(၉-၄-၉၉)

## အရှင်စန္ဒာဘောဒိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)

## ရေးသားထုတ်ဝေပြီးသော

# ဘုရားဖူးလမ်းညွှန်များ

၁။ ရွှေမန္တလေး ဘုရားဖူးလမ်းညွှန်

၂။ စစ်ကိုင်း ဘုရားဖူးလမ်းညွှန်

၃။ မင်းကွန်း ဘုရားဖူးလမ်းညွှန်

၄။ မင်းကွန်းမြေမှ ကမ္ဘာ့ကျော်ကြီးငါးကြီး

သက်ဆိုင်ရာဒေသရှိ တန်ခိုးကြီးဘုရားများကို သမိုင်းကြောင်းများ, ကာလာဓာတ်ပုံများဖြ ဝေဝေဆာဆာ တင်ပြထားပါသည်။

## မကြာမီ ရေးသားထုတ်ဝေတော့မည့်

# ဘုရားဖူးလမ်းညွှန်များ

၁။ ပြင်ဦးလွင် ဘုရားဖူးလမ်းညွှန်

၂။ မဟာရန်ကုန် ဘုရားဖူးလမ်းညွှန်

၃။ ပုဂံ ဘုရားဖူးလမ်းညွှန်

၄။ ပဲခူး ဘုရားဖူးလမ်းညွှန်

# မာတိကာ


| | |
|---|---|
| အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက် | |
| တိုက်အုပ်ဆရာတော် အရှင်တိလောကာဘိဝံသ၏ အမှာစာ | (က) |
| နိဒါန်းစကား | (င) |
| ဝါဒကို္ဘတ္တော | ၁ |
| အညေနည် | ၁ |
| မှသာဝါဒဟူသည် | ၂ |
| အနရိယဝေါဟာရ လက္ခဏာပြပါဌ် | ၂ |
| အနရိယဟောဟာရသရုပ် | ၃ |
| လိမ်ညာသောရဟန်း၏အခြင်းအရာ (၇) ပါး | ၄ |
| ဒဝါအဏာတိဟူသည် | ၅ |
| ရူဝါအဏာတိဟူသည် | ၅ |
| မနာပမေဝဂါထာ | ၇ |
| တေနစတ္တမနောအဟု | ၇ |
| ဩမသဝါဒ ဟူသည် | ၈ |
| အက္ကောသဝတ္ထု ၁၀ ပါး | ၈ |
| ဇာတ် (၂) မျိုး | ၈ |
| ယုတ်နိမ့်သောဇာတ်များ | ၈ |
| မြင့်မြတ်သောဇာတ်များ | ၉ |
| ယုတ်ညံ့သောအမည်များ | ၉ |
| မြင့်မြတ်သောအမည်များ | ၉ |
| ဟီနဂေါတ္တ | ၉ |
| ဉက္ကဋ္ဌဂေါတ္တ | ၁၀ |
| ဟီနကမ္မ | ၁၀ |
| ဉက္ကဋ္ဌကမ္မ | ၁၀ |
| ဟီနသိပ္ပ | ၁၀ |
| ဉက္ကဋ္ဌသိပ္ပ | ၁၀ |
| အာဗာဓကို ဟီန + ဉက္ကဋ္ဌ အခွဲ | ၁၁ |
| လိင်္ဂကို ဟီန + ဉက္ကဋ္ဌ ခွဲခြားချက် | ၁၁ |
| အာပတ္တိကို ဟီန + ဉက္ကဋ္ဌ ခွဲခြားချက် | ၁၁ |
| ယုတ်ညံ့သော ဆဲရေးမှု | ၁၁ |
| မြင့်မြတ်သော ဆဲရေးမှု | ၁၂ |
| ဗုဒ္ဓပ္ပဋိ သံယုတ္တအမည် | ၁၃ |
| ဆဲရေးနည်းအလိုက် အာပတ်သင့်ပုံ | ၁၃ |
| ဆဲရေးသော်လည်း အာပတ်မသင့်သောရဟန်းများ | ၁၄ |

ကလဟနှင့် ဝိဝါဒအထူး ၁၄
ဂုန်းတိုက်ကြောင်း (ရည်ရွယ်ချက်) ၂-ပါး ၁၅
ဂုန်းတိုက်ရာ၌ အခြင်းအရာ ၁၀ ပါး ၁၅
အနုပဿမ္မန္ဒအရ ၁၆
ပဒသောဓမ္မ၌ ပဒသရုပ် ၁၆
ပဒဟူသည် · ၁၆
အနုပဒဟူသည် ၁၆
အန္တက္ခရဟူသည် ၁၆
အနုဗျဥ္စနဟူသည် ၁၆
ဓမ္မသရုပ် ၁၆
အနုပဿမ္မန္ဒအရ ၁၈
သေဃျာသရုပ် ၁၈
သေနာသန သေဃျာပြုပါ၌ ၁၈
ကာသပ္ပသာရဏာပြုပါ၌ ၁၈
မိန်းမက အမျှင်အနုဒ္ဒါကို မြူဆွယ်ပုံ ၁၉
မာတုဂါမ အရ ဟစ်ကျောင်းတည်း၌ မိန်းမနှင့်
အာပတ်မသင့်အောင် အိပ်နည်းများ ၂၀
မိန်းမနှင့် ၄-ရက်အထိ အိပ်မှု ၂၀
သေပြီးမိန်းမနှင့်အတူ အိပ်မှု ၂၀
နေ့၌ မိန်းမနှင့်အတူအိပ်မှု ၂၀
သဟသေယျသိက္ခာ
ပုဒ်နှစ်ခုအထူး ၂၀
ဥတ္တရိဆပဥ္စဝါစာဟိဟူသော အနုပညတ်ဖြစ်ပေါ်လာပုံ ၂၂
မာတုဂါမော-အရ ဝိညူပုရိသဝိဂ္ဂဟဟူသည် ၂၄
အညတြ ဝိညူနာ ပုရိသဝိဂ္ဂဟေနဟူသော အနုပညတ်ဖြစ်ပေါ်လာပုံ ၂၄
ဒုဋ္ဌုလ္လအာပတ်သရုပ် ၂၅
အနုပဿမ္မန္ဒ-အရ ဘိက္ခုသမ္မုတိ (၄) ပါး ၂၅
အာပတ္တိ ပရိယန္တာဟူသည် ဥတ္တရိမနုဿာဓမ္မသရုပ် ၂၆
ဥတ္တရိမနုဿဓမ္မသရုပ်
ဓဟုတ္တပါရာဇိကနှင့် ဘူကာရောစန သိက္ခာပုဒ်တို့အထူး ၂၆
ဈာနသရုပ် ၂၇
ဝိမောက္ခသရုပ် ၂၇
ဉာဏဒဿနဟူသည် ၂၇
မဂ္ဂဘာဝနာသရုပ် ၂၇
ဥမ္မတ္တကရဟန်း အာပတ်မှ လွတ်လပ်ခွင့်မရသောသိက္ခာပုဒ် ၂၇
ပထဝီ (၂) မျိုး ၂၈
ဇာတ ပထဝီသရုပ် ၂၈

အဇာတ ပထဝီသရုပ် ၂၉
အာပတ်မသင့်အောင် မြေတူးနိုင်းနည်းများ ၂၉
ရှေးခေတ်လူတို့ သစ်ပင်အပေါ်ထင်မြင်ယူဆချက် ၃၁
ဘူတဂါမ် (၅) မျိုး ၃၁
မူလဗီဇ သရုပ် ၃၁
ခန္ဓဗီဇ သရုပ် ၃၂
ဖဠုဗီဇ သရုပ် ၃၂
အဂ္ဂဗီဇ သရုပ် ၃၂
ဗီဇ ဗီဇ သရုပ် ၃၂
သစ်ပင်ကို အာပတ်မသင့်အောင် ဖြတ်နိုင်းနည်းများ ၃၃
အညေနည် ပဋိစရတိ၌ ဖုံးလွှမ်းပုံ အစီအစဉ် ၃၃
အညဝါဒက ဟူသည် ၃၄
ဝိဟေသက ဟူသည် ၃၄
သာမဏေကို သမ္မုတိပေးကောင်း ၃၅
သံဃိကဟူသည် ၃၇
မဉ္စသရုပ် ၃၇
ဘိသိသရုပ် ၃၇
ကောစ္ဆသရုပ် ၃၈
သင်ဖျာလုပ်နည်း ၃၈
သန္ထရာပေတွာ-၌ တာဝန်ကျသူ ၃၈
အနာပုစ္ဆံ ဝါ-၌ ပန်ပြောရမည့်သူများ ၃၈
ဒုက္ကဋ်သင့်သော ဝတ္ထုများ ၃၉
သံဃိက ဝိဟာရဟူသည် ၄၀
သေယျာသရုပ် ၄၀
အာပတ်သင့်ပုံ ၄၀
ဒုက္ကဋ်သင့်ရာဌာနများ ၄၀
ဝိဟာရနှင့် ပရိဝေဏအထူး ၄၀
ဇာနံ-၌ သိနည်း (၃) မျိုး ၄၁
သံဃိကေ ဝိဟာရေ-ဟုဆိုသော်လည်း နေရာတိုင်း၌ အာပတ်မသင့် ၄၁
နှင်ထုတ်ရာ၌ အာပတ်သင့်ပုံ ၄၂
နှင်ထုတ်ကောင်းသူများ ၄၂
သဟသာ မဉ္စ အဘိနိသီဒိအနက်ပေး ၄၂
တသ္မိံ ဌိတော ဂဏှာတိ ဝါ အနက်ပေး ၄၂
ဝေဟာ သကုဋိဟူသည် ၄၃
အာဟစ္စပါဒက ခြေဟူသည် ၄၃
မဟလ္လက ဝိဟာရဟူသည် ၄၄
ဟရိတသရုပ် ၄၅

| | |
|---|---|
| အာပတ်သင့်ပုံ | ၄၅ |
| ဥဒက သိက္ခာပုဒ်နှစ်ခုအထူး | ၄၅ |
| ဓာန် သပ္ပါဏာကံ အနက်ပေး | ၄၆ |
| အင်္ဂါ (၈) ပါး မညီဘဲ သမုတ်မှု | ၄၆ |
| ဘိက္ခုနောဝါဒက သမ္မုတိအင်္ဂါများ | ၄၈ |
| အသမ္မတဟူသည် | ၅၀ |
| ဘိက္ခုနိယောအရ | ၅၀ |
| ဘိက္ခုနောဝါဒက သမ္မုတိရသော ရဟန်း၏ကျင့်ဝတ် | ၅၁ |
| ရှင်ရူပသုပန်၏ ဥဒါန်းဂါထာ | ၅၃ |
| သိက္ခာပုဒ် ၃ ပုဒ် ထူးခြားချက် | ၅၄ |
| ပါစိတ် ၃ ချက် တစ်ပြိုင်နက်သင့်ပုံ | ၅၄ |
| ဘိက္ခုနီ ပဿယဟူသည် | ၅၅ |
| ဥပသက်မိတ္တာဟူသည် | ၅၅ |
| သမ္မုတိမရသော်လည်း ဆုံးမနိုင် | ၅၅ |
| ဂိလာနာဟူသည် | ၆၅ |
| အာမိသဟေတု-၌ အာမိသသရုပ် | ၅၆ |
| ပစ္စည်းချင်းလဲလှယ်ကောင်းသူများ | ၅၇ |
| ဘိက္ခုနီအရ | ၅၈ |
| စီဝရ အရ | ၅၈ |
| သိက္ခမာန်သက်န်းဝတ်ကြောင်း သာဓက | ၆၀ |
| အနုပညတ် | ၆၁ |
| သံဝိဓာယ-၌ စီမံပုံ | ၆၁ |
| ဟိယျောနှင့် ပရေအထူး | ၆၁ |
| ဂါမန္တရဟူသည် | ၆၁ |
| သတ္တဂမန်ယဟူသည် | ၆၂ |
| သာသက်ဟူသည် | ၆၂ |
| သပ္ပဋိဘယဟူသည် | ၆၂ |
| မဟာနာဂေ ဟိင္ဒုမာနေ | ၆၂ |
| ရဟောနိသဇ္ဇ သိက္ခာပုဒ် (၂) ပုဒ်အထူး | ၆၃ |
| ဘုဂ္ဂယ်ဝင့်သော ရဟန္တာကြီးများ | ၆၄ |
| ကုလ္လနန္ဒာ ညွှန်ပြသော ရဟန္တာကြီးများ | ၆၄ |
| ပရိပါစိတံ-၌ စီမံပုံ | ၆၅ |
| ပိဏ္ဍပါတ-အရ | ၆၅ |
| ဂိဟိသမာရမ္ဘသရုပ် | ၆၅ |
| အဂိလာနဟူသည် | ၆၆ |
| အာဝသထ ပိဏ္ဍဟူသည် | ၆၆ |
| အနုပညတ် (၇) ပါး | ၆၆ |

ဂဏာဘောဇဉ်-ဟူသည် ၆၇
ဂိလာနသမယစသည် ၆၇
ပရမ္ပရဘောဇဉ်ကို ဝိကပ္ပနာပြု၍ စားနိုင်ခြင်း၏အတ္ထုပ္ပတ် ၆၉
ဝိကပ္ပနာပြုပုံ ၆၉
ပရမ္ပရဘောဇဉ်ဟူသည် ၇၀
ပူဝနှင့် မန္ထအထူး ၇၀
၂-သပိတ်, ၃-သပိတ် ခံယူပြီးသော ရဟန်း၏ကျင့်ဝတ် ၇၀
အတိရိတ် ဝိနည်းကံပြုခြင်းအကြောင်း ၇၃
အတိရိတ် ဝိနည်းကံပြုပုံ ၇၃
အတိရိတ် ဝိနည်းကံပြုခြင်း၏ အင်္ဂါများ ၇၃
ပဝါရိတ် အင်္ဂါများ ၇၄
ခါဒနီယသရုပ် ၇၄
ဘောဇဉ်ငါးပါး ၇၅
ဝိကာလဟူသည် ၇၆
သန္နိဓိကာရက ၇၇
ကာလိကကို အာပတ်ဖြင့် ခွဲခြားချက် ၇၇
ကာလိကကို အာပတ်မသင့်အောင်စားနည်း ၇၇
သပ္ပိသရုပ် ၇၇
တေလသရုပ် ၇၈
မဟာဝိကဋဆေးကြီး (၄) ပါး ၈၀
မဟာဝိကဋဆေးကြီးကို အကပ်မခံဘဲစားနိုင် ၈၀
အစေလက ၈၀
ပရိဗ္ဗာဇက, ပရိဗ္ဗာဇိကာ ၈၁
အဖော်ကို ပြန်လွှတ်ခြင်း၏ ရည်ရွယ်ချက်များ ၈၂
သဘောဇနကုလဟူသည် ၈၄
မာတုဂါမ-အရ ၈၄
သန္တဘိက္ခုဟူသည် ၈၆
ပုရေဘတ္တနှင့် ပစ္ဆာဘတ္တအခွဲ ၈၆
အမျိုး (၄) ပါး ၈၆
ပဝါရဏာ (၄) မျိုး ၈၉
ဆေးကုလောက်အောင် ရောဂါမရှိဘဲ ဆေးကောင်းမှု ၈၉
ဥယျုတ္တသေနာသရုပ် ၉၀
သေနာသရုပ် ၉၂
စစ်တပ်အင်္ဂါစာရင်းဝင်နိုင်သော ဆင်တပ်စသည် ၉၂
ဥယျောဓိကဟူသည် ၉၃
အနီကသရုပ် ၉၄
ရှင်သာဂတ၏ သေရက်ကြောင့် ထူးခြားချက် ၉၇

| | |
|---|---|
| သုရာသရုပ် | ၉၇ |
| မေရယသရုပ် | ၉၇ |
| ကြက်သားဟင်းထဲ အရက်ရောချက်မှု | ၉၈ |
| ဥဏှာသမယနှင့် ပရိဠာဟသမယအထူး | ၁၀၃ |
| နဝဟူသည် | ၁၀၄ |
| စီဝရအရ | ၁၀၄ |
| ကပ္ပဗိန္ဒုရောင် (၃) မျိုး | ၁၀၅ |
| ဘိက္ခုသဃ-စသည်အရ | ၁၀၅ |
| စီဝရ-အရ | ၁၀၆ |
| သမ္မုခဝိကပ္ပနာဟူသည် | ၁၀၆ |
| ပရမ္မုခဝိကပ္ပနာဟူသည် | ၁၀၆ |
| ပစ္စုဒ္ဓိုရ်မပြုဟူသည် | ၁၀၇ |
| ပတ္တသရုပ် | ၁၀၇ |
| နိသီဒန | ၁၀၇ |
| သူစိဃရ သရုပ် | ၁၀၇ |
| ခါးပန်းကြိုးသရုပ် | ၁၀၇ |
| ယထာဓမ္မဟူသည် | ၁၀၉ |
| ငြိမ်းပြီးသောအဓိကရုဏ်းကို တဖန်လှုံ့ဆော်ပုံ | ၁၀၉ |
| ဒုဗ္ဗလ္လသရုပ် | ၁၁၀ |
| သတ္တရသဝဂ္ဂတို့ ရဟန်းပြုခြင်းအကြောင်း | ၁၁၁ |
| ဥပါလိ၏ မိဘများ ရွေးချယ်သော အတတ်ပညာ (၃) ရပ် | ၁၁၁ |
| ဦနဝီသတိစသော ဘိက္ခဝေ | ၁၁၂ |
| အသက် ၂၀ မပြည့်သူနှင့် ပြည့်ပြီးသူအထူး | ၁၁၃ |
| ဦနဝီသတိဝဿ ဟူသည် | ၁၁၃ |
| ဦနဝီသတိဝဿကို ရဟန်းခံပေးရာ၌ အာပတ်သင့်ပုံ | ၁၁၃ |
| ထေယျသတ္တသရုပ် | ၁၁၄ |
| သံဝိဓာန သိက္ခာပုဒ် ဝတ္ထုအကြောင်း | ၁၁၅ |
| တိုင်ပင်မှုအလိုက် အာပတ်သင့်ပုံ | ၁၁၆ |
| အန္တရာယိက ဓမ္မသရုပ် | ၁၁၆ |
| ကာမဂုဏ်၏ ဥပမာ (၁၀) ပါး | ၁၁၈ |
| အယူမှားသော ရဟန်းကိုတွေ့လျှင် လုပ်ရမည့်အစီအစဉ် | ၁၁၉ |
| အကဏ္ဍာဓမ္မဟူသည် | ၁၂၀ |
| အာမိသ သမ္ဘောဂဟူသည် | ၁၂၀ |
| ဓမ္မသမ္ဘောဂဟူသည် | ၁၂၁ |
| အယူမှားသော သာမဏေကို အရေးယူပုံ | ၁၂၂ |
| ဥပဋ္ဌာပေယျဟူသည် | ၁၂၂ |
| ဥပဋ္ဌာဝေယျဟူသည် | ၁၂၃ |

သဟာဓမ္မိကဟူသည် ၁၂၃
ပါတိမောက္ခ ဥဒ္ဒိဿမာနေအရ ၁၂၅
ဝိနည်းကို ကဲ့ရဲ့ပုံ ၁၂၅
အနွဒ္ဓမာသဟူသည် ၁၂၇
ပါတိမောက္ခ ဥဒ္ဒိဿ မာနေ–အရ ၁၂၇
ပါတိမောက်အကျဉ်းပြမှုရှိ အမူလ လသရုပ် ၁၂၈
ကိုယ်တိုင်စွပ်စွဲမှုမဟုတ် ၁၂၈
တုက္ကူစွဖြစ်စေပုံ (၄) နည်း ၁၂၉
ဓမ္မိက ကမ္မဟူသည် ၁၃၁
သံဃေဝိနိစ္ဆယကထာဟူသည် ၁၃၂
ပရိက္ခာဂမနနှစ်ပုဒ်အထူး ၁၃၃
မင်းနန်းတော်သို့ ဝင်ခြင်း၏ အပြစ် (၁၀) ပါး ၁၃၆
ခတ္တိယဟူသည် ၁၃၇
မုဒ္ဒါဓိ သိတ္တဟူသည် ၁၃၇
က္ကန္တခီထောအရ ၁၃၈
သယနီယရ–အရ ၁၃၈
ရတနာသရုပ် ၁၄၀
ရတနာသမ္မတဟူသည် ၁၄၀
အဇ္ဈာရာမဟူသည် ၁၄၁
အဇ္ဈာဝသထဟူသည် ၁၄၁
ရတနာကို ကောက်ယူရာ၌
လုပ်ဆောင်ရမည့်အစီအစဉ် ၁၄၁
တိရစ္ဆာန ကထာသရုပ် ၁၄၂
သန္တေ့ ဘိက္ခုဟူသည် ၁၄၃
ဝိကာလဟူသည် ၁၄၃
အနုပညတ်များ ၁၄၃
အဋ္ဌိ–အရ ၁၄၄
အပ်ကျည်ကို ကိုယ်တိုင်လည်းမလုပ်ကောင်း ၁၄၄
အနာပတ္တိ ဂဏ္ဌိကာယ ၁၄၄
ထူလသရုပ် ၁၄၅
လဲထည့်လုပ်သော်လည်း အာပတ်မသင့်သော ပစ္စည်းများ ၁၄၅
ကဏ္ဍုပ္ပဋိစ္ဆာဒိ (အမာလွှမ်းသင်္ကန်း) ဟူသည် ၁၄၆
ဝဿိက သာဋိကာဟူသည် ၁၄၆
အန္တရဝါသက–သရုပ် ၁၄၇
ခါဒနီယ သရုပ် ၁၄၈
ဘောဇနီယ သရုပ် ၁၄၈
သေက္ခသမ္မုတိပေးရမည့်အမျိုး ၁၅၀

သေက္ခသမ္မုတိပေးပုံ ၁၅၀
သေက္ခသမ္မုတကုလဟူသည် ၁၅၀
အာရညကသေနာသနဟူသည် ၁၅၁
အပ္ပဋိသံဝိဒိတ သရုပ် ၁၅၁
ကြိုတင်အသိပေးပုံ ၁၅၁
ပဋိသံဝိဒိတသရုပ် ၁၅၂
ပလ္လတ္ထိကာသရုပ် ၁၅၄
သူပသရုပ် ၁၅၄
သုရုသုရုကာရက သိက္ခာပုဒ်၏ ဝတ္ထု ၁၅၆
သာမိသ သိက္ခာပုဒ်ဝတ္ထုအကြောင်း ၁၅၇
ကီသရုပ် ၁၅၈
ဒဏ္ဍ ဟူသည် ၁၅၈
သတ္ထ သရုပ် ၁၅၈
အာဝုဓ သရုပ် ၁၅၈
ပါဒုကာရုဠသရုပ် ၁၅၉
ယာနသရုပ် ၁၅၉
သာသနာဘောင်ဝင် ညီမလေးဖော် ၁၆၂
သုန္ဒရီနန္ဒာ၏ အရည်အချင်းများ ၁၆၂
သာနဆွမ်းကျွေးခြင်း၏ ရည်ရွယ်ချက် ၁၆၃
သိက္ခာပုဒ်ပညတ်ခြင်း၏ အကျိုး(၁၀) ပါး ၁၆၅
ပုရိသ ပုဂ္ဂလော အရ ၁၆၆
ပထမ ပါရာဇိကကျပုံ ၁၆၆
ပါရာဇိက ဓမ္မ-အရ ၁၆၈
ဒုတိယ ပါရာဇိကကျပုံ ၁၆၈
သမဂ္ဂသံဃာဟူသည် ၁၆၉
ဥက္ခိတ္တသရုပ် ၁၆၉
အနာဒရော ၁၆၉
အကတသဟာယော ၁၆၉
တတိယပါရာဇိကကျပုံ ၁၇၀
ဟတ္ထ-အရ ၁၇၁
သံဃာဋိအရ ၁၇၁
စတုတ္ထပါရာဇိကကျပုံ ၁၇၁
ဥဿယဝါဒိကာဟူသည် ၁၇၂
ဂဟပတိ စသည် ၁၇၂
ကျွန် သရုပ် ၁၇၃
ပထမာ ပတ္တိက ဟူသည် ၁၇၃
စောရီဟူသည် ၁၇၄

အညတြကပ္ပ-၌ ကပ္ပသရုပ် ၁၇၄
နဒီပါရဲ-၌ နဒီအရ ၁၇၆
မြေနိမ့်ရာလှံစိုက်-ဟူသော စကားမှန်ကန်ပုံ ၁၇၇
ငရဲလေးကို ငရဲကြီးနိုင်-ဟူသော စကားမှန်ကန်ပုံ ၁၈၀
အဓိကရဏာ-အရ ၁၈၀
သံသဋ္ဌ-ဟူသည် ၁၈၁
ဘိက္ခုနီ သံဃာဒိသေသ် အာပတ်ကုစားပုံ ၁၈၂
ပတ္တဘန္တီစယ် ကရေယျ၌ သိုမှီးပုံ ၁၈၂
နိဿဂ္ဂိ ထိုက်သောသပိတ်ကို သံဃာထံစွန့်ပုံ ၁၈၂
အကာလစီဝရဟူသည် ၁၈၃
ပတ္တသိက္ခာပုဒ်နှင့် အထူး ၁၈၃
စီဝရ-အရ ၁၈၄
သံဃိက-ဟူသည် ၁၈၇
မဟာဇနိက-ဟူသည် ၁၈၇
ထုလ္လနန္ဒာ၏အရည်အချင်းများ ၁၈၇
ဂရုပါဝုရဏ-ဟူသည် ၁၈၈
လဟုပါဝုရဏ ဟူသည် ၁၈၈
လသုဏသိက္ခာပုဒ်၏ ဝတ္ထုကြောင်း ၁၉၀
အတိတ်ဇာတ်ကြောင်း ၁၉၀
လသုဏဟူသည် ၁၉၁
အာပတ်မသင့်သောကြက်သွန်ဖြူများ ၁၉၁
သမ္ဗာဓသရုပ် ၁၉၂
အနာပေါက်၍ အမွေးရိပ်မှု ၁၉၂
တလမဋ္ဌကသရုပ် ၁၉၃
ဥဒကသုဒ္ဓိကဟူသည် ၁၉၄
အာဒိယမာနာယဟူသည် ၁၉၄
စပါးစိမ်းသရုပ် ၁၉၆
ကုဋ္ဋ (နံရံ) သရုပ် ၁၉၇
ဟရိတဟူသည် ၁၉၈
နစ္စ, ဂီတ, ဝါဒိတတို့အရ ၁၉၈
ပုရိသော အရ ၁၉၉
ဖုံးကွယ်အပ်သောအရပ်ဟူသည် ၁၉၉
လွှင်တီးခေါင် ဟူသည် ၂၀၀
ရထိကာစသည်တို့အထူး ၂၀၁
ပုရေဘတ္တဟူသည် ၂၀၂
အဿနနှင့် သာမိကဟူသည် ၂၀၂
ပဏ္ဍာဘတ္တအရ ၂၀၃

| | |
|---|---|
| သာမိကေ-အရ | ၂၀၃ |
| ဝိကာလ-ဟူသည် | ၂၀၃ |
| သေယျံအရ | ၂၀၃ |
| ဖြုဟ္မစရိယံ စိဏ္ဏောန | ၂၀၅ |
| ဥဒက သာဋိကာဟူသည် | ၂၀၆ |
| ရေသနုပ်ပမာဏ | ၂၀၇ |
| စီဝရံ-အရ | ၂၀၇ |
| သံဃာဋိ-အရ | ၂၀၈ |
| စီဝရသက်မနိယဟူသည် | ၂၀၈ |
| ဂဏောစသည်အရ | ၂၀၉ |
| ဓမ္မိက စီဝရဝိဘင်ဟူသည် | ၂၁၀ |
| ထုလ္လနန္ဒာ နာမည်ကြီးအောင်ကြိုးပမ်းချက် | ၂၁၀ |
| ဖာတ်ပိုင်ရှင် စသည်တို့စည်းရုံးကြပုံ | ၂၁၀ |
| အဂါရိကော စသည် | ၂၁၀ |
| ကပ္ပဗိန္ဒု မထိုးရသေးသောသင်္ကန်းကို ပေးကောင်း | ၂၁၀ |
| သမဏာစီဝရ ပေးကောင်း မပေးကောင်းသောသူများ | ၂၁၁ |
| နုဗ္ဗလစီဝရပစ္စာသာဟူသည် | ၂၁၁ |
| စီဝရကာလသမယဟူသည် | ၂၁၁ |
| ကထိန်နုတ်ခွင့်ပြုခြင်း အကြောင်းဝတ္ထု | ၂၁၂ |
| ကထိန်နုတ်ပုံ | ၂၁၂ |
| ဓမ္မိက ကထိနုဒ္ဓါရဟူသည် | ၂၁၃ |
| ဘဒ္ဒါကာ ပိလာနီ၏ဂုဏ်ရည်များ | ၂၁၃ |
| အမာသုကရကာပြုနည်း | ၂၁၄ |
| ဥပဿယဟူသည် | ၂၁၅ |
| သံသဠာဟူသည် | ၂၁၅ |
| သံသဌာဘိက္ခုနီမကိုတွေ့လျှင် လုပ်ရမည့်အစီအစဉ် | ၂၁၅ |
| အန္တေ ာရဋ္ဌဟူသည် | ၂၁၆ |
| တိရောရဋ္ဌဟူသည် | ၂၁၆ |
| ဝဿံဝုဋ္ဌာဟူသည် | ၂၁၈ |
| အာသန္ဒီနှင့် ပလ္လင်အထူး | ၂၁၉ |
| ချည် (၆) မျိုး | ၂၁၉ |
| ဝိဟိဝေယျာဝစ္စဟူသည် | ၂၁၉ |
| အာဝသထစီဝရ | ၂၂၀ |
| အာဝသတစီဝရ ဝတ်ခွင့်ရသူများ | ၂၂၀ |
| အာဝသတော-အရ | ၂၂၂ |
| တိရစ္ဆာနဝိဇ္ဇာဟူသည် | ၂၂၃ |
| သဘိက္ခုကော အာရာမော | ၂၂၃ |

| | |
|---|---|
| အက္ကောသေဃျဟူသည် | ၂၂၅ |
| စဏ္ဍီကတာဟူသည် | ၂၂၅ |
| အဘိဂ္ဂုဏော အာဝါသော | ၂၂၇ |
| ဩဝါဒနှင့် သံဝါသ | ၂၂၈ |
| ဥပေါသထသရုပ် | ၂၂၈ |
| ပသာခ ဟူသည် | ၂၂၉ |
| ဂဗ္ဘိနီဟူသည် | ၂၂၉ |
| ပါယန္တီဟူသည် | ၂၂၉ |
| မဟာဘိက္ခုမာန်အားပေးရမည့် သမ္မုတိ | ၂၃၀ |
| သိက္ခာသမ္မုတိပေးပုံ အစီအစဉ် | ၂၃၀ |
| သိက္ခာမာန်ကျင့်ရမည့် သိက္ခာပုဒ် (၆) ပါး | ၂၃၁ |
| ဝုဋ္ဌာနသမ္မုတိ ပေးရမည့်သူ | ၂၃၁ |
| အသမ္မတာ | ၂၃၁ |
| ဦနဒွါဒသဝဿာ | ၂၃၂ |
| ဂိဟိဂတာ | ၂၃၂ |
| သဟဇီဝိနီ | ၂၃၂ |
| နေဝအနုဂ္ဂဏှောယျ၌ ချီးမြှောက်ရမည့်အရာများ | ၂၃၂ |
| ပဝတ္တိနီဟူသည် | ၂၃၃ |
| ကုမာရီဘူတာ | ၂၃၃ |
| ဥပဇ္ဈာယ်ဆရာမ၏ အရည်အချင်း | ၂၃၃ |
| ဝုဋ္ဌာနသမ္မုတိပေးရမည့် ဘိက္ခုနီ | ၂၃၃ |
| ဝုဋ္ဌာနသမ္မုတိ မပေးရမည့် ဘိက္ခုနီမများ | ၂၃၄ |
| ပုရိသနှင့် ကုမာရကအထူးစဏ္ဍီအရ | ၂၃၅ |
| မာတာပိတရော-အရ | ၂၃၅ |
| သာမိကောအရ | ၂၃၅ |
| ပါရိဝါသိက ဆန္ဒဒါနဟူသည် | ၂၃၅ |
| ဒါန ဟူသည် | ၂၃၅ |
| အဂိလာနာ | ၂၃၅ |
| သဃ်ဏီဟူသည် | ၂၃၇ |
| ဂန္ဓနှင့် ဝဏ္ဏက-အရ | ၂၃၇ |
| ဝါသိတက ပိညာက | ၂၃၇ |
| သာမဏေရီဟူသည် | ၂၃၇ |
| ဂိဟိနီဟူသည် | ၂၃၇ |
| အာသန-အရ | ၂၃၈ |
| သံကစ္စိက-ဟူသည် | ၂၃၈ |
| အဂိလာန | ၂၃၉ |
| သပ္ပိဟူသည် | ၂၃၉ |
| တေလသရုပ် | ၂၃၉ |
| ခီရသရုပ် | ၂၃၉ |


**မာတိကာပြီးပါပြီ။**

# အရှင်စန္ဒောဘတိ (ပါဠိပါရဂူ၊ ဗိဋကတ်တစ်ပုံဆောင်)၏
## အစိုးရပါဠိပထမပြန် စာမေးပွဲအတွက်
# ထုတ်ဝေပြီးစာအုပ်များ

၁။ **အာဂုံဆောင်ဓာတုမာတိကာ**

ကွန်ပျူတာအနက်တေးများ, အစိုးရပါဠိပထမပြန် စာမေးပွဲ၌ နှစ်ပေါင်း (၃၀)ကျော် ပါဠိ အနက်ပုစ္ဆာအညွှန်းများ ပါဝင်ကြပါသည်။

၂။ **အာဂုံဆောင်ကစ္စည်းသဒ္ဒါ (ပထမတွဲ)**

၃။ **အာဂုံဆောင်ကစ္စည်းသဒ္ဒါ (ဒုတိယတွဲ)**

ကွန်ပျူတာအနက်တေးများ၊ အစိုးရပါဠိပထမပြန် စာမေးပွဲ နှစ်ပေါင်း (၃၀)ကျော် ပုစ္ဆာ အဖြေများ၊ ဓာတ်ပစ္စည်း ခွဲပုံများ၊ ပုဒ်စဉ်, ပုဒ်ဖြတ်များနှင့် ကျမ်းရင်းအဓိပ္ပာယ်များ ပါဝင်ကြပါသည်။

၄။ **အာဂုံဆောင်အဘိဓမ္မာ**

ကွန်ပျူတာအနက်တေးများ၊ အစိုးရပါဠိပထမပြန် စာမေးပွဲ နှစ်ပေါင်း (၃၀)ကျော် ပါဠိ, အနက်ပုစ္ဆာအညွှန်းများ ပါဝင်ကြပါသည်။

၅။ **အာဂုံဆောင်ဇာတ်အဋ္ဌကထာ (ပထမငယ်တန်း)**

ကွန်ပျူတာအနက်တေးများ၊ ဇာတ်တော်အကျဉ်းချုပ်များ၊ သင်ခန်းစာများနှင့် နမူနာပုစ္ဆာများ ပါဝင်ကြပါသည်။

၆။ **အာဂုံဆောင်ဇာတ်အဋ္ဌကထာ (ပထမလတ်တန်း)**

ကွန်ပျူတာအနက်တေးများ၊ ဇာတ်တော်အကျဉ်းချုပ်များ၊ သင်ခန်းစာများနှင့် နမူနာပုစ္ဆာများ ပါဝင်ကြပါသည်။

၇။ **ပါတိမောက်အဓိပ္ပာယ်**

ဤစာအုပ်သည် ဓာတုမာတိကာကျမ်းရင်း အဓိပ္ပာယ်များကို ထိထိမိမိ ရေးသားထားသဖြင့် **စာပေလောကအလင်္ကာ** တစ်ကွက်ကို ဖြည့်စွက်ထားသော စာအုပ်တစ်အုပ်ဖြစ်သဖြင့် ပထမပြန်ပွဲဝင် အရှင်မြတ်တိုင်း မရှိမဖြစ် လက်ကိုင်ပြုရမည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။ စပ်မိစပ်ရာ ကာဓိ အဓိပ္ပာယ်များလည်း ပါဝင်နေသဖြင့် **ဝိနည်းစွယ်စုံကျမ်းတစ်စောင်**ဟုလည်း ဆိုချင်ပါသည်။

၈။ **ပထမငယ်တန်းအတွက် အထူးထုတ်**
**အာဂုံဆောင်ကာခ်ါ**
ပေါ်ထွက်ခဲ့ပြီးသမျှ ကာခ်ါအဓိပ္ပာယ်စာအုပ်များထက် ထူးခြားပြည့်စုံအောင် ရေးသားထားသည့် အပြင် ပါဠိပထမပြန် စာမေးပွဲပုစ္ဆာအညွှန်းများ ပါဝင်ကြပါသည်။

၉။ **ပထမငယ်တန်းအတွက် အထူးထုတ်**
**အာဂုံဆောင်ရူပသိဒ္ဓိ**

၁၀။ **အာဂုံဆောင်ဋီကာကျော်**

## အစိုးရဓမ္မာစရိယစာမေးပွဲအတွက်
## ထုတ်ဝေပြီးသည့် ကျမ်းစာအုပ်များ

၁။ အာဂုံဆောင်ပါရာဇိကဏ်
၂။ အာဂုံဆောင်သီလက္ခန်
၃။ အာဂုံဆောင်မဟာဝဂ်ဏ

ရှေးနိဿယများ, ဘာသာဋီကာများမှ ပါဠိတော် နိဿယများကို ခက်ဆစ်ထုတ်နုတ်ရေးသား ထားခြင်း၊ အနက်ပေးပုံနှစ်နည်းများ ပါဝင်ခြင်း၊ အစိုးရ ဓမ္မာစရိယစာမေးပွဲ၌ နှစ်ပေါင်း (၅၀)ကျော် ပါဠိတော်ပုစ္ဆာအဖြေများ ပါဝင်ခြင်းတို့ကြောင့် ဓမ္မာစရိယပွဲဝင်အရှင်မြတ်တိုင်း စီးရီးလိုက် လက်ကိုင် ပြုရမည့်စာအုပ်များ ဖြစ်ကြပါသည်။

၄။ ပါရာဇိကပါဠိအနက်တေး
၅။ သီလက္ခန်ပါဠိအနက်တေး
၆။ မဟာဝဂ်ဏပါဠိအနက်တေး

ပါဠိတော်များကို ကွန်ပျူတာဖြင့် သပ်သပ်ရပ်ရပ် အနက်တေးထားခြင်း၊ နှစ်ပေါင်း(၅၀)ကျော် ပါဠိတော်ပုစ္ဆာအဖြေများ ပါဝင်ခြင်း၊ ခက်ခဲနက်နဲလွန်းသော အနက်ပေးပုံနည်းစနစ်များ ပါဝင်ခြင်း တို့ကြောင့် ဓမ္မာစရိယဘွဲ့ထူး အမြန်ဆွတ်ခူးလိုသော အရှင်မြတ်တိုင်း လက်ကိုင်ပြုသင့်သည့်စာအုပ်များ ဖြစ်ကြပါသည်။ စာရေးသူ၏ ကလောင်ခွဲဖြစ်သော **အရှင်ခေမာစာရ, ခရေလှိုင်** စသောအမည်များဖြင့် ရေးသားထုတ်ဝေထားပါသည်။

# နိုင်ငံတော်အစိုးရနိုကာယ်စာမေးပွဲကြီးအတွက်
# ရေးသားထုတ်ဝေပြီးသည့် စာအုပ်များ

၁။ ပါရာဇိကအဖွင့်
၂။ ပါစိတ်အဖွင့်
၃။ မဟာဝါအဖွင့်
၄။ စူဠဝါအဖွင့်
၅။ ပရိဝါအဖွင့်
၆။ ဝိနယဝိဒူမေးခွန်းအဖြေစုံ

# အစိုးရပါဠိပထမပြန် စာမေးပွဲအတွက်
# မကြာမီရေးသားထုတ်ဝေတော့မည့် ကျမ်းစာအုပ်များ

**၁။ အိတ်ဆောင်အဘိဓမ္မာ**

အဘိဓမ္မာသင်္ဂဟလာ ကျမ်းရင်းအဓိပ္ပာယ်, သရုပ်ခွဲများ, ခက်ခဲနက်နဲသော အဘိဓမ္မာ အတွေးအခေါ်များနှင့် ပါဠိပထမပြန်စာမေးပွဲ ပုစ္ဆာအညွှန်းများ ပါဝင်ကြသဖြင့် စာသင်သားတိုင်း မိမိအိတ်ထဲ ထာဝရဆောင်ထားရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**၂။ ပထမလတ်တန်းအတွက်** — **အထူးထုတ်**

အာဂုံဆောင် ကဝိ
အာဂုံဆောင် ရူပသိဒ္ဓိ
အာဂုံဆောင် ဋီကာကျော်

**ပထမကြီးတန်းအတွက်** — **အထူးထုတ်**

အာဂုံဆောင် ကဝိ
အာဂုံဆောင် ရူပသိဒ္ဓိ
အာဂုံဆောင် ဋီကာကျော်

## ပါစိတ္တိယကဏ္ဍ
## မုသာဝါဒသိက္ခာပုဒ်

### ဟတ္ထကော သက္ကျပုတ္တော

သက္ကျပုတ္တော=သာကီဝင်မင်းတို့၏သားဖြစ်သော။ ဟတ္ထကော=ဟတ္ထကသည်။ ဝါဒက္ခိတ္တော=အယူဖြင့်ပစ်လွှင့်အပ်သည်။ ဟောတိ=၏။ သော=ထိုဟတ္ထကသည်။ တိတ္ထိယေဟိ=တို့နှင့်။ သဒ္ဓိံ=တကွ။ သလ္လပန္တော=ပြောဆိုသောသည်ရှိသော်။ အဝဇာနိတွာ=ပယ်ပြီး၍။ ပဋိဇာနာတိ=ဝန်ခံ၏။ ပဋိဇာနိတွာ=ဝန်ခံ၍။ အဝဇာနာတိ=ပယ်၏။ အညေနည်း=အဖျင်းဖျင်း။ (တနည်းကား) အညေန=တပါးသောအကြောင်းဖြင့်။ အညံ=တပါးသောအကြောင်းကို။ ပဋိစရတိ=ပြောဆို၏။ (ဝါ) ဖုံးလွှမ်း၏။ သမ္ပဇာနမုသာ=သိလျက်ပျက်စကားကို။ ဘာသတိ=၏။ သင်္ကေတံ=အချိန်းအချက်ကို။ ကတွာ=၍။ ဝိသံဝါဒေတိ=ချွတ်ယွင်းစေ၏။ တိတ္ထိယာ=တို့ သည်။ ဥဇ္ဈာယန္တိ=ကဲ့ရဲ့ကျိုးရှုတ်အယုတ်အားဖြင့် သိကုန်သိစေကုန်၏။ ခိယျန္တိ=ကျေးဇူးမဲ့ကိုဆိုလျက် အမျက်ထွက်ကုန် နှိပ်စက်ကုန်၏။ ဝိပါစေန္တိ=ကျေးဇူးမဲ့ကို ရပ်ထိုထို၌ ဖရိုဖရဲ လွင့်ကြဲအန့် ပြန့်စေကုန်၏။ ကထံဟိ=ကြောင့်လျှင်။ ပ။ ဝိသံဝါဒေဿတိနာမ=ချွတ်ယွင်းစေဘိသနည်း။

### ဧတေ ခေါ် အာဝုသော

အာဝုသော=တို့။ ဧတေ ခေါ် တိတ္ထိယာ နာမ=ထိုတိတ္ထိတို့မည်သည်တို့ကို။ ကေနစိ=တစုံတခုသောအကြောင်းဖြင့်။ ဇေတဗ္ဗာ=အောင်အပ်ကုန်၏။ တေသံ=ထိုတိတ္ထိတို့အား။ ဇယော=အောင်ခြင်းကို။ နေဝ ဒါတဗ္ဗော= မပေးအပ်သည်သာတည်း။ ဣတိ=ဤသို့။ အဝေါစ=၏။ (သမ္ဗန်)။ ပ။ ဧတဿ နိဒါနေ=ထိုဟတ္ထက၏ မုသားဆိုသော

---

**ဝါဒက္ခိတ္တော**။ ။ ဝါဒက္ခိတ္တော = "အယူဝါဒကို ပြုမည်" ဟုကြံစည်အပ်ပြီးသော အယူဝါဒသည် ပရဝါဒီတို့၏ အထံသို့ ပစ်အပ်သူသည် (ဝါ) ပို့အပ်သူသည်။
(တနည်း) ဝါဒက္ခိတ္တော= ပြောဆိုကြောင်းအယူ၌ မိမိစိတ်သည် ပစ်သွင်းအပ်သူသည်။
(ဝိ၊ ဋ္ဌ၊ ၃၊ ၁)

**အညေနည်း ပဋိစရတိ**။ အညေန = အခြားသော စကားအကြောင်းဖြင့်။ အညံ=အခြားသောရှေ့ အကြောင်းကို။ ပဋိစရတိ=ဖုံးလွှမ်း၏ (ဝါ) လွှမ်းမိုး၏။
(ဝိ၊ ဋ္ဌ၊ ၃၊ ၂)

အကြောင်း၌။ ပ။ ဟတ္ထက=ဟတ္ထက။ တွံ=သည်။ တိတ္ထိယေဟိ=တို့နှင့်။ ပ။ ဝိသံဝါဒေသိ=ချွတ်ယွင်းစေ၏။ ဣတိဣဒံဝစနံ=ဤသို့လျှောက်ထားသောစကားသည်။ သစ္စံကိရ=လျှောက်ထားတိုင်း မသွေ မှန်ချေသလော။ ဣတိ=ဤသို့။ ပဋိပုစ္ဆိ=၏။

## သမ္ပဇာနမုသာဝါဒေ ပါစိတ္တိယံ

သမ္ပဇာနမုသာဝါဒေ=သိလျက် ပျက်စကားကိုဆိုခြင်းကြောင့်။ ပါစိတ္တိယံ=ပါစိတ်အာပတ်သင့်၏။ ဣတိ=ဤသို့။ ဥဒ္ဒိသေယျာထ=လေကုန်။ ပရိယာပုဏေယျာထ၊ ဓာရေယျာထ စ၊ ဝါစေယျာထ။

## သမ္ပဇာနမုသာဝါဒဟူသည်

သမ္ပဇာနမုသာဝါဒေါ နာမ=မည်သည်ကား။ ဝိသံဝါဒန ပုရေက္ခာရဿ=ချွတ်ယွင်းခြင်းကိုရှေးရှုသော ရဟန်း၏။ ဝါစာ=စကားတည်း။ ဂိရာ=အသံတည်း။ ဗျပ္ပထော=စကားသည်ပင်အကြောင်းတည်း။ ဝစီဘေဒေါ=နှုတ်မြွက်ခြင်းတည်း။ ဝါစသိကာ=နှုတ်၌ဖြစ်သော။ ဝိညတ္တိ=သိစေခြင်းတည်း။

## အနရိယဝေါဟာရာ

အဒိဋ္ဌံ=မမြင်အပ်သည်ကို။ မေမယာ=သည်။ ဒိဋ္ဌံ=မြင်အပ်၏။ ဣကိ=ဤသို့။ အနရိယဝေါဟာရော=ပုထုဇန်တို့၏ ပြောဆိုခြင်းသည်။ ဟောတိ=၏။ အသုတံ=မကြားအပ်သည်ကို။ မေ=သည်။ သုတံ=အပ်၏။ ဣတိ=ဤသို့။ အမုတံ=မရောက်အပ်သည်ကို။ မေ=သည်။ မုတံ=အပ်၏။ ဣတိ=ဤသို့။ အဝိညာတံ=မသိအပ်သည်ကို။ မေ=သည်။ ဝိညာတံ=အပ်၏။ ဣတိ=ဤသို့။ အနရိယ ဝေါဟာရော=ပုထုဇန်တို့၏ ပြောဆိုခြင်းသည်။ ဟောတိ=၏။

---

အနရိယ ဝေါဟာရ လက္ခဏာပြပါဠိ။ ။ အဒိဋ္ဌံ ဒိဋ္ဌံ မေ 'ပ'ါဝိညာတံ အဝိညာတံ မေတိ။
(ဒိ ဋ္ဌ ၂ ...

### အနရိယ ဝေါဟာရသရုပ်

၁။ အဒိဋ္ဌံ ဒိဋ္ဌံ မေတိ အနရိယဝေါဟာရော၊
၂။ အသုတံ သုတံ မေတိ အနရိယဝေါဟာရော၊
၃။ အမုတံ မုတံ မေတိ အနရိယဝေါဟာရော၊
၄။ အဝိညာတံ ဝိညာတံ မေတိ အနရိယဝေါဟာရော၊
၅။ ဒိဋ္ဌံ အဒိဋ္ဌံ မေတိ အနရိယဝေါဟာရော၊
၆။ သုတံ အသုတံ မေတိ အနရိယဝေါဟာရော၊
၇။ မုတံ အမုတံ မေတိ အနရိယဝေါဟာရော၊
၈။ ဝိညာတံ အဝိညာတံ မေတိ အနရိယဝေါဟာရော၊
(အရိယဝေါဟာရသရုပ်ကို ပြောင်းပြန်ယူပါ။)

### အဒိဋ္ဌစသည်တို့၏အဓိပ္ပါယ်

အဒိဋ္ဌံနာမ=ကား။ စက္ခုနာ=ပသာဒစက္ခု, အဘိညာဏ်စက္ခုဖြင့်။ နဒိဋ္ဌံ=မမြင်အပ်။

အသုတံနာမ=ကား။ သောတေန=ပသာဒသောတ, ဒိဗ္ဗသောတဖြင့်။ နသုတံ=မကြားအပ်။

အမုတံနာမ=ကား။ ဃာနေန=ဃာနပသာဒဖြင့်။ နဃာယိတံ=မနမ်းအပ်။ ဇိဝှါယ=ဖြင့်။ နသာယိတံ=မလျက် အပ်။ ကာယေန=ဖြင့်။ နဖုဋ္ဌံ=မတွေ့အပ်။

အဝိညာတံနာမ= ကား။ မနသာ=စိတ်ဖြင့်။ နဝိညာတံ= မသိအပ်။

### တီဟိ အာကာရေဟိ

တီဟိ=သုံးပါးကုန်သော။ အာကာရေဟိ=အကြောင်းတို့ဖြင့်။ အဒိဋ္ဌံ=မမြင်အပ်သည်ကို။ မေမယာ=သည်။ ဒိဋ္ဌံ=အပ်၏။ ဣတိ=ဤသို့။ သမ္ပဇာနမုသာ=သိလျက်ပျက်စကားကို။ ဘဏန္တဿ=ဆိုသောရဟန်းအား။ ပါစိတ္တိယဿ=ပါစိတ်အာပတ်သို့။ အာပတ္တိ=သည်။ ဟောတိ=၏။ အဿ=ထိုပုဂ္ဂိုလ်အား။ ပုဗ္ဗေဝ=ရှေးဦးကလျှင်။ အဟံ=သည်။ (ထည့်)။ မုသာ=ချွတ်ယွင်းသောစကားကို။ ဘဏိဿံ=ဆိုအံ့။ ဣတိ= ဤသို့သော စိတ်အကြံသည်။ ဟောတိ=၏။ ဘဏိတဿ=ဆိုပြီးသော။ အဿ= ထိုပုဂ္ဂိုလ်အား။

(လိုက်စေ)။ (တနည်း)ဘဏိတေ=ဆိုအပ်ပြီးသော်။ အဿ=ထိုပုဂ္ဂိုလ်အား (ဘဏိတဿ-ကို ဘဏိတေ အဿ-ဟုပုဒ်ဖြတ်) မယာ=သည်။ မုသာ=ကို။ ဘဏိတံ=ဆိုအပ်ပြီ။ ဣတိ=ဤသို့သောစိတ်အကြံသည်။ ဟောတိ=၏။

**ဝိနိဓာယ ဒိဋ္ဌိံ**

ဒိဋ္ဌိံ=အယူကို။ ဝိနိဓာယ=ထား၍။ ခန္တိံ=သည်းခံခြင်းကို။ ဝိနိဓာယ=၍။ ရုစိံ=နှစ်သက်ခြင်းကို။ ဝိနိဓာယ=၍။ ဘာဝံ=အလိုကို။ ဝိနိဓာယ=ထား၍။ သတ္တဟာ=ကုန်သော။ အာကာရေဟိ=တို့ဖြင့်။ သမ္ပဇာနမုသာ=ကို။ ဘဏန္တဿ=အား။ ပါစိတ္တိယဿ=သို့။ အာပတ္တိ=ခြင်းသည်။ ဟောတိ=၏။

**အာပတ်သင့်အောင် လိမ်ညာသောရဟန်း၏ အခြင်းအရာ (၇)ပါး**

၁။ ပုဗ္ဗေဝဿ ဟောတိ "မုသာ ဘဏိဿ"န္တိ။
၂။ ဘဏန္တဿ ဟောတိ "မုသာ ဘဏာမိ" တိ။
၃။ ဘဏိတဿ ဟောတိ "မုသာ မယာ ဘဏိတ"န္တိ။
၄။ ဝိနိဓာယ ဒိဋ္ဌိံ။
၅။ ဝိနိဓာယ ခန္တိံ။
၆။ ဝိနိဓာယ ရုစိံ။
၇။ ဝိနိဓာယ ဘာဝံ။ (ဝိ၊ ၂၊ ၃)

(၆-ပါးစသည်မေးရာ၌ နောက်ဆုံးမှ တစ်ပါးစီနှုတ်ပါ)။

**ဒိဋ္ဌေ ဝေမတိကော**

ဒိဋ္ဌေ=မြင်ခြင်း၌။ ဝေမတိကော=ယုံမှားခြင်းရှိ၏။ ဒိဋ္ဌံ=မြင်ခြင်းကို။ နောကပ္ပေတိ=မယုံကြည်။ ဒိဋ္ဌံ=ကို။ နဿရတိ=သတိမရ။ ဒိဋ္ဌံ=ကို။ သမုဋ္ဌော=မေ့လျော့သည်။ ဟောတိ=၏။ (အထူး)။ ဒဝါ=အဆောတလျှင်။ ဘဏတိ=၏။ ရဝါ=အချွတ်အယွင်း။ ဘဏတိ=၏။ အနာပတ္တိ=သင့်။

**ခ၀ါ ဘဏာတိဟူသည်**

အစောတလျှင် ပြောဆိုမိခြင်းဖြစ်သည်။

**ရ၀ါ ဘဏာတိဟူသည်**

"အခြားစကားကိုပြောမည်"ဟုကြံ၍ အခြားစကားကိုပြောမိခြင်းဖြစ်သည်။

## ဩမသဝါဒ သိက္ခာပုဒ်

**ဆဗ္ဗဂ္ဂိယာ ဘိက္ခူ**

ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဘိက္ခူ=တို့သည်။ ပေသလေဟိ=သီလကို ချစ်ကုန်သော။ ဘိက္ခုဟိ=တို့နှင့်။ သဒ္ဓိံ=ကွ။ ဘဏ္ဍန္တာ=ခိုက်ရန်ဖြစ်ကုန်သည်ရှိသော်။ ပေသလေ=ကုန်သော။ ဘိက္ခူ=တို့ကို။ ဩမသန္တိ=နှုတ်လှံစကားတို့ဖြင့် ထိုးကုန်၏။ ဇာတိယာပိ=အမျိုးအားဖြင့်၎င်း။ နာမေနပိ=အမည်အားဖြင့်၎င်း။ ဂေါတ္တေနပိ=အနွယ်အားဖြင့်၎င်း။ ကမ္မေနပိ=အမှုဖြင့်၎င်း။ သိပ္ပေနပိ=အတတ်ဖြင့်၎င်း။ အာဗာဓေနပိ=အနာဖြင့်၎င်း။ လိင်္ဂေနပိ=အသွင်ဖြင့်၎င်း။ ကိလေသေနပိ=ကိလေသာဖြင့်၎င်း။ အာပတ္တိယာပိ=အာပတ်ဖြင့်၎င်း။ ဟီနေန=ယုတ်သော။ အက္ကောသေနပိ=ဆဲရေးခြင်းဖြင့်၎င်း။ ခုံသေန္တိ=ဆဲရေးကုန်၏။ ဝမ္ဘေန္တိ=ရှုတ်ချကုန်၏။

**ဘူတပုဗ္ဗံ ဘိက္ခဝေ**

ဘိက္ခဝေ=တို့။ ဘူတပုဗ္ဗံ=ရှေး၌ဖြစ်ဘူးသည်ကား။ တက္ကသီလာယံ=တက္ကသိုလ်ပြည်၌။ (ဝါ) အတတ်ထူးကိုကြံတတ်သော အလေ့ရှိသောသူတို့နေရာ ဂန္ဓာရတိုင်းတက္ကသိုလ်ပြည်၌။ အညတရဿ=သော။ ဗြာဟ္မဏဿ=၏။ နန္ဒိဝိသာလောနာမ=နန္ဒိဝိသာလအမည်ရှိသော။ ဗလီဗဒ္ဒေါ=နွားလားသည်။ အဟောသိ=ဖြစ်ပြီ။ ဘိက္ခဝေ=တို့။ အထခေါ=၌။ နန္ဒိဝိသာလောနာမ=သော။ ဗလိဗဒ္ဒေါ=သည်။ တံဗြာဟ္မဏံ=ကို။ ဗြာဟ္မဏ=

---

နန္ဒိဝိသာလနွားလားဝတ္ထု။ ။ ဩမသဝါဒကို ကဲ့ရဲ့ခြင်းအကျိုးငှာ ဆောင်ပြတော်မူသည်။

(ဒိ-ဋ-၃)

ပုဏ္ဏကား။ ဂစ္ဆ=သွားချေ။ တွံ=သည်။ သေဋ္ဌိနာ=ဂေါဝိတ္တကသူဌေးနှင့်။ သဒ္ဓိံ=ကွ။ မယှံ=၏။ ဗလီဗဒ္ဒေါ=သည်။ အတိဗဒ္ဓ=တစပ်တည်းဖွဲ့အပ်သော။ သကဋသတံ=ဝန်ပြည့်စွာ တင်အပ်သော လှည်းတစ်ရာကို။ ပဝဋ္ဋေသတိ=လိမ့်စေလတံ့။ ဣတိ=ဤသို့။ သဟဿေန=တစ်ထောင်သောအသပြာဖြင့်။ အဗ္ဗုတံ=လောင်းတမ်းကို။ ကရောဟိ= ပြုလေတော့။ ဣတိ=ဤသို့။ ဧတံဝစနံ=ကို။ အဝေါစ=၏။

## သကဋသတံ အတိဗန္ဓိတွာ

ဘိက္ခဝေ=တို့။ အထခေါ=၌။ သောဗြာဟ္မဏော=သည်။ သကဋသတံ=ကို။ အတိဗန္ဓိတွာ=တစပ်တည်းဖွဲ့ချည်၍။ နန္ဒိဝိသာလံ=သော။ ဗလိဗဒ္ဒံ=ကို။ ယုဂ္ဂေတွာ=က၍။ ကူဋ=စဉ်းလဲစဉ်းစားကောက်ကျစ်များသောနွား။ ဂစ္ဆ=သွားလော့။ ကူဋ=ကောက်ကျစ် စဉ်းလဲသောနွား။ ဝဟဿု=ရုန်းလော့။ ဣတိ=ဤသို့။ ဧတံဝစနံ=ကို။ အဝေါစ=၏။ ဘိက္ခဝေ=တို့။ အထခေါ=၌။ နန္ဒိဝိသာလော=သော။ ဗလီဗဒ္ဒေါ=သည်။ တတ္ထေဝ=ထို ကာရာအရပ်၌သာလျှင်။ အဋ္ဌာသိ=တည်၏။ ဘိက္ခဝေ=တို့။ အထခေါ=၌။ သောဗြာဟ္မဏော=သည်။ သဟဿေန=ဖြင့်။ ပရာဇိတော=ရှုံးသည်ဖြစ်၍။ ပဇ္ဈာယိ=ကြံမှိုင်၏။

## အထခေါ ဘိက္ခဝေ နန္ဒိဝိသာလော

ဘိက္ခဝေ=တို့။ အထခေါ=၌။ နန္ဒိဝိသာလော=သော။ ဗလီဗဒ္ဒေါ=သည်။ တံဗြာဟ္မဏံ=ကို။ ဗြာဟ္မဏ=ပုဏ္ဏားး။ တွံ=သည်။ ကိသ=ကြောင့်။ ပဇ္ဈာယသိ=ကြံမှိုင်သနည်း။ ဣတိ=ဤသို့။ ဧတံဝစနံ=ကို။ အဝေါစ=၏။ ဘော=အချင်း။ တထာဟိပန=ဖြစ်သမျှ အကြောင်းကိုဖြစ်တိုင်းဆိုအံ့။ အဟံ=ကို။ တယာ=သည်။ သဟဿေန=ဖြင့်။ ပရာဇိ တော=ရှုံးစေအပ်၏။ ဣတိ=ဤသို့။ အဝေါစ=၏။ ဗြာဟ္မဏ=ပုဏ္ဏား။ ကိသ=ကြောင့်။ တွံ=သည်။ အကူဋံ=မကောက်ကျစ်သော။ မံ=ကို။ ကူဋဝါဒေန=ကောက်ကျစ်၏ ဟူသောပြောဆိုခြင်းဖြင့်။ ပါပေသိပန=ရောက်စေသနည်း။ ဗြာဟ္မဏ=ပုဏ္ဏား။ ဂစ္ဆ=သွား

ဟောမိသတ္တော တေန သမယေန ဟောတိ။ ။ဟောတိ = ဖြစ်ပြီ။ (အတိတ်အနက်၌ ဝတ္တ မာန်သက်) တစ်နည်း- ဟောတိ=ဖြစ်၏။ (တံကာလာပေက္ခဝတ္တမာန်)။ (သာရတ္ထ)

ချေ။ တွံ=သည်။ သေဋ္ဌိနာ=နှင့်။ သဒ္ဓိံ=ကွ။ မယှံ=၏။ ဗလီဗဒ္ဒေါ=သည်။ အတိဗဒ္ဓံ=သော။ သကဋသတံ=ကို။ ပဝဋ္ဋေဿသိ=လတ့်။ ဣတိ=သို့။ ဒွိဟိ သဟဿေဟိ=နှစ်ထောင်တို့ဖြင့်။ အဗ္ဗုတံ=ကို။ ကရောဟိ=လော့။ အကူဋ္ဋံ=မကောက်ကျစ်သော။ မံ=ကို။ ကူဋ္ဋဝါဒေန=ကောက်ကျစ်၏ဟူသော ပြောဆိုခြင်းဖြင့်။ မာ စ ပါပေသိ=မရောက်စေလင့်။ ဣတိ=ဤသို့။ အဝေါစ=၏။

## အထခေါ ဘိက္ခဝေ သော ဗြာဟ္မဏော

ဘိက္ခဝေ=တို့။ အထခေါ=၌။ သောဗြာဟ္မဏော=သည်။ သကဋသတံ=ကို။ အတိဗန္ဓိတွာ=၍။ နန္ဒိဝိသာလံ=သော။ ဗလီဗဒ္ဒံ=ကို။ ယုဉ္ဇိတွာ=က၍။ ဘဒြ=နွားမွန်နွားကောင်းနွားအလောင်း။ ဂစ္ဆ=သွားပါ။ ဘဒြ=အဆင်းခွန်အား ပြိုင်တော်ရှားသည့် နွားကောင်းနွားရှင် နွားသခင်။ ဝဟဿု=ရုန်းပါ။ ဣတိ=သို့။ ဇတံဝစနံ=ကို။ အဝေါစ=၏။ ဘိက္ခဝေ=တို့။ အထခေါ=၌။ နန္ဒိဝိသာလော=သော။ ဗလီဗဒ္ဒေါ=သည်။ အတိဗဒ္ဓံ=သော။ သကဋသတံ=ကို။ ပဝဋ္ဋေသိ=လိမ့်စေ၏။

## မနာပမေဝ ဘာသေယျ

ဘိက္ခဝေ=တို့။ (ထည့်)။ မနာပမေဝ=နှစ်သက်ဖွယ်သောစကားကိုသာလျှင်။ ဘာသေယျ=ဆိုရာ၏။ အမနာပံ=မနှစ်သက်ဖွယ်သောစကားကို။ ကုဒါစနံ=တရံတဆစ်မျှ။ နဘာသေယျ=မဆိုရာ။မနာပံ=ကို။ ဘာသမာနဿ=ဆိုသောပုဏ္ဏား၏။ဂရုံ=လေးစွာသော။ ဘာရံ=တစပ်တည်းဖွဲ့အပ်သော လှည်းတရာဝန်ကို။ ဥဒဗ္ဗဟိ=ရွက်ဆောင်ပြီ။ ဓနဥ္စ=ဥစ္စာကိုလည်း။ နံ=ထိုပုဏ္ဏားကို။ အလဘေသိ=ရစေပြီ။ တေနစ=ထိုဥစ္စာရခြင်းကြောင့်လည်း။ အတ္တမနော=ဝမ်းမြောက်သည်။ အဟု=ဖြစ်ပြီ။

---

**တေန စတ္တမနော အဟု**

ဗြာဟ္မဏဿ = ပုဏ္ဏား၏။ တေန ဓနလာဘေနစ=ထိုဥစ္စာကိုရခြင်းကြောင့်ရင်း၊ အတ္တာ=နှား=မိမိ၏။ ကမ္မေန စ=အလုပ်ကြောင့်ရင်း။ (စသဒ္ဒါ အဝုတ္တသမုစ္စည်းကြံ)၊ သောနန္ဒိဝိသာလေ၊ ထိုနန္ဒိဝိသာလ နွားလားသည်။ အတ္တမနော=မိမိစိတ်ရှိသူသည် (ဝါ)နှစ်သက် ဝမ်းမြောက်သူသည်၊ အဟု=ဖြစ်ပြီ။ (ဝိ၊ ဋ၊ ၃၊ ၄)

တဒါပိ ဘိက္ခဝေ

ဘိက္ခဝေ=တို့။ တဒါပိ=ထိုတိရစ္ဆာန်ဇာတ်နွားဖြစ်သောအခါ၌လည်း။ မေမယာ=သည်။ ခုံသနာ=ဆဲရေးခြင်းကို။ ဝမ္ဘနာ=ရှုတ်ချခြင်းကို။ အမနာပါ=မနှစ်သက်အပ်ကုန်သေး၏။ ဧတရဟိပန=ယခုဘုရားဖြစ်သောအခါ၌ကား။အင်္ဂ=နှစ်သက်ခြင်း၏အကြောင်းသည်။ ကိံအတ္ထိ=အဘယ်မှာရှိအံ့နည်း။ အမနာပါ=မနှစ်သက်အပ်သော။ ခုံသနာ=ဆဲရေးခြင်းသည်။ ဝမ္ဘနာ=ရှုတ်ချခြင်းသည်။ ကိံဘဝိဿတိ=နည်း။

**ဩမသဝါဒေ**

ဩမသဝါဒေ=နှုတ်လှံထိုးသောစကားတို့ကို ဆိုခြင်းကြောင့်။ ပါစိတ္တိယံ=သင့်၏။ ဣတိ=ဤသို့။ ဥဒ္ဒိသေယျာထစ=ကုန်။

**ဩမသဝါဒဟူသည်**

ဇာတိ,နာမ,ဂေါတ္တ,ကမ္မ,သိပ္ပ,အာဗာဓ,လိင်္ဂ,ကိလေသ,အာပတ္တိ,အက္ကောသဟူသောအခြင်းအရာ (၁၀)ပါးတို့ဖြင့် နှုတ်လှံထိုးခြင်းဖြစ်သည်။

**အက္ကောသဝတ္ထု (၁၀) ပါးဟူသည်**

ဇာတိ, နာမ, ဂေါတ္တ, ကမ္မ, သိပ္ပ, အာဗာဓ, လိင်္ဂ, ကိလေသ, အာပတ္တိ, အက္ကောသတို့ဖြစ်ကြသည်။

**ဇာတိ(၂)မျိုး**

(၁) ဟီနဇာတိ၊
(၂) ဥက္ကဋ္ဌဇာတိ။

**ယုတ်နိမ့်သောဇာတ်များ**

ဟီနာ နာမ ဇာတိ=ယုတ်သောဇာတ်မည်သည်ကား။ စဏ္ဍာလဇာတိ=ဒွန်းစဏ္ဍားဇာတ်။ ဝေနဇာတိ=ဒေါင်းရွှေသမားဇာတ်။ နေသာဒဇာတိ=မုဆိုးတံငါဇာတ်။ ရထကာရဇာတိ=သားရေနယ်သမားဇာတ်။ ပုက္ကုသဇာတိ=ပန်းမှိုက်သွန်ဇာတ်။ ဧသာ=ဤဇာတ်သည်။ ဟီနာ နာမ ဇာတိ=မည်၏။

မြင့်မြတ်သောဥက္ကဋ္ဌဇာတ်သရုပ်

၁။ ခတ္တိယဇာတိ၊

၂။ ဗြာဟ္မဏဇာတိ။

## ယုတ်ညံ့သော (ဟီန)အမည်များ

ဟီနံနာမနာမံ=ကား။ အဝကဏ္ဏကံ=အဝကဏ္ဏကအမည်။ ဇဝကဏ္ဏကံ=ဇဝကဏ္ဏကအမည်။ ဓနိဋ္ဌကံ=ဓနိဋ္ဌကအမည်။ သဝိဋ္ဌကံ=သဝိဋ္ဌကအမည်။ ကုလဝဍ္ဎကံ=ကုသလဍ္ဎကအမည်။ ဝါပန=ထိုမှတပါး။ တေသု တေသု ဇနပဒေသု=ထိုထိုဇနပုဒ်တို့၌။ ဩညာတံ=အယုတ်အားဖြင့် သိအပ်သောအမည်သည်။ ဟီဠိတံ= ရှုတ်ချအပ်သောအမည်သည်။ ပရိဘူတံ=နှိပ်စက်အပ်သောအမည်သည်။ အစိတ္တီကတံ= အရိုအသေမပြုအပ်သောအမည်သည်။ အတ္ထိ=၏။ ဧတံ နာမံ=သည်။ ဟီနံ နာမ နာမံ=မည်၏။

## မြင့်မြတ်သောအမည်များ

ဥက္ကဋ္ဌံ နာမ နာမံ=ကား။ ဗုဒ္ဓပဋိသံယုတ္တံ=ဘုရားနှင့်စပ်သောအမည်။ ဓမ္မပဋိသံယုတ္တံ=တရားနှင့်စပ်သောအမည်။ သံဃပဋိသံယုတ္တံ=သံဃာနှင့်စပ်သောအမည်။ ဝါပန=ထိုမှတပါး။ တေသုတေသုဇနပဒေသု=တို့၌။ အနောညာတံ=သော။ အနဝညာတံ=သော။ အဟီဠိတံ=သော။ အပရိဘူတံ=သော။ စိတ္တီကတံ=အရိုအသေပြုအပ်သောအမည်သည်။ အတ္ထိ=၏။ ဧတံနာမံ=သည်။ ဥက္ကဋ္ဌံနာမနာမံ=မည်၏။

## ဟီနဂေါတ္တဟူသည်

ကောသိယအနွယ်, ဘာရဒွါဇအနွယ်, ထိုမှတပါး ထိုထိုဇနပုဒ်တို့၌ အယုတ်အားဖြင့်သိစေအပ်သောအနွယ်, မထေမဲ့မြင်ပြုအပ်သောအနွယ်, ရှုတ်ချအပ်သောအနွယ်, အရိုအသေမပြုအပ်သောအနွယ်များဖြစ်သည်။

---

**အဝဏ္ဏကံ ဇဝကဏ္ဏကံစသောအမည်များ ဟီနဖြစ်ခြင်း။**
ကျွန်တို့၏အမည်ဖြစ်ခြင်းကြောင့် ဖြစ်သည်။ (ဝိ၊ ဋ္ဌ၊ ၃၊ ၅)

## ဥက္ကဋ္ဌဂေါတ္တဟူသည်

ဂေါတမအနွယ်၊ မောဂ္ဂလာနအနွယ်၊ ကစ္စာနအနွယ်၊ ဝါသိဋ္ဌအနွယ်၊ ထိုမှတပါး ထိုထိုဇနပုဒ်တို့၌ အယုတ်အားဖြင့် မသိစေအပ်သောအနွယ် စသည်တို့ဖြစ်သည်။

## ယုတ်ညံ့သောအလုပ်များ

ဟီနံ နာမ ကမ္မံ=ကား။ကောဋ္ဌကကမ္မံ=ကျောက်ဆစ်သမားအမှု။ ပုပ္ဖဆဍ္ဍကကမ္မံ=ပန်းမှိုက်သွန်အမှု၊ ဝါပန=ကား။ တေသု တေသု ဇနပဒေသု=တို့၌။ ဩညာတံ=သည်။ ပ။ အစိတ္တီကတံ=သည်။ အတ္ထိ=၏။ ဧတံကမ္မံ=သည်။ ဟီနံနာမကမ္မံ=မည်၏။

## မြင့်မြတ်သောအမည်များ

ဥက္ကဋ္ဌနံနာမ ကမ္မံ=ကား။ ကသိ=လယ်ထွန်အမှု။ ဝါဏိဇ္ဇကမ္မံ=ကုန်သည်အမှု။ ဂေါရက္ခာ=နွားကျောင်းအမှု။ ဝါပန=ကား။ တေသု တေသု ဇနပဒေသု=တို့၌။ အနောညာတံ=သည်။ ပ။ စိတ္တီကတံ=သည်။ အတ္ထိ=၏။ ဧတံကမ္မံ=သည်။ ဥက္ကဋ္ဌံနာမကမ္မံ=မည်၏။

## ယုတ်ညံ့သောအတတ်ပညာများ

ဟီနံနာမသိပ္ပံ=ကား။ နဠကာရသိပ္ပံ=ကျူထရံသည်အတတ်။ ကုမ္ဘကာရသိပ္ပံ=အိုးထိန်းသည်အတတ်။ ပေသကာရသိပ္ပံ=ယက်ကန်းသည်အတတ်။ စမ္မကာရသိပ္ပံ=သားရေသည်အတတ်။ နဟာပိတသိပ္ပံ=ဆတ္တာသည်အတတ်။ ဝါပန-ထိုမှတပါး။

## မြင့်မြတ်သောအတတ်ပညာများ

ဥက္ကဋ္ဌံနာမသိပ္ပံ=ကား။ မုဒ္ဒါ=လက်ဆစ်ချိုးရေတွက်သောအတတ်။ ဂဏနာ=အစ္ဆိဒ္ဒကစသော ကြွင်းသောဂဏန်းအတတ်။ လေခါ=စာရေးအတတ်။

**အာဗာဓော**

သဗ္ဗေပိ=လည်းဖြစ်ကုန်သော။ အာဗာဓာ=အနာတို့သည်။ ဟီနာ=ယုတ်ကုန်၏။ အပိစ=စင်စစ်သော်ကား။ မဓုမေဟော=ပျားရည်နှင့်တူသောမုတ်ကို ယိုစေတတ်သော အနာသည်(ဝါ) ဆီးချိုနာသည်။ ဥက္ကဋ္ဌော=မည်၏။

**လိင်္ဂ**

ဟီနံနာမလိင်္ဂံ=ကား။ အတိဒီဃံ=အလွန်ရှည်သည်။ အတိရဿံ= အလွန်တိုသည်။ အတိကဏှံ=အလွန်မည်းသည်။ အစ္စောဒါတံ=အလွန်ဖြူသည်။ ဟောတိ=၏။ ဧတံလိင်္ဂံ=သည်။ ဟီနံနာမလိင်္ဂံ=၏။

ဥက္ကဋ္ဌံနာမလိင်္ဂံ=ကား။ နာတိဒီဃံ=မရှည်လွန်းသည်။ နာတိရဿံ=သည်။ နာတိကဏှံ=သည်။ နစ္စောဒါတံ=သည်။ ဟောတိ=၏။ ဧတံလိင်္ဂံ=သည်၊ ဥက္ကဋ္ဌံနာမလိင်္ဂံ= မည်၏။

**ကိလေသာနှင့်အာပတ္တိ**

သဗ္ဗေပိ=ကုန်သော။ ကိလေသာ=တို့သည်။ ဟီနာ=ယုတ်ကုန်၏။ သဗ္ဗာပိ= ကုန်သော။ အာပတ္တိယော=တို့သည်။ ဟီနာ=ကုန်၏။ အပိစ=သော်ကား။ သောတာပတ္တိ= သည်။ သမာပတ္တိ=သည်။ ဥက္ကဋ္ဌာ=မြတ်၏။

**ဟီနေ၁ နာမ အက္ကောသော**

ဟီနေ၁ နာမ အက္ကောသော=ကား။ သြဋ္ဌော=ကုလားအုတ်သည်။ အသိ=၏။ မေဏ္ဍော=ဆိတ်ကုလားသည်။ အသိ=၏။ ဂေါဏော=နွားသည်။ အသိ=၏။ ဂဒြဘော= မြည်းသည်။ အသိ=၏။ တိရစ္ဆာနဂတော=သည်။ အသိ=၏။ နေရယိကော=ငရဲသူသည်။ အသိ=၏။ တုယှံ=အား။ သုဂတိ=သည်။ နတ္ထိ=မရှိ။ ဒုဂ္ဂတိယေဝ=ကိုသာလျှင်။ တုယှံ= သည်။ ပါဋိကင်္ခါ=အလိုရှိအပ်၏။ ဣတိ=ဤသို့။ အက္ကောသတိ=ဆဲရေး၏။ (ထည့်)။ ယကာရေနဝါ=ယအက္ခရာဖြင့်ဝင်း။ ဘကာရေနဝါ=ဖြင့်ဝင်း။ ကာဋကောဋစိကာယဝါ=

---

**ရောဂါချင်းတူပါလျက် ဆီးချိုနာကို ဥက္ကဋ္ဌဟုဆိုခြင်း**

နာကျင်ကိုက်ခဲမှုဝေဒနာ မရှိသောကြောင့်ဖြစ်သည်။ (ဒီ ၄ ၂ ၇)

ယောက်ျားနိမိတ် မိန်းမနိမိတ်ဖြင့်ရှင်း။ အက္ခောသတိ=၏။ (ထည့်)။ ဧသောအက္ခော သော=သည်။ ဟီနောနာမ အက္ခောသော=မည်၏။

**ဥက္ကဋ္ဌော နာမ အက္ခောသော**

ဥက္ကဋ္ဌောနာမအက္ခောသော=ကား။ ပဏ္ဍိတော=သည်။ အသိ=၏။ ဗျတ္တော= လိမ်မာသည်။ အသိ=၏။ မေဓာဝီ=ထက်မြက်လျှင်မြန်သော ပညာရှိသည်။ အသိ=၏။ ဗဟုဿုတော=သည်။ အသိ=၏။ ဓမ္မကထိကော=တရားစကားပြောတတ်သည်။ အသိ=၏။ တုယှံ=အား။ ဒုဂ္ဂတိ=သည်။ နတ္ထိ=ရှိ။ သုဂတိယေဝ=ကိုသာလျှင်။ တုယှံ= သည်။ ပဋိကင်္ခါ=အလိုရှိအပ်၏။ ဣတိ=ဤသို့။ အက္ခောသတိ=၏။ (ထည့်)။ ဧသော အက္ခောသော=သည်။ ဥက္ကဋ္ဌောနာမ အက္ခောသော=မည်၏။

**ခုံသေတုကာမော**

ဥပသမ္ပန္နော=သည်။ ဥပသမ္ပန္နံ=ကို။ ခုံသေတုကာမော=ဆဲရေးလိုသည်ဖြစ်၍။ ဝမ္ဘေတုကာမော=ရှုတ်ချလိုသည်ဖြစ်၍။ မင်္ကုကတ္တုကာမော=အရှိန်အစော်မဲ့ကို ပြုလိုသည်ဖြစ်၍။ ဟီနေန=ယုတ်သောဇာတ်ဖြင့်။ ဟီနံ=ယုတ်သောဇာတ်ရှိသောသူကို။ ပုက္ကုသံ=ကို။ တွံ=သည်။ (ထည့်)။ စဏ္ဍာလော=သည်။ အသိ=၏။ ဝေနော=သည်။ အသိ=၏။ နေသာဒေါ=သည်။ အသိ=၏။ဣတိ= ဤသို့။ ဝဒတိ=၏။ ဝါစာယဝါစာယ= ခွန်းတိုင်းခွန်းတိုင်း။ ပါစိတ္တိယဿ=သို့။အာပတ္တိ=ရောက်ခြင်းသည်။ ဟောတိ=၏။

---

**ကာဠကောဠစိကာယ**။ ။ ကာဠအရ ပုရိသနိမိတ်ကိုယူ၍ ကောဠစိကာယအရ ဣတ္ထိနိမိတ် ကိုယူပါ။ *(ဝိ၊ ၄၊ ၃၊ ၅)*

**ယကာရေန ဝါ ဘကာရေန ဝါ**။ ။ ယဘ=မေထုနေဟု ခေတ်ကျမ်းရှိသောကြောင့် ယနှင့်ဘ တွဲလိုက် လျှင် အဿဒ္ဓမ္မစကား ဖြစ်သွား၏။

**ဟီနေန ဟီနံ**။ ။ ဟီနေန = ယုတ်ညံ့သောဇာတ်အစရှိသောစကားဖြင့်
ဟီနံ = ယုတ်ညံ့သော ဇာတ်ရှိသော ရဟန်းကို။

**အတိစဏ္ဍာလောသိ စသည်**။ ။ အတိစသော ဥပသဂ်ရ စသည်မျှဖြင့် အထူး ပြုအပ်သော အတိ စဏ္ဍာလ စသောပုဒ်များကို ပါဠိတော်၌လာသော စဏ္ဍာလ စသောပုဒ်များ၌ပင် သိမ်းယူအပ်သောကြောင့် 'အတိစဏ္ဍာလောသိ' စသည် ပြောသောရဟန်းကို ပါစိတ်အာပတ်ဖြင့်ပင် ဆုံးဖြတ်ရမည်။

**ဗုဒ္ဓပ္ပဋိသံယုတ္တအမည်ဟူသည်**

ဗုဒ္ဓရက္ခိတ ဖြစ်သည်။

(ဓမ္မပ္ပဋိသံယုတ္တဟူသည် ဓမ္မရက္ခိတ၊ သံဃပ္ပဋိသံယုတ္တဟူသည် သံဃရက္ခိတ)

**ကုဋ္ဌိကံ ဂဏ္ဍိကံ**

ကုဋ္ဌိကံ=နူနာရှိသောသူကို။ ဂဏ္ဍိကံ=အိုင်းအမာရှိသောသူကို။ ကိလာသိကံ=ပွေးညှင်းတင်းတိပ်နာရှိသောသူကို။ သောသိကံ=ချောင်းဆိုးကုတ်ဟီးရှုနာ ရှိသောသူကို။ အပမာရိကံ=ဝက်ရူးနာရှိသောသူကို။ပ။ မဓုမေဟိကံ=ထူလာ သရောအနာရှိသူကို။ ပ။ ရာဂပရိယုဋ္ဌိတံ=ရာဂနှိပ်စက်သောသူကို။ ဒေါသ ပရိယုဋ္ဌိတံ=ကို။ မောဟပရိယုဋ္ဌိတံ=ကို။

**သန္တိ ဣ္ဓကေစ္စေ**

ဣဓ=ဤအရပ်၌။ ဧကစ္စေ=အချို့ကုန်သော။ စဏ္ဍာလာ=တို့သည်။ ပ။ ပုက္ကုသာ=တို့သည်။ သန္တိ=ကုန်၏။ ဣတိ=ဤသို့။ ဝဒေတိ=၏။ ပ။ ဧဝံ=ဤသို့။ ဝဒေတိ=၏။

**ယေ နူန**

ယေ=အကြင်သူတို့သည်။ သန္တိ=ကုန်၏။ တေ=တို့သည်။ (ထည့်)။ နူနဧကန္တေန=စင်စစ်အားဖြင့်။ စဏ္ဍာလာ=တို့တည်း။ ပ။ ပုက္ကုသာ=တို့တည်း။ ဣတိ=သို့။ ဝဒေတိ=၏။ ပ။ မယံ=တို့သည်။ နစဏ္ဍာလာ=ဒွန်းစဏ္ဍားမဟုတ်ကုန်။ နပုက္ကုသာ=ပန်းမှိုက်သွန် မဟုတ်ကုန်။ ဣတိ=ဤသို့။ ဝဒေတိ=၏။

**ဆဲရေးနည်းအလိုက် အာပတ်သင့်**

၁။ "သင်သည်ဒွန်းစဏ္ဍားပဲ. . "စသည်ဖြင့် တိုက်ရိုက်ဆဲလျှင်ပါစိတ်၊

၂။ "ဤအရပ်၌ အချို့သော ဒွန်းစဏ္ဍားများရှိကြတယ်၊ ဟုဖြစ်စေ. ရှိကြသော သူတွေ ဧကန်အားဖြင့် ဒွန်းစဏ္ဍားတွေဘဲ. . "ဟုဖြစ်စေ သွယ်ဝိုက်၍ဆဲလျှင် ဒုက္ကဋ်။

၃။ ရယ်မြူးလို၍ဆဲရေးလျှင် ဒုဗ္ဘာသိအာပတ်။

---

**စောရောသိစသည်။** ။ တစ်ခုံတစ်ခုသော ပရိယာယ်ဖြင့် ပါဠိတော်၌ မလာသောကြောင့် ဒုက္ကဋ်အာပတ်သင့်ပါသည်။ (သာရတ္ထ)

**အတ္ထပုရေက္ခာရသ**

အတ္ထပုရေက္ခာရသ=အနက်ကိုရှေးရှုသောရဟန်းအား။ ဓမ္မပုရေက္ခာရသ= ပါဠိကိုရှေးရှုသောရဟန်းအား။ အနုသာသနိပုရေက္ခရသ=ဆုံးမခြင်းကို ရှေးရှုသော ရဟန်းအား။ အနာပတ္တိ=သင့်။

## ပေသုညသိက္ခာပုဒ်

**ဆဗ္ဗဂ္ဂိယာ ဘိက္ခူ**

ဆဗ္ဗဂ္ဂိယာ=ကုန်သော။ဘိက္ခူ=တို့သည်။ ဘဏ္ဍနဇာတာနံ=ဖြစ်သောခိုက်ရန် ရှိကုန်သော။ ကလဟဇာတာနံ=ဖြစ်သောငြင်းခုံခြင်းရှိကုန်သော။ ဝိဝါဒါပန္နာနံ= အချင်းချင်းဆန့်ကျင်သောစကားကိုဆိုခြင်းသို့ရောက်ကုန်သော။ ဘိက္ခူနံ=တို့အား။ ပေသုညံ=ကုန်းတိုက်ချောပစ်သောစကားကို။ ဥပသံဟရန္တိ=အနီးသို့ဆောင်ကုန်၏။

**ဣမဿ သုတွာ**

ဣပဿ=ဤရဟန်း၏။ဝစနံ=ကို။ (ထည့်)။ သုတွာ=၍။ အမုဿ=ထိုရဟန်းအား။ (ဝါ)ထိုရဟန်းကို။ ဣမဿ=ဤရဟန်းနှင့်။ ဘေဒါယ=ကွဲပြားစေခြင်းငှာ။ အက္ခာယန္တိ= ကြားကုန်၏။ အမုဿ=ထိုရဟန်း၏။ ဝစနံ=ကို။ (ထည့်)။ သုတွာ=၍။ ဣမဿ=အား။ (ဝါ)=ကို။ အမုဿ=နှင့်။ ဘေဒါယ=ငှာ။ အက္ခာယန္တိ=ကုန်၏။ တေန=ထိုကြောင့်။ အနုပ္ပန္နာနိ=မဖြစ်ကုန်သေးသော။ ဘဏ္ဍနာနိစေဝ=တို့သည်လည်း။ ဥပ္ပဇ္ဇန္တိ=ကုန်၏။ ဥပ္ပန္နာနိ=ကုန်သော။ ဘဏ္ဍနာနိစ=တို့သည်လည်း။ ဘိယျောဘာဝါယ=အလွန်ပွား များခြင်းငှာ။ ဝေပုလ္လာယ=ပြန့်ပြောခြင်းငှာ။ သံဝတ္တန္တိ=၏။

**ဘိက္ခုပေသုညေ**

ဘိက္ခုပေသုညေ=ရဟန်းတို့အား ကုန်းတိုက်ချောပစ်သောစကားကို ဆိုခြင်း ကြောင့်။ ပါစိတ္တိယံ=သင့်၏။ ဣတိ=ဤသို့။ ဥဒ္ဒိသေယျာထစ=ကုန်။

---

ကလဟနှင့် ဝိဝါဒ။ ။ လက်ဖြင့်သုံးသပ်မှုစသောအားဖြင့် အထွတ်အထိပ်ရောက်သောခိုက်ရန် သည် ကလဟမည်၍ အာပတ်မသင့်စေသော ဆန့်ကျင်ဘက်ပြောမှုသည် ဝိဝါဒမည်ပါသည်။ (သာရတ္ထ)

**ချောပစ်ကုန်းတိုက်ကြောင်း (ပေသုညဖြစ်ကြောင်း) နှစ်ပါး**

(၁) မိမိကိုချစ်စေလိုခြင်း၊

(၂) သူနှစ်ယောက်တို့ကွဲပြားစေလိုခြင်း။

**ပေသုညကိုအနီးသို့ကပ်ဆောင်ခြင်း၌ အခြင်းအရာ (၁၀)ပါး**

ဇာတိ, ဂေါတ္တစသော (၁၀) ပါးပင်ဖြစ်သည်။

**ဥပသမ္ပန္နော ဥပသမ္ပန္နဿ သုတွာ**

ဥပသမ္ပန္နော=သည်။ ဥပသမ္ပန္နဿ=၏။ ဝစနံ=ကို။ (ထည့်)။ သုတွာ=၍။ ဥပသမ္ပန္နဿ=၏။ သန္တိကံ=သို့။ (ထည့်)။ ပေသုညံ=ကို။ ဥပသံဟရတိ= ရှေးရှုဆောင်၏။ ဣတ္ထန္နာမော=ဤအမည်ရှိသောရဟန်းသည်။ တံ=သင့်ကို။ စဏ္ဍာလော=သည်။ ပ။ ပုက္ကုသော=သည်။ ဟောတိ=၏။ ဣတိ=ဤသို့။ ပေသုညံ=ကို။ ဥပသံဟရတိ=၏။

**သန္တိ ဣဓေကစ္စေ**

ဣတ္ထန္နာမော=သည်။ ဣဓ=ဤအရပ်၌။ ဧကစ္စေ=ကုန်သော။ စဏ္ဍာလာ=တို့သည်။ ပ။ ပုက္ကုသာ=တို့သည်။ သန္တိ=ကုန်၏။ ဣတိ=ဤသို့။ ဘဏတိ=၏။ သော=ထိုသူသည်။ အညံ=သူတပါးကို။ နဘဏတိ=မဆို။ တဉ္စေဝ=သင့်ကိုသာလျှင်။ ဘဏတိ=၏။ ဣတိ=ဤသို့။ ဥပသံဟရတိ=၏။

**ပဒသောဓမ္မသိက္ခာပုဒ်**

**ဆဗ္ဗဂ္ဂိယာ ဘိက္ခူ**

ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဘိက္ခူ=တို့သည်။ ဥပါသကေ=တို့ကို။ ပဒသော=အဘို့ အဘို့အားဖြင့်။ ဓမ္မံ=ကို။ ဝါစေန္တိ=ချကုန်၏။ ဥပါသကာ=တို့သည်။ ဘိက္ခူသု=တို့၌။ အဂါရဝါ=ရိုသေခြင်းမရှိကုန်သည်ဖြစ်၍။ အပ္ပတိဿာ=တုပ်ဝပ်ခြင်းမရှိကုန်သည်ဖြစ်၍။

---

**စောရောစသည်** ။ ။ 'ဒသဟာကာရေဟိ ပေသုညံ ဥပသံဟရတိ' ဟု ဟောတော်မူသောကြောင့် အက္ကောသဝတ္ထု (၁၀)ပါးဖြင့် ကုန်းတိုက်မှသာ ပါစိတ် အာပတ်သင့်ပါသည်။ ပါဠိတော်မှအလွတ် 'စောရော' စသည်ဖြင့် ကုန်းတိုက်သောရဟန်း အား ဒုက္ကဋ်အာပတ်သင့်ပါသည်။

*(သာရတ္ထ)*

အသဘာဂဝုတ္တိကာ=တူသောအဘို့ရှိသော အသက်မွေးခြင်းမရှိကုန်သည်ဖြစ်၍။ ဝိဟရန္တိ=ကုန်၏။ ပ။

**အနုပသမ္ဗန္ဓ-အရ**

ရဟန်း, ရဟန်းမတို့ကို ချန်ထား၍ ကြွင်းသောသူကို ယူရမည်။

**ပဒသော-၌ ပဒသရုပ်**

၁။ ပဒ၊ ၂။ အနုပဒ၊ ၃။ အန္ဝက္ခရ၊ ၄။ အနုဗျဉ္ဇန။

**ပဒဟူသည်**

တပြိုင်နက်စတင်ရွတ်ဆို၍ တပြိုင်နက်ပြီးဆုံးစေခြင်းဖြစ်သည်။

**အနုပဒဟူသည်**

သီးခြားသီးခြားစတင်ရွတ်ဆို၍ တပြိုင်နက် ပြီးဆုံးစေခြင်း ဖြစ်သည်။

**အနုက္ခရဟူသည်**

"ရူပံ အနိစ္စံ"ဟုဆိုအပ်သော် "ရူ"ဟု အကြား၌ ကျစေခြင်းဖြစ်သည်။

**အနုဗျဉ္ဇနဟူသည်**

'ရူပံ အနိစ္စံ'ဟုဆိုအပ်သော် 'ဝေဒနာ အနိစ္စာ' ဟု အသံကို မြွက်ဆိုခြင်းဖြစ်သည်။

**ဓမ္မသရုပ်**

၁။ ဗုဒ္ဓဘာသိတော = ဘုရားရှင်ဟောအပ်သောတရား၊
၂။ သာဝကဘာသိတော = သာဝကဟောအပ်သောတရား၊
၃။ ဣသိဘာသိတော = ရသေ့ဟောအပ်သောတရား၊
၄။ ဒေဝတာဘာသိတော = နတ်ဟောအပ်သောတရား၊
၅။ အတ္ထူပသဉ္ဟိတော = အဋ္ဌကထာနှင့်စပ်သောတရား၊
၆။ ဓမ္မူပသဉ္ဟိတော = ပါဠိတော်နှင့်စပ်သောတရား၊

### အာပတ်သင့်ပုံ

ပုဒ်ဖြင့်ပို့ချလျှင် ပုဒ်တိုင်းပုဒ်တိုင်း အာပတ်သင့်၍ အက္ခရာဖြင့်ပို့ချလျှင် အက္ခရာတိုင်း အက္ခရာတိုင်း အာပတ်သင့်သည်။

## သဟသေယျသိက္ခာပုဒ်

### ဥပါသကာ အာရာမံ

ဥပါသကာ=တို့သည်။ အာရာမံ=သို့။ ဓမ္မသဝနာယ=ငှာ။ အာဂစ္ဆန္တိ=ကုန်၏။ ဓမ္မေ=ကို။ ဘာသိတေ=ဟောအပ်ပြီးသည်ရှိသော်။ ထေရာ=ကုန်သော။ ဘိက္ခူ=တို့သည်။ ဝိဟာရံ=သို့။ ဂစ္ဆန္တိ=ကုန်၏။ နဝကာ=အငယ်ဖြစ်ကုန်သော။ ဘိက္ခူ=တို့သည်။ တတ္ထေဝ=ထိုတရားဟောရာအရပ်၌သာလျှင်။ ဥပဋ္ဌာနသာလာယံ=ညီမူရာဇရပ်၌။ ဥပါသကေဟိ=တို့နှင့်။ သဒ္ဓိံ=ကွ။ မုဋ္ဌဿတီ=လွတ်သောသတိရှိကုန်သည်ဖြစ်၍။ အသမ္ပဇာနာ=ပညာအဆင်အခြင်မရှိကုန်သည်ဖြစ်၍။ နဂ္ဂါ=အဝတ်မတည်းကုန်သည်ဖြစ်၍။ ဝိကူဇမာနာ=ယောင်ယမ်းမြည်တမ်း ကုန်သည်ဖြစ်၍။ ကာကစ္ဆမာနာ=ကျီးသံကဲ့သို့ဟောက်ရှုကုန်သည်ဖြစ်၍။ သေယျံ=အိပ်ခြင်းကို။ ကပ္ပေန္တိ=ပြုကုန်၏။

### ဗဒရိကာရာမေ

ဇီးတောဝယ်ပြုအပ်သောကြောင့် ဗဒရိကမည်သောအာရာမ်၌။

### အထခေါ ဘဂဝါ

အထခေါ=၌။ ဘဂဝါ=သည်။ ရတ္တိယာ=၏။ ပစ္စူသသမယံ=မိုးသောက်ထ အခါ၌။ ပစ္စုဋ္ဌာယ=ထတော်မူ၍။ ယေန=၌။ ပ။ ဥက္ကာသိ=ချောင်းဟန့်တော်မူ၏။ အာယသ္မာပိ ရာဟုလော=သည်လည်း။ ဥက္ကာသိ=ချောင်းဟန့်၏။ ဧတ္ထ=ဤဝစ္စကုဋိ၌။ ကော=အဘယ်သူနည်း။ ဣတိ=ဤသို့။ ပုစ္ဆိတေ=ရှိသော်။ (ထည့်)။ ဘဂဝါ=ဘုရား။ အဟံ=သည်။ ရာဟုလော=တည်း။ ဣတိ=ဤသို့။ အဝေါစ=၏။ ရာဟုလ=လာ။ ကိဿ=ကြောင့်။ တွံ=သည်။ ဣဓ=ဤဝစ္စကုဋိ၌။ နိသိန္နော=သည်။ အသိ=ဖြစ်သနည်း။ ဣတိ=ဤသို့။ ပုစ္ဆိ=၏။

**အနုပသမ္ပန္န-အရ**

ရဟန်းမှတပါး ကြွင်းသောသူများကို ယူရမည်။ (ပဒသောဓမ္မသိက္ခာပုဒ်နှင့် အနုပသမ္ပန္နချင်း မတူပုံကို သတိပြုပါ)

**သေယျာ နာမ-၌ သေယျာသရုပ်**

၁။ သဗ္ဗစ္ဆန္နာ သဗ္ဗပရိစ္ဆန္နာ=အားလုံးမိုး, အားလုံးကာထားသောကျောင်း၊

၂။ ယေဘုယျေနစ္ဆန္နာ ယေဘုယျေနပရိစ္ဆန္နာ = များသောအားဖြင့်မိုးကာထားသောကျောင်း။

**သေယျံ ကပ္ပေယျ-၌ အာပတ်သင့်ပုံအစီအစဉ်**

(၄)ရက်မြောက်နေ့၌ နေဝင်လူသော် ရဟန်းနှင့်လူသာမဏေတို့ ရှေ့ဆင့်နောက်ဆင့် လျောင်းလျှင်ဖြစ်စေ, တပြိုင်နက်လျောင်းလျှင်ဖြစ်စေ ပါစိတ်အာပတ်သင့်သည်၊ ထ၍ ထပ်ကာထပ်ကာလျောင်းလျှင် ပါစိတ်သင့်သည်။

**အခြားအာပတ်အဆုံးအဖြတ်များ**

၁။ ဥပဍ္ဎစ္ဆန္နဥပဍ္ဎပရိစ္ဆန္နကျောင်း၌ အိပ်လျှင်ဒုက္ကဋ်၊

၂။ သဗ္ဗစ္ဆန္နသဗ္ဗအပရိစ္ဆန္န ကျောင်း၌အိပ်လျှင် အနာပတ်၊

၃။ သဗ္ဗပရိစ္ဆန္န သဗ္ဗအစ္ဆန္နကျောင်း၌အိပ်လျှင် အနာပတ်၊

၄။ ယေဘုယျေနအစ္ဆန္န ယေဘုယျေနအပရိစ္ဆန္န ကျောင်း၌အိပ်လျှင် အနာပတ်။

* * * * *

---

သေယျာသရုပ်။ ၁။ သေနာသနသေယျာ၊
၂။ ကာယပ္ပသာရဏသေယျာ၊

သေနာသနသေယျာပြပါဌ်။ ။သေယျာနာမ သဗ္ဗစ္ဆန္နာ (ပ) ပရိစ္ဆန္နာ။ (ဝိ၊ ၂၊ ၂၈)

ကာယပ္ပသာရဏသေယျာပြပါဌ်။ ။အနုပသမ္ပန္နေ နိပန္နေ (ပ) ပါစိတ္တိယဿ။ (ဝိ၊ ၂၊ ၂၈)

သေနာသနသေယျာ၏ လက္ခဏာပြပါဌ်။ ။သဗ္ဗစ္ဆန္နာ (ပ) ပရိစ္ဆန္နာ။ (ဝိ၊ ၂၊ ၂၈)

## ဒုတိယသဟသေယျသိက္ခာပုဒ်

### အာယသ္မာ အနုရုဒ္ဓေါ

အာယသ္မာ အနုရုဒ္ဓေါ=သည်။ ကောသလေသု ဇနပဒေသု=တို့၌။ သာဝတ္ထိံ=သို့။ ဂစ္ဆန္တော=ရှိသော်။ သာယံ=ညချမ်းသောအခါ၌။ အညတရံ= သော။ ဂါမံ=သို့။ ဥပဂစ္ဆိ=၏။ ဘေန ခေါ ပန သမယေန=၌။ တသ္မိံဂါမေ=၌။ အညတရိဿာ= သော။ ဣတ္ထိယာ=၏။ အာဝသထာဂါရံ=ဧည့်သည်တို့၏တည်းခိုရာအိမ်ကို။ ပညတ္တံ=ထားအပ်သည်။ ဟောတိ=၏။ အထခေါ=၌။ ပ။ အဝေါစ=၏။ ဘဂိနိ= နှမ။ တေ=အား။ သစေအဂရု=အကယ်၍ ဝန်မလေးသည်ဖြစ်အံ့။ ဧကရတ္တံ= တညဉ့်ပတ်လုံး။ အာဝသထာဂါရေ=၌။ ဝသေယျာမ= နေပါလိုကုန်၏။ ဣတိ=ဤသို့။ အဝေါစ=၏။ အညေပိ=အရှင်အနုရုဒ္ဓါမှတပါးလည်း ဖြစ်ကုန်သော။ အဒ္ဓိကာ=ခရီးသွားတို့သည်။

### သဟဒဿနေန

သဟ ဒဿနေန = မြင်ခြင်းနှင့်တကွ။
ပဋိဗဒ္ဓစိတ္တာ = တပ်မက်သောစိတ်ရှိသည်။

### အယျော ဘန္တေ ဣမေဟိ မနုဿေဟိ

ဘန္တေ=အရှင်။ အယျော=သည်။ ဣမေဟိ မနုဿေဟိ=တို့ဖြင့်။ အာကိဏ္ဏော= ပြွမ်းသည်ဖြစ်၍။ ဖာသု=ချမ်းသာစွာ။ နဝိဟရိဿတိ=မနေရလတံ့။ ဘန္တေ=အရှင်။ သာဓု=တောင်းပန်ပါ၏။ မဥ္စကံ=ညောင်းစောင်းကို။ အဗ္ဘန္တရံ=အတွင်း၌။ ပညပေယျံ= ခင်းအံ့။ ဣတိ=ဤသို့။ အဝေါစ=၏။ အာယသ္မာ အနုရုဒ္ဓေါ=သည်။ တုဏှီဘာဝေန=ဖြင့်။ အဓိဝါသေသိခေါ=သည်းခံသည်သာလျှင်တည်း။ အထခေါ=၌။ သာ ဣတ္ထီ=သည်။ အာယသ္မတော အနုရုဒ္ဓဿ=၏။ မဥ္စကံ=ကို။ အဗ္ဘန္တရံ=၌။ ပညပေတွာ=ခင်း၍။ အလင်္ကာတပ္ပဋိယတ္တာ=တန်းဆာဆင်ခြင်းနှင့်စပ်သည်ဖြစ်၍။ ဂန္ဓဂန္ဓိနီ=အကျော်, မာလာ, ကျိုကျူအစရှိသောနံ့သာတို့၏ အနံ့ရှိသည်ဖြစ်၍။

### သာ ဣတ္ထိ သာဠကံ နိက္ခိပိတွာ

သာ ဣတ္ထီ=သည်။ သာဋကံ=ထမိကို။ နိက္ခိပိတွာ=ချ၍။ အာယသ္မတော အနုရုဒ္ဓဿ=၏။ ပုရတော=မှ။ စင်္ကမတိပိ=၏။ တိဋ္ဌတိပိ=၏။ သေယျံပိ=အိပ်ခြင်းကိုလည်း။ ကပ္ပေတိ=၏။ အထခေါ=၌။ အာယသ္မာ အနုရုဒ္ဓေါ=သည်။ ဣန္ဒြိယာနိ= ဣန္ဒြေတို့ကို။ ဩက္ခိပိတွာ=အောက်သို့ချ၍။ တံဣတ္ထိံ=ကို။ နေဝ ဩလောကေသိ=မကြည့်။ နာပိအာလပိ=စကားလည်းမဆို။ အထခေါ=၌။ သာဣတ္ထီ=သည်။ ဘော=အချင်းတို့။ အစ္ဆရိယံ ဝတ=မဖြစ်ဖူးမြဲ ဖြစ်စွတကား။ ဗဟူ=ကုန်သော။ ဣမေမနုဿာ=တို့သည်။ မေ=အား။ သတေနပိ=အရာဖြင့်၎င်း။ သဟဿေနပိ=အထောင်ဖြင့်၎င်း။ ပဟိဏန္တိ= စေကုန်၏။ အယံပနသမဏော=သည်ကား။ မယာ=သည်။ သာမံ=ကိုင်တိုင်။ မမဋ္ဌဝ=ကိုလည်း။ ပဋိစ္ဆတု=လက်ခံစေချင်၏။

### အရှင်အနုရုဒ္ဓါကို ပြစ်မှားမိသော မာတုဂါမ၏တောင်းပန်ချက်

ဘန္တေ=ရှင်။ ယထာဗာလံ=မိုက်သောအလျောက်။ ယထာမူဠ္ဌံ=တွေဝေသော အလျောက်။ ယထာအကုသလံ=မလိမ်မာသောအလျောက်။ မံ=ကို။ အစ္စယော=အပြစ်သည်။ အစ္စာဂမာ=လွှမ်းမိုးနှိပ်စက်၍ဖြစ်၏။ ယာဟံ=အကြင်ကျွန်တော်မသည်။ ဧဝံ=ဤသို့။ အကာသိံ=မဟုတ်မလျှားမိုက်မှားသမှုပြုမိ၏။ ဘန္တေ=ရှင်။ တဿမေ= ထိုကျွန်တော်မအား။ အယျော=သည်။ အစ္စယံ=အပြစ်ကို။ အစ္စယတော=အားဖြင့်။ အာယတိံ=၌လည်း။ သံဝရာယ=စောင့်စည်းခြင်းသို့ရောက်ခြင်း၌။ ပဋိဂ္ဂဏှာတု= ခံတော်မူပါလော့။

### မာတုဂါမော-အ္ဍရ

အောက်ထစ်ဆုံးအားဖြင့် ထိုနေ့၌မွေးဖွားသောကလေးမကို အစပြု၍ လူမိန်းမ အားလုံးကို ယူရမည်။ ဘီလူးမ, ပြိတ္တာမ, တိရစ္ဆာန်တို့ကို မယူရ။

တမိုးတရံတည်းသောကျောင်း၌ မာတုဂါမနှင့်အာပတ်မသင့်အောင် အိပ်နည်းများ

၁။ သဗ္ဗစ္ဆန္န သဗ္ဗအပရိစ္ဆန္န ကျောင်း၌အိပ်ခြင်း၊

၂။ သဗ္ဗပရိစ္ဆန္န သဗ္ဗအစ္ဆန္နကျောင်း၌အိပ်ခြင်း၊

၃။ ယေဘုယျေနအစ္ဆန္န ယေဘုယျေန အပရိစ္ဆန္နကျောင်း၌အိပ်ခြင်း၊

၄။ မာတုဂါမအိပ်လသော် ရဟန်းကထိုင်နေခြင်း၊

၅။ ရဟန်းအိပ်လသော် မာတုဂါမကထိုင်နေခြင်း၊

၆။ နှစ်ဦးသားလုံးတို့ထိုင်နေကြခြင်း၊

၇။ အာဒိကမ္မိကရဟန်း။

---

**မာတုဂါမနှင့် လေးရက်ထိအိပ်သော်။** ။ ပဌမသိက္ခာပုဒ်၌ 'ဘိက္ခုံ ဌပေတွာ အဝသေသော အနုပသမ္ပန္နော နာမဟု ဟောတော်မူအပ်သောကြောင့် အနုပသမ္ပအရတွင် မာတုဂါမလည်းပါဝင်သဖြင့် သိက္ခာပုဒ်နှစ်မျိုးလုံးကြောင့် ပါစိတ်နှစ်ချက်ဟု ဆိုကြ၏။ (တစ်နည်း) ဂဏ္ဍိ သုံးဆောင်တို့၌ကား ဤသိက္ခာပုဒ်၌ မာတုဂါမကို သီးခြားယူထားသောကြောင့် ပဌမသိက္ခာပုဒ်၌ 'ဘိက္ခုံ ဌပေတွာ အဝသေသော အနုပသမ္ပန္နော နာမ. . . အရ ယောက်ျားကိုသာ ယူသင့်၏ဟု ဆို၏။ ထိုအဆိုသာသင့်ပါသည်။ ( သာရတ္ထ )

**သေပြီးမိန်းမ။** ။ သေပြီးမိန်းမသည် ပါရာဇိကဝတ္ထုဖြစ်သော်လည်း အနုပါဒိန္နပက္ခ၌ တည်သောကြောင့် သဟသေယျအာပတ်ကို မဖြစ်စေဟု ဆိုကြ၏။ ( သာရတ္ထ )

**နေ့မှာအိပ်လျှင် အာပတ်မသင့်** ။ ။ အတ္ထင်္ဂတေ သူရိယေ မာတုဂါမေ နိပန္နေ ဘိက္ခုနိ ပန္နတိဟု ဟောတော်မူသောကြောင့် နေ့မှာအိပ်သော ရဟန်းအား သဟသေယျအာပတ်မသင့်ဟုမှတ်။ ( သာရတ္ထ )

**သဟသေယျ သိက္ခာပုဒ်နှစ်ပုဒ်အထူး။** ။ ပထမသိက္ခာပုဒ်၌ စတုတ္ထမြောက်နေ့၌ အာပတ်သင့်၍ ဒုတိယသိက္ခာပုဒ်၌မူ ပထမနေ့၌လည်း အာပတ်သင့်သည်။ ( ဝိ၊ ဌ၊ ၂၀၆ )

**နပုံး။** ။ "အနုပသမ္ပန္နေ" ဟု အနိယတ္ထိလိင်ဖြင့် ဟောတော်မူအပ်သောကြောင့် စတုတ္ထနေ့၌ နပုံးနှင့် အတူအိပ်သောရဟန်းအား ဒုက္ကဋ်နှင့်ပါစိတ်နှစ်ချက်သင့်မည်။ ( ဝိမတိ )

**ဥဘတောဗျည်း။** ။ ပါဠိတော်၌ ပဏ္ဍုက်၏အစွမ်းဖြင့်သာ ဒုက္ကဋ်ကို ဤသိက္ခာပုဒ်၌ဟောထားသောလည်း ထိုဒုက္ကဋ်အားလျော်သောကြောင့် ပုရိသဥဘတောဗျည်းနှင့် အတူအိပ်သော ရဟန်းအား ဤသိက္ခာပုဒ်အရ ဒုက္ကဋ်သင့်၍ စတုတ္ထနေ့ရောက်လျှင် ရှေ့သိက္ခာပုဒ်အရ ပါစိတ်နှင့် ဒုက္ကဋ်နှစ်ချက်သင့်မည်။ ဣတ္ထိဥဘတောဗျည်းကား ... အတူပင်။ ( ဝိမတိ )

## ဓမ္မဒေသနာသိက္ခာပုဒ်

### တေန ခေါ ပန သမယေန ယရဏီ

တေနခေါပနသမယေန=၌။ ယရဏီ=အိမ်ရှင်မသည်။ နိဂေသနဒွါရေ=အိမ်တံခါး၀၌။ နိသိန္နာ=နေသည်။ ဟောတိ=၏။ ယရသုဏှာ=အိမ်ရှင်ချွေးမသည်။ အာဝသဒွါရေ=တိုက်ခန်းတံခါး၀၌။ နိသိန္နာ=သည်။ ဟောတိ=၏။ အထခေါ=၌။ ပ။ ယရဏိယာ=အိမ်ရှင်မ၏။ ဥပကဏ္ဏကေ=နားရင်း၌။ ဓမ္မံ=ကို။ ဒေသေသိ=၏။ အထခေါ=၌။ ယရသုဏှာယ=အိမ်ရှင်ချွေးမ၏။ ဧတဒဟောသိ=ပြီ။ ကိံ=အသို့နည်း။ သော သမဏော=သည်။ သဿုယာ=ယောက္ခမ၏။ ဇာရောနုခေါ=သရောက်လင်လော။ ဥဒါဟု=ယင်းသို့မဟုတ်။ ဩဘာသတိနုခေါ=ပျက်ရယ်ဆိုသလော။ ဣတိ=သို့။ ဧတဒဟောသိ (ပြန်)။

### အထခေါ ယရဏီ ယရသုဏှံ

အထခေါ=၌။ ယရဏီ=သည်။ ယရသုဏှံ=ကို။ ဟေဇေ=ဟယ်ချွေးမ။တေ=အား။ ကိံ=အဘယ်စကားကို။ သော သမဏော=သည်။ အဝေါစ=ဆို သနည်း။ ဣတိ=သို့။ ဧတံဝစနံ=ကို။ အဝေါစ=၏။ အယျေ=ရှင်မ။ မေ=အား။ ဓမ္မံ=ကို။ ဒေသေသိ=၏။ အယျာယပန=ရှင်မအားကား။ ကိံ=အဘယ်ကို။ အဝေါစ=နည်း။ ဣတိ=ဤသို့။ ဝုတ္တေ=သော်(ထည့်)။ မယှံပိ=အားလည်း။ ဓမ္မံ=ကို။ ဒေသေသိ=၏။ဣတိ=ဤသို့။ အဝေါစ=၏။ တာ=ထိုမိန်းမတို့သည်။ ပ။ ဝိဿဋ္ဌေန=လွတ်လွတ်ရှင်းရှင်း။ ဝိဝဋေန=ပွင့်ပွင့်လင်းလင်း။ ဓမ္မော=ကို။ ဒေသေတဗ္ဗော နာမ နနု=ဟောအပ်သည်မဟုတ်လော။ ဣတိ=ဤသို့။ ဥဇ္ဈာယန္တိ=ကုန်၏။

### ဥတ္တရိ ဆပ္ပဉ္စဝါစာဟိ ဟူသော အနုပညတ်ဖြစ်ပေါ်လာခြင်း၏အတ္ထုပ္ပတ္တိ

တေနခေါပနသမယေန=၌။ ဥပါသိကာ=ဒါယိကာမတို့သည်။ ဘိက္ခူ=တို့ကို။ ပဿိတွာ=၍။ အယျာ=တို့။ ဣယ်=တောင်းပန်ပါကုန်၏။ဓမ္မံ=ကို။ ဒေသေထ=ကုန်လော့။ ဣတိ=ဤသို့။ ဧတံဝစနံ=ကို။ အဝေါစုံ=ကုန်၏။ ဘဂိနီ=နှမ။ မာတုဂါမဿ=အား။ ဓမ္မံ=ကို။ ဒေသေတုံ=ငှာ။ နကပ္ပတိ=မအပ်။ ဣတိ=ဤသို့။ ဝုတ္တေ=သော်။ (ထည့်)။

အယျာ=တို့။ ဣယံ=ပါကုန်၏။ ဆပ္ပဥ္စဝါစာဟိ=ခြောက်ခွန်း,ငါးခွန်းသောစကားတို့ဖြင့်။ ဓမ္မံ=ကို။ ဒေသေထ=ကုန်လော့။ ဧတ္တကေနပိ=ဤမျှခြောက်ခွန်း, ငါးခွန်းသောစကားဖြင့် လည်း။ ဓမ္မော=ကို။ အညာတုံ=သိခြင်းငှာ။ သက္ကာ=တတ်ကောင်း၏။ ဣတိ=ဤသို့။ အဝေါစုံ=ကုန်၏။ [ရဟန်းတို့ ကုက္ကုစ္စဖြစ်၍ မဟောပြောကြသော် ဥပါသိကာမတို့ ကဲ့ရဲ့ကြသဖြင့် အနုပညတ်ဖြစ်ပေါ်လာသည်။]

## မာတုဂါမော-အရ

ကောင်းစွာပြောဆိုအပ်သောစကား၊ မကောင်းသဖြင့်ပြောဆိုအပ်သောစကား၊ ရှုန်းရင်းကြမ်းတမ်းသောစကား၊ သိမ်မွေ့သောစကားကိုသိနိုင်သော လူမိန်းမကိုယူရမည်။ ဘီလူးမ, ပြိတ္တာမ, တိရစ္ဆာန်မတို့ကို မယူရ။

## ဓမ္မော-၌ ဓမ္မသရုပ်

(ပဒသောဓမ္မနှင့်တူသည်)

## ဒေသေယျ-၌ အာပတ်သင့်ပုံ

ပုဒ်ဖြင့်ဟောလျှင် ပုဒ်တိုင်းပုဒ်တိုင်း ပါစိတ်အာပတ်သင့်၍ အက္ခရာဖြင့် ဟောလျှင် အက္ခရာတိုင်းအက္ခရာတိုင်း ပါစိတ်အာပတ်သင့်သည်။

## ဝိညူ ပုရိသဝိဂ္ဂဟဟူသည်

ကောင်းစွာပြောဆိုအပ်သောစကား,မကောင်းသဖြင့် ပြောဆိုအပ်သော စကားနှင့် ရှုန့်ရင်းကြမ်းတမ်းသောစကား=မရှုန့်ရင်းမကြမ်းတမ်းသောစကားကို သိနိုင်သော ယောကျ်ားဖြစ်သည်။

## အညတြ ဝိညုနာ ပုရိသဝိဂ္ဂဟေန ဟူသော အနုပညတ်

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် 'ဘုရားရှင်သည် မာတုဂါမအား ခြောက်ခွန်း ငါးခွန်းသောစကားတို့ဖြင့် တရားဟောရန် ခွင့်ပြုတော်မူသည်'ဟု ကြံ၍ မသိနားမလည် သောယောကျ်ားကို အနီး၌ထိုင်ခိုင်းကာ မာတုဂါမအား ခြောက်ခွန်း, ငါးခွန်းတို့ထက် အလွန်တရားဟောကြားသဖြင့် အလို့နည်းပါး သော ရဟန်းတို့ကဲ့ရဲ့ပြီး ဘုရားရှင်အား လျှောက်ထားကြသောကြောင့် ပညတ်သည်။ (ဝိ ၂/ ၃၃)

**ဘိဇ္ဇုနီမစသည်တို့အား တရားဟောမှု**

ဘိက္ခုနီမ,ပြိတ္တာမ,ပဏ္ဍုက်,တိရစ္ဆာန်ယောင် ဖန်ဆင်းထားလူယောင် ဖန်ဆင်းထားသောနတ်နဂါးစသည်တို့အား တရားဟောလျှင် ဒုက္ကဋ်သင့်သည်။

## ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်

**ဘဏ္ဍနကတော**

ခိုက်ရန်ပြုတတ်သည်။

**တေန ခေါ်ပန သမယေန**

တေနခေါ်ပနသမယေန=၌။ သာဝတ္ထိယံ=၌။ အညတရဿ=သော။ ပုဂ္ဂလဿ=ဒါယကာအပေါင်း၏။ သံဃဘတ္တံ=သည်။ ဟောတိ=၏။ သော=ထိုဥပနန္ဒသည်။ ပရိဝေသန္တော=ပရိဝါသ်သုံးသည်ဖြစ်၍။ ဘတ္တဂ္ဂေ=ဆွမ်းစားစရပ်၌။ အာသနပရိယန္တေ=နေရာစွန်၌။ နိသီဒိ=၏။

**ဆဗ္ဗဂ္ဂိယာ ဘိက္ခူ**

အာဝုသော=တကာတို့။ သက္ကျပုတ္တော=သော။ ဧသော ဥပနန္ဒော=သည်။ တုမှာကံ=တို့၏။ သမ္ဘာဝိတော=ချီးမွမ်းအပ်သော။ ကုလူပကော=ဆရာတည်း။ ယေနေဝဟတ္ထေန=အကြင်လက်ဖြင့်သာလျှင်။ သဒ္ဓါဒေယျံ=သဒ္ဓါ၍လှူအပ်သောဆွမ်းကို။ ဘုဥ္ဇတိ=၏။ တေနေဝဟတ္ထေန=ဖြင့်သာလျှင်။ ဥပက္ကမိတွာ=လုံ့လပြု၍။ အသုစိံ=သုက်ကို။ မောစေသိ=လွှတ်စေ၏။

---

တသ္မိံ ဒေသေတိ။ ။ ဘသ္မိံ=ထိုခဏ၌။ ခဒခသတိ=ဟောအံ့။
(တစ်နည်း) ဘသ္မိံ(တဿာ)=ထိုမာတုဂါမအား (သတ္တမီဝိဘတ် သမ္ပဒါန် အနက်ဟော)။
ခဒခသတိ=ဟောအံ့။

**ဒုဠုလ္လအာပတ်သရုပ်**

၁။ ပါရာဇိက(၄)ပါး၊

၂။ သံဃာဒိသေသ်(၁၃)ပါး။

**အနုပသမ္ပန္န-အရ**

ရဟန်း, ရဟန်းမတို့မှတပါး ကြွင်းသောသူများကိုယူရမည်။

**အာရောစေယျ-၌ ပြောကြားရာပုဂ္ဂိုလ်များ**

ယောကျ်ား, မိန်းမ, လူ, ရဟန်းတို့ဖြစ်ကြသည်။

**ဘိက္ခုသမ္မုတိ(၄)ပါး**

၁။ အာပတ္တိပရိယန္တာ န ကုလပရိယန္တာ၊

၂။ ကုလပရိယန္တာ န အာပတ္တိပရိယန္တာ၊

၃။ အာပတ္တိပရိယန္တာ စ ကုလပရိယန္တာ စ၊

၄။ နေဝ အာပတ္တိပရိယန္တာ န ကုလပရိယန္တာ၊

**အာပတ္တိပရိယန္တာဟူသည်**

"ဤမျှအတိုင်းအရှည်ရှိကုန်သော အာပတ်တို့ဖြင့် ပြောကြားထိုက်ကုန်၏"ဟု အာပတ်တို့ကို သိမ်းဆည်းအပ်သော သမ္မုတိဖြစ်သည်။

**ကုလပရိယန္တာဟူသည်**

"ဤမျှအတိုင်း အရှည်ရှိကြသောအမျိုးတို့၌ ပြောကြားထိုက်ကုန်၏"ဟု **အမျိုးတို့**ကို သိမ်းဆည်းအပ်သော သမ္မုတိဖြစ်သည်။

---

မှတ်ချက်။ ။ ပါရာဇိကတို့ကို ဒုဋ္ဌုလ္လသဒ္ဒါ၏အနက်ကို ပြခြင်းအကျိုးငှာ ဟောတော်မူသည်၊ ဤနေရာ၌ကား သံဃာဒိသေသ်ကို ယူရမည်ဟု အဋ္ဌကထာတို့၌ ဆိုသည်။
( ဝိ၊ ၄၊ ၃၊ ၂၀

**အာပတ္တိပရိယန္တာ စ ကုလပရိယန္တာ စ**

"ဤမျှအတိုင်းအရှည်ရှိကုန်သောအာပတ်တို့ဖြင့် ဤမျှအတိုင်းအရှည်ရှိကုန်သောအမျိုးတို့၌ ပြောကြားထိုက်ကုန်၏"ဟု အာပတ်နှင့်အမျိုးတို့ကို သိမ်းဆည်းအပ်သော သမ္မုတိဖြစ်သည်။

**နေဝ အာပတ္တိပရိယန္တာ န ကုလပရိယန္တာ**

အထက်ပါအတိုင်း အာပတ်နှင့်အမျိုးတို့ကို မသိမ်းဆည်းအပ်သော သမ္မုတိ။

**အဆုံးအဖြတ်**

၁။ ရဟန်း၏ အဒုဋ္ဌုလ္လအာပတ်နှင့် လူသာမဏေ၏ ဒုဋ္ဌုလ္လ၊ အဒုဋ္ဌုလ္လ လွန်ကျူးမှုကို ပြောလျှင် ဒုက္ကဋ်။

၂။ လွန်ကျူးသည့်ဝတ္ထုကိုသာပြော၍ အာပတ်ကိုမပြောလျှင်ဖြစ်စေ၊ အာပတ်ကိုသာပြော၍ ဝတ္ထုကိုမပြောလျှင်ဖြစ်စေ အနာပတ်။

## ဘူတာရောစန သိက္ခာပုဒ်

အနုပသမ္ပန္နအရ (ပဒသောဓမ္မသိက္ခာပုဒ်နှင့် တူသည်)

**ဥတ္တရိမနုဿဓမ္မသရုပ်**

ဈာန် ဝိမောက္ခော သမာဓိ သမာပတ္တိ ဉာဏဒဿနံ မဂ္ဂဘာဝနာ ဖလသစ္ဆိကိရိယာ ကိလေသပ္ပဟာနံ ဝိနီဝရဏတာ စိတ္တဿ သုညာဂါရေ အဘိရတိ။

---

**အနုပသမ္ပန္နဿ ဒုဋ္ဌုလ္လံ ဝါ စသည်၌ ဒုဋ္ဌုလ္လစသည်အခွဲ**

| | | |
|---|---|---|
| ဒုဋ္ဌုလ္လ | = | ပါရာဇိကပါတစသော အစသိက္ခာပုဒ်(၅)ပုဒ် |
| အဒုဋ္ဌုလ္လ | = | ဝိကာလဘောဇနစသော နောက်သိက္ခာပုဒ် (၅)ပါး |
| အဇ္ဈာစာရ | = | သုပ္ပတ္တဝိဿဋ္ဌိ၊ ကာယသံသဂ္ဂ၊ ဒုဋ္ဌုလ္လ၊ အတ္တကာမများ |

( ဝိ၊ ဋ္ဌ၊ ၃၊ ၂၀ )

**စတုတ္ထပါရာဇိကနှင့် ဘူတာရောစန သိက္ခာပုဒ်တို့အထူး**

စတုတ္ထပါရာဇိက၌ မဟုတ်မမှန်သော ဥတ္တရိမနုဿဓမ္မကို ပြောကြ၍ ဘူတာရောစန သိက္ခာပုဒ်၌မူ ဟုတ်မှန်သော ဥတ္တရိမနုဿဓမ္မကို ပြောကြသည်။

( ဝိ၊ ဋ္ဌ၊ ၃၊ ၁၇ )

**ဈာနသရုပ်**

၁။ ပထမဈာန်

၂။ ဒုတိယဈာန်

၃။ တတိယဈာန်

၄။ စတုတ္ထဈာန်

**ဝိမောက္ခသရုပ်**

(၁) သုညတ (၂) အနိမိတ္တ (၃) အပ္ပဏိဟိတ

(သမာဓိ, သမာပတ္တိတို့၏ သရုပ်လည်း အတူတူပင်)

**ဉာဏဒဿနဟူသည်**

ဝိဇ္ဇာ (၃) ပါးဖြစ်သည်။

**မဂ္ဂဘာဝနာ**

၁။ စတ္တာရော သတိပဋ္ဌာနာ။

၂။ စတ္တာရော သမ္မပ္ပဓာနာ။

၃။ စတ္တာရော ဣဒ္ဓိပါဒါ။

၄။ ပဉ္စိန္ဒြိယာနိ။

၅။ ပဉ္စ ဗလာနိ။

၆။ သတ္တ ဗောဇ္ဈင်္ဂါ။

၇။ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

**ဥမ္မတ္တကရဟန်း အာပတ်မှလွတ်လပ်ခွင့်မရသော သိက္ခာပုဒ်**

ဘူတာရောစန သိက္ခာပုဒ်ဖြစ်သည်။

* * * * *

## ပထဝီခဏနသိက္ခာပုဒ်

**အာဠဝကာ ဘိက္ခူ**

အာဠဝကာ=အာဠဝီတိုင်းသားဖြစ်ကုန်သော။ ဘိက္ခူ=တို့သည်။ နဝကမ္မံ=အမှုသစ်ကို။ ကရောန္တာ=ပြုကုန်သည်ရှိသော်။ ပထဝိံ=ကို။ ခဏန္တိပိ=ကိုယ်တိုင်လည်း တူးကုန်၏။ ခဏာပေန္တိပိ=စေကုန်၏။ ပ။ သက္ကပုတ္တိယာ=ကုန်သော။ သမဏာ=တို့သည်။ ဧကိန္ဒြိယံ=တစ်ခုသော ကာယိန္ဒြေရှိသော။ ဇီဝံ=သတ္တဝါကို။ ဝိဟေဌေန္တိ=ညှဉ်းဆဲကုန်၏။ ဣတိ=ဤသို့။ ဥဇ္ဈာယန္တိ=ကုန်၏။ မောဃပုရိသာ=တို့။ မနုဿာ=တို့သည်။ ပထဝိယာ=၌။ ဇီဝသညီနော=သတ္တဝါဟု အမှတ်ရှိကုန်၏။

**ပထဝီ(၂) မျိုး**

၁။ ဇာတပထဝီ

၂။ အဇာတပထဝီ

**ဇာတပထဝီသရုပ်**

ဇာတာ=ဇစ်မြစ်ဖြစ်သော။ ပထဝီနာမ=ကား။ သုဒ္ဓပံသု=သက်သက်သောမြေမှုန့်။ သုဒ္ဓမတ္တိကာ=သက်သက်မြေညက်။ အပ္ပပါသာဏာ=နည်းသောကျောက်ခဲရှိသောမြေ။ အပ္ပသက္ခရာ=နည်းသောကျောက်စရစ်ရှိ သောမြေ။ အပ္ပကထလာ=နည်းသောအိုးခြမ်းရှိသောမြေ။ အပ္ပမရုမ္ဗာ=နည်းသောကျောက်ပြုတ်ရှိသောမြေ။ အပ္ပဝါလိကာ=နည်းသော သဲရှိသောမြေ။ ယေဘုယျေနပံသုကာ=များသောအားဖြင့် မြေမှုန့်ရှိသောမြေ။ ယေဘုယျေနမတ္တိကာ=များသောအားဖြင့် မြေညက်ရှိသောမြေတည်း။ အဒဍ္ဎာပိ=မီးမလောင်သော မြေကိုလည်း။ ဇာတာပထဝီ=မြေဇာစ်ဟူ၍။ ဝုစ္စတိ=၏။ ယော ပံသုပုဉ္ဇော ဝါ=အကြင်မြေမှုန့်စုသည်ရှင်း။ ယောပိ မတ္တိကာပုဉ္ဇော ဝါ=အကြင်မြေညက်စုသည်ရှင်း။ အတိရေကစာတုမာသံ=လေးလထက်အလွန်။ ဩဝဋ္ဌော=မိုးစွတ်သည်။ ဟောတိ=၏။ အယံပိ= ဤမြေမှုန့်စု မြေညက်စုကိုလည်း။ ဇာတာပထဝီ=မြေဇာစ်ဟူ၍။ ဝုစ္စတိ=၏။

**အဇာတပထဝီသရုပ်**

အဇာတာ=မြေဇာစ်မဟုတ်သော။ ပထဝီနာမ=ကား။ သုဒ္ဓပါသာဏာ=သက်သက်သောကျောက်ခဲ။ သုဒ္ဓသက္ခရာ=သက်သက်သော ကျောက်စရစ်။ သုဒ္ဓကထလာ=သက်သက်သောအိုးခြမ်း။ သုဒ္ဓမရုမ္ဗာ=သက်သက်သောကျောက်ပြုတ်။ သုဒ္ဓဝါလိကာ=သက်သက်သောသဲ။ အပ္ပပံသု=နည်းသောမြေမှုန့်ရှိသောမြေ။ အပ္ပမတ္တိကာ=နည်းသောမြေညက်ရှိသောမြေ။ ယေဘုယျေန ပါသာဏာ=များသောအားဖြင့် ကျောက်ခဲရှိသောမြေ။ ယေဘုယျေန ကထလာ=များသောအားဖြင့်အိုးခြမ်းရှိသောမြေ။ ယေဘုယျေမရုမ္ဗာ=များသောအားဖြင့် ကျောက်ပြုတ်ရှိသောမြေ။ ယေဘုယျေန ဝါလိကာ=များသောအားဖြင့်သဲရှိသောမြေတည်း။ ဒဍ္ဎာပိ=မီးလောင်သောမြေကိုလည်း။ အဇာတာပထဝီ=မြေဇာစ်မဟုတ်သောမြေဟူ၍။ ဝုစ္စတိ=၏။ ယောပိ ပံသုပုဉ္ဇော ဝါ=အကြင်မြေမှုန့်ပုံသည်ရင်း။ ယောပိ မတ္တိကာပုဉ္ဇော ဝါ=အကြင်မြေညက်ပုံသည်ရင်း။ ဩမကစာတုမာသံ=လေးလအောက်အယုတ်။ ဩဝဋ္ဌော=မိုးစွတ် သည်။ ဟောတိ=၏။ အယံပိ=ဤလေးလအောက်အယုတ် မိုးစွတ်သောမြေမှုန့်ပုံ မြေညက်ပုံကိုလည်း။ အဇာတာပထဝီ=မြေဇာစ်မဟုတ်သောမြေဟူ၍။ ဝုစ္စတိ=၏။

**အာပတ်မသင့်အောင် မြေတူးခိုင်းနည်းများ (ကပ္ပိယခိုင်းနည်းများ)**

၁။ ဣမံ=ဤမြေကို။ ခဏာဒိတုံ=တူးခြင်းစသည့်အကျိုးငှာ။ (ထည့်) ဇာန=သိပါလော့ဟု ပြောဆိုခြင်း။

၂။ ဣမံ=ဤမြေကို။ ဒေဟိ=ပေးပါလော့ဟု ဆိုခြင်း။

၃။ ဣမံ=ဤမြေကို။ အာဟရ=ဆောင်ခဲ့လော့ဟု ပြောဆိုခြင်း။

၄။ ဣမိနာ=ဤမြေဖြင့်။ အတ္ထော=အလိုရှိပါ၏ဟု ပြောဆိုခြင်း။

၅။ ဣမံ=ဤမြေကို။ ကပ္ပိယံ=အပ်စပ်အောင်။ ကရောဟိ=ပြုတော်မူပါဟု ပြောဆိုခြင်း။

* * * * * *

## ဘူတဂါမသိက္ခာပုဒ်

### ရုက္ခံ ဆိန္ဒန္တိပိ

ရုက္ခံ=ကို။ ဆိန္ဒန္တိပိ=ကိုယ်တိုင်လည်းဖြတ်ကုန်၏။ ဆေဒါပေန္တိပိ=သူတပါးကိုလည်း ဖြတ်စေကုန်၏။ အညတရော=သော။ အာဠဝိကော-အာဠဝီတိုင်းသားဖြစ်သော။ ဘိက္ခုပိ=သည်လည်း။ ရုက္ခံ=ကို။ ဆိန္ဒတိ=၏။ တသ္မိံရုက္ခေ=ထိုသစ်ပင်၌။ အဓိဝတ္ထာ=စိုးအုပ်၍နေသော။ ဒေဝတာ=နတ်သည်။ တံဘိက္ခုံ=ကို။ ဧတံဝစနံ=ကို။ အဝေါစ=၏။ ဘန္တေ=အရှင်။ အတ္တနော=၏။ ဘဝနံ=ဗိမာန်ကို။ ကတ္တုကာမော=ဖြစ်၍။ မယှံ=၏။ ဘဝနံ=ကို။ မာဆိန္ဒိ=မဖြတ်ပါလင့်။ ဣတိ=ဤသို့။ အဝေါစ=၏။

### သော ဘိက္ခု အနာဒိယန္တော

သောဘိက္ခု=သည်။ အနာဒိယန္တော=နားမထောင်သည်ဖြစ်၍။ ဆိန္ဒိယေဝ= လျှင်လည်း။ တဿာ စ ဒေဝတာယ=ထိုနတ်သမီး၏လည်း။ ဒါရကဿ=သူငယ်၏။ ဗာဟုံ=မောင်းကို။ အာကောဋေသိ=ဖြတ်မိ၏။ အထခေါ=၌။တဿာ ဒေဝတာယ=၏။ အား။ ဧတဒဟောတိ=၏။ အဟံ သည်။ ဣမံဘိက္ခုံ=ကို။ ဣဓေဝ=ဤအရပ်၌သာလျှင်။ ဇီဝိတာ=မှ။ ဝေါရောပေယျံ=ချရမူကား။ ယန္နူန=ကောင်းလေစွ။ ဣတိ=ဤသို့။ ဧတဒ ဟောသိ(ပြန်)။ အထခေါ။ ပ။ ဒဟောသိ။ ယံယေန=အကြြင်အကြောင်းဖြင့်။ အဟံ= သည်။ ဣမံဘိက္ခုံ=ကို။ ဣဓေဝ=၌သာလျှင်။ ဇီဝိတာ=မှ။ ဝေါရောပေယျံ=ချရာ၏။ ဧတံ= ဤအကြောင်းသည်။ မေ=အား။ နခေါပတိရူပံ=မသင့်တင့်။ အဟံ=သည်။ ဘဂဝတော= အား။ ဧတမတ္ထံ=ကို။ အာရောစေယျံ=မူကား။ ယန္နူန= ကောင်းလိမ့်မည်။ ဣတိ=ဤသို့။ ဧတဒဟောသိ။

### သာဓု သာဓု ဒေဝတေ

ဒေဝတေ=နတ်သမီး။ သာဓုသာဓု=ကောင်း၏ကောင်း၏။ ဒေဝတေ=နတ်သမီး။ တွံ=သည်။ တံဘိက္ခုံ=ကို။ ဇီဝိတာ=မှ။ နဝေါရောပေသိ=မချသည်ကား။ သာဓုခေါ= ကောင်းသည်သာလျှင်တည်း။ ဒေဝတေ=နတ်သမီး။ သစေ=အကယ်၍။ အဇ္ဇ=ယနေ့။ တွံ=သည်။ တံဘိက္ခုံ=ကို။ ဇီဝိတာ=မှ။ ဝေါရောပေယျာသိ=ချငြားအံ့။ ဒေဝတေ= နတ်သမီး။ ဗဟုဉ္စ=များစွာသာလျှင်။ တွံ=သည်။ အပုညံ=မကောင်းမှုကို။ ပသဝေယျာသိ= ပွားစေရာ၏။ ဒေဝတေ=နတ်သမီး။ ဂစ္ဆ=သွားလေတော့။ အမုကသ္မိံဩကာသေ= ဤမည်သောအရပ်၌။ ရုက္ခော=သည်။ ဝိဝိတ္တော=နတ်မှဆိတ်၏။ တသ္မိံ=ထိုသစ်ပင်သို့။ ဥပဂစ္ဆ=ကပ်လေတော့။

## ဘူတဂါမပါတဗျတာယ

ဘူတဂါမပါတဗျတာယ=ကြီးပြီး,ကြီးဆဲ,ပွားဆဲသော မြက်သစ်ပင်အပေါင်းကို အလိုအလျောက် ဖြတ်ခြင်း, ခွဲခြင်း အစရှိသည်ဖြင့် သုံးဆောင် ဖျက်ဆီးခြင်းကြောင့်။ ပါစိတ္တိယံ=သင့်၏။ ဣတိ=ဤသို့။ ဥဒ္ဒိသေယျာထ=ကုန်။

## ရှေးခေတ်လူတို့သစ်ပင်အပေါ်ထင်မြင်ယူဆချက်

"အသက်ရှိတယ်"ဟု မှတ်ထင်ကြသည်။

## ဘူတဂါမ် (ဗီဇဇာတ=မျိုးစေ့) ၅-မျိုး

၁။ မူလဗီဇ = အမြစ်မျိုးစေ့၊
၂။ ခန္ဓဗီဇ = ပင်စည်မျိုးစေ့၊
၃။ ဖဠုဗီဇ = အဆစ်မျိုးစေ့၊
၄။ အဂ္ဂဗီဇ = အညွန့်မျိုးစေ့၊
၅။ ဗီဇဗီဇ = မျိုးစေ့ဟူသောမျိုးစေ့၊

## မူလဗီဇဟူသည်

မူလဗီဇံနာမ=ကား။ ဟလိဒ္ဒိ=နနွင်းသည်။ သိင်္ဂိဝေရံ=ချင်းသည်။ ဝစံ=လင်းလေသည်။ ဝစတ္တံ=ဆိတ်ဖူးသည်။ အတိဝိသံ=မိဝုတ်သည်။ ကဋုကရောဟိဏီ=ကုလားဆောင်းမေးခါးသည်။ ဥသီရံ=ပန်းရင်းသည်။ ဘဒ္ဒမုတ္တကံ=နွားမြေရင်းသည်။ မူလဗီဇံနာမ= မည်၏။ (သမ္ဗန်)။ ဝါပန=ထိုမှတပါး။ အညာနိပိ=ဆိုအပ်ပြီးသည်မှတပါးလည်း

---

**ဘူတဂါမ်ကို ဝေဖန်၍ ပြသောပါဠိ။** ။ဘူတဂါမောနာမ ပဉ္စ ဗီဇဇာတာနိ (ပ) ပဉ္စမံ။

**ဗီဇေ ဗီဇသညီအနက်ပေး**

ဗီဇေ=မျိုးစေ့မှကောင်းစွာဖြစ်သော ဘူတဂါမ်သစ်ပင်၌၊ (တနည်း) ယံဗီဇံ=အကြင် မျိုးစေ့သည်။ ဘူတဂါမောနာမ=ဘူတဂါမ်သစ်ပင်မည်သည်။ ဟောတိ=ဖြစ်၏။ တသ္မိံဗီဇေ=ထိုဘူတဂါမ်မျိုးစေ့၌။ ဗီဇသညီ=မျိုးစေ့ဟုအမှတ်ရှိသည်။ (ဟုတွာ=ဖြစ်၍)။ သတ္တကာဒီနိ=ခါးငယ်စသည်တို့ကို။ ဂဟေတွာ=ကိုင်၍။ သယံဝါ=ကိုယ်တိုင်မူလည်း။ ဆိန္ဒတိ=ဖြတ်အံ့။ အညေနဝါ=သူတပါးသည်မူလည်း (ဝါ)ကိုမူလည်း။ ဆေဒါပေတိ=ဖြတ်စေအံ့။ ပါသာဏာဒီနိ=ကျောက်ခဲအစရှိသည်တို့ကို။ ဂဟေတွာ=ယူ၍။ သယံဝါ=လည်း။ ဘိန္ဒတိ=ထုခွဲအံ့။ အညေနဝါ=လည်း။ ဘေဒါပေတိ=ထုခွဲစေအံ့။ အဂ္ဂိံ=မီးကို။ ဥပသံဟရိတွာ=အနီးသို့ကပ်ဆောင်၍။ သယံဝါ=လည်း။ ပစတိ=မီးတိုက်အံ့။ အညေနဝါ=လည်း။ ပစာပေတိ=မီးတိုက်စေအံ့။ ပါစိတ္တိယဿ= ပါစိတ်အာပတ်သို့။ အာပတ္တိ=ရောက်ခြင်းသည်။ ဟောတိ=ဖြစ်၏။ (ဝိ၊ ၄၊ ၃၊ ၂၈)

ဖြစ်ကုန်သော။ ယာနိ=အကြင်မျိုးစေ့တို့သည်။ အတ္ထိ=ကုန်၏။ တာနိ=ထိုမျိုးစေ့တို့သည်။ (ထည့်)။ မူလေ=အမြစ်၌။ ဇာယန္တိ=ကုန်၏။ မူလေ=၌။ သဉ္ဇာယန္တိ=ထင်ရှားဖြစ်ကုန်၏။ ဧတံသဗ္ဗံ= ထိုအလုံးစုံသည်။ မူလဗီဇံနာမ=မည်၏။

**ခန္ဓဗီဇံ နာမ**

ခန္ဓဗီဇံနာမ=ကား။ အဿတ္ထော=ညောင်ဗုဒ္ဓဟေ။ နိဂြောဓော=ပညောင်။ ပိလက္ခော=ညောင်ကြတ်။ ဥဒုမ္ဗရော=ရေသဖန်း။ ကစ္ဆကော=ဖအောင်း။ ကပိတ္ထနော=ညောင်ချဉ်သည်။ ခန္ဓဗီဇံနာမ=မည်၏။ ဝါပန=ထိုမှတပါး။ အညာနိပိ=ကုန်သော။ ယာနိ=တို့သည်။ အတ္ထိ=ကုန်၏။ တာနိ=တို့သည်။ ခန္ဓေ=၌။ ဇာယန္တိ=ကုန်၏။ ခန္ဓေ=၌။ သဉ္ဇာယန္တိ=ကုန်၏။ ဧတံသဗ္ဗံ=သည်။ ခန္ဓဗီဇံနာမ=မည်၏။

**ဖဠုဗီဇဟူသည်**

ဖဠုဗီဇံနာမ=ကား။ ဥစ္ဆု=ကြံသည်။ ဝေဠု=ဝါးသည်။ နဠော=ကျူသည်။ ဖဠုဗီဇံနာမ=မည်၏။ (သမ္ဗန်)။ ဝါပန=ထိုမှတပါး။ အညာနိပိ=ကုန်သော။ ယာနိ=တို့သည်။ အတ္ထိ=ကုန်၏။ တာနိ=တို့သည်။(ထည့်)။ပဗ္ဗေ=အဆစ်၌။ဇာယန္တိ=ကုန်၏။ ဧတံသဗ္ဗံ=သည်။ဖဠုဗီဇံနာမ=မည်၏။

**အဂ္ဂဗီဇဟူသည်**

အဂ္ဂဗီဇံနာမ=ကား။ အဇ္ဇုကံ=ကညွှန့်။ ဖဏိဇ္ဇကံ=ရှုံး။ ဟိရိဝေရံ=မလ္လာသည်။ အဂ္ဂဗီဇံနာမ=မည်၏။(သမ္ဗန်)။ ဝါပန=ထိုမှတပါး။ အညာနိပိ=ကုန်သော။ ယာနိ=တို့သည်။ အတ္ထိ=ကုန်၏။ တာနိ=တို့သည်။ အဂ္ဂေ=အညွန့်၌။ ဇာယန္တိ=ကုန်၏။ အဂ္ဂေ=၌။ သဉ္ဇာယန္တိ=ကုန်၏။ ဧတံသဗ္ဗံ=သည်။ အဂ္ဂဗီဇံနာမ=မည်၏။

**ဗီဇဗီဇဟူသည်**

ဗီဇဗီဇံနာမ=ကား။ ပုဗ္ဗဏ္ဏံ=ကောက်သည်။ အပရဏ္ဏံ=ပဲသည်။ ဗီဇဗီဇံနာမ=မည်၏။ (သမ္ဗန်)။ ဝါပန=ထိုမှတပါး။ အညာနိပိ=ကုန်သော။ ယာနိ=တို့သည်။ အတ္ထိ=ကုန်၏။ တာနိ=တို့သည်။ ဗီဇေ=မျိုးစေ့၌။ ဇာယန္တိ=ကုန်၏။ ဗီဇေ=၌။ သဉ္ဇာယန္တိ=ကုန်၏။ ဧတံဗီဇံနာမ=မည်၏။ (မူ-ခန်-ဖ=အဂ်၊ ဗီဇစွက်၊ ငါးချက်မျိုးစေ့ဟော)

မှတ်ချက်။ ပယောဂိခဏာနသိက္ခာပုဒ်အတိုင်း အပ်စပ်အောင်နိုင်းလျှင် အာပတ်မသင့်။

**သစ်ပင်ကို အာပတ်မသင့်အောင်ဖြတ်ခိုင်းနည်း**

| | | |
|---|---|---|
| ၁။ ဣမံ ဇာန | = | ဤသစ်ပင်ကို ဖြတ်ခြင်းစသည် အကျိုးငှာ သိပါ" ဟုပြောခြင်း။ |
| ၂။ ဣမံ ဒေဟိ | = | ဤသစ်ပင်ကို ပေးပါဟု ပြောခြင်း။ |
| ၃။ ဣမံ အာဟရ | = | ဤသစ်ပင်ကို ဆောင်ခဲ့ပါဟု ပြောခြင်း။ |
| ၄။ ဣမိနာ အတ္ထော | = | ဤသစ်ပင်ဖြင့် အလိုရှိ၏ပြောခြင်း။ |
| ၅။ ဣမံ ကပ္ပိယံ ကရောဟိ | = | ဤသစ်ပင်ကို အပ်စပ်အောင် ပြုလုပ်ပါဟု ပြောခြင်း။ |

## အညဝါဒကသိက္ခာပုဒ်

**အာယသ္မာ ဆန္နော အနာစာရံ**

အာယသ္မာ ဆန္နော=သည်။အနာစာရံ=မကျင့်အပ်သောအကျင့်ကို။အာစရိတွာ=၍။ သံဃမဇ္ဈေ=၌။ အာပတ္တိယာ=ဖြင့်။ အနုယုဥ္ဇိယမာနော=မေးစိစစ်အပ်သည်ရှိသော်။ အညေနညံ=အဖျင်းဖျင်း။ ပဋိစရတိ=ပြောဆို၏။ (တနည်းကား)။ အညေန=တပါးသော အနကြောင်းဖြင့်။ အညံ=တပါးသောအကြောင်းကို။ ပဋိစရတိ=ဖုံးလွှမ်း၏။ ကော=အဘယ် သူသည်။ အာပန္နော=ရောက်သနည်း။ ကိံ=အဘယ်သို့။ အာပန္နော=နည်း။ ကိသ္မိံ=အဘယ်အကြောင်းကြောင့်။ အာပန္နော=နည်း။ ကထံ=အဘယ်သို့သောအခြင်း အရာဖြင့်။ အာပန္နော=နည်း။ ကံ=အဘယ်သူကို။ ဘဏထ=ဆိုသနည်း။ ကိံ=အဘယ်ကို။ ဘဏထ=နည်း။ ဣတိ=ဤသို့။ ပဋိစရတိ=၏။

**အညေနညံ ပဋိစရတိ-၌ ဖုံးလွှမ်းပုံ**

ဘယ်သူ ဘယ်ရောက်သလဲ၊ ဘယ်လို ရောက်သလဲ၊ အဘယ်အကြောင်း ကြောင့် ရောက်သလဲ၊ ဘယ်အခြင်းအရာအားဖြင့် ရောက်သလဲ၊ ဘယ်သူ့ကို ပြောဆိုကြသလဲ၊ ဘာကို ပြောဆိုကြသလဲ-ဟုပြောဆိုခြင်း။

---

**အညေနညံ ပဋိစရတိ**

အညေန= မေးအပ်သောစကားမှ တစ်ပါးသောစကားဖြင့်၊ အညံ=ဖြေအပ်သောစကားမှ တစ်ပါးသော စကားကို၊ ပဋိစရတိ=ဖုံးထား၏ (ဝါ) လွှမ်းမိုး၏။ ( ဝိ၊ ၌၊ ၃၊ ၃၄ )

**အညဝါဒကေ**

အညဝါဒကေ=ဓမေးသည်မှတပါး အခြားကိုဆိုခြင်းကြောင့်။ ဝိဟေသကေ=ဆိတ်ဆိတ်နေ၍သံဃာကိုညှင်းဆဲခြင်းကြောင့်။ ပါစိတ္တိယံ=သင့်၏။ ဣတိ=ဤသို့။ ဥဒ္ဒိသေယျာထစ=ကုန်။

**အညဝါဒကော နာမ**

အညဝါဒကောနာမ=ကား။ သံဃမဇ္ဈေ=၌။ ဝတ္ထုသ္မိံဝါ=ဝတ္ထု၌ရင်း။ အာပတ္တိယာဝါ=၌ရင်း။ အနုယုဉ္ဇိယမာနော=သော်။ တံ=ထိုမေးစိစစ်အပ်သော ဝတ္ထု၊အာပတ်ကို။ နကထေတုကာမော=လိုသည်ဖြစ်၍။ တံ=ထိုဝတ္ထု၊အာပတ်ကို။ နဥဂ္ဃါဋေတုကာမော=မလှစ်ခွါလိုသည်ဖြစ်၍။ အညေနညံ=အဖျင်းဖျင်း။ ပဋိစရတိ=၏။

**အညဝါဒကဟူသည်**

သံဃာ့အလယ်ဝယ် ဝတ္ထု၌ဖြစ်စေ အာပတ်၌ဖြစ်စေ မေးစိစစ်လသော် ထိုမေးစိစစ်အပ်သောဝတ္ထု၊ အာပတ်ကိုမပြောလို၍ ထိုဝတ္ထု၊အာပတ်ကို မလှစ်ခွာလို၍ အခြားအကြောင်းဖြင့် အခြားအကြောင်းကိုပြောဆိုခြင်း။

**ဝိဟေသကဟူသည်**

သံဃာ့အအလယ်ဝယ် (ပ)လို၍ ဆိတ်ဆိတ်နေလျက် သံဃာကိုညှင်းဆဲခြင်း။

**အဆုံးအဖြတ်**

အညဝါဒကကံသို့ မတင်သေးမီ အခြားအကြောင်းကိုပြောဆိုလျှင် ဒုက္ကဋ်သင့်၍ တင်ပြီးမှ ပြောဆိုလျှင် ပါစိတ်သင့်သည်။ ဝိဟေသကကံသို့ မတင်သေးမီ သံဃာကို ညှင်းဆဲလျှင် ဒုက္ကဋ်သင့်၍ တင်ပြီးမှ ညှင်းဆဲလျှင် ပါစိတ်သင့်သည်။

---

ဖုံးလွှမ်းပုံအစီအစဉ်ပြပါဠိ

ကော အာပန္နော ကိံ (ပ) ကိံ ဘဏထ။ (ဝိ၊ ၂၊ ၅၃)

**နဥဂ္ဃါဋေတုကာမော**။ ။ နဥဂ္ဃါဋေတုကာမော - ဖွင့်ခြင်းငှာအလိုမရှိသည်။ (သဒ္ဒတ္ထ)၊ ဖုံးလွှမ်းလိုသည်။ (အဓိပ္ပါယတ္ထ) (ဝိမတိ)

## ဥဇ္ဈာပနကသိက္ခာပုဒ်

### နဝကာ စေဝ ဟောန္တိ

နဝကာစေဝ=အငယ်တို့သည်လည်း။ ဟောန္တိ=ကုန်၏။ အပ္ပပုညာစ=နည်းသော ဘုန်းကံရှိကုန်သည်လည်း။ ဟောန္တိ=ကုန်၏။ သံဃဿ=၏။ လာမကာနိ=ယုတ်ကုန်သော။ ယာနိသေနာသနာနိ=အကြင်ကျောင်း အိပ်ရာနေရာတို့သည်။ သန္တိ=ကုန်၏။ တာနိ=တို့သည်။ တေသံ=ထိုမေတ္တိယဘူမဇကရဟန်းတို့အား။ ပါပုဏန္တိ=ရောက်ကုန်၏။ လာမကာနိ= ယုတ်ကုန်သော။ ဘတ္တာနိစ=တို့သည်လည်း။ ပါပုဏန္တိ=ကုန်၏။ တေ=ထို မေတ္တိယဘူမဇကရဟန်းတို့သည်။ မလ္လပုတ္တံ=သော။ အာယသ္မန္တံဒဗ္ဗံ=ကို။ ဘိက္ခူ=တို့ကို။ ဥဇ္ဈာပေန္တိ=ကဲ့ရဲ့ကျိုးရှုတ်အယုတ်အားဖြင့် သိစေကုန်၏။ ဆန္ဒာယ ဆန္ဒေန=ချစ်သဖြင့်။ (လိင်ပြန်)။ မလ္လပုတ္တော=သော။ ဒဗ္ဗော=သည်။ သေနာသနံ=ကို၊ ပညပေတိ=၏။ ဆန္ဒာယ=ဖြင့်။ ဘတ္တာနိစ=တို့ကိုလည်း။ ဥဒ္ဒိသတိ=၏။ ဣတိ=ဤသို့၊ ဥဇ္ဈာပေန္တိ= ကုန်၏။

### ဥဇ္ဈာပနကေ

ဥဇ္ဈာပနကေ=ကဲ့ရဲ့ကျိုးရှုတ် အယုတ်အားဖြင့် သိစေခြင်းကြောင့်။ ခိယျနကေ ကျေးဇူးမဲ့ကိုဆိုလျှက် အမျက်ထွက်ခြင်း, ညှင်းဆဲခြင်းကြောင့်။ ပါစိတ္တိယံ=သင့်၏၊ ဣတိ=ဤသို့။ ဥဒ္ဒိသေယျာထစ=ကုန်။

### အဆုံးအဖြတ်

၁။ သမ္မုတိရသောရဟန်းကို ကဲ့ရဲ့ရှုတ်ချခြင်းကြောင့်သာ ပါစိတ်သင့်သည်။
၂။ သမ္မုတိမရသောရဟန်းကိုဖြစ်စေ, သမ္မုတိရသော သာမဏေနှင့် မရသော သာမဏေကိုဖြစ်စေ ကဲ့ရဲ့ရှုတ်ချလျှင်မူ ဒုက္ကဋ်သာသင့်သည်။

---

**သာမဏေကို သေနာသန ပညာပက သမ္မုတိစသည် ပေးကောင်း**

အနုပသမ္ပန္နံ သံဃေန သမ္မုတံ ဝါ အသမ္မုတံ ဝါ သေနာသနပညာပကံ ဝါ (ပ) အာပတ္တိ ဒုက္ကဋဿ-ကို ထောက်၍ ပေးကောင်းသည်။ ( ဝိ၊ ၂၊ ၉၇ )

### ဥဒ္ဒျာပနကံ နာမ

ဥဒ္ဒျာပနကံနာမ=ကား။ သံဃေန=သည်။ သမ္မတံ=သမုတ်အပ်သော။ သေနာသနပညာပကံဝါ=ကျောင်းအိမ်ရာနေရာခင်းတတ်သည်လည်းဖြစ်သော။ ယာဂုဘာဇကံဝါ=ယာဂုဝေဘန်တတ်သည်လည်းဖြစ်သော။ ဖလဘာဇကံဝါ=သစ်သီးဝေဘန်တတ်သည်လည်းဖြစ်သော။ ခဇ္ဇဘာဇကံဝါ=ခဲဘွယ်ဝေဘန်တတ်သည်လည်းဖြစ်သော။ အပ္ပမတ္တကဝိဿဇ္ဇကံဝါ=အနည်းငယ်ကို စွန့်တတ်သည်လည်းဖြစ်သော။ ဥပသမ္ပန္နံ=ကို။ အဝဏ္ဏံ=ကို။ ကတ္တုကာမော=ဖြစ်၍။ အယသံ=အကျော်အစောမဲ့ကို။ ကတ္တုကာမော=၍။ မင်္ကုံ=နှလုံးမသာယာခြင်းကို။ ကတ္တုကာမော=၍။ ဥပသမ္ပန္နံ=ကို။ ဥဒ္ဒျာပေတိဝါ=စေ၏။ ခိယျတိဝါ=ကျေးဇူးမဲ့ကိုဆိုလျှက် အမျက်ထွက်ခြင်း, ညှင်းဆဲခြင်းကိုလည်း ပြု၏ ပြုစေ၏ (ဥပသမ္ပန္နဟူ သော ကံနှစ်ခုတို့တွင် ရှေ့ကံကား ဓာတ်ကံ၊ နောက်ကံကား ကာရိတ်ကံ)။

### ဤသိက္ခာပုဒ်ကို လွန်ကျူးပါလျက် အာပတ်မသင့်သူများ

(၁) ပင်ကိုယ်အားဖြင့် ချစ်ခြင်းစသည်ကြောင့် ပြုလုပ်ရသော ရဟန်းကို ကဲ့ရဲ့ ရှုတ်ချသူ၊

(၂) ဥမ္မတ္တကရဟန်း၊

(၃) အာဒိကမ္မိကရဟန်း။

## ပဌမသေနာသနသိက္ခာပုဒ်

### ဘိက္ခူ ဟေမန္တိကေ ကာလေ

ဘိက္ခူ=တို့သည်။ ဟေမန္တိကေ ကာလေ=ဆောင်းကာလ၌။ အဗ္ဘောကာသေ=

---

မင်္ကုဘာဝ ဝါ ရုက္ခမူလေ ဝါ။ ။ ဤစကားတော်ကြောင့် ဟင်းလင်းအပြင်၌လည်း ထားကောင်းသည်ဟု မှတ်ပါ။ ( သာရတ္ထ )

တဖက် သံဃိကဖြစ်လျှင် ဒုက္ကဋ် ။ ။ သံဃိကကျောင်း၌ သံဃိကသေယျာကိုခင်း၍ သွားသောရဟန်းအား ပါစိတ်ဟု ဟောအပ် သောကြောင့် ကျောင်းနှင့်သေယျာနှစ်မျိုးတွင် တစ်မျိုး တစ်မျိုးသာ သံဃိကဖြစ်လျှင် ဒုက္ကဋ်။ ( သာရတ္ထ )

လွှင်တီးခေါင်း၌။ သေနာသနံ=အိပ်ရာနေရာကို။ ပညပေတွာ=ခင်း၍။ ကာယံ=ကိုယ်ကို။ ဩတာပေန္တော=နေစာလှုံကုန်လျက်။ ကာလေ=အခါကို။ အာရောစိတေ=ကြားအပ်သည်ရှိသော်။တံ=ထိုအိပ်ရာနေရာကို။ ပက္ကမန္တာ=ဖဲကုန်သည်ရှိသော်။ နေဝဥဒ္ဓရိံသု=ကိုယ်တိုင်လည်း မယုတ် မသိမ်းကုန်။ နဥဒ္ဓရာပေသုံ=သူတစ်ပါးကိုလည်း မယုတ်မသိမ်းကုန်။ အနာပုစ္ဆာ=မပန်ကြားကုန်ဘဲ။ ပက္ကမိံသု=ဖဲကုန်၏။ သေနာသနံ=သည်။ ဩဝဋ္ဌံ=မိုယ်းစွတ်သည်။ ဟောတိ=၏။

## အနုဇာနာမိ ဘိက္ခဝေ အဋ္ဌမာသေ

ဘိက္ခဝေ=တို့။ အဋ္ဌမာသေ=ရှစ်လတို့ပတ်လုံး။ အဝဿိက သင်္ကေတေ=မိုယ်းမစွတ်ဟု မှတ်အပ်သော။ မဏ္ဍပေ ဝါ=မဏ္ဍပ်၌ရင်း။ ရုက္ခမူလေ ဝါ=သစ်ပင်ရင်း၌ရင်း။ ယတ္ထ=အကြင်မဏ္ဍပ်သစ်ပင်ရင်း၌။ ကာကာ ဝါ=ကျီးတို့သည်ရင်း။ ကုလလာ ဝါ စွန်ရဲတို့သည်ရင်း။ န ဥဟဒန္တိ=ကျင်ကြီး မစွန့်ကုန်။ တတ္ထ=ထိုသစ်ပင်ရင်း၌။ နိက္ခိပိတုံ=ထားခြင်းငှာ။ အနုဇာနာမိ=၏။ ဣတိ=ဤသို့။ အာမန္တေသိ=၏။

## သံဃိကဟူသည်

သံဃာအား လှူအပ်, စွန့်လွှတ်အပ်သော ညောင်စောင်းစသည်တို့ဖြစ်သည်။

### (ညောင်စောင်း) သရုပ်

(၁) မသာရကော = အခြေ၌ အပေါင်စွပ်အပ်သော ညောင်စောင်း၊
(၂) ဗုန္ဒိကာဗဒ္ဓေါ = ထုပ်လျှောက်ဖွဲ့သော ညောင်စောင်း၊
(၃) ကုဠီရပါဒကော= ကောက်သောအခြေရှိသော ညောင်စောင်း၊
(၄) အာဟစ္စပါဒကော=အပေါင်၌ အခြေစွပ်အပ်သော ညောင်စောင်း၊
(ပီဌဟူသော အင်းပျဉ် ၄-မျိုးလည်း အတူတူပင်)

(ဆောင်)-မသာ-ဗုဒ္ဓိ၊ ကုဠီ=အာဟစ်၊ လေးခုဖြစ်၊ မှတ်လစ်ညောင်စောင်း အင်းပျဉ်မျိုး။

**ဘိသိ (ဘုံလျှို) သရုပ်**

၁။ ဥဏ္ဏာဘိသိ = သားမွေး အစာသွပ်သော ဘုံလျှို၊
၂။ စောဠဘိသိ = ပုဆိုး အစာသွပ်သော ဘုံလျှို၊
၃။ ဝါကဘိသိ = လျှော် အစာသွပ်သော ဘုံလျှို၊
၄။ တိဏဘိသိ = မြက် အစာသွပ်သော ဘုံလျှို၊
၅။ ပဏ္ဏာဘိသိ = သစ်ရွက် အစာသွပ်သော ဘုံလျှို၊

(ဆောင်)-သားမွေး-ပုဆိုး၊ လျှော်မျိုးတစ်ချက်၊ မြက်-သစ်ရွက်၊ ကျမ်းထွက် ဘုံလျှိုငါး။

**ကောဇ္ဇ (ဖျာ) သရုပ်**

၁။ ဝါကမယံ = လျှော်ဖြင့်ပြီးသော ဖျာသည်ရင်း၊
၂။ ဥသိရမယံ = ပန်းရင်းဖြင့် ပြီးသော ဖျာသည်ရင်း၊
၃။ မုဉ္စမယံ = ဖြူဆံမြက်ဖြင့် ပြီးသော ဖျာသည်ရင်း၊
၄။ ပဗ္ဗဇမယံ = ပြိတ်မြက်ဖြင့် ပြီးသော ဖျာသည်ရင်း၊

**သင်ဖျာလုပ်ပုံ**

အန္တော= အတွင်း၌။ သံဝေဌေတွာ = ခေါက်သွင်း၍။
ဗဒ္ဓံ = ဖွဲ့ချုပ်အပ်သည်။ ဟောတိ = ဖြစ်၏။

**သန္တရာပေတွာ-၌ ခင်းခိုင်းလျှင် ဘယ်သူ့တာဝန်**

လူသာမဏေကို ခင်းခိုင်းလျှင် ခင်းခိုင်းသူ၏ တာဝန်ဖြစ်၍ ရဟန်းကို ခင်းခိုင်းလျှင် ခင်းသူ၏ တာဝန်ဖြစ်သည်။

**အနာပုစ္ဆံ ဝါ ဂစ္ဆေယျ-၌ ပန်ပြောရမည့်သူများ**

(၁) ရဟန်း၊ (၂)သာမဏေ၊ (၃) အာရာမ်စောင့် (အနာပုစ္ဆံ ဝါ-၌ ကံပုဒ်များကို ဘိက္ခုံ ဝါ သာမဏေရံ ဝါ အာရာမိကံ ဝါဟူ၍ ထည့်ပါ။)

## အာပတ်သင့်ပုံ

ရဟန်းစသော ပုဂ္ဂိုလ် (၃) ယောက်ကို မပန်ပြောပဲ ထာမမလျှိမပုရိသ၏ ခဲတကျကို လွန်စေသော ရဟန်းအား ပါစိတ်အာပတ်သင့်သည်။

## မရုပ်သိမ်းလျှင် ဒုက္ကဋ်သင့်သောဝတ္ထုများ

စိမိလိကံဝါ=ပုဆိုးအခင်းကိုရင်း။ ဥတ္တရတ္ထရဏံဝါ=အပေါ်လွှာအခင်းကိုရင်း။ ဘူမတ္ထရဏံဝါ=မြေအခင်းကိုရင်း။ တဋ္ဋိကံဝါ=ကပ်ကျစ်အခင်းကိုရင်း။ စမ္မခဏ္ဍံဝါ= သားရေပိုင်းအခင်းကိုရင်း။ ပါဒပုဉ္ဆနိံဝါ=ခြေသုတ်ကြိုးဝန်းကိုရင်း။ ဖလကပီဌံဝါ= ပျဉ်ချပ်အင်းပျဉ်ကိုရင်း။

## ဩတာပေန္တော ဂစ္ဆတိ

ဩတာပေန္တော=နေပူ၌လှမ်းသည်ဖြစ်၍။ ဂစ္ဆတိ=၏။ ကေနစိ=တစ်စုံ တစ်ခုသော ဘေးရန်ဖြင့်။ ဗလိဗုဒ္ဓံ=နှောက်ယှက်အပ်သည်။ ဟောတိ=၏။ အာပဒါသု=ဘေးရန် တို့ကြောင့်။ ဥဒ္ဒရာဒီနိ=ယုတ်သိမ်းခြင်းအစရှိသည်တို့ကို။ အကတွာ=မပြုမူ၍။ ဂစ္ဆတိ=၏ (ထည့်)။ အနာပတ္တိ=သင့်။

### ဒုတိယ သေနာသနသိက္ခာပုဒ်

## သတ္တရသဝဂ္ဂိယာ ဘိက္ခူ

သတ္တရသဝဂ္ဂိယာ=တစ်ကျိပ်ခုနစ်ယောက်အစုရှိသောကြောင့် သတ္တရသဝဂ္ဂီ အမည်ရှိကုန်သော။ ဘိက္ခူ=တို့သည်။ သဟာယကာ=ဆင်းရဲအတူ ချမ်းသာအမျှ ဖြစ်ကြကုန်သော အဆွေခင်ပွန်းတို့သည်။ ဟောန္တိ=ကုန်၏။ တေ=ထိုသတ္တရသဝဂ္ဂီ ရဟန်းတို့သည်။ ဝသန္တာပိ=နေကုန်သော်လည်း။ ဧကတောဝ=တကွနက်သာလျှင်။ ဝသန္တိ=ကုန်၏။ ပက္ကမန္တာပိ=ဖဲသွားကုန်သော်လည်း။ ဧကတောဝ=လျှင်။ ပက္ကမန္တိ= ကုန်၏။ တေ=ထိုသတ္တရသဝဂ္ဂီရဟန်းတို့သည်။ အညတရသ္မိံ=သော။ သံဃိကေ= သော။ ဝိဟာရေ=၌။ သေယျံ=အိပ်ရာကို။ သန္ထရိတွာ=၍။ တံ=ထိုအိပ်ရာကို။ ပက္ကမန္တာ=ကုန်သော်။ နေဝ ဥဒ္ဓရိံသု=ကုန်။နဥဒ္ဓရာပေသုံ=ကုန်။ အနာပုစ္ဆာ= ကုန်မူ၍။

ပက္ကမိံသု=ကုန်၏။ သေနာသနံ=သည်။ ဥပစိကာဟိ=ခြတို့ဖြင့်(ဝါ) တို့သည်။ ခါယိတံ= အပ်သည်။ ဟောတိ=၏။

## သံဃိကဝိဟာရဟူသည်

သံဃာအား လှူအပ်သော စွန့်လွှတ်အပ်သော ကျောင်းဖြစ်သည်။

## သေယျာသရုပ်

သေယျံနာမ=ကား။ ဘိသိ=ဘုံလျှို။ စိမိလိကာ=ပုဆိုးအခင်း။ ဥတ္တရတ္ထရဏံ= အပေါ်လွှမ်းအခင်း။ ဘူမတ္ထရဏံ=မြေအခင်း။ တဋ္ဋိကံ=ကပ်ကျစ်အခင်း။ စမ္မခဏ္ဍော= သားရေပိုင်းအခင်း။ နိသီဒနံ=နိသီဒိုင်အခင်း။ ပစ္စတ္ထရဏံ=အိပ်ယာအခင်း။ တိဏသန္ထာရော=မြက်အခင်း။ ပဏ္ဏသန္ထာရော=သစ်ရွက်အခင်း။

## အာပတ်သင့်ပုံ

ရဟန်း, ကိုရင်, အာရာမ်စောင့်တို့တွင် တစ်ယောက်ယောက်ကို မပန်ပြောပဲ ကာရံအပ်သောအာရာမ်၏ အကာအရံကို, အကာအရံမရှိသော အာရာမ်၏ ဥပစာကို လွန်သောရဟန်းအား အာပတ်သင့်သည်။

## ဒုက္ကဋ်သင့်ရာဌာနများ

၁။ ကျောင်းဥပစာ, စည်းဝေးရာဇရပ်, မဏ္ဍပ်, သစ်ပင်ရင်းတို့၌ ကျောင်းအိပ်ရာ နေရာကို မသိမ်းပဲသွားလျှင် ဒုက္ကဋ်၊

၂။ ညောင်စောင်းအင်းပျဉ်ကို ဘယ်နေရာ၌မဆိုထားရှိ မသိမ်းပဲသွားလျှင် ဒုက္ကဋ်။

---

ဝိဟာရနှင့် ပရိဝေဏအထူး။ ။ ကျောင်းတိုက်တစ်ခုလုံးသည် ဝိဟာရမည်၍ ထိုကျောင်းတိုက်၏ အကာအရံအတွင်းသည်ကား ပရိဝေဏမည်၏။ ( သာရတ္ထ )

ဝိလာနော ပဝိသတိစသည်။ ။ ဦလာနစသည်ဖြစ်မှုသည် အနာပတ်၏အကြောင်းဖြစ်သော ကြောင့် ကျဉ်းမြောင်းလိုစိတ်ပါသော်လည်း အာပတ်မသင့်။ ( သာရတ္ထ )

## အနုပခဇ္ဇသိက္ခာပုဒ်

### ဝရသေယျာယော

ဝရသေယျာယော=မြတ်သောအိပ်ရာတို့ကို။ ပလိဗုဒ္ဓန္တိ=နှောက်ယှက်ကုန်၏။ ထေရေ=ကုန်သော။ ဘိက္ခူ=တို့ကို။ ဝုဋ္ဌာပေန္တိ=ထစေကုန်၏။

### ဇာန်-၌ သိပုံများ

၁။ သီတင်းကြီးဟုသိခြင်း၊

၂။ ဂိလာနဟု သိခြင်း၊

၃။ သံဃာက အရာပေးအပ်သူဟု သိခြင်း။

### သံဃိကေ ဝိဟာရေဟုဆိုသော်လည်း နေရာတိုင်းအာပတ်မသင့်ပုံ

ကျောင်းစောင်းအင်းပျဉ်၏ ဥပစာ၌ဖြစ်စေ, ဝင်ထွက်သော ရဟန်း၏ဥပစာ၌ဖြစ်စေ အိပ်ရာနေရာကို ခင်းလျှင်, ခင်းလိုက်လျှင် ဒုက္ကဋ်။ ဖိ၍ထိုင်, ဖိ၍အိပ်လျှင် ပါစိတ်။

## နိက္ကမနသိက္ခာပုဒ်

### သတ္တရသဝဂ္ဂိယာ ဘိက္ခူ

သတ္တရသဝဂ္ဂိယာ=ကုန်သော။ ဘိက္ခူ=တို့သည်။ အညတရံ=သော။ ပစ္စန္တိမံ=အစွန်ဖြစ်သော။ မဟာဝိဟာရံ=ကျောင်းကြီးကို။ ဣဓ=ဤကျောင်း၌။ မယံ=တို့သည်။ ဝဿံ=ဝါလပတ်လုံး။ဝသိဿာမ=နေကုန်အံ့။ ဣတိ=ဤသို့။ ပဋိသင်္ခရောန္တိ=ပြုပြင်ကုန်၏။

### အာဂမေထာဝုသော

အာဝုသော=တို့။ ယာဝ=အကြင်မျှလောက်။ ပဋိသင်္ခရောန္တိ=ကုန်၏။ တာဝ=ထိုမျှလောက်။ အာဂမေထ=စဉ်းငယ်ကာလဆိုင်းတွလင့်ကြဦး။ ပဋိသင်္ခတေ=ပြုပြင်ပြီးသည်ရှိသော်။ ဝုဋ္ဌာပေဿာမ=ထစေကုန်လအံ့။ ဣတိ=ဤသို့။ အာဟံသု=ကုန်၏။

## နှင်ထုတ်ရာ၌ အာပတ်သင့်ပုံ

တိုက်ခန်း၌ကိုင်၍ အဦးစမုခ်သို့ နှင်ထုတ်ခြင်း, အဦးစမုခ်၌ ကိုင်၍ ပြင်ပသို့ နှင်ထုတ်ခြင်းတို့ကြောင့် ပါစိတ်သင့်သည်၊ ပယောဂ တစ်ချက်တည်းဖြင့် တံခါးများစွာ တို့ကိုလည်း လွန်စေလျှင် ပါစိတ်သင့်သည်။

## အခြားသူကို နှင်ထုတ်ခိုင်းမှု

တစ်ကြိမ်ခိုင်းအပ်လျက် တံခါးများစွာတို့ကိုလည်းလွန်စေလျှင် ပါစိတ်သင့်သည်။

## နှင်ထုတ်ကောင်းသူများ

၁။ အလဇ္ဇိ=အလဇ္ဇီရဟန်းကို။ ၂။ ဘဏ္ဍနကာရကံ=ခိုက်ရန်ပြုတတ်သော။ ၃။ ကလဟကာရကံ=ငြင်းခုံခြင်းကိုပြုတတ်သော။ ၄။ ဝိဝါဒကာရကံ= ဆန့်ကျင်သော စကားကိုဆိုခြင်းကို ပြုတတ်သော။ ၅။ ဘဿကာရကံ=စကားများခြင်းကို ပြုတတ်သော။ ၆။ သံဃေ=၌။ အဓိကရဏကာရကံ=အဓိကရုဏ်းကိုပြုတတ်သော ရဟန်းကို။ ၇။ နသမ္မာဝတ္တန္တံ=ကောင်းစွာမကျင့်သော။ အန္တေဝါသိကံဝါ=အနီးနေတပည့် ကိုရင်း။ ၈။ သဒ္ဓိဝိဟာရိကံဝါ=အတူနေတပည့်ကိုရင်း။

---

**သဟသာ ပဌ္ဌ အဘိနိသီဒိ**

သဟသာ=အစောတလျင်။ မဥ္စ=ညောင်စောင်းကို။ အဘိနိသီဒိ=ဖိ၍ထိုင်ပြီ။ (အဘိဥပသာရ အဘိဘဝန အနက်ကြံ)

(တနည်း) မဥ္စ=ညောင်စောင်း၌။ (ဒုတိယာဝိဘတ် ဘုမ္မတ္ထ၌သက်)၊ အဘိနိသီဒိ=ထိုင်ပြီ။ (အဘိအနက်မဲ့)

နိပတိတွာ=ကျ၍ (တနည်း) နိပတိတွာ=ထွက်၍။ *( ဝိ၊ ၅၊ ၃၊ ၄၈ )*

**တသ္မိံ ဋ္ဌိတော ဂဏှာတိ ဝါ လင္ဃေတိ ဝါ**

တသ္မိံ=ထိုအာဟစ္စပါဒက ညောင်စောင်းအင်ပျဉ်၌။ ဋ္ဌိတော=ရပ်လျှက်။ ဥပရိ=အထက်၌။ နာဂဒန္တကာဒီသု=ဆင်စွယ်ကောက်အစရှိသည်တို့၌။ လဂ္ဂိတကံ=ချိတ်အပ်သော။ စီဝရံဝါ=သင်္ကန်းကို သော်ရင်း။ ယံကိဉ္စိဝါ=တစုံတခုသော ပရိက္ခာရာကိုသော်ရင်း။ ဂဏှာတိဝါ=ယူမူလည်းယူအံ့။ အညံ= အခြားသော ပရိက္ခရာကို။ လင္ဃေတိဝါ=ချိတ်မူလည်းချိတ်အံ့။ တဿာပိ=ထိုရဟန်း၏လည်း။ အနာပတ္တိ=အာပတ်မသင့်ခြင်းသည်။ ဟောတိ=ဖြစ်၏။ *( ဝိ၊ ၅၊ ၃၊ ၄၉ )*

**နှင်ထုတ်သော်လည်း အာပတ်မသင့်**

၁။ အလဇ္ဇီရဟန်းနှင့် သူ၏ပရိက္ခာရာကို နှင်ထုတ်ခြင်း၊

၂။ ရူးသောရဟန်းကို နှင်ထုတ်ခြင်း၊

၃။ ရန်ဖြစ်သော ရဟန်းစသည်တို့ကို နှင်ထုတ်ခြင်း၊

၄။ ကောင်းစွာမကျင့်ကြံသော အန္တေဝါသိက၊ သဒ္ဓိဝိဟာရိကတို့ကို နှင်ထုတ်ခြင်း။

## ဝေဟာသကုဋိသိက္ခာပုဒ်

**ဒွေ ဘိက္ခူ သံဃိကေ ဝိဟာရေ**

ဒွေ ဘိက္ခူ=နှစ်ယောက်သောရဟန်းတို့သည်။ (တနည်းကား၊ ဒွေဘိက္ခူ-ဒွိသု ဘိက္ခူသု=နှစ်ယောက်သောရဟန်းတို့တွင်(ဧကော၌ ဝပ် နိဒ္ဓါရဏာ ဆဋ္ဌီဝေတ် ပစ္စတ္တဝစနံ)။ သံဃိကေ=သော။ ဝိဟာရေ=၌။ ဥပရိ ဝေဟာသကုဋိယာ= အထက် ဆင့်တွင် ပျဉ်ခင်း၍ ဟင်းလင်းအဖြစ်၌ရှိသောကုဋိ၌။ ဧကော=တစ်ယောက်သော ရဟန်းသည်။ ဟေဋ္ဌာ=၌။ ဝိဟရတိ=၏။ ဧကော=သည်။ ဥပရိ=၌။ ဝိဟရတိ=၏။ ဥပရိမော= အထက်၌နေသော။ ဘိက္ခု=သည်။ အာဟစ္စပါဒကံ=အပေါင်၌ အခြေ တပ်သော။ မဉ္စံ=ကို။ သဟသာ= အဆောတလျင်။ အဘိနိသီဒတိ=ဖိ၍ထိုင်၏ မဉ္စပါဒေါ=ညောင်စောင်းခြေသည်။ နိပတိတွာ=ကျွတ်၍။ ဟေဋ္ဌိမဿ=အောက်၌ နေသော။ ဘိက္ခုနော=၏။ မတ္ထကေ= ဦးခေါင်း၌။ အဝတ္ထာသိ=ပိမိ၏။ သော ဘိက္ခု= သည်။ ဝိဿရံ=ပေါက်ပြန်သောအသံ ကို။ အကာသိ=၏။ ဘိက္ခူ=တို့သည်။ ဥပဓာဝိတွာ=အနီးသို့ ပြေးလာ၍။ တံ ဘိက္ခုံ=ကို။ ဧတံ ဝစနံ=ကို အဝေါစုံ=ကုန်၏။ အာဝုသော=ငါ့ရှင်။ ကိဿ=အဘယ့်ကြောင့်။ တွံ=သည် (သင်သည်)၊ ဝိဿရံ=ကို။ အကာသိ=ပြုသနည်း။ ဣတိ=ဤသို့ အဝေါစုံ=ကုန်၏။

**ဝေဟာသကုဋိဟူသည်**

အလယ်အလတ်ပမာဏရှိသော ယောကျာ်း၏ ဦးခေါင်းမထိသော ကုဋိဖြစ်သည်။

**အာဟစ္စပါဒကမဉ္စဟူသည်**

အပေါင်တို့ကို ထွင်းထားသော ညောင်စောင်းဖြစ်သည်။

**အနာပတ္တိ အဝေဟာသကုဋိယာ**

အဝေဟာသကုဋိယာ=အထက်ဆင့်တွင် ပျဉ်ခင်း၍ ဟင်းလင်းအပြင်မရှိသော ကုဋိ၌။ သီသဃဋ္ဋာယ=ပမာဏမဖြိုမပုရိသ ဦးခေါင်းထိသောကုဋိ၌။ အဘိနိသီဒတိ=၏။ (ထည့်)။ ဟေဋ္ဌာ=အောက်ဆင့်၌။ အပရိဘောဂံ=သည်။ ဟောတိ=၏။ ဗဒရသဥ္ဓိတံ= ပျဉ်ချပ်စီခင်းအပ်သည်။ ဟောတိ=၏။ ပဋာဏိ=ပရစ်မယ်နကို။ ဒိန္နာ=ညှောင်စောင်း ခြေစွန်း၌ ပေးအပ်သည်။ ဟောတိ=၏။ တသ္မိံ=ထိုညှောင်စောင်းအင်းပျဉ်၌။ ဌိတော= လျက်။ ဂဏှာတိ ဝါ=ယူမှုလည်း ယူ၏။ လဂ္ဂေတိဝါ=ဆွဲမှုလည်း ဆွဲ၏။ ပ။ အနာပတ္တိ= သင့်။

## မဟလ္လကဝိဟာရသိက္ခာပုဒ်

အထခေါ=၌။ အာယသ္မာဆန္နော=သည်။ ကတပရိယောသိတံ=ပြု၍ ပြီးပြီး သော။ ဝိဟာရံ=ကို။ ပုနပ္ပုနံ=အထပ်ထပ်။ ဆာဒါပေတိ=မိုးစေ၏။ ပုနပ္ပုနံ=ထပ်။ လေပါပေတိ=လိမ်းကျံစေ၏။ အတိဘာရိတော=အလွန်ဝန်လေးသော။ (ဝါ)လေးသော ကြောင့်။ (ဟေတုမန္တဝိသေသန)။ ဝိဟာရော=သည်။ ပရိပတိ=ပြို၏။ အထခေါ=၌။ အာယသ္မာဆန္နော=သည်။ တိဏဉ္စ=ကိုရင်း။ ကဋ္ဌဉ္စ=ကိုရင်း။ သံကာမန္တော= ရုံးစုသည်ရှိသော်။ အညတရဿ=သော။ ဗြာဟ္မဏဿ=၏။ ယဝခေတ္တံ=မုယောခင်းကို။ ဒူသေသိ=ဖျက်ဆီး၏။ ပ။ ဆန္န=တောထွက်သောခါ စီးတော်မြင်းပျံ့ ယူ၍ ပြန်သည့် ဆန္နရဟန်း။ (ဆန္နကား တောထွက်သောအခါ၌ နောက်တော်ပါ ဆန္နလည်းရှိသည်။ ဥပရိပဏ္ဏာသဆန္နောဝါဒသုတ်လာ ဆန္နလည်းရှိသည်။ ဤ၌ နောက်တော်ပါဆန္နကို လိုအပ်သည်)

**မဟလ္လကဝိဟာရဟူသည်**

ကျောင်းရှင်ဒါယကာရှိသောကျောင်းတည်း။

---

အနာပတ္တိ။ ။ မဟလ္လကောနာမ ဝိဟာရော သဿာမိကော-ဟု ဆိုအပ်သောကြောင့် သညာ စိကကုဋိ၌ ဤသိက္ခာပုဒ်အရ အာပတ်မသင့်ပါ။ ( သာရတ္ထ )

### ယာဝ ဒွါရကောသာ

ယာဝ ဒွါရကောသာတိ=ကား။ ပိဋ္ဌသံဃာဋ္ဌသ=တံခါးပေါင်၏။ သမန္တာ=ထက်ဝန်းကျင်မှ။ ဟတ္ထပါသာ=နှစ်ထောင်ထွာသော ဟတ္ထပါသ်တိုင်အောင်။ အင်္ဂဏ ဋ္ဌပနာယာတိ=ကား။ ဒွါရဋ္ဌပနာယ=တံခါးကို ထားခြင်းငှာ။

### အာလောကသန္ဓိပရိကမ္မာယ

အာလောကသန္ဓိ ပရိကမ္မာယာတိ=ကား။ ဝါတပါနပရိကမ္မာယ=လေသောက်တံခါးကို အပြေအပြစ်ပြုခြင်းငှာ။ သေတဝဏ္ဏံ=ဖြူသောအဆင်း။ ကာဠဝဏ္ဏံ=မည်းသောအဆင်း။ ဂေရုပရိကမ္မံ=ငွေ့သဘော်ဖြင့် အပြေအပြစ်ပြုခြင်း။ မာလာကမ္မံ=ခြူးပန်း။ လတာကမ္မံ=ခြူးနွယ်။ မကရဒန္တကံ= မကန်းသွား။ ပဉ္စပဋ္ဋိကံ=လက်ငါးချောင်းရာ။

### အပ္ပဟရိတေ-၌ ဟရိတသရုပ်

၁။ ပုဗ္ဗဏ္ဏ = ကောက်စပါး
၂။ အပရဏ္ဏ = ပဲ

### အာပတ်သင့်ပုံ

က္ကဋ္ဌကိဋ္ဌကာယ=အုတ်ချပ်တိုင်း အုတ်ချပ်တိုင်း။ ပ။ သိလာယ= ကျောက်ဖြင့်။ ဆာဒေန္တဿ=အား။ သိလာယ သိလာယ=ကျောက်ချပ်တိုင်း ကျောက်ချပ်တိုင်း။ ပ။ သုဓာယ=အင်္ဂတေဖြင့်။ ဆာဒေန္တဿ=အား။ ပိဏ္ဍေ ပိဏ္ဍေ=အင်္ဂတေတိုင်း အင်္ဂတေတိုင်း။ ပ။ တိဏေန=မြက်ဖြင့်။ ဆာဒေန္တဿ=အား။ ကရဠေ ကရဠေ=မြက်ဆုပ်တိုင်း

**ဥဒကသိက္ခာပုဒ် နှစ်ပုဒ်အထူး။** ။ ဤသိက္ခာပုဒ်ကို "သိဉ္စေယျ ဝါ သိဉ္စာပေယျ ဝါ"ဟု ဗာဟိရပရိဘောဂအစွမ်းဖြင့် ပဌမပညတ်အပ်သောကြောင့် 'သပ္ပါဏကံ ဥဒကံ ပရိဘုဉ္စေယျ"ဟူသော နောက်၌လာမည့် သိက္ခာပုဒ်ကို ချိုးခြင်း, သောက်ခြင်းစသော ခန္ဓာကိုယ်နှင့်စပ်သော သုံးဆောင်ခြင်း၏အစွမ်းဖြင့် ပညတ်အပ်သည်ဟု မှတ်ပါ။ ( သာရတ္ထ )

**ဘိက္ခုနိယော ဩဝဒိတုံ။** ။ ဘိက္ခုနိယော-အရ-ယောဗ္ဗန (အရွယ်) မာန်-စသည်ဖြင့် မာန်ယစ်ကြကုန်သော ဘိက္ခုနီများကို ယူပါ။ ထိုဘိက္ခုနီများကို သံသရာဝဋ္ဋ…ဘားဖြင့် ခြိမ်းခြောက်၍ ဆုံးမရမည်။ ( သာရတ္ထ

မြက်ဆုပ်တိုင်း။ ပ။ ပဏ္ဏေန=သစ်ရွက်ဖြင့်။ ဆာဒေန္တဿ=အား။ ပဏ္ဏေ ပဏ္ဏေ= သစ်ရွက်တိုင်း သစ်ရွက်တိုင်း။ အာပတ္တိ ပါစိတ္တိယဿ။

## သပ္ပါဏကသိက္ခာပုဒ်

### အာဠဝကာ ဘိက္ခူ

အာဠဝကာ=ကုန်သော။ ဘိက္ခူ=တို့သည်။ နဝကမ္မံ=ကို။ ကရောန္တာ =ကုန်သည် ရှိသော်။ ဇာနံ-ဇာနန္တော=သိကုန်လျက်။ (ဝုစ်ပြန်)။ သပါဏကံ =ပိုးရှိသော။ ဥဒကံ=ကို။ တိဏံပိ=၌ရင်း။ မတ္တိကံပိ=၌ရင်း။ (ဘူမတ္တာ၌ ဥပယောဂဝိဘတ်ကို စီရင်) (တနည်းကား) သပါဏကံ-သပါဏကေန=ပိုးရှိသော။ ဥဒကံ-ဥဒကေန=ဖြင့်။ (ကရဏတ္ထ၌ဥပယော ဂဝိဘတ်ကိုစီရင်)။ တိဏံပိ=ကိုရင်း။ မတ္တိကံပိ=ကိုရင်း။ သိဉ္စန္တိ=ကိုယ်တိုင်လည်း လောင်းကုန်၏။ သိဉ္စာပေန္တိပိ=စေကုန်၏။

### ယော ပန ဘိက္ခု ဇာနံ သပ္ပါဏကံ

ယောပနဘိက္ခု=သည်။ ဇာနံ=ဇာနန္တော=လျက်။ သပါဏကံ=သော။ ဥဒကံ=ကို။ တိဏံ ဝါ=၌ရင်း။ မတ္တိကံ ဝါ=၌ရင်း။ (တနည်းကား)။ သပါဏကံ-သပါဏကေန= သော။ ဥဒကံ-ဥဒကေန=ဖြင့်။ တိဏံဝါ=ကိုရင်း။ မတ္တိ ကံဝါ=ကိုရင်း။ သိဉ္စေယျဝါ=အံ့။ သိဉ္စာပေယျဝါ=အံ့။ တဿဘိက္ခုနော=အား။ ပါစိတ္တိယံ=သင့်၏။ ဣတိ=ဤသို့။ ဥဒ္ဒိသေယျာထ=ကုန်။

### အနာပတ္တိ အသဉ္စိစ္စ

အသဉ္စိစ္စ=စေတနာမရှိမူ၍။ သိဉ္စန္တဿ=အား။ (ထည့်)။ အသတိယာ= သတိမေ့လျော့သဖြင့်။ သိဉ္စန္တဿ=အား (ထည့်)။ ပ။ အနာပတ္တိ=သင့်။

---

ကာသာယဝတ္ထဝသနာယ။ ။ ဤစကားကိုထောက်၍ ဒုဿီလဘိက္ခုနီစသည်တို့၌ ဂရုစမ္မသို့ ရောက်ဖူးလျှင်လည်း ဘိက္ခုနောဝါဒက လုပ်ခွင့်မရှိဟု သိပါ။
(သာရတ္ထ)

အင်္ဂါ(၈)ပါးမညီဘဲ သမုတ်သော်။ ။ သမုတ်သောသံဃာမှာ ဒုက္ကဋ်အာပတ်သင့်ပါသည်။ သမုတ်ခံရသောရဟန်းကား သမ္မုတိအထမြောက်ပါသည်။
(သာရတ္ထ)

**ဇာန်-၌ သိခြင်း (၂) မျိုး**

၁။ ကိုယ်တိုင်သိခြင်း၊

၂။ အခြားသူတို့ ပြောကြား၍သိခြင်း။

## ဩဝါဒဝဂ္ဂ
## ဩဝါဒသိက္ခာပုဒ်

**အထခေါ ဆဗ္ဗဂ္ဂိယာ ဘိက္ခူ**

အထခေါ=၌။ ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဘိက္ခူ=တို့သည်။ ဘိက္ခုနီနံ=တို့အား၊ ပရိတ္တညေဝ=အနည်းငယ်သာဖြစ်သော။ ဓမ္မိကထံ=တရားနှင့်စပ်သောစကားကို၊ ကတွာ=၍။ ဒိဝသံ=တနေ့ပတ်လုံး။ တိရစ္ဆာနကထာ ယ=သုံးဆဲ့နှစ်ပါးသော တိရစ္ဆာနကထာဖြင့်။ ဝီတိနာမေတွာ=လွန်စေ၍။ ဘာဂိနိယော=တို့။ ဂစ္ဆထ=သွားကြလေကုန်လော့။ ဣတိ=သို့။ ဥယျောဇေသုံ=ယွှတ်လိုက်ကုန်၏။ အထခေါ=၌။ ပ။ အဋ္ဌသု=ရပ်ကုန်၏။ ပ။ အဝေါ စ=၏။ ဘိက္ခုနိယော=တို့။ (အာလုပ်)။ ကစ္စိ=နည်း။ ဩဝါဒေါ=အဆုံးအမသည်။ ဣဒ္ဓေါ=ပြည့်စုံသည်၊ အဟောသိ=ပြီလော။ ဣတိ=သို့။ အဝေါစ=၏။ ဘန္တေ=ဘုရား။ ကုတော=အဘယ်မှာ။ ဩဝါဒေါ=သည်။ ဣဒ္ဓေါ=သည်။ ဘဝိဿတိ လတ္တံ့နည်း။

---

**သမာဒါယ သိက္ခတိ သိက္ခာပဒေသု**

သိက္ခာပဒေသု=အဓိသီလသိက္ခာ အစရှိသည်တို့၏ အဖြစ်ဖြင့် ၃-ပါးအပြားအားဖြင့် တည်ကုန်သော သိက္ခာပုဒ်တို့၌။ ထံတံသိက္ခာပဒံ=ထိုထိုသိက္ခာပုဒ်ကို။ သမာဒါယ=ကောင်းစွာယူ၍။ သိက္ခတိ ကျင့်၏။ (ဝိ၊ ၌၊ ၇၊ ၅၄)

**ဗဟုဿုတော သုတဓရောစသည်၌ သုတာသရုပ်ပြပါဠိ**

ယေတေ ဓမ္မာ အာဒိကလျာဏာ မဇ္ဈေကလျာဏာ ပရိယောသာနကလျာဏာ သာတ္ထံ သဗျဉ္ဇနံ ကေဝလ ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ အဘိဝဒန္တိ။

**ဝိနည်းပိဋကတ်မရဘဲ အခြားနဝင်္ဂဗဟုသုတဖြစ်သော်လည်း သမ္မုတိမပေးထိုက်**

ဗဟုဿုတော-စသည်ဖြင့် ဝိနယပိဋကတ်ပါပြီးသော်လည်း ဥဘယာနိ ခေါ ပနဿ ပါတိမောက္ခာနိ (ပ) အနုဗျဉ္ဇနသော ထပ်၍ဆိုမှုကို ထောက်ပါ။

**ဘိက္ခုနောဝါဒက သမ္မုတိပေးရမည့် ရဟန်း၏ အင်္ဂါများ**

၁။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံခြင်း၊

၂။ အကြားအမြင်များခြင်း၊

၃။ ပါတိမောက်နှစ်ပါးတို့ကို အကျယ်အားဖြင့် အဋ္ဌကထာနှင့်တကွ အာဂုံနှုတ်တက် ဆောင်ရွက်နိုင်ခြင်း၊

၄။ ကောင်းသောစကား ကောင်းသောအသံရှိခြင်း၊

၅။ များသောအားဖြင့် ဘိက္ခုနီတို့ ချစ်မြတ်နိုးခံရခြင်း၊

၆။ ဘိက္ခုနီတို့ကို ဆုံးမနိုင်ခြင်း၊

၇။ ဘုရားရှင်တို့ကို ရည်စူး၍ ရဟန်းပြုသော ဖန်ရည်စွန်းသောအဝတ်ကို ဝတ်သော မိန်းမ၌ ကာယကံသဂ္ဂသံဃာဒိသေသ်, မေထုနပါရာဇိကဟုဆိုအပ်သော ဂရုဓမ္မ သို့ အလွန်အကြူးမရောက်ဖူးခြင်း၊

၈။ ဝါ (၂၀), ဝါ (၂၀) အထက် ကျော်လွန်ခြင်း။

**သီလံ သုတဉ္စ သွာဂတံ၊ ဝါစော ပိယော ပဋိဗလော၊**
**နဂ္ဂါပန္နော ဝီသာဓိကော၊ ဘိက္ခုနောဝါဒကင်္ဂမေ။** *(ဝရဇိန်)*

**သီလဝါ ဟောတိ**

သီလဝါ=သီလရှိသည်။ ဟောတိ=၏။ ပါတိမောက္ခသံဝရသံဝုတော=ပါတိ မောက္ခသံဝရသီလနှင့် ပြည့်စုံသည်ဖြစ်၍။ အာစာရဂေါစရသမ္ပန္နော=အကျင့် ကျက်စားရာနှင့် ပြည့်စုံသည်ဖြစ်၍။ အဏုမတ္တေသု=ငယ်သော အတိုင်းအရှည် ရှိကုန် သော။ ဝဇ္ဇေသု=အပြစ်တို့၌။ ဘယဒဿာဝီ=ဘေးကိုရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ=၏။ သိက္ခာပဒေသု=တို့၌။ သမာဒါယ=ဆောက်တည်၍။ သိက္ခတိ=ကျင့်၏။

---

**သုတ္တသော အနုဗျဉ္ဇနသော**

သုတ္တသော-အရ ခန္ဓက, ပရိဝါရမှဆောင်အပ်သော သုတ်ကိုယူပါ။ အနုဗျဉ္ဇနသော-အရ အဋ္ဌကထာကိုယူပါ။ (ဝိ၊ ၄၊ ၃၊ ၅၆)

## ဗဟုဿုတော ဟောတိ

ဗဟုဿုတော=များသောအကြားအမြင်ရှိသည်။ သုတဓရော=အကြားအမြင်ကိုဆောင်သည်။ သုတသန္နိစယော=အကြားအမြင်ကို ဆည်းပူးသည်။ ဟောတိ=၏။ ယေ တေ ဓမ္မာ=အကြင်တရားတို့သည်။ အာဒိကလျာဏာ=အစ၌ ကောင်းခြင်းရှိကုန်၏။ မဇ္ဈေကလျာဏာ=ကုန်၏။ ပရိယောသာနကလျာဏာ=ကုန်၏။ သာတ္ထံ=အနက်နှင့်ပြည့်စုံသော။ သဗျဉ္ဇနံ=သဒ္ဒါနှင့်ပြည့်စုံသော။ ကေဝလပရိပုဏ္ဏံ=အလုံးထက်ဝန်းကျင်ပြည့်စုံသော။ ပရိသုဒ္ဓံ=ထက်ဝန်းကျင်မှဖြူစင်သော။ ဗြဟ္မစရိယံ=မြတ်သောအကျင့်ဟုဆိုအပ်သော သိက္ခာသုံးပါးဖြင့် ရေတွက်အပ်သော သာသနာတော်ကို။ အဘိဝဒန္တိ=ရှေးရှုအမြတ်အားဖြင့် ဟောကြားကုန်၏။ (တထာရူပဿကို တထာရူပါ အဿဟုဖြတ်။ တထာရူပါကား ယေတေ၏ နိယမထည့်) အဿ=ထိုဘိက္ခုနောဝါဒက ရဟန်းအား။ တထာရူပါ=ထိုသို့သဘောရှိကုန်သော။ ဓမ္မာ=တို့သည်။ ဗဟုဿုတာ=ကုန်သည်။ ဓာတာ=ဆောင်အပ်ကုန်သည်။ ဝစသာ=နှုတ်ဖြင့်။ ပရိစိတာ=လေ့ကျက်အပ်ကုန်သည်။ မနသာ=စိတ်ဖြင့်။ အနုပေက္ခိတာ=အဖန်တလဲလဲ ရှုအပ်ကုန်သည်။ ဒိဋ္ဌိယာ=ပညာဖြင့်။ သုပ္ပဋိဝိဒ္ဓါ=ထိုးထွင်း၍ သိအပ်ကုန်သည်။ ဟောန္တိ=ကုန်၏။

## ဥဘယာနိ ခေါ ပနဿ

အဿ=ထိုဘိက္ခုနောဝါဒကရဟန်းအား။ ဥဘယာနိ=ကုန်သော။ ပါတိမောက္ခာနိ=တို့သည်။ ဝိတ္ထာရေန=အကျယ်အားဖြင့်။ သွာဂတာနိ=နှုတ်၌လာကုန်သည်။

---

**ဧကတော ဥပသမ္ပန္နာယ**

ဘိက္ခုနီနံ သန္တိကေ ဧကတော ဥပသမ္ပန္နာကိုယူပ်။ ယင်းဘိက္ခုနီမကို ဂရုဓမ္မဖြင့် ဆုံးမသော ရဟန်းအား ဒုက္ကဋ်သင့်သည်။ ဘိက္ခုနံ သန္တိကေ ဧကတော ဥပသမ္ပန္နာဖြစ်လျှင် ပါစိတ်ပင် သင့်သည်။

**ဘိက္ခုနံ သန္တိကေ ဥပသမ္ပန္နာ**

ဝိုင်ပြန်သော ဘိက္ခုနီများနှင့် သာကီဝင်မင်းသမီး ဘိက္ခုနီ(၅၀၀)တို့သည် ဧကတော ဥပသမ္ပန္န ဖြစ်သော်လည်း သူတို့ကိုဆုံးမက ပါစိတ်ပင်သင့်မည်။ ( ဋီကာ )

သုဝိဘတ္တာနိ=ကောင်းစွာဝေဘန်အပ်ကုန်သည်။ သုပ္ပဝတ္တိနိ=ကောင်းစွာဖြစ်ခြင်းရှိကုန်သည်။ သုတ္တသော=ပါဠိအားဖြင့်။ အနုဗျဉ္ဇနသော=အဋ္ဌကထာအားဖြင့်။ သုဝိနိစ္ဆိတာနိ=ကောင်းစွာ ဆုံးဖြတ်အပ်ကုန်သည်။ ဟောန္တိ=ကုန်၏။

**ကလျာဏပါပိစော ဟောတိ**

ကလျာဏပါပိစော=ကောင်းသောစကားရှိသည်။ ကလျာဏဝါက္ကရဏော=ကောင်းသောအသံရှိသည်။ ဟောတိ=၏။ ယေဘုယျေန=အားဖြင့်။ ဘိက္ခုနီနံ=တို့သည်။ ပိယော=ချစ်အပ်သည်။ မနာပေါ=နှစ်သက်အပ်သည်။ ဟောတိ=၏။ ဘိက္ခုနိယော=တို့ကို။ ဩဝဒိတုံ=ငှာ။ ပဋိဗလော=စွမ်းနိုင်သည်။ ဟောတိ=၏။

**န ခေါ ပနေတံ ဘဂဝန္တံ**

ဧတံဘဂဝန္တံ=ကို။ ဥဒ္ဒိဿ=ရည်၍။ ပဗ္ဗဇိတာယ=ရဟန်းပြုသော။ ကာသာယဝတ္ထဝသနာယ=ဖန်ရည်စွန်းသော အဝတ်ဝတ်သောမိန်းမ၌။ ဂရုဓမ္မံ=ကာယသံသဂ္ဂသံဃာဒိသေသ်, မေထုနပါရာဇိကဟု ဆိုအပ်သော ဂရုဓမ္မသို့။ အဇ္ဈာပန္နပုဗ္ဗော=အလွန်အကြူးရောက်ဖူးသည်။ နဟောတိ=မဖြစ်။ ဝီသတိဝဿော ဝါ=ဝါနှစ်ဆယ် ရသည်ရှင်း၊ အတိရေက ဝီသတိဝဿော ဝါ=ဝါနှစ်ဆယ်ထက် အလွန် ရသည်ရှင်း။ ဟောတိ=၏။

**အသမ္မတဟူသည်**

ဉတ္တိစတုတ္ထကံဖြင့် သမုတ်မခံရသေးသူ။

**ဘိက္ခုနိယော-အရ**

နှစ်ဘက်သော ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ၌ ရဟန်းပြုသော ရဟန်းမ။

---

**ဥဘတော သံဃေ တိဟိ ဌာနေဟိ ပဝါရေတဗ္ဗံ**

ရဟန်းမတို့သည် ၁၄-ရက်နေ့၌ ကိုယ်တိုင် ပဝါရဏာပြု၍ ဥပုသ်နေ့၌ ဘိက္ခုသံဃာထံဝယ် ပဝါရဏာပြုရမည်။ ( ဝိ၊ ၄၊ ၃၊ ၆၄ )

## ဩဝါဒေယျ-၌ အာပတ်သင့်ပုံ

ဂရုဓမ် ၈-ပါးတို့ဖြင့်ဆုံးမလျှင် ပါစိတ်, အခြားတရားဖြင့် ဆုံးမလျှင် ဒုက္ကဋ်၊ ဧကတောဥပသမ္ပန္နဘိက္ခုနီကို ဆုံးမလျှင် ဒုက္ကဋ်။

## ဘိက္ခုနောဝါဒကသသမ္မုတိရသော ရဟန်း၏ကျင့်ဝတ်

၁။ ပရိဝုဏ်ကို တံမြက်စည်းလှည်းခြင်း, သောက်ရေသုံးရေ တည်ခိုင်းခြင်း, နေရာခင်းခြင်းအမှုတို့ကိုလုပ်၍ အဖော်ကိုခေါ်ကာ ထိုင်နေရခြင်း။

၂။ ရဟန်းမတို့က ထိုရဟန်းရှိရာအရပ်သို့သွား၍ ထိုရဟန်းကို ရှိခိုးပြီး သင့်လျော်သောနေရာ၌ထိုင်နေလသော် 'နှမတို့ . . ညီညွတ်ကြပါသလား' ဟု မေးရခြင်း။

၃။ 'အရှင် . . . ညီညွတ်ကြပါတယ်' ဟု လျှောက်ကြသော် 'နှမတို့ . . . ဂရုဓမ်တရား ၈-ပါးတို့ နှုတ်တက်အာဂုံလာကြပါသလား' ဟု ပြောရခြင်း၊

၄။ 'အရှင် . . . နှုတ်တက်အာဂုံလာကြပါတယ်' ဟု လျှောက်ကြလျှင် 'နှမတို့ . . . ဂရုဓမ်သည် အဆုံးအမပင်တည်း' ဟု အပ်နှင်းရခြင်း။

၅။ 'နှုတ်တက်မလာကြပါ' ဟု လျှောက်လျှင် ဂရုဓမ္မပါဠိကို ရွတ်ပြရခြင်း။

## ဂရုဓမ် ၈-ပါး

၁။ ဝါ (၁၀၀) ရပြီးသောရဟန်းမသည် ထိုနေ့က၌ ရဟန်းဖြစ်သော ရဟန်းကို ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေပြုခြင်းတို့ကို ပြုရခြင်း။

၂။ ရဟန်းမသည် ရဟန်းမရှိသော ကျောင်း၌ ဝါမကပ်ရခြင်း။

---

**ဧကတောဥပသမ္ပန္နာယ**

ဧကတော ဥပသမ္ပန္နာယ-ကို၊ ဩဝဒတိဆုံးမ၏ (တနည်း) ဧကတော ဥပသမ္ပန္နာယ=အား။ ဩဝဒတိ=ပြောဆို၏ဟု ပေးပါ။ ( သာရတ္ထ )

**ဘိက္ခုဧကတော ဥပသမ္ပန္န**

၁။ လိင်ပြန်သော ဘိက္ခုနီ။

၂။ သာကီဝင် ဘိက္ခုနီ(၅၀၀)။ ( သာရတ္ထ )

၃။ တစ်လထက်ဝက် ၁၅-ရက်တစ်ကြိမ် ရဟန်းမသည် ဘိက္ခုသံဃာထံမှ ဥပုသ်မေးခြင်း, သြဝါဒခံယူခြင်းဟူသော ဆည်းကပ်ခြင်းဟူသော တရားနှစ်ပါးတို့ကို တောင့်တရခြင်း။

၄။ ဝါကျွတ်ပြီးသောရဟန်းမသည် ဥဘတောသံဃာ၌ ဒိဋ္ဌ, သုတ, ပရိသင်္ကိတဟူသောဌာန (၃)ပါးတို့ဖြင့် ဖိတ်မံရခြင်း၊

၅။ ဂရုဓမ္မသံဃာဒိသေသ်အာပတ်သို့ရောက်သော ရဟန်းမသည် ဥဘတောသံဃာ၌ ပက္ခမာနတ်ကိုကျင့်ရခြင်း။

၆။ ၂-နှစ်တို့ပတ်လုံး တရား ၆-ပါးတို့၌ကျင့်အပ်ပြီးသောသိက္ခာရှိသော သိက္ခမာန်၏ ပဉ္စင်းအဖြစ်ကို ဥဘတောသံဃာ၌ ရှာမှီးရခြင်း။

၇။ ရဟန်းမသည် ပရိယာယ်တစုံတရာဖြင့်ရဟန်းကိုမဆဲရေး၊ မခြိမ်းခြောက်ရခြင်း၊

၈။ ယနေ့မှစ၍ ရဟန်းမတို့အား ရဟန်းတို့၌ပြောဆိုကြောင်းစကားကို ပိတ်ပင်ထား၍ ရဟန်းမတို့၌ပြောဆိုကြောင်းစကားကို မပိတ်ပင်ထားခြင်း။

**ဝဿသတ မဘိက္ခုံကံ၊ ပစ္စာသီသာ ပဝါရဏာ၊**
**မာနတ္တုပသမ္ပဒေသာ၊ နက္ကောသော သြဝဒ္ဒေါ ဂရုမ။** (ဝရဇိန်)

**အာပတ်သင့်ပုံ**

၁။ 'အရှင်---ညီညွတ်ကြပါ၏'ဟုလျှောက်သော် အခြားတရားကိုရွတ်ဆိုလျှင် ဒုက္ကဋ်၊
၂။ 'အရှင်---ကွဲပြားကြပါ၏'ဟု လျှောက်သော် ဂရုဓမ် ၈-ပါးတို့ကို ရွတ်ဆိုလျှင် ဒုက္ကဋ်၊
၃။ သြဝါဒကို မအပ်နှင်းပဲ အခြားတရားကိုရွတ်ဆိုလျှင် ဒုက္ကဋ်။

**အနာပတ္တိဝါရ**

ဥဒ္ဒေသံ=ဂရုဓမ္မရှစ်ပါးတို့၏ ပါဠိကို။ ဒေန္တော=ပေးသည်ဖြစ်၍။ သြဝါဒတိ=၏။ (ထည့်)။ ပရိပုစ္ဆံ=ပါဠိ၏ အဋ္ဌကထာကို။ ဒေန္တော=၍။ သြဝဒတိ=၏။ အယျ=အရှင်။ သြတာရေဟိ=ဂရုဓမ္မပါဠိကို ရွတ်ပါလော့။ ဣတိ=ဤသို့။ ဝုစ္စမာနော=ဆိုအပ်သော

---

**အပ္ပမဇ္ဇတော**

အပ္ပမဇ္ဇတော=မမေ့ခြင်းကြောင့်။ သိက္ခတော=ကျင့်ခြင်းကြောင့်ဟု ဟိတ်အနက်ပေးကာ "အဓိဂတာသော"၌ စပ်ပါ။ (သာရတ္ထ)

ကြောင့်။ ဩတာရေတိ=ရွတ်၏။ ပဥ္ဟံ=ပြဿနာကို။ ပုစ္ဆတိ=၏။ ပဥ္ဟံ=ကို။ ပုဌော=မေးသောကြောင့်။ ကထေသိ=ဖြေ၏။ အညသ္မိံ=သူတပါး၏။ အတ္တာယ=ငှာ။ ဘဏန္တံ=ဟောသောတရားကို။ ဘိက္ခုနိယော=တို့သည်။ သုဏန္တိ=ကုန်၏။ အနာပတ္တိ=သင့်။ သိက္ခမာနာယ=အား။ သာမဏေရာယ=အား။ ဩဝဒတိ=၏။ (ထည့်)။ အနာပတ္တိ=သင့်။

## အတ္ထင်္ဂတသိက္ခာပုဒ်

### အာယသ္မတော စူဠပန္ထကဿ

တေနခေါပနသမယေန=၌။ အာယသ္မတော စူဠပန္ထကဿ=အရှင်စူဠပန်၏။ ဘိက္ခုနိယော=တို့ကို။ ဩဝဒိတုံ=ငှာ။ ပရိယာယော=အလှည့်သည်။ ဟောတိ=၏။ ဘိက္ခုနိယော=တို့သည်။ ဧဝံ=သို့။ အာဟံသု=ကုန်၏။ ဒါနိ=ယခုအခါ၌။ အဇ္ဇ=ယနေ့။ ဩဝါဒေါ=သည်။ ဣဒ္ဓေါ=ပြည့်စုံသည်။ နဘဝိဿတိ=လတ္တံ့။ ဒါနိ=၌။ တဉ္စေဝ ဥဒါနံ=ထိုဥဒါန်းကိုသာလျှင်။ အယျောစူဠပန္ထကော=သည်။ ပုနပ္ပုနံ=ထပ်။ ဘဏိဿတိ=လတ္တံ့။ ဣတိ=ဤသို့။ အာဟံသု=ကုန်၏။

### ရှင်စူဠပန်၏ ဥဒါန်းဂါထာ

အဓိစေတသော=ခပ်သိမ်းသော စိတ်တို့ထက်လွန်သော အရဟတ္တဖိုလ်စိတ်ရှိသော။ အပ္ပမဇ္ဇတော=မမေ့မလျော့သော။ မောနပထေသု=အရဟတ္တမဂ် အရဟတ္တဖိုလ်ဟုဆိုအပ်သော မောန၏အကြောင်းဖြစ်ကုန်သော ဗောဓိပက္ခိယတရားတို့၌။ သိက္ခတော=ကျင့်သော။ တာဒိနော=တာဒိဂုဏ်နှင့် ပြည့်စုံသော။ ဥပသန္တဿ=ရာဂမှစသည် ငြိမ်းပြီးသော။ သဒါ=အခါခပ်သိမ်း။ သတိမတော=သတိရှိသော။ မုနိနော=ရဟန္တာအား။ သောကာ=စိုးရိမ်ခြင်းတို့သည်။ န ဘဝန္တိ=ကုန်။

### ဩဝဒေယျ

ဂရုဓမ် ၈-ပါးတို့ဖြင့်ဖြစ်စေ, အခြားတရားဖြင့်ဖြစ်စေ ဆုံးမလျှင် ပါစိတ်သင့်သည်။

## အဃောသိ ခေါ အာယသ္မာ

အာယသ္မာစူဠပန္ထကော=သည်။ တာသံဘိက္ခုနီနံ=တို့၏။ ဣမံကထာသလ္လာပံ=ဤစကားပြောဟောခြင်းကို။ အဃောသိခေါ=သာလျှင်တည်း။ အထခေါ=၌။ အာယသ္မာစူဠပန္ထကော=သည်။ ဝေဟာသံ=ကောင်းကင်သို့။ အဗ္ဘုဂ္ဂန္တွာ=ပျံတက်၍။ အန္တလိက္ခေ=အန္တလိက္ခဟုဆိုအပ်သော။ အာကာသေ=ကောင်းကင်၌။ စင်္ကမတိပိ=စင်္ကြံလည်းသွား၏။ တိဋ္ဌတိပိ=ရပ်လည်းရပ်၏။ နိသီဒတိပိ=ထိုင်လည်းထိုင်၏။ သေယျံပိ=အိပ်ခြင်းကိုလည်း။ ကပ္ပေသိ=ပြု၏။ ဓူမာယတိပိ=အခိုးလည်းလွှတ်၏။ ပဇ္ဇလတိပိ=အလျှံလည်းလွှတ်၏။ အန္တရဓာယတိပိ=အကြား၌လည်းကွယ်။ တဉ္စေဝ ဥဒါနံ=ထိုဥဒါန်းကိုလည်း။ ဘဏတိ=၏။ အညံသော။ ဗဟုံ=များစွာသော။ ဗုဒ္ဓဝစနဉ္စ=ကိုလည်း။ ဘဏတိ=၏။

## ဘိက္ခုနိယော ဧဝမာဟံသု

ဘိက္ခုနိယော=တို့သည်။ ဧဝံ=ဤသို့။ အာဟံသု=ကုန်၏။ ဘော=အချင်းတို့။ အစ္ဆရိယံဝတ=အံ့ဘွယ်ရှိစွတကား။ ဘော=တို့။ အဗ္ဘုတံဝတ=မဖြစ်ဘူးမြဲ ဖြစ်စွတကား။ အယျသစူဠပန္ထကဿ=၏။ ဩဝါဒေါ=သည်။ ဣဒ္ဓါယထာ=ပြည့်စုံသကဲ့သို့။ ဧဝံတထာ=ထို့အတူ။ နော=ငါတို့ အား။ ဣတော=ဤကာလမှ။ ပုဗ္ဗေ=ရှေး၌။ ဝတ=စင်စစ်။ ဩဝါဒေါ=သည်။ ဣဒ္ဓေါ=ပြည့်စုံသည်။ နဘူတပုဗ္ဗော=မဖြစ်စဘူး။ ဣတိ=ဤသို့။ အာဟံသု=ကုန်၏။ အထခေါ=၌။ အာယသ္မာစူဠပန္ထကော=သည်။ တာဘိက္ခုနိယော=တို့ကို။ ယာဝသမန္တကာရာ=အမိုက်တိုက်တိုင်အောင်။ ဩဝဒိတွာ=၍။ ဘာဂိနိယော=တို့။ ဂစ္ဆထ=သွားကြလေကုန်လော့။ ဣတိ=ဤသို့။ ဥယျောဇေသိ=လွှတ်လိုက်၏။

---

**သိက္ခာပုဒ် ၃-ပုဒ်ထူးခြားချက်**

ဩဝါဒသိက္ခာပုဒ်, ဘိက္ခုနုပဿယသိက္ခာပုဒ်တို့၌ ဂရုဓမ္မ ၈-ပါးတို့ဖြင့် ဆုံးမမှသာ ပါစိတ်သင့်သည်။ အတ္ထင်္ဂတသိက္ခာပုဒ်၌မူ မည်သည့်တရားဖြင့် ဆုံးမပါစေ ပါစိတ်သင့်သည်။

**ဩဝါဒစသော သိက္ခာပုဒ် ၃-ပုဒ်တို့ဖြင့် ပါစိတ်(၃)ချက်သင့်ပုံ**

သမ္မုတိ မရသောရဟန်းသည် နေဝင်လာသော် ဘိက္ခုနီမကျောင်းသို့ ချဉ်းကပ်၍ ဂရုဓမ် ၈-ပါးတို့ဖြင့် ဆုံးမလျှင် ပါစိတ်(၃)ချက်တို့သင့်သည်။ ( ဝိ၊ ဋ္ဌ၊ ၂၊ ၆၉ )

### တာ ဘိက္ခုနိယော နဂရဒွါရေ

အထခေါ=၌။ တာဘိက္ခုနိယော=တို့သည်။ နဂရဒွါရေ=မြို့တံခါးသည်။ ထကို တေးပိတ်သည်ရှိသော်။ ဗဟိနဂရေ=မြို့ပ၌။ ဝသိတွာ=၍။ ကာလဿေဝ=စောစောက သာလျှင်။ နဂရံ=သို့။ ပဝိသန္တိ=ကုန်၏။ မနုဿာ=တို့သည်။ ဥဇ္ဈာယန္တိ=ကုန်၏။ ခိယျန္တိ= ကုန်၏။ ဝိပါစေန္တိ=ကုန်၏။ အဗြဟ္မစရိယော=မမြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန် သော။ ဣမာဘိက္ခုနိယော=တို့သည်။ အာရာမေ=၌။ ဘိက္ခူဟိ=တို့နှင့်။ သဒ္ဓိံ=ကွ။ ဝသိတွာ=၍။ ဣဒါနိ=၌။ နဂရံ=သို့။ ပဝိသန္တိ=ဝင်ကုန်၏။ ဣတိ=ဤသို့။ ဥဇ္ဈာယန္တိ=ကုန်၏။

## ဘိက္ခုနုပဿယသိက္ခာပုဒ်

### ဘိက္ခုနုပဿယံ ဥပသင်္ကမိတွာ

ဘိက္ခုနုပဿယံ=ဘိက္ခုနီမကျောင်းသို့။ ဥပသင်္ကမိတွာ=ချဉ်းကပ်၍။ ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဘိက္ခုနိယော=တို့ကို။ ဩဝဒန္တိ=ကုန်၏။ ဘိက္ခုနိယော=တို့သည်။ ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဘိက္ခုနိယော=တို့ကို။ ဧတဝစနံ=ကို။ အဝေါစုံ=ကုန်၏။ အယျေ=တို့။ မယံ=တို့သည်။ ဩဝါဒဿ=အဆုံးအမခံခြင်း၏။ ကာရဏာ=အကြောင်း ကြောင့်။ ယံဌာနံ=အကြင်အရပ်သို့။ (ဟိကား နိပါတ်မျှသာ)။ ဂစ္ဆေယျာမ= သွားကုန်ရာ၏။ ဣဓေဝ=ဤသွားရာ အရပ်၌သာလျှင်။ အယျာဆဗ္ဗဂ္ဂိယာ=တို့သည်။ အမှေ=တို့ကို။ ဩဝဒန္တိ=ကုန်၏။ ဣတိ=ဤသို့။ အဝေါစုံ=ကုန်၏။

### ဘိက္ခုနုပဿယဟူသည်

ရဟန်းမတို့ တစ်ညဉ့်မျှလည်း နေဘူးသောနေရာကို ခေါ်သည်။

### ဥပသင်္ကမိတွာဟူသည်

ထိုရဟန်းမတို့နေဘူးရာအရပ်သို့ သွားခြင်းကိုဆိုလိုသည်။

---

သမ္ဗုတ် မရသောလဲ ဆုံးမနိုင် ။ ။ "ဥပဿယမ္ပိ သံယေန အသမ္ဗုတံ"ဟူသော ပါဠိ တော် စကားကိုထောက်ပါ။ (သာရတ္ထ)

## ဩဝဒေယျ

ဂရုဓမ်(၈)ပါးတို့ဖြင့်ဆုံးမမှုသာ ပါစိတ်သင့်သည်။ အခြားတရားဖြင့် ဆုံးမလျှင်မှု ဒုက္ကဋ်သာ သင့်သည်။

## ဂိလာနာဟူသည်

အဆုံးအမခံခြင်းငှါဖြစ်စေ, ဥပုသ်စသော ကံကြီးကံငယ် သံဝါသ အကျိုးငှါ ဖြစ်စေ မသွားနိုင်သောရဟန်းမတည်း။

## အဆုံးအဖြတ်

၁။ အခြားတရားနှင့် ဆုံးမလျှင်ဒုက္ကဋ်၊

၂။ ဧကတော ဥပသမ္ပန္န ရဟန်းမကို ဆုံးမလျှင် ဒုက္ကဋ်။

### အာမိသသိက္ခာပုဒ်

## ဆဗ္ဗဂ္ဂိယာ ဘိက္ခူ

ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဘိက္ခူ=တို့သည်။ ဧဝံ=ဤသို့။ ဝဒန္တိ=ကုန်၏။ ထေရာ=ကုန်သော။ ဘိက္ခူ=တို့သည်။ ဘိက္ခုနိယော=တို့ကို။ ဩဝဒိတုံ=ငှာ။ န ဗဟုကတာ=သဘောအားဖြင့် များစွာမြတ်နိုးခြင်းကို မပြုအပ်ကုန်။ အာမိသဟေတု=အာမိသ ဟူသော အကြောင်းကြောင့်။ ထေရာ=ကုန်သော။ ဘိက္ခူ=တို့သည်။ ဘိက္ခုနိယော=တို့ကို။ ဩဝဒန္တိ=ကုန်။ ဣတိ=သို့။ ဝဒန္တိ=ကုန်၏။

## အာမိသဟေတု-၌ အာမိသသရုပ်

သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး။

(သက္ကာရ, ဂရုကာရ, မာနန, ဝန္ဒန, ပူဇနတို့ကိုလည်း ယူပါ)

---

**စိဝရပဋိဂ္ဂဟဏသိက္ခာပုဒ်နှင့် စိဝရဒါန သိက္ခာပုဒ်အထူး**

စီဝရပဋိဂ္ဂဟသိက္ခာပုဒ်၌ ရဟန်းသည် ခံယူတတ်သူဖြစ်၍ စီဝရဒါနသိက္ခာပုဒ်၌မူ ရဟန်းမသည် ခံယူတတ်သူ ဖြစ်သည်။

**အဆုံးအဖြတ်**

၁။ ဘိက္ခုနောဝါဒကသမ္မုတိရသောရဟန်းကို ပြောဆိုလျှင် ပါစိတ်သင့်၍ မရသော ရဟန်းကိုပြောဆိုလျှင် ဒုက္ကဋ်သင့်သည်။

၂။ သာမဏေကို သမ္မုတိရသည်ဖြစ်စေ, မရသည်ဖြစ်စေ ပြောဆိုလျှင် ဒုက္ကဋ် သင့်သည်။

**သာမဏေကို ဘိက္ခုနောဝါဒက သမ္မုတိပေးကောင်း**

အနုပသမ္ပန္နံ သံဃေန သမ္မတံ ဝါ အသမ္မတံ ဝါ ကိုထောက်ပါ။

**ပြောဆိုခြင်း၏ ရည်ရွယ်ချက်များ**

၁။ ကျေးဇူးမဲ့ ကဲ့ရဲ့လိုခြင်း၊

၂။ ကျော်စောမဲ့အောင် ပြုလုပ်လိုခြင်း၊

၃။ နှလုံးမသာယာအောင် ပြုလုပ်လိုခြင်း။

## စီဝရဒါနသိက္ခာပုဒ်

**အညာတရိယာ ဝိသိခါယ**

သာဝတ္ထိယံ=၌။ အညာတရိယာ=သော။ ဝိသိခါယ=ခရီးဆုံး၌။ ပိဏ္ဍာယ=ငှာ၊ စရတိ=လှည့်လည်၏။ အညတရာ=သော။ ဘိက္ခုနီပိ=သည်လည်း။ တဿာဝိသိခါယ= ထိုခရီးဆုံ၌။ ပိဏ္ဍာယ=ငှာ။ စရတိ=၏။ အထခေါ=၌။ ပ။ အဝေါစ=၏။ ဘဂိနိ=နှမ၊ ဂစ္ဆ=သွားလေ။ အမုကသ္မိံ ဩကာသေ=ဤအမည်ရှိသောအရပ်၌။ ဘိက္ခာ=ဆွမ်းကို။ ဒိယျတိ=လှူအပ်၏။ ကုတိ=ဤသို့။ အာဟ=၏။ တေဥဘော=ထိုနှစ်ယောက်သော ရဟန်းယောက်ျား, ရဟန်းမိန်းမတို့သည်။ အဘိဏှဒဿနေန=မပြတ်မြင်သဖြင့်၊ သန္ဒိဋ္ဌာ=အကျွမ်းမဝင်မြင်ဘူးကာမျှသော အဆွေခင်ပွန်းတို့သည်။ အဟေသုံ=ကုန်၏၊

**သံဃဿ စီဝရံ ဘာဇိယတိ**

တေနခေါပန သမယေန=၌။ သံဃဿ=၏။ စီဝရံ=ကို။ ဘာဇိယ တိ=ဝေဘန် အပ်၏။ အထခေါ=၌။ သာဘိက္ခုနီ=သည်။ ဩဝါဒံ=အဆုံးအမခံရာသို့။ ဂန္တွာ=၍။ ယေန=၌။ ပ။ အဝေါစ=၏။ ဘဂိနီ=နှမ။ မေ=၏။ အယံစီဝရပဋိဝီသော=ဤသက်န်းဟု ဆိုအပ်သောအဘို့ကို။ သာဒိယိဿသိ=သာယာလတ့်လော့။ ဣတိ=ဤသို့။ ဝုတ္တော= သော်။ (ထည့်)။ အယျ=အရှင်။ အာမ=အိမ်း။ ဒုဗ္ဗလစီဝရာ=ညစ်နွမ်းသောသက်န်း ရှိသည်။ အမှိ=၏။ ဣတိ=ဤသို့။ အဝေါစ=၏။

**အညတြ ပါရိဝတ္တကာဟူသောအနုပညတ်၌ လဲလှယ်ကောင်းသူများ**

ရဟန်း, ရဟန်းမ, သိက္ခမာန်, သာမဏေ. သာမဏေမ တို့ဖြစ်သည်။

**ဘိက္ခုနီ-အရ**

ဥဘတောသံဃာ၌ ရဟန်းပြုသောရဟန်းမ။

**စီဝရ-အရ**

သက်န်း(၆)ထည်တို့တွင် တစ်ထည်သော ဝိကပ္ပနာလောက်သော နောက်ဆုံး သက်န်းကို ယူရမည်။

**စီဝရသိဗ္ဗနသိက္ခာပုဒ်**

**အထခေါ အာယသ္မာ ဥဒါယီ**

အထခေါ=၌။ အာယသ္မာဥဒါယီ=သည်။ အဿာဘိက္ခုနိယာ= ၏။ စီဝရံ=ကို။ သိဗ္ဗိတွာ=၍။ သုရတ္တံ=ကောင်းစွာဆိုးအပ်သည်ကို။ သုပရိကမ္မကတံ=ကောင်းစွာ အပြေအပြစ်ပြုအပ်သည်ကို။ ကတွာ=၍။ မဇ္ဈေ=အလယ်၌။ ပဋိဘာနစိတ္တံ=မိမိ ဉာဏ်အထင်ဖြင့်ပြုအပ်သော ဆန်းကြယ်သောမိန်းမရုပ် ယောကျ်ားရုပ်ကို။ ဝုဋ္ဌာ ပေတွာ=ထင်စေ၍။ သံဟရိတွာ=ခေါက်၍။ နိက္ခိပိ=ထား၏။ ပ။ ဘန္တေ=အရှင်။ တံစီဝရံ= ထိုသက်န်းသည်။ ကဟံ=အဘယ်မှာနည်း။ ဣတိ=ဤသို့။ ပုစ္ဆိတေ=ရှိသော်။ (ထည့်)

ဘဂိနိ=နှမ။ ဟန္ဒ=ယူလော့။ ဣမံစီဝရံ=ကို။ ယထာသံဟဋံ=ခေါက်လိပ်တိုင်း။ နိက္ခိပိတွာ=ထား၍။ ယဒါ=၌။ ဘိက္ခုနိသံဃော=သည်။ ဩဝါဒံ=အဆုံးအမခံရာအရပ်သို့။ အာဂစ္ဆတိ=လာ၏။ တဒါ=၌။ ဣမံစီဝရံ=ကို။ ပါရုပေတွာ=ရုံ၍။ ဘိက္ခုနိသံဃဿ=၏။ ပိဋ္ဌိတော ပိဋ္ဌိတော=နောက်မှနောက်မှ။ အာဂစ္ဆ=လာလော့။ ဣတိ=ဤသို့။ အဝေါစ=၏။

## ယာဝ ဆိန္နိကာ

ဣမာဘိက္ခုနိယော=တို့သည်။ ယာဝအတိဝိယ=အလွန်လျှင်။ ဆိန္နိကာ=ပြတ်သောအကြောက်အလန့်ရှိကုန်၏။ ဓုတ္တိကာ=အပျော်အပါး ကစားကြူးကုန်၏။ အဟိရိကာယော=အရှက်မရှိကုန်။ ဟိ-တဒေဝသစ္စံ=၏။ယတြယသ္မာ=ကြောင့်။ စီဝရေ=၌။ ပရိဘာနစိတ္တံ=ဆန်းကြယ်သော မိန်းမရုပ်ယောကျာ်းရုပ်ကို။ ဝုဋ္ဌာပေဿန္တိနာမ=ထင်စေကုန်ဘိ၏။ တသ္မာ=ကြောင့်။ အဟိရိကာယော=အရှက်မရှိကုန်။ ဣတိ=ဤသို့။ ဥဇ္ဈာယန္တိ=ကုန်၏။

## ဘိက္ခုနိယော ဧဝမာဟံသု

ဘိက္ခုနိယော=တို့သည်။ ဧဝံ=ဤသို့။ အာဟံသု=ကုန်၏။ ဣဒံ ကမ္မံ=ဤအမှုသည်။ ကဿ=အဘယ်သူ၏။ ကမ္မံ=အမှုနည်း။ ဣတိ=ဤသို့။ အာဟံသု=ကုန်၏။ အယျဿဥဒါယိဿ=အရှင်ဥဒါယိ၏။ ကမ္မံ=တည်း။ ဣတိ=ဤသို့။ ဝုတ္တေ=သော်။ (ယည့်)။ ယေပိ တေ=အကြင်သူတို့သည်လည်း။ ဆိန္ဒိကာ=ပြတ်သော အကြောက်အလန့်ရှိကုန်၏။ ဓုတ္တိကာ=အသောအသွမ်းကြူးကုန်၏။ အဟိရိကာ=အရှက်မရှိကုန်၏။ တေသံပိ=ထိုသူတို့အားလည်း။ ဧဝရူပံ=ဤသို့သောလုပ်ရပ်သည်။ နသောဘေယျ=မတင့်တယ်ရာ။ အယျဿဥဒါယိဿပန=အားကား။ ကိံ သောဘေယျ=အဘယ်မှာတင့်တယ်ရာအံ့နည်း။ ဣတိ=ဤသို့။ အဝေါစုံ=ကုန်၏။

## စီဝရ အရ

သင်္ကန်း (၆) ထည်တို့တွင် တထည်ထည်ကိုယူရမည်။

(စီဝရဒါန သိက္ခာပုဒ်နှင့်မတူသည်ကို သတိပြုပါ)

**အာပတ်သင့်ပုံ**

၁။ ကိုယ်တိုင်ချုပ်လျှင် အပ်နှုတ်တိုင်းပါစိတ်အာပတ်၊

၂။ အခြားသူကိုချုပ်ခိုင်းလျှင် ပါစိတ်၊

တကြိမ်စေခိုင်းအပ်ပါလျှက် အကြိမ်များစွာလည်း ချုပ်လျှင် ပါစိတ်။

**အနာပတ်**

၁။ ဆွေမျိုးတော်စပ်သည့်ဘိက္ခုနီ၏ သင်္ကန်းကိုချုပ်ပေးခြင်း၊

၂။ သင်္ကန်းမှတပါး အခြားပရိက္ခရာကိုချုပ်ပေးခြင်း၊

၃။ သိက္ခမာန်၏သင်္ကန်းကိုချုပ်ခိုင်းခြင်း၊

၄။ သာမဏေမ၏ သင်္ကန်းကိုချုပ်ခိုင်းခြင်း၊

၅။ ဥမ္မတ္တကရဟန်း၊

၆။ အာဒိကမ္မကရဟန်း။

**သိက္ခမာန် သင်္ကန်းကိုဝတ်+မဝတ်**

အနာပတ္တိ(ပ) သိက္ခာမာနာယကိုထောက်၍ သင်္ကန်းကိုဝတ်သည်။

**သံဝိဓာနသိက္ခာပုဒ်**

**ဆမ္ဗဂ္ဂီရဟန်းတို့ကို လူတို့ကဲ့ရဲ့ပုံ**

မယံ=တို့သည်။ သပဇာပတိကာ=မယားနှင့်တကွ။ အာဟိဏ္ဍာမ ယထေဝ=လှည့်လှည်ကုန်သကဲ့သို့။ ဧဝမေဝ=ဤအတူသာလျှင်။ သကျပုတ္တိယာ=ကုန်သော။ က္ကမေသမဏာ=တို့သည်။ ဘိက္ခုနီဟိ=တို့နှင့်။ သဒ္ဓိံ=ကွ။အာဟိဏ္ဍန္တိ=လှည့်လှည်ကုန်၏။

**အနုဇာနာမိ ဘိက္ခဝေ သတ္ထဂမနီယေ**

ဘိက္ခဝေ=တို့။ သတ္ထဂမနီယေ=ကုန်သည်အပေါင်းနှင့်တကွ သွားအပ်သော။ သာသင်္ကသမ္မတေ=ရွံ့ရှာဘွယ်ရှိ၏ဟုသမုတ်အပ်သော။ သပ္ပဋိဘယေ=ဘေးဘျမ်းနှင့်

ဘာကွဲသော။ မဒ္ဓေ=ခရီး၌။ ဘိက္ခုနိယာ=နှင့်။ သိဒ္ဓိံ=ကွ။ သံဝိဓာယ=တိုင်ပင်ညီညွတ်၍။ ဧကဒ္ဓါနမဂ္ဂံ=တခြကြောင်းဟည်း အမွန့်ရှည်သောခရီးကို။ ပဋိပဇ္ဇိတုံ=သွားခြင်းငှာ။ အနုဇာနာမိ=၏။

## အနုပညတ်

အညတြ သမယာ၊ တတ္ထာယံ သမယော သတ္ထဂမနီယော ဟောတိ မဂ္ဂေါ သာသင်္ကသမ္မတော သပ္ပဋိဘယော၊ အယံ တတ္ထ သမယော။

## သံဝိဓာယ-၌ စီမံပုံ

နှမ--သွားကြစို့. အရှင်---သွားကြစို့၊ အရှင်--သွားကြစို့. နှမ---သွားကြစို့၊ ယနေ့၌ဖြစ်စေ, နက်ဖြန်၌ဖြစ်စေ, သဘက်ခါ၌ဖြစ်စေ သွားကြစို့ဟု တိုင်ပင်ခြင်းတည်း။

## ဟိယျောနှင့် ပရေအထူး

ဟိယျော - နက်ဖန်ခါ၊

ပရေ - သဘက်ခါ။

## အာပတ်သင့်ပုံ

၁။ ကြက်တပျံကျဝေးသောရွာ၌ ရွာတရွာတိုင်း ရွာတရွာတိုင်း ပါစိတ်၊

၂။ ရွာမရှိသော တောသ၌ ယူဇနာဝက်တိုင်း ယူဇနာဝက်တိုင်း ပါစိတ်။

## ဂါမန္တရဟူသည်

တရွာနှင့်တရွာ ကြက်တပျံကျ ဝေးကွာသောရွာတည်း။

---

ဧကတော ဥပသမ္ပန္နစသည် ။ ။ ဧကတော ဥပသမ္ပန္န သည်နှင့်တိုင်ပင်၍ သွားသော ရဟန်းအား မာတုဂါမ သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ် သင့်သည်။ ( သာရတ္ထ )

**သတ္တဂမနီယဟူသည်**

အဖော်ကုန်သည်နှင့်ကင်း၍ ပသွားနိုင်သောလမ်းခရီးဖြစ်သည်။

**သာသက်**

၁။ ခိုးသူတို့ ဝင်ရာအရပ် ထင်ရှားရာလမ်းခရီး၊
၂။ ခိုးသူတို့ စားရာအရပ် ထင်ရှားရာလမ်းခရီး၊
၃။ ခိုးသူတို့ ရပ်ရာအရပ် ထင်ရှားရာလမ်းခရီး၊
၄။ ခိုးသူတို့ ထိုင်ရာအရပ် ထင်ရှားရာလမ်းခရီး၊
၅။ ခိုးသူတို့ အိပ်ရာအရပ် ထင်ရှားရာလမ်းခရီး။

**သပ္ပဋိဘယ**

၁။ ခိုးသူတို့က လူတို့ကိုသတ်အပ်သည်ကို မြင်ရာလမ်းခရီး၊
၂။ ခိုးသူတို့က လုယက်အပ်သည်ကို မြင်ရာလမ်းခရီး၊
၃။ ခိုးသူတို့က ရိုက်နှက်အပ်သည်ကို မြင်ရာလမ်းခရီး။

**အာပတ်မသင့်အောင်လုပ်ဆောင်နည်း**

ဘေးရန်ရှိသောလမ်းခရီးကိုသွားပြီး၍ ဘေးရန်မရှိသောလမ်း ခရီးကိုပြကာ 'နှမတို့---သွားကြတော့'ဟု စေလွှတ်ရမည်။

**အဆုံးအဖြတ်**

၁။ ရဟန်းနှင့် ရဟန်းမနှစ်ယောက်စလုံး စိမ်လျှင် ပါစိတ်၊
၂။ ရဟန်းကသာ စိမ်၍ ရဟန်းမက မစိမ်လျှင် ဒုက္ကဋ်။

---

မဟာနာဂေ တိဋ္ဌမာနေ

မဟာနာဂေ=ရဟန္တာကြီးတို့သည်။ တိဋ္ဌမာနေ=တည်ရှိကုန်လျက်။ (ဒုတိယာဝိဘတ် သတ္တမီ အနက်ခေဟာ)
(ဘင်နည်း) မဟာနာဂေ=တို့ကို။ တိဋ္ဌမာနေ=တည်နေသည်တို့ကို။ အဒိဿာ=မမြင်မူ၍။
(ဝိ၊ ၌၊ ၃၊ ၇၅)

## နာဝါဘိရုဟနသိက္ခာပုဒ်

**ဥဒ္ဒဂါမိနိ**

အထက်သို့ ဆန်တက်သောလှေ။

**အဓောဂါမိနိ**

အောက်ခြေသို့ စုန်ဆင်းသောလှေ။

**ထူးခြားချက်**

၁။ ရဟန်းက တိုင်ပင်၍ ရဟန်းမက မတိုင်ပင်လျှင် ဒုက္ကဋ်၊

၂။ ရဟန်းမက တိုင်ပင်၍ ရဟန်းက မတိုင်ပင် အနာပတ်။

**အနုပညတ်**

အညတြ တိရိယံ တရဏာယ

## ပရိပါစိတသိက္ခာပုဒ်

**ကိံ ပန တွံ ဂဟပတိ**

ဂဟပတိ=သူကြွယ်။ တွံ=သည်။ မဟာနာဂေ=ရဟန်တော်ကြီးတို့သည်။ တိဋ္ဌမာနေ=တည်ကုန်လျက်။ (တနည်းကား)။ မဟာနာဂေ=တို့ကို။ တိဋ္ဌမာနေ=တည်သည်တို့ကို။ အဒိသွာ=မကြည့်ရှုမူ၍။ (ထည့်)။ ကိံ=အဘယ်ကြောင့်။ စေတကေ=ရဟန်းငယ်တို့ကို။ နိမန္တေသိ ပန=ဖိတ်သနည်း။ ဣတိ=ဤသို့။ အဝေါစ=၏

---

ရဟောနိသဇ္ဇသိက္ခာပုဒ်နှင့် အပိုင်းအခြားတူသော သိက္ခာပုဒ်(၂)ပုဒ်

၁။ ဒုတိယအနိယတ သိက္ခာပုဒ်။

၂။ အစေလကဝဂ် ပဉ္စမမြောက် ရဟောနိသဇ္ဇသိက္ခာပုဒ်၊ (ဤသိက္ခာပုဒ်နှစ်ပုဒ်နှင့် အပိုင်းအခြားတူပါသော်လည်း အရှုပ္ပတ္တိအစွမ်းဖြင့် သီးခြားပညတ်တော်မူသည်။)

ရဟောနိသဇ္ဇ ၂-ပုဒ်အထူး ။ ။ဤသိက္ခာပုဒ်ဖြင့် နှီးနှီးမာတုဂါမ ... ဘိက္ခုနီသက်သက်နှင့်သာ ဆိတ်ကွယ်ရာ၌ ထိုင်မှုကြောင့် အာပတ်ကို ဟောတော်မူပါသည်။ အထက်စတုတ္ထသိက္ခာပုဒ်၌မူ မာတုဂါမနှင့်အတူ ဆိတ်ကွယ်ရာ၌ ထိုင်မှုကြောင့် သင့်သောအာပတ်ကို သီးခြားဟောတော်မူပါသည်။ (သာရတ္ထ)

## သူကြွယ်ပင့်သော ရဟန္တာကြီးများ

(၁) အရှင်သာရိပုတ္တရာ၊ (၂) အရှင်မဟာမောဂ္ဂလာန်၊ (၃) အရှင်မဟာကစ္စည်း၊ (၄) အရှင်မဟာကောဋ္ဌိက၊ (၅) အရှင်မဟာကပ္ပိန၊ (၆) အရှင်မဟာစုန္ဒ၊ (၇) အရှင်အနုရုဒ္ဓါ၊ (၈) အရှင်ရေဝတ၊ (၉) အရှင်ဥပါလိ၊ (၁၀) အရှင်အာနန္ဒာ၊ (၁၁) အရှင်ရာဟုလာ။

## ထုလ္လနန္ဒာ ညွှန်ပြသော ရဟန္တာကြီးများ

(၁) အရှင်ဒေဝဒတ်၊ (၂) အရှင်ကောကာလိက၊ (၃) အရှင်ကဋမောဒက တိဿက၊ (၄) ခဏ္ဍဒေဝီ၏သား၊ (၅) အရှင်သမုဒ္ဒဒတ္တ။

## အယံ စရဟိ

ထုလ္လနန္ဒာယ=သော။ ဘိက္ခုနိယာ=၏။ အယံကထာ=ဤစကားသည်။ အန္တရာ=အလယ်၌။ ဝိပ္ပကတာ=မပြီး (စ-ရဟိကား နိပါတ်မျှသာ) အထ=ထိုသို့မပြီးခင်။ ထေရာ=တစ်ကျိပ်တစ်ပါးသောမထေရ်တို့သည်။ ပဝိသိံသု=ဝင်ကုန်၏။ ဂဟပတိ=သူကြွယ်။ သစ္စံခေါ=မှန်ပေ၏။ မဟာနာဂါခေါ=ရဟန္တာကြီးတို့ကိုသာလျှင်။ တယာ=သည်။ နိမန္တိတာ=အပ်ကုန်၏။ ဣတိ=ဤသို့။ ဝုတ္တော=သော်။ (ထည့်)။ အယျေ=ရှင်မ။ ဣဒါနေဝခေါ=၌သာလျှင်။ တွံ=သည်။ အယျေ=တို့ကို။ စေတကေ=ရဟန်းငယ်တို့ကို။ အကာသိ=၏။ ဣဒါနိ=၌။ မဟာနာဂေ=တို့ကို။ အကာသိ=၏။ ဣတိ=ဤသို့။ ဃရတောစ=အိမ်မှလည်း။ နိက္ကမိ=နှင်ထုတ်၏။ နိစ္စဘတ္တဥ္စ=ကိုလည်း။ ပစ္ဆိန္ဒိ=ဖြတ်၏။

## ဇာန်-၌ သိပုံ (၃) မျိုး

၁။ ကိုယ်တိုင်သိခြင်း၊

၂။ အခြားသူတို့က ထိုရဟန်းအား လျှောက်ထားခြင်းကြောင့် သိခြင်း၊

၃။ ထိုစီမံသော ဘိက္ခုနီမက လျှောက်ထားခြင်းကြောင့်သိခြင်း။

### ပရိပါစိတံ (ပရိပါစေတိ)၌ စီမံပုံ

ရှေးကမလှူလိုကြ၊ မပြုလုပ်ကြသူတို့အား 'အရှင်သည် နိကာယ်ငါးရပ်ကို ဆောင်၏၊ ဗဟုသုတရှိ၏၊ သုတ္တန်ကိုဆောင်၏၊ ဝိနည်းကိုဆောင်၏၊ တရားဟောဝတ်၏၊ အရှင်အား လှူကြ၊ အရှင်အတွက် ပြုလုပ်ကြ'ဟု စီမံခြင်းတည်း။

### ပိဏ္ဍပါတ-အရ

ဘောဇဉ် ၅-ပါးတို့တွင် တစ်ပါးပါးကို ယူရမည်။

### အနုပညတ်

အညတြ ပုဗ္ဗေ ဂိဟိသမာရမ္ဘာ

### ဂိဟိသမာရမ္ဘ

၁။ ဆွေမျိုးများ၊

၂။ ဖိတ်မန်ထားသူများ၊

၃။ ပင်ကိုယ်က စီရင်သောသူများ။

## ဘောဇနဝဂ္ဂ

## အာဝသထပိဏ္ဍသိက္ခာပုဒ်

### သာဝတ္ထိယာ အဝိဒူရေ

သာဝတ္ထိယာ=၏။ အဝိဒူရေ=အနီး၌။ အညတရဿ=သော။ ပူဂဿ=အပေါင်း၏။ အာဝသထပိဏ္ဍော=ဧည့်သည်တို့ တည်းခိုရာဇရပ်၌ ဆွမ်းကို။ ပညတ္တော=အမြဲ ဝတ်တည်အပ်သည်။ ဟောတိ-၏။

---

ဂဏဘောဇနံ၌ ဂဏ-အရ။ ။ ယတ္ထ စတ္တာရော ဘိက္ခူကို ထောက်၍ အနည်းဆုံး ရဟန်း (၄) ပါးမှစ၍ အထက်ကိုယူပါ။ ( ဝိ၊ ၄၊ ၃၊ ၃၉ )

ဘောဇဉ်အမည်ဖြင့်တောင်းမှု။ ။ "ဘုဉ္ဇ ဓကဿ ဘိက္ခုနော ဘတ္တံ ဒေဟိ" ဟူသည်ကို ပါဠိတော်၌ဆိုအပ်သောကြောင့်, ဘောဇဉ်အမည်ဖြင့် တောင်းမှု သာ ဂဏဘောဇဉ်ဖြစ်သည်။ အခြားသူတောင်းအပ်သည်ကို တစ်ပေါင်းတည်း ခံယူကြချင်သည်း ခံယူကြသော ရဟန်းအားလုံးမှာ ဂဏဘောဇဉ်ဖြစ်သည်။ ( ဝိမတိ,

**အနုပညတ်**

အဂိလာနေန ဘိက္ခုနာ။

**အဂိလာနဟူသည်**

ထိုတည်းခိုရာဇရပ်မှ ဖဲသွားနိုင်သော ရဟန်းကိုခေါ်သည်။ (ဝိ၊ ၂၊ ၇၇)

**ဂိလာနဟူသည်**

ထိုတည်းခိုရာဇရပ်မှ မဖဲသွားနိုင်သော ရဟန်းကို ခေါ်သည်။

**အာဝသထပိဏ္ဍဟူသည်**

ဇရပ်၌ဖြစ်စေ, မဏ္ဍပ်၌ဖြစ်စေ, သစ်ပင်ရင်း၌ဖြစ်စေ, လွင်တီးခေါင်၌ဖြစ်စေ မရည်စူးပဲ အလိုရှိသလောက် တည်ထားအပ်သော ဘောဇဉ် ၅-ပါးတို့တွင် တစ်ပါးပါးသောဘောဇဉ်။ (ဝိ၊ ၂၊ ၉၇)

## ဂဏဘောဇနသိက္ခာပုဒ်

**အနုပညတ် (၇) ပါး**

၁။ ဂိလာနသမယော၊

၂။ စီဝရဒါနသမယော၊

၃။ စီဝရကာရသမယော၊

၄။ အဒ္ဓါနဂမနသမယော၊

၅။ နာဝါဘိရုဟနသမယော၊

၆။ မဟာသမယော၊

၇။ သမဏဘတ္တသမယော။ (ဝိ၊ ၂၊ ၁၀၀)

**ဉာတိသာလောဟိတော**

ဉာတိသာလောဟိတော=အသွေးအသားစပ်သော ဆွေမျိုးသည်။ အာဇီဝကေသု=အာဇီဝကတို့၌။ ပဗ္ဗဇိတော=ရဟန်းပြုသည်။ ဟောတိ=၏။ မဟာရာဇ=မင်းမြတ်။ အဟံ=သည်။ သဗ္ဗပါသဏ္ဍိကံ=အလုံးစုံသော ပါသဏ္ဍအယူရှိသောသူတို့အား [illegible]စေအပ်သော။ ဘတ္တံ=ဆွမ်းကို။ ကာတုံ=ပြုခြင်းငှာ။ ကုဋ္ဌာမိ=၏။ ဣတိ=ဤသို့။

အဝေါစ=၏။ ဘန္တေ=အရှင်။ တွံ=သည်။ ဗုဒ္ဓပမုခံ=ဘုရားအမှူးရှိသော။ ဘိက္ခုသံဃံ=ကို။ ပဋိမံ=စွာ။ သစေဘောဇေယျာသိ=အကယ်၍ ကျွေးမွေးသည်ဖြစ်အံ့။ ဧဝံ=ဤသို့ ကျွေးမွေးသည်ရှိသော်။ ဧဝံ=ဤသင်ဆိုတိုင်း။ ကရေယျာမိ=လိုက်နာအံ့။ ဣတိ=ဤသို့။ အဝေါစ=၏။

## ဂဏဘောဇဉ်ဟူသည်

ရဟန်း (၄) ပါးတို့ကို ဘောဇဉ် (၅) ပါးတို့တွင် တစ်ပါးပါးဖြင့် ပင့်ဖိတ်၍ ဘုဉ်းပေးကြရာအရပ်၌ဖြစ်သော ဘောဇဉ်။

## ဂိလာနသမယော

အောက်ထစ်ဆုံးအားဖြင့် ခြေတို့ကွဲရာအခါ၊ ယင်းအခါ၌ ဂိလာနသမယောဟု နှလုံးပိုက်ကာ စားနိုင်သည်။

## စီဝရဒါနသမယော

(က) ကထိန်မခင်းလသော် မိုးဥတု၏ နောက်ဆုံးတစ်လ၊

(ခ) ကထိန်ခင်းလသော် (၅) လ။

## စီဝရကာရသမယော

သင်္ကန်းပြုလုပ်လသော် 'စီဝရကာရသမယော' ဟုနှလုံးပိုက်ကာ စားနိုင်သည်။

## အဒ္ဓါနဂမနသမယော

'ယူဇနာဝက်ခရီးကိုသွားမည်' ဟု နှလုံးသွင်း၍ စားနိုင်သည်။ သွားဆဲရဟန်းရော, သွားပြီးရဟန်းပါ စားနိုင်သည်။

## နာဝါဘိရုဟနသမယော

'လှေကိုတက်စီးမည်' ဟု ကြံ၍ စားနိုင်သည်။

လှေတက်စီးဆဲရဟန်းရော, လှေပေါ်မှဆင်းပြီးသော ရဟန်းပါ စားနိုင်သည်။

(ဝိ၊ ၂၊ ၁၀၁)

**မဟာသမယော**

ရဟန်း ၂-ပါး၊ ၃-ပါးတို့ ဆွမ်းခံ၍ မျှတရာဌာနဌ် ၄-ပါးမြောက် ရဟန်းကြွလာသော် မမျှတရာအခါ။

**သမဏာဘတ္တသမယော**

ပရိဗိုဇ်အဖြစ်သို့ ရောက်သူတစ်ယောက်ယောက် ဆွမ်းပြုလုပ်လှူဒါန်းရာအခါ။

## ပရမ္ပရဘောဇနသိက္ခာပုဒ်

**န ခေါ ဣဒံ ဩရကံ**

ယထာ ယေန နိယာမေန=အကြင်သို့သောအမှတ်ဖြင့်။ ဣမေ မနုဿာ=တို့သည်။ သက္ကစ္စံ=စွာ။ ဘတ္တံ=ကို။ ကရောန္တိ=ကုန်၏။ တထာ= ထိုအမှတ်ဖြင့်။ (ထည့်)။ ဣဒံ=ဤရိုသေစွာ ဆွမ်းကို ပြုခြင်းသည်။ ဩရကံ=ယုတ်သည်။ နဘဝိဿတိ=လတ့်၊ အပ္ပံပိ=လည်း။ ဘတ္တံ=ကို။ ကရေယျံ=ပြုရမူကား။ ယံနူန=ကောင်းလိမ့်မည်။

**အထခေါ သော ကိရပတိကော**

အထခေါ=၌။ သောကိရပတိကော=သည်။ ကမ္မကာရဿ=သော။ တဿ ဒလိဒ္ဒဿ=အား။ အဍ္ဍာတိရေကံ=အတိုင်းထက်အလွန်။ ဝေတ္တနံ=ကို။ အဒါသိ=၏။ အာဝုသော=ဒါယကာ။ ဘိက္ခုသံဃော=သည်။ မဟာခေါ=များသည်သာတည်း။ ဇာနာဟိ=လော့။ ဣတိ= ဤသို့။ ဝုတ္တော=မိန့်တော်မူအပ်သည်ရှိသော်။ (ထည့်)။ ဘန္တေ=ဘုရား။ မေ=အား။ ဘိက္ခုသံဃော=သည်။ မဟာ=များသည်။ ဟောတု=စေ။ မေမယာ=သည်။ ဗဟူ=ကုန်သော။ ဗဒရာ=ဇီးယိုတို့ကို။ ပဋိယတ္တာ=စီရင်အပ်ကုန်၏။ ဗဒရမိဿေန=ဆီးယိုနှင့်တကွရောသော ခဲဘွယ်နှင့်တကွ။ ပေယျာ=သောက်ဘွယ်တို့ သည်။ ပရိပူရေဿန္တိ=ပြည့်စုံကုန်လတ့်။ ဣတိ=ဤသို့။ အဝေါစ=၏။

**တေ ကာလသေဝ**

တေ=ထိုရဟန်းတို့သည်။ ကာလသေဝ=စောစောကသာလျှင်။ ပိဏ္ဍာယ=ငှာ။ စရိတွာ=၍။ ဘုဉ္ဇိသု=ကုန်၏။ ။ ပ ။တေ=ထိုလူတို့သည်။ ကမ္မကာရသဿ=သော။ ဒလိဒ္ဒသဿ=သူဆင်း ရဲဘို့။ (ဝါ) သူဆင်းရဲ၏။ အတ္ထာယ=ငှာ။ (ထည့်)။ ပဟုတံ=များစွာသော။ ခါဒနီယံ=ကို။ ဘောဇနီယံ=ကို။ အဘိဟရိသု=ရှေးရှုဆောင်ကုန်၏။ ပ။ ဘတ္တဂ္ဂေ=ဆွမ်းစားဇရပ်၌။ ဘိက္ခူ=တို့ကို။ ပရိဝိသတိ=လုပ်ကျွေး၏။

**အလံ အာဝုသော**

အာဝုသော=ငါ့ရှင်။ အလံ=မသင့်။ မေ=အား။ ဘတ္တပစ္စာသာ= ဆွမ်းရနိုးခြင်းသည်။ အတ္တိ=၏။ က္ကတိ=ဤသို့။ အဝေါစ=၏။ တဿ ဘိက္ခုနော=၏။ ပိဏ္ဍပါတော=ဆွမ်းကို။ ဥဿူရေ=နေမြင့်သည်ရှိသော်။ အာဟရိယိတ္ထာ=ဆောင်အပ်၏။ သောဘိက္ခု=သည်။ စိတ္တရူပံ=စိတ် သဘောရှိတိုင်း။ နဘုဉ္ဇိ=မစား။

**ပရမ္မဘောဇဥ်ကို ဝိကပ္ပနာပြုစားနိုင်ခြင်း၏ အတ္ထုပ္ပတ်**

ထိုအခါ ဘုရားရှင်သည် နံနက်အခါ သင်းပိုင်ကို ဝတ်, သပိတ် သင်္ကန်းကိုယူ၍ ပစ္ဆာသမဏဖြစ်သော ရှင်အာနန္ဒာနှင့်အတူ အမျိုးအိမ် တစ်အိမ်သို့ ချဉ်းကပ်ကာ ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူ၏။ ထိုအခါ ထိုလူတို့သည် မြတ်စွာဘုရားနှင့် ရှင်အာနန္ဒာတို့အား ဘောဇဥ်ကိုပေးလှူကြရာ အရှင်အာနန္ဒာက သံသယဖြစ်၍ မခံယူသဖြင့် ဘုရား ရှင်က 'အာနန္ဒာ. . . ခံယူပါ' ဟု မိန့်တော်မူသော် 'မြတ်စွာဘုရား. . . အာသာရှိပါ၏' ဟု လျှောက်၏။ 'အာနန္ဒာ ထိုသို့ ဆွမ်း၌ အာသာရှိလျှင် ဝိကပ္ပနာပြု၍ ခံယူပါ'ဟု မိန့်တော်မူ၏။ အထက်ပါအကြောင်း အတ္ထုပ္ပတ်ကြောင့် ဝိကပ္ပနာပြု၍စားရန် ခွင့်ပြုသည်။ (ဝိ၊ ၂၊ ၁၀၅)

**ပရမ္မရဘောဇဥ်ကို ဝိကပ္ပနာပြုပုံ**

'မယှံ ဘတ္တပစ္စာသံ က္ကတ္ထန္နမဿ ဒမ္မိ' ဟု ဝိကပ္ပနာပြုရမည်။ (ဝိ၊ ၂၊ ၁၀၅)

ပရမ္ပရဘောဇဉ်ဟူသည်

ဘောဇဉ် (၅) ပါးတို့တွင် တစ်ပါးပါးဖြင့် ဖိတ်မံအပ်သော ဘောဇဉ်ကိုချန်ထား၍ အခြားသော ဘောဇဉ် (၅) ပါးတို့တွင် တစ်ပါးပါးသော ဘောဇဉ်ကိုစားခြင်း။

ဂိလာနသမယော

တစ်နေရာတည်း၌ထိုင်၍ အလိုရှိသလောက် မစားနိုင်ရာအခါ။

(ဂိလာနဟူသည် တစ်နေရာတည်း၌ထိုင်၍ အလိုရှိသလောက် မစားနိုင်သူတည်း။)

အနုပညတ် (၃) ပါး

၁။ ဂိလာနသမယော၊

၂။ စီဝရဒါနသမယော၊

၃။ စီဝရကာရသမယော။

## ကာဏမာတုသိက္ခာပုဒ်

ကာဏမာတာ ဥပါသိကာ

ကာဏမာတာ=ကာဏ၏ **အမိဖြစ်သော**။ ဥပါသိကာ=ဥပါသိကာမသည်။ သဒ္ဓါ=ကံ, ကံ၏အကျိုးကို ယုံကြည်သည်။ ပသန္နာ=ရတနာသုံးပါး၌ ကြည်ညိုသည်။ ဟောတိ=ဖြစ်၏။ ကာဏာ=ကာဏာကို။ ဂါမကေ=ရွာငယ်၌။ အညတရဿ= တစ်စုံတစ်ယောက်သော။ ပုရိသဿ=**အား**။ ဒိန္နာ=ပေးအပ်သည်။ ဟောတိ=**ဖြစ်၏**။

ကိဿိဝိယ ရိတ္တဟတ္ထံ

အထခေါ=၌။ ကာဏမာတာ=သော။ ဥပါသိကာ=သည်။ ရိတ္တဟတ္ထံ=အချည်းနှီးသော လက်ရှိသည်ဖြစ်၍။ ဂန္တုံ=ငှာ။ ကိဿိဝိယ= အသရေပျက် ရှက်ဘွယ်ကဲ့သို့။ ဟောတိ=၏။ ဣတိ=ဤသို့။ ပူဝံ= မုန့်ကို။ ပစိ=ကြော်၏။ ပူဝေ=မုန့်သည်။ ပက္ကေ=

ကျက်သည်ရှိသော်။ အညတရော=သော။ ပိဏ္ဍစာရိကော=ဆွမ်းခံသော။ ဘိက္ခု=သည်။ ကာဏာမာတာယ=သော။ ဥပါသိကာယ=၏။ နိဝေသနံ=အိမ်သို့။ ပါဝိသိ=ဝင်၏။ အထခေါ်=၌။ ကာဏာမာတာ=သည်။ တဿဘိက္ခုနော=အား။ ပူဝံ=ကို။ ဒါပေသိ စေ၏။

## အညတရော သတ္ထော

အညတရော သတ္ထော=ကုန်သည်သည်။ ရာဇဂဟာ=မှ။ ပဋိယာလောကံ=အနောက်မျက်နှာအရပ်သို့။ ဂန္တုကာမော=သည်။ ဟောတိ=၏။ ယထာပဋိယတ္တံ=စီရင်တိုင်းသော။ ပါထေယျံ=ခရီးလမ်းစာသည်။ ပရိက္ခယံ=ကုန်ခြင်းသို့။ အဂမာသိ=၏။ အယျာ=အမောင်တို့။ အဠ=ယနေ့တစ်ရက်မျှ။ နော=ငါတို့အား။ အာဂမေထ=စဉ်းငယ်ဆိုင်းတွ ငံ့လင့်ကြဦး။

## ပူဝ ဟူသည်

လက်ဆောင်အကျိုးငှာ စီရင်အပ်သော မုန့်အားလုံး။

## မန္ထဟူသည်

လမ်းခရီးအကျိုးငှာ စီရင်အပ်သော မုန့်အားလုံး။

## ဒွတ္တိပတ္တပူရေ ပဋိဂ္ဂဟေတွာ-၌ နှစ်သပိတ်, သုံးသပိတ် ခံယူပြီးသော ရဟန်း၏ ကျင့်ဝတ်

ထိုအိမ်မှ ထွက်ပြီးသော ရဟန်းသည် ရဟန်းကိုမြင်လျှင် 'ဤအိမ်၌ တပည့်တော်သည် နှစ်သပိတ်, သုံးသပိတ်တို့ကို ခံယူပြီးပါပြီ၊ ထိုအိမ်၌ မခံယူပါတော့နှင့်'ဟု လျှောက်ရမည်။

မြင်ပါလျက် 'မလျှောက်လျှင် ဒုက္ကဋ်သင့်သည်။ လျှောက်ပါလျက် ခံယူလျှင် ဒုက္ကဋ်သင့်သည်။

တတော နီဟရိတွာ ဘိက္ခူဟိ သဒ္ဓိံ သံဝိဘဇိတဗ္ဗံ

ဆွမ်းစားဇရပ်သို့ ထုတ်ဆောင်၍ ဝေဘန်ရမည်။

**အတ္တနော ခနေန**

အတ္တနော=၏။ ခနေန=ဖြင့်။ ပူဝါဒီနိ=မုန့်အစရှိသည်တို့ကို။ ပဋိဂ္ဂဏှာတိ=။ (ထည့်)။ အနာပတ္တိ=သင့်။

## ပဌမပဝါရဏာသိက္ခာပုဒ်

**အထခေါ သော ဗြဟ္မဏော**

အထခေါ=၌။ သောဗြဟ္မဏော=သည်။ ပဋိဝိသကေ= အိမ်နီးချင်းတို့ကို။ အယျာ=အမောင်တို့။ မယာ=သည်။ ဘိက္ခူ=တို့ကို။ သန္တပ္ပိတာ=ရောင့်ရဲစေအပ်ကုန်ပြီ။ ဧထ=လာကြကုန်။ ကုမ္မေပိ=တို့ကိုလည်း။ သန္တပ္ပေဿာမိ=စေအံ့။ ဣတိ=ဤသို့။ ဧတံဝစနံ=ကို။ အဝေါစ=၏။ တေ=ထိုအိမ်နီးချင်းတို့သည်။ ဧဝံ=ဤသို့။ အာဟံသု= ကုန်၏။ အယျော =အမောင်။တွံ=သည်။ ကိံ=အဘယ်သို့။ အမှေ=တို့ကို။ သန္တပ္ပေဿ သိ=ရောင့်ရဲစေလတံ့နည်း။ ယေပိဘိက္ခူ=တို့ကိုလည်း။ တယာ=သည်။ နိမန္တိတာ= ဘိတ်အပ်ကုန်၏။ တေပိ=တို့သည်လည်း။ အမှာကံ=တို့၏။ ဃရာနိ=ထိုသို့။ အာဂန္တွာ= ကုန်၍။ ဧကစ္စေ=တို့သည်။ ဘုဥ္စိံသု=ကုန်၏။ ဧကစ္စေ=တို့သည်။ ပိဏ္ဍပါတံ=ကို။ အာဒါယ=၍။ အဂမံသု=ကုန်၏။

**ဘိက္ခူ ဂိလာနာနံ**

တေနခေါပန သမယေန=၌။ ဘိက္ခူ=တို့သည်။ ဂိလာနာနံ=ကုန်သော။ဘိက္ခူနံ= တို့၏။ အတ္ထာယ=ငှာ။ (ထည့်)။ ပဏီတေ=မွန်မြတ် ကုန်သော။ ပိဏ္ဍပါတေ=တို့ကို။ နီဟရန္တိ=ကုန်၏။ ဂိလာနာ=တို့သည်။ စိတ္တရူပံ=စိတ်သဘောရှိတိုင်း။ နဘုဥ္စိံသု= မစားကုန်။ တာ=ထိုမွန်မြတ်သော ဆွမ်းတို့ကို။ (လိင်ပြန်)။ ဘိက္ခူ=တို့သည်။ ဆဍ္ဍေန္တိ= စွန့်ကုန်၏။ ဘဂဝါ=သည်။ ဥစ္စာသဒ္ဒံ=မြင့်သော အသံကို။ မဟာသဒ္ဒံ=ကျယ်သော

အသံကို။ ကာကောရဝသဒ္ဒ=ကျီးတို့၏ ပြင်းစွာမြည်သော အသံကို။ အသောသိ ခေါ်=တည်း။

**အတိရိတ်ဝိနည်းကံ ပြုခြင်းအကြောင်း**

ထိုအခါ ရဟန်းတို့သည် ဂိလာနရဟန်းတို့အတွက် မွန်မြတ်သော ဆွမ်းတို့ကို ဆောင်ကြရာ ဂိလာနရဟန်းတို့ စိတ်တိုင်းကျ မဘုန်းပေးကြသဖြင့် စွန့်ပစ်ကြသည်။ ဘုရားရှင်က မြင့်ကျယ်သောအသံ, ကျီးကန်းတို့၏ ပြင်းစွာသောအသံကို ကြားရ၍ ရှင်အာနန္ဒာကို မိန့်တော်မူ၍ 'ကျီးကန်းတို့၏ ပြင်းစွာအော်မြည်ခြင်းအကြောင်းနှင့် ရဟန်းတို့ ဂိလာနာ ရိတ္တမစားကြခြင်းအကြောင်းတို့ကို လျှောက်ထားသဖြင့် ခွင့်ပြုတော်မူလေသည်။ (ဝိ၊ ၂၊ ၁၁၀)

**အတိရိတ်ဝိနည်းကံပြုပုံ**

'အလ မေတံ သဗ္ဗံ'ဟုဆို၍ ပြုရပါမည်။

**အတိရိတ် ဝိနည်းကံပြုခြင်း၏ အင်္ဂါများ**

(၁) ကပ္ပိယ ကတံ = အပ်စပ်အောင်ပြုထားသော ဘောဇဉ်ခြင်း။
(၂) ပဋိဂ္ဂဟိတ ကတံ = အကပ်ခံပြီးခြင်း။
(၃) ဥစ္စာရိတ ကတံ = ဝိနည်းခိုရ်၏ အနီး၌ မြှောက်ချီခြင်း။
(၄) ဟတ္ထပါသေ ကတံ = ဝိနည်းခိုရ်၏ ဟတ္ထပါသ်အတွင်းသို့ရောက်ခြင်း။

---

**စားပြီးမှသင့်။** ။ "ဘုတ္တာဝိံ ပါစိတ္တိယံ" ဟု မာတိကာ ပါဠိတော်၌ ဟောတော်မူအပ်သောကြောင့် စားပြီးမှ အာပတ်သင့်ပါသည်။ စားမျိုတိုင်း စားမျိုတိုင်း မသင့်ဟူလို။ "အဘိဟဋ္ဌုံ ပဝါရေတိ၊ အာပတ္တိ ပါစိတ္တိယဿ" ကိုလည်း စားပြီးချိန်ကိုသာ ရည်ရွယ်၍ ဟောတော်မူသည်ဟု မှတ်ပါ။ ( သာရတ္ထ )

**ယာမကာလိကသည် ခဲဖွယ်ဘောဇဉ်မဟုတ်။** ။ ခါဒနီယံ နာမ ပဉ္စဘောဇနာနိ ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ ဌပေတွာ အဝသေသံ ခါဒနီယံ နာမ။ ဘောဇနီယံနာမ ပဉ္စဘောဇနာနိ" ဟူသော ပါဠိတော် စကားများကို ထောက်၍ ယာမကာလိကသည် ခဲဖွယ်ဘောဇဉ် မဟုတ်ကြောင်းသိပါ။ ( သာရတ္ထ )

(၅) ဘုတ္တာဝိနာ ကတံ = သမန်းမြက်ဖျားမျှဖြင့်လည်း စားပြီးခြင်း။
(၆) ဘုတ္တာဝိနာ ပဝါရိတေန အာသနာ အဝုဋ္ဌိတေန ကတံ = ပဝါရိတ်သင့်သော ရဟန်းနေရာမှ မထသေးခြင်း။
(၇) အလမေတံ သဗ္ဗန္တိ ဝုတ္တံ ဟောတိ = အလမေတံ သဗ္ဗံဟု ဆိုပြီးခြင်း။
(၈) ဂိလာနာတိရိတ္တံ ဟောတိ = ဂိလာန၏ စားကြွင်းစားကျန်ဖြစ်ခြင်း။

**(ဆောင်) ကပ္ပိယမှန်၊ အကပ်ခံ၊ ချိုပြန် ဟတ္ထပါသ်၊**

**နေရာမထ၊ စားပြီးမှ၊ အလတိရိတ်မှတ်။**

### ဘုတ္တာဝီ

ဘောဇဉ် ၅-ပါးတို့တွင် တစ်ပါးပါးကို အောက်ထစ်ဆုံးအားဖြင့် သမန်းမြက်ဖျားဖြင့်လည်း စားပြီးခြင်းဖြစ်သည်။

### ပဝါရိတော နာမ-၌ ပဝါရိုက်အင်္ဂါများ

၁။ အသနံ ပညာယတိ = စားဆဲဖြစ်ခြင်း၊
၂။ ဘောဇနံ ပညာယတိ = ဘောဇဉ်ဖြစ်ခြင်း၊
၃။ ဟတ္ထပါသေ ဌိတော = ဟတ္ထပါသ်၌တည်ခြင်း၊
၄။ အဘိဟရတိ = ဆောင်ယူခြင်း၊
၅။ ပဋိက္ခေပေါ ပညာယတိ = ကိုယ်, နှုတ်တို့ဖြင့် ပယ်မြစ်ခြင်း၊

**(ဆောင်) စားဆဲဘောဇဉ်၊ ဟတ်တွင်းဝင်၊ ဆောင်စဉ်ကိုယ်နှုတ်မြစ်။**

**အင်္ဂါ ငါးလီ၊ စုံပြည့်ညီ၊ သင့်ပြီ ပဝါရေတ်။**

### ခါဒနီယ သရုပ်

ဘောဇဉ် (၅) ပါး, ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကတို့မှတပါး ကြွင်းသောစားဖွယ်သောက်ဖွယ်။

(ခါဒနီယ-အရကောက်လျှင် များသောအားဖြင့် ဤနည်းအတိုင်းသာ နေရာတိုင်း၌ ကောက်ရသည်။ ထူးသည့်နေရာတွေ့လျှင် သီးသန့်ဖော်ပြပါမည်။)

ဘောဇဉ် (၅) ပါး

၁။ ဩဒနော = ထမင်း၊

၂။ ကုမ္မာသော = မုယော၊

၃။ သတ္တု = မုန့်လုံး၊

၄။ မစ္ဆော = ငါး၊

၅။ မံသံ = အမဲ။

## ယာမကာလိကစသည်

ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကတို့ကို အာဟာရအကျိုးငှာ ခံယူခြင်း၊ စားမျိုခြင်းတို့ကြောင့် ဒုက္ကဋ်သင့်သည်။

## ဒုတိယပဝါရဏာသိက္ခာပုဒ်

### ဥပနန္ဒေါ ဘိက္ခု

ဥပနန္ဒေါ=ရန်ငြိုးဖွဲ့သော။ ပ။ အဝေါစ=၏အာဝုသော=ရှင်။ တွံပိ=သင့်မှုသောသူ သည်လည်း။ မံ=ကို။ ဝတ္တဗ္ဗံ=ဆိုအပ်၏ဟူ၍။ မညသိနာမ=မှတ်ထင်ဘိ၏။ ယံတွံ= မည်မည်ဝါးဝါးအယုတ်အားဖြင့်။ ဘုတ္တာဝီ=ဆွမ်းစားစဉ်။ ပဝါရိတော=မြစ်အပ်သော။ တွံ=သည်။ (ထည့်)။ အနတိရိတ္တံ=သော။ဘောဇနီယံ=စားအပ်သောဘောဇဉ်ကို။ ဘုဥ္ဇသိ=စားဘိ၏။ ဣတိ=ဤသို့။အဝေါစ=၏။ အာဝုသော=ရှင်။ အာစိက္ခိတဗ္ဗံနနု= အပ်သည် မဟုတ်တုံလော။ ဣတိ=ဤသို့။ ဝုတ္တော=သော် (ထည့်)။ အာဝုသော=ရှင်။ ပုစ္ဆိတဗ္ဗံနနု=လော။ ဣတိ=ဤသို့။ အဝေါစ=၏။

### အဘိဟဋ္ဌုံ ပဝါရေယျ-၌ ဖိတ်မန်ပုံ

'လိုချင်သလောက်ယူပါ' ဟုဖိတ်မန်ခြင်းတည်း။

## ဝိကာလဘောဇနသိက္ခာပုဒ်

### ရာဇဂဟေ ဂိရဂ္ဂသမဇ္ဇော

ရာဇဂဟေ=၌။ ဂိရဂ္ဂသမဇ္ဇော=တောင်၌မြတ်သောသဘင်သည်။ (ဝါ)တောင်၏ မြတ်သောအရပ်၌ ပွဲသဘင်သည်။ (ဝါ)တောင်ထိပ်သဘင်သည်။ ဟောတိ=၏။ သတ္တရသဝဂ္ဂိယာ=ကုန်သော။ ဘိက္ခူ=တို့သည်။ ဂိရဂ္ဂသမဇ္ဇံ=ကို။ ဒဿနာယ=ရှုခြင်းငှာ။ အဂမံသု=ကုန်၏။ မနုဿာ=တို့သည်။ သတ္တရသဝဂ္ဂိယေ=ကုန်သော။ ဘိက္ခူ=တို့ကို။ ပ္လှသိတွာ=၍။ ခါဒနီယံ=ကို။ အဒံသု=ကုန်၏။ သတ္တရသဝဂ္ဂိယာ=ကုန်သော။ ဘိက္ခူ= တို့သည်။ ခါဒနီယံ=ကို။ အာဒါယ=၍။ အာရာမံ= သို့။ ဂန္တွာ=၍။

### ဝိကာလဟူသည်

မွန်းတည့်ပြီးသည်မှစ၍ အရုဏ်တက်ရာကာလတိုင်အောင်။

## သန္နိဓိကာရကသိက္ခာပုဒ်

### အာယသ္မတော အာနန္ဒဿ

အာယသ္မတော အာနန္ဒဿ=၏။ ဥပဇ္ဈာယော=ဥပဇ္ဈာယ်ဖြစ်သော။ အာယသ္မာ ဗေလဋ္ဌသီသော=အရှင်ဗေလဋ္ဌသီသသည်။ အရညေ=၌။ ဝိဟရတိ=၏။ သော=ထို ဗေလဋ္ဌသီသသည်။ ပိဏ္ဍာယ ငှာ။ စရိတွာ=၍။ သုက္ခကုရံ=စားမဲဟင်းလျာ မလှော်ခြောက်သောထမင်းကို။ အာရာမံ=သို့။ အာဟရိတွာ=၍။ သုက္ခာပေတွာ= ခြောက်စေ၍။ နိက္ခိပတိ=ထား၏။ ယဒါ=၌။ အာဟာရေန=ဖြင့်။ အတ္ထော=အလိုရှိသည်။ ဟောတိ=၏။ တဒါ=၌။ ဥဒကေန=ဖြင့်။ တေမေတွာ တေမေတွာ=ဆွတ်၍ဆွတ်၍။ ဘုဉ္ဇတိ=၏။ စိရေန=ကြာမြင့်မှ။ ဂါမံ=သို့။ ပိဏ္ဍာယ=ငှာ။ ပဝိသတိ=၏။

### အာယသ္မန္တံ ဗေလဋ္ဌသီသံ

ဘိက္ခူ=တို့သည်။ အာယသ္မန္တံ ဗေလဋ္ဌသီသံ=ကို။ ဧတံ=ကို။ အဝေါစုံ=ကုန်၏။ အာဝုသော=ရှင်။ ကိဿ=ကြောင့်။ တွံ=သည်။ စိရေန= မှ။ ဂါမံ=သို့။ ပိဏ္ဍာယ=ငှာ။ ပဝိသတိ=ဝင်သနည်း။ ဣတိ=ဤသို့။ အဝေါစုံ=ကုန်၏။ အထခေါ=၌။ ပ။ အာရော

စေသိ=၏။ အာဝုသော=ရှင်။ ကီး=အသို့နည်း။ တွံ=သည်။ သန္နိဓိကာရကံ=သိုမှီးခြင်း
ကိုပြု၍။ ဘောဇနံ=ကို။ ဘုဉ္ဇိသိပန=စားသလော။ ဧဝံ=ဤသို့။ ဂုဝေတ္တာ=ေသာ်။
(ထည့်)။ အာဝုသော=တို့။ ဧဝံ=အေးစား၏။ ဧဝံ=ဤသို့။ အဝေါစ=၏။

**သန္နိဓိကာရက**

ယနေ့ အကပ်ခံအပ်ပြီးသော ခဲဘွယ်ဘောဇဉ်ကို တစ်ပါးသောနေ့၌ ခဲစားခြင်း။

**ကာလိကကို အာပတ်နှင့် ခွဲခြားချက်**

ယာဝကာလိကကို စားလျှင် ပါစိတ်၊

ကြွင်းကာလိက (၃) ပါးတို့ကိုစားလျှင် ဒုက္ကဋ်။

**ကာလိက (၄) ပါးတို့ကို အာပတ်မသင့်အောင်စားသုံးနည်း**

၁။ ယာဝကာလိကကို နံနက်အခါ၌ သိုမှီးစားခြင်း၊

၂။ ယာမကာလိကကို ယံ၌ သိုမှီးစားခြင်း၊

၃။ သတ္တာဟကာလိကကို (၇) ရက်လုံး သိုမှီးစားခြင်း၊

၄။ ယာဝဇီဝိကကို အနာဟူသောအကြောင်းရှိလသော် စားခြင်း။

## ပဏီတဘောဇနသိက္ခာပုဒ်

**သပ္ပိသရုပ်**

၁။ ဂေါသပ္ပိ = နွားထောပတ်၊

၂။ အဇိကာသပ္ပိ = ဆိတ်ထောပတ်၊

၃။ မဟိံသသပ္ပိ = ကျွဲထောပတ်၊

၄။ အသားစပ်သော သတ္တဝါတို့၏ ထောပတ် (နာဝနီတ အတူတူပင်)

---

**အဒိန္နနှစ် ၃-အထူး။** ။ ဒုတိယပါဒ်လာ အဒိန္နဟူသည် ကိုယ်ဖြင့်ဖြစ်စေ, ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့်ဖြစ်စေ ယူသောသူအား ကိုယ်, ကိုယ်နှင့် စပ်သောဝတ္ထု ပစ်လွှတ်မှုတို့တွင် တစ်ပါးပါး၏အစွမ်းဖြင့် မပေးအပ်သော ပစ္စည်းဖြစ်သည်။

ဒုတိယပါရာဇိကလာ အဒိန္နဟူသည် သူတပါးသိမ်းအပ်သော ဥစ္စာဖြစ်သည်။

**တေလ သရုပ်**

၁။ တိလတေလံ = နှမ်းဆီ၊

၂။ သာသပတေလံ = မုန်ညှင်းဆီ၊

၃။ မဓုကတေလံ = သစ်မည်ဆီ၊

၄။ ဧရဏ္ဍတေလံ = ကြက်ဆူဆီ၊

၅။ ဝသာတေလံ = သားဆီ၊

**မဓုစသည်**

မဓု = ပျားငယ်ပြုလုပ်အပ်သောပျားရည်၊

ဖာဏိတ = ကြံမှဖြစ်သော တင်လဲ၊

မစ္ဆော = ရေ၌ကျက်စားသောသတ္တဝါ၊

မံသံ = အသားစပ်သော သတ္တဝါတို့၏အသား။

ခီရံ = နွားနို့၊ ဆိတ်နို့၊ ကျွဲနို့စသော အသားအပ်သော သတ္တဝါတို့၏ နို့ရည်။

ဒဓိ = အသားစပ်သော သတ္တဝါတို့၏ နို့မေ်း။

**အဂိလာနဟူသည်**

ပဏီတဘောဇဉ်တို့နှင့်ကင်း၍ ချမ်းသာနိုင်သူ။

## ဒန္တပေါဏသိက္ခာပုဒ်

**အညတရော ဘိက္ခု**

အညတရော=သော။ ဘိက္ခု=သည်။ သဗ္ဗပံသုကူလိကော=အလုံးစုံ ပံသုကူရှိသည်ဖြစ်၍။ သုသာနေ=သူကောင်တို့၏ အိပ်ယာသုသာန်၌။ ဝိဟရတိ=၏။ သော ဘိက္ခု=သည်။ မနုဿေဟိ=တို့သည်။ ဒိယျမာနံ=ပေးအပ်သည်ကို။ ပဋိဂ္ဂဟေတုံ=ငှာ။ နက္ခတ္တိ=အလိုမရှိ။ သုသာနေပိ=၌၎င်း။ ရုက္ခမူလေပိ=၌၎င်း။ ဥမ္မာရေပိ= တံခါးခုံ၌၎င်း။ အယျဝေါသာဋိတကာနိ=သေလွန်သော အဘ အဘိုးတို့၏အကျိုးငှာ စွန့်ပစ်အပ်သော ခဲဘွယ်ဘောဇဉ်တို့ကို။ သာမံ=ကိုယ်တိုင်။ ဘုဉ္ဇတိ=၏။

## ထေရောယံ ဘိက္ခု

အယံဘိက္ခု=ဤရဟန်းသည်။ ထေရော=တခဲနက် အသွေးအသားပွား၏။ ဝဋ္ဋရော=ဆူဖြိုးကြီးပ၏။ မနုဿမံသံ=လူသားကို။ ခါဒတိမညေ= စားယောင်တကား။ ဣတိ=ဤသို့။ ဥဇ္ဈာယန္တိ=ကုန်၏။ ကထံဟိ= အဘယ့်ကြောင့်လျှင်။ ဘိက္ခု=သည်။ အဒိန္နံ=သူတပါး မပေးအပ်သော။ အာဟာရံ=ကို။ မုခဒွါရံ=ခံတွင်းဝသို့။ အာဟရိဿတိ နာမ=ဆောင်ဘိသနည်း။ ဣတိ=ဤသို့။ ဥဇ္ဈာယန္တိ=ကုန်၏။ ဘိက္ခူဝေ=တို့။ ဥဒကဒန္တ ပေါနံ=ရေဒန်ပူကို။ သာမံ=ကိုယ်တိုင်။ ဂဟေတွာ=၍။ ဘုဉ္ဇိတုံ=သုံးဆောင်ခြင်းငှာ။ အနုဇာနာမိ=၏။

## အညတြ ဥဒကဒန္တပေါနာဟူသော အနုပညတ်ဖြစ်ပေါ်လာပုံ

ထိုအခါ ရဟန်းတို့သည် ရေဒန်ပူ၌ ကုက္ကုစ္စဖြစ်ကြ၍ ဘုရားရှင်အား လျှောက် ထားကြသဖြင့် ဘုရားရှင်က ရေဒန်ပူကို ကိုယ်တိုင်ယူ၍ သုံးစွဲနိုင်ကြောင်း ခွင့်ပြု တော်မူ၏။

## အဒိန္နဟူသည်

အကပ်မခံအပ်သော ခဲဘွယ်ဘောဇဉ်။

## ဒိန္နဟူသည်

ကိုယ်ဖြင့်ဖြစ်စေ, ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်ဖြစ်စေ, ပစ်လွှတ်လိုက်သော ဝတ္ထု ဖြင့်ဖြစ်စေ ပေးသည်ရှိသော် ဟတ္ထပါသ်၌တည်လျက် ကိုယ်ဖြင့်ဖြစ်စေ, ကိုယ်ဖြင့် စပ်သော ဝတ္ထုဖြင့်ဖြစ်စေ ခံယူအပ်သော ခဲဘွယ်ဘောဇဉ်။

## အာဟာရော-အရ

ရေ, ဒန်ပူမှတစ်ပါး ကြွင်းသော မျိုအပ်သောဝတ္ထုအားလုံး။

**မဟာဝိကဋဆေးကြီး ၄-ပါး**

၁။ ကျင်ကြီး၊

၂။ ကျင်ငယ်၊

၃။ သစ်စိမ်းပြာ၊

၄။ မြေညက်။

**မဟာဝိကဋဆေးကြီး(၄)ပါးတို့ကို အကပ်မခံပဲ သုံးစွဲနိုင်ခြင်းအကြောင်း**

မြွေကိုက်ခြင်းဟူသောအကြောင်းကြောင့် ကပ္ပိယကာရက မရှိလသော် သုံးစွဲနိုင်သည်။

## အစေလကဝဂ္ဂ

## အစေလကသိက္ခာပုဒ်

**သံဃဿ ခါဒနီယံ**

သံဃဿ=အား။ ခါဒနီယံ=သည်။ ဥဿန္နံ=များသည်။ ဟောတိ=၏။ အထခေါ=၌။ ပ။ အာရောစေတိ=၏။ အာနန္ဒာ=နန္ဒာ။ တေနဟိ=ထိုသို့ တပြီးကား။ ဝိဃာသာဒါနံ=စားကြွင်းစားတို့အား။ ပူဝံ=မုန့်ကို။ ဒေဟိ=လော့။ ဧဝံ=ဤသို့။ အဝေါစ=မိန့်တော်မူ၏။ ဘန္တေ=ဘုရား။ ဧဝံ=ကောင်းပြီ။ ဣတိခေါ=ဤသို့လျှင်။ အာယသ္မာ အာနန္ဒော=သည်။ ဘဂဝတော=၏။ ဝစနံ=ကို။ (ထည့်)။ ပဋိဿုဏိတွာ=၍။ ဝိဃာသာဒေ=တို့ကို။ ပဋိပါဋိယာ=အစဉ်အတိုင်း။ နိသီဒါပေတွာ=စေ၍။ ဧကေကံ= တစ်ခုတစ်ခုစီ။ ပူဝံ=ကို။ ဒေန္တော=ပေးသည်ရှိသော်။ အညတရိဿာ=သော။ ပရိဗ္ဗာဇိကာယ=ပရိဗိုဇ်မအား။ ဧကံမညမာနော=တချပ်ဟု မှတ်ထင်သည်ဖြစ်၍။ ဒွေပူဝေ=တို့ကို။ အဒါသိ=၏။

**အစေလက ဟူသည်**

ပရိဗိုဇ်အဖြစ်သို့ရောက်သော အဝတ်မဆီး အချည်းနှီးသောသူ အားလုံးတည်း။

**ပရိဗ္ဗာဇက ဟူသည်**

ရဟန်း, သာမဏေမှတစ်ပါး ပရိဗိုဇ်အဖြစ်သို့ ရောက်သူအားလုံးတည်း။

**ပရိဗ္ဗာဇိကာ ဟူသည်**

ရဟန်းမ, သိက္ခမာန်, သာမဏေတို့မှတစ်ပါး ပရိဗိုဇ်အဖြစ်သို့ရောက်သူ မိန်းမအားလုံး။

**ခါဒနီယ-အရ**

ဘောဇဉ် (၅) ပါး, ရေ, ဒန်ပူမှတစ်ပါး ကြွင်းသော ခဲဘွယ်အားလုံးကို ယူရမည်။ (ဤ၌ ခါဒနီယ-အရ ပဌမပဝါရဏာ သိက္ခာပုဒ် စသည်တို့နှင့်မကူပေ။)

## ဥယျောဇနသိက္ခာပုဒ်

**အာဝုသော**

အာဝုသော=ငါ့ရှင်။ ဧဟိ=လာလှည့်။ ဂါမံ=သို့။ ပိဏ္ဍာယ=ငှာ။ ပဝိသိဿာမ= ဝင်ကုန်အံ့။ ဣတိ=ဤသို့ဆို၍။ တဿ=ထိုရဟန်းအား။ အဒါပေတွာ=မပေးစေမူ၍။ ဥယျောဇေယျ=လွှတ်လိုက်၏။ အာဝုသော=ငါ့ရှင်။ ဂစ္ဆ=သွားလေလော့။ မေ=အား။ တယာ=နှင့်။ သဒ္ဓိံ=ကွ။ ကထာဝါ= စကားပြောဟောခြင်းသည်ငှင်း။ နိသဇ္ဇာဝါ=နေခြင်းသည်ငှင်း။ ဖါသု=ချမ်းသာသည်။ နဟောတိ=မဖြစ်။ ဧကဿ=တစ်ယောက်အထီးတည်းသော။ မေ=အား။ ကထာဝါ=သည်ငှင်း။ နိသဇ္ဇာဝါ=သည်ငှင်း။ ဖါသု=သည်။ ဟောတိ=၏။ ဣတိ=ဤသို့။ အဝေါစ=၏။

**အထခေါ သော ဘိက္ခု**

အထခေါ=၌။ သောဘိက္ခု=သည်။ ကာလေ=မွန်းတည့်သောအခါသည်။ ဥပက ဋ္ဌေ=နီးလတ်သည်ရှိသော်။ ပိဏ္ဍာယ=ငှာ။ စရိတုံ=ငှာ။ နာသက္ခိ=မတတ်နိုင်။ ပဋိက္ကမနေ=ဆွမ်းစားဇရပ်၌လည်း။ ဘတ္တဝိဿဂ္ဂံ= ဆွမ်းစားခြင်းကိစ္စကို။ နသမ္ဘာဝေသိ=မမှီ။ ဆိန္နဘတ္တော=ပြတ်သော ဆွမ်းရှိသည်။ ဟောတိ=၏။

**ဘိက္ခု-အရ**

အခြားရဟန်းကိုယူရမည်။

**ဂါမံ ဝါ နိဂမံ ဝါ**

ရွာ, နိဂုံး, မြို့ (၃) ခုလုံး ဂါမ, နိဂမမည်သည်။

**တဿ ဒါပေတဗ္ဗော္ဘ ပေးရမည့်ပစ္စည်းများ**

ယာဂု၊ ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်။

**ဒါတဗ္ဗ၏ ဓာတ်ကံ**

ယာဂုံ ဝါ ဘတ္တံ ဝါ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ။

**ဥယျောဇေယျ-၌ ပြန်လွှတ်ခြင်း၏ ရည်ရွယ်ချက်များ**

၁။ မာတုဂါမေန သိဒ္ဓိံ ဟသိတုကာမော=မာတုဂါမနှင့်အတူရယ်မြူးလိုခြင်း၊

၂။ ကီဠိတုကာမော=မာတုဂါမနှင့်အတူ ကစားလိုခြင်း၊

၃။ နိသီဒိတုကာမော=မာတုဂါမနှင့်အတူ ထိုင်လိုခြင်း၊

၄။ အနာစာရံ အာစရိတုကာမော=မလျောက်ပတ်သော အကျင့်ကို ကျင့်လိုခြင်း။

**အာပတ်သင့်ပုံ**

ပြန်လွှတ်လျှင် ဒုက္ကဋ်၊ ဒဿနူပစာ, သဝနူပစာကိုစွန့်လျှင် ဒုက္ကဋ်၊ စွန့်ပြီးလသော် ပါစိတ်။

**ကလိသာသနံ အာရောပေတိ**

ကလိသာသနံ=အမျက်တည်းဟူသောအာဏာအဆုံးအမသို့။ အာရောပေတိ=၏။

**ပြန်လွှတ်နိုင်သောအကြောင်းများ**

၁။ ရဟန်းနှစ်ပါးတို့ တစ်ပြိုင်နက် မမျှတကြမှန်းသိ၍ ပြန်လွှတ်ခြင်း၊
၂။ ကန့်ဘိုးကြီးသော ဘဏ္ဍာကိုမြင်ရ၍ လောဘဖြစ်မည်စိုးသော ပြန်လွှတ်ခြင်း၊
၃။ မာတုဂါမကိုမြင်ရ၍ မပျော်မွေ့မှာစိုးသဖြင့် ပြန်လွှတ်ခြင်း၊
၄။ ဂိလာနစသည်တို့အတွက် ဆွမ်းစသည်ဆောင်ရန် ပြန်လွှတ်ခြင်း၊
၅။ မလျှောက်ပတ်သောအကျင့်ကို မကျင့်လိုဘဲ ပြန်လွှတ်ခြင်း၊
၆။ ပြုဘွယ်ကိစ္စရှိ၍ ပြန်လွှတ်ခြင်း။

## ဘောဇနသိက္ခာပုဒ်

**သဟာယကဿ ယရံ**

သဟာယကဿ=အဆွေ၏။ ယရံ=သို့။ ဂန္ဒွာ=၍။ တဿ=ကို အဆွေ၏။ ပဇာပတိယာ=မယားနှင့်။ သဒ္ဓိံ=ကွ။ သယနိဃရေ=အိပ်ရာတိုက်မန်း၌။ နိသဇ္ဇံ=ကို။ ကပ္ပေသိ=၏။ ပ။ အယျဿ=အား။ ဘိက္ခံ=ကို။ဒေဟိ=လော့။ ဣတိ=ဤသို့။ အဝေါစ=၏။ ဘန္တေ=အရှင်။ ယတော=အကြင်ကြောင့်။ အယျဿ=အား။ ဘိက္ခာ=ကို။ ဒိန္နာ=အပ်ပြီ။ တတော= ထို့ကြောင့်။ ဂစ္ဆထ=ကြွတော်မူလော့။ ဣတိ=ဤသို့။ အဝေါစ=၏။

**အထခေါ သာ ဣတ္ထီ**

အထခေါ=၌။ အယံပုရိသော=သည်။ ပရိယုဋ္ဌိတော=ရာဂနှိပ်စက်အပ်၏။ ဣတိ=ဤသို့။ သလ္လက္ခေတွာ=မှတ်၍။ အာယသ္မန္တံ ဥပနန္ဒံ သကျပုတ္တံ=ကို။ ဘန္တေ=အရှင်။ နိသီဒထ=ထိုင်တော်မူပါဦး။ မာအဂမိတ္ထ=ကြွတော်မမူပါနှင့်ဦး။ ဣတိ=ဤသို့။ ဖဟံ ပစနံ=ကို။ အဝေါစ=၏။ ပ။ အထ ခေါ=၌။ သောပုရိသော=သည်။ နိက္ခမိတွာ=၍။ ဘိက္ခူ=တို့ကို။ ဥဇ္ဈာပေသိ=စောင်းမြောင်းစေ၏။ ဘန္တေ=ထို။ အယံ အယျော ဥပ နန္ဒော=သည်။ မယှံ= ၏။ ပဇာပတိယာ=နှင့်။ သဒ္ဓိံ=တကွ။ သယနိဃရေ=၌။ နိသိန္နော= နေ၏။ သော=ထိုဥပနန္ဒသည်။ မယာ=သည်။ ဥယျောဇိယမာနော=လွှတ်အပ်သည်

ရှိသော်။ ဂန္တုံ=ငှာ။ နက္ခမတိ=အလိုမရှိ။ မယံ=တို့သည်။ ဗဟုကိစ္စာ=များသောကိစ္စ ရှိကုန်၏။ ဗဟုကရဏီယာ=များသောပြုဘွယ်ရှိကုန်၏။ က္ကတိ=ဤသို့။ ဥဇ္ဈာပေတိ= စေ၏။

**သဘောဇနကုလဟူသည်**

ရာဂမကင်းကြသေးသော မိန်းမ, ယောက်ျားနှစ်ဦးသားလုံးတို့ အပြင်ဘက် မထွက်သေးရာအိမ်တည်း။

**နိသဇ္ဇံ ကပ္ပေယျ**

နိသဇ္ဇံ ကပ္ပေယျာတိ=ကား။ မဟလ္လကေ=ကြီးသော။ ဃရေ=၌။ ပိဋ္ဌသံဃာဋဿ= တံခါးပေါင်၏။ ဟတ္ထပါသံ=ကို။ ဝိဇဟိတွာ=၍။ နိသီဒတိ=၏။ ပ။ ခုဒ္ဒကေ=သော။ ဃရေ=၌။ ပိဋ္ဌိဝံသံ=ခေါင်လျှောက်ကို။

**အာပတ်သင့်ချိန်**

၁။ ကြီးသောအိမ်၌ တံခါးဘောင်၏ ဟတ္ထပါသ်ကိုစွန့်၍ထိုင်ချိန်၊
၂။ ငယ်သောအိမ်၌ ခေါင်လျှောက်ဝါးကို စွန့်၍ထိုင်ချိန်။

## ရဟောပဋိစ္ဆန္နသိက္ခာပုဒ်

**မာတုဂါမ-အရ**

ထိုနေ့၌မွေးဖွားသောသူငယ်မကိုအစပြု၍ လူမိန်းမအားလုံးကို ယူရမည်။ ဘီးလူးမ, ပြိတ္တာမ, တိရစ္ဆာန်မတို့ကို မယူရ။

## ရဟောနိသဇ္ဇသိက္ခာပုဒ်

**မာတုဂါမ-အရ**

ကောင်းစွာပြောဆိုအပ်သောစကား, မကောင်းသဖြင့်ပြောဆိုအပ်သော စကား၊ ရုန့်ရင်းသောစကား, မရုန့်ရင်းသောစကားကို သိနိုင်သော လူမိန်းမကိုယူရမည်။ ဘီးလူးမ, ပြိတ္တာမ, တိရစ္ဆာန်မတို့ကို မယူရ။ (ဝိ၊ ၂၊ ၁၃၀)

## စာရိတ္တသိက္ခာပုဒ်

### ယမ္ပိ မယံ ဘန္တေ

ပုရေကာလော=နံနက်ကာလသည်။ အတိက္ကမတိ=၏။ က္ကတိ= ဤသို့။ အဝေါစုံ=ကုန်၏။ ဘန္တေ=တို့။ မယံ=တို့သည်။ အယျဿဥပနန္ဒဿ=၏။ ကာရဏာ=ကြောင့်။ ယမ္ပိဘတ္တံ=ကိုလည်း။ ကရိမှာ=ကုန်၏။'ပ။ပယိရုပါသတွာ=ဆည်းကပ်၍။ ဒိဝါ=နေမြင့်မှ။ အာဂစ္ဆတိ=၏။ ပ။ဥပဋ္ဌာကကုလံ=အလုပ်အကျွေးအမျိုးသည်။ သံယဿ=၏ အတ္တာယ=ငှာ။

### စီဝရကမ္မံ ကရောန္တိ

ဘိက္ခူ=တို့သည်။ စီဝရကမ္မံ=သင်္ကန်းချုပ်ခြင်းအမှုကို။ ကရောန္တိ=ကုန်၏။ သူစိယာပိ=အပ်ဖြင့်၎င်း။ သုတ္တေနပိ=ချည်ကျစ်ဖြင့်၎င်း။ သတ္တကေနပိ=ဓားငယ်ဖြင့်၎င်း။ အတ္ထော=အလိုရှိသည်။ ဟောတိ=၏။ပ။ ဘေသဇ္ဇေဟိ=ဆေးတို့ဖြင့်။ အတ္ထောစ=သည်လည်း။ ဟောတိ=၏။ပ။ ဘိက္ခဝေ=တို့။ သန္တံ=ထင်ရှားရှိသော။ ဘိက္ခုံ=ကို။ အာပုစ္ဆာ=ပန်၍။ ကုလာနိတို့သို့။ ပယိရုပါသိတုံ=ငှာ။ အနုဇာနာမိ=၏။

### အနုပညတ်များ

၁။ သန္တံ ဘိက္ခုံ အနာပုစ္ဆာ။

၂။ ပစ္ဆာ ဘတ္တံ။

၃။ စီဝရဒါန သမယော။

၄။ စီဝရကာရ သမယော။

### နိမန္တိတော

ဘောဇဉ်ငါးပါးတို့တွင် တပါးပါးဖြင့် ဖိတ်မံခံရခြင်း။

**သန္တဘိက္ခုဟူသည်**

ပန်ပြော၍ ရွာတွင်းဝင်နိုင်ရာရဟန်း။

**အသန္တဘိက္ခုဟူသည်**

ပန်ပြော၍ ရွာတွင်းမဝင်နိုင်ရာရဟန်း။

**ပုရေဘတ္တ**

ပင့်ဖိတ်အပ်သောဆွမ်းကို မစားသေးမီကာလ။

**ပစ္ဆာဘတ္တ**

ပင့်ဖိတ်အပ်သောဆွမ်းကို အောက်ထစ်ဆုံးအားဖြင့် သမန်းမြက်များဖြင့်လည်း စားပြီးသည်မှနောက်ကာလ။

**ကုလေသု-၌ အမျိုး(၄)ပါး**

၁။ ခတ္တိယကုလံ = မင်းမျိုး၊
၂။ ဗြာဟ္မဏကုလံ = ပုဏ္ဏားမျိုး၊
၃။ ဝေဿကုလံ = ကုန်သည်မျိုး၊
၄။ သုဒ္ဒကုလံ = သူဆင်းရဲမျိုး။

**အာပတ်သင့်ပုံ**

အခြားသူ၏အိမ်ဥစ္စာသို့သက်ရောက်သောရဟန်းအား ဒုက္ကဋ်၊ ပဌမခြေလှမ်းတံခါးခုံကို လွန်စေလျှင် ဒုက္ကဋ်၊ ဒုတိယခြေလှမ်းတံခါးခုံကို လွန်စေလျှင် ပါစိတ်။

**အနာပတ္တိ ယရေန**

အညသ=၏။ ယရေန=ဖြင့်။ မင်္ဂါ=ခရီးသည်။ ဟောတိ=၏။ ယရှုပစာရေန= ဖြင့်။ မင်္ဂါ=သည်။ ဟောတိ=၏။ အန္တရာရာမံ=တွင်းသို့။ ဂစ္ဆတိ=၏။ ဘိက္ခုနုပဿယံ= ဘိက္ခုနီကျောင်းသို့။ ဂစ္ဆတိ=၏။ တိတ္ထိယသေယျံ=တိတ္ထိတို့ကျောင်းသို့။ ဂစ္ဆတိ=၏။ ပဋိက္ကမနံ=ဆွမ်းစားစရပ်သို့။ ဂစ္ဆတိ=၏။ ဘတ္တိယဃရံ=ဆွမ်းချက်အိမ်သို့။ ဂစ္ဆတိ=၏။ အာပဒါသု=တို့ ကြောင့်။ ဂစ္ဆတိ=၏။ အနာပတ္တိ=သင့်။

## မဟာနာမသိက္ခာပုဒ်

**ဆဗ္ဗဂ္ဂိယာ ဘိက္ခူ ဒုန္နိဝတ္ထာ**

တေနခေါ ပနသမယေန=၌။ ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဘိက္ခူ=တို့သည်။ ဒုန္နိဝတ္ထာ=မကောင်းသဖြင့်ဝတ်ကုန်၏။ ဒုပ္ပါရုတာ=မကောင်းသဖြင့် ရုံကုန်သည်။ အနာကပ္ပသမ္ပန္နာ=ရဟန်းအသွင်အပြင်နှင့် မပြည့်စုံကုန်သည်။ ဟောန္တိ=ကုန်၏။ မဟာနာမော=သော။ သက္ကော=သည်။ ဝတ္တာ=ဆိုဆုံးမတတ်သည်။ ဟောတိ=၏။ ဘန္တေ=တို့။ ကိဿ=ကြောင့်။ တုမှေ=တို့သည်။ ဒုန္နိဝတ္ထာ=ကုန်သည်။ ဒုပ္ပါရုတာ=ကုန်သည်။ အနာကပ္ပသမ္ပန္နာ=ကုန်သည်။ ဟောန္တိ=ကုန်သနည်း။ ပဗ္ဗဇိတေန=သည်။ သုနိဝတ္ထေန= ကောင်းစွာဝတ်သည်။ သုပါရုတေန=ကောင်းစွာရုံသည်။ အာကပ္ပသမ္ပန္နေန= ရဟန်း

---

**အဗ္ဘုဏှော။** ။ ယနေ့တစ်ရက်မျှဟု ပေးပါ။ (တစ်နည်း)-အဇ္ဇ+နောဟု ပုဒ်ခွဲ၍ နော= တပည့်တော်တို့အား။ အဇ္ဇ=ယနေ့။ အာဂမေထ= ဆိုင်းငံ့ပါကုန်ဦး ဟု ပေးပါ။

( သာရတ္ထ )

**ကာလံ အာဟရိဿထ။** ။ ကာလံ=ယနေ့အချိန်အခါကို။ အာဟရိဿထ=လွှန်၍ ဆောင်ကုန်လတ့်။
(တနည်း)
ကာလံ=နက်ဖြန်ခါ၌။ အာဟရိဿထ=ဆေးကို ဆောင်ကုန်လတ့်။

( ဝိမတိ )

၏အသွင်အပြင်နှင့် ပြည့်စုံသည်။ ဘဝိတဗ္ဗံနာမနန္ဒ=ဖြစ်ရာသည် မဟုတ်လော။ ဣတိ=ဤသို့။ ဝတ္တာ=သည်။ ဟောတိ=၏။ ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဘိက္ခူ=တို့သည်။ မဟာနာမေ=သော။ သက္ကေ=၌။ ဥပနန္ဓိံသု= ရန်ငြိုးဖွဲ့ကုန်၏။

**ဒေါဏေန အာဝုသော သပ္ပိနာ**

အာဝုသော=ဒါယကာ။ ဒေါဏေန=တစိတ်လောက်သော။ သပ္ပိနာ=ဖြင့်။ အတ္ထော=အလိုရှိ၏။ ဣတိ=ဤသို့။ အဝေါစုံ=ကုန်၏။ ဘန္တေ=တို့။ အဇ္ဇ=ယနေ့တရက်မျှ။ နော=ငါတို့အား။ အာဂမေထ=ငံ့ကြကုန်ဦးလော့။ မနုဿာ=တို့သည်။ ဝဇံ=နွားခြံသို့။ သပ္ပိံ=ကို။ အာဟရိတုံ=ဆောင်ခြင်းငှာ။ ဂတာ=သွားကုန်၏။ ကာလံ=သင့်တင့် လျောက်ပတ်သောကာလ၌။ အာဟရိဿထ=ဆောင်ခဲ့ကုန်လတ့်။ဣတိ=ဤသို့ အဝေါစ=၏။

**ကိံ ပန တယာ အာဝုသော**

အာဝုသော=ဒါယကာ။ အဒါတုကာမေန=ပေးခြင်းငှာအလိုမရှိသော။တယာ=သည်။ ပဝါရိတေန=ဖိတ်မံသဖြင့်။ ကိံပန=အဘယ်အကျိုးရှိအံ့နည်း။ ယံတွံ=ဟူးဟူးဋြေားဋြေားအယုတ်အားဖြင့်။ ပဝါရိတွာ=ဖိတ်၍။ တွံ=သည်။ (ထည့်)။ နဒေသိ=မလှူ။ ဣတိ=ဤသို့။ အဝေါစုံ=ကုန်၏။

**စတုမာသပ္ပစ္စယပဝါရဏာဟူသည်**

ဂိလာနပစ္စယပ္ပဝါရဏာတို့ဖြစ်သည်။

**ပုနပဝါရဏာပိ သာဒိတဗ္ဗာ**

'မကျန်းမာသည့်အခါ၌ တောင်းမည်'ဟုကြံ၍ သာယာနိုင်သည်။

(နိစ္စပဝါရဏာပိ သာဒိတဗ္ဗာလည်းအတူတူပင်)

ပဝါရဏာ(၄)မျိုး (ဖိတ်မာန်မှု ၄-မျိုး)

၁။ ဘေသဇ္ဇပရိယန္တာ န ရတ္တိပရိယန္တာပဝါရဏာ၊

၂။ ရတ္တိပရိယန္တာ န ဘေသဇ္ဇပရိယန္တာပဝါရဏာ၊

၃။ ဘေသဇ္ဇပရိယန္တာ စ ရတ္တိပရိယန္တာ စ ပဝါရဏာ၊

၄။ နေဝ ဘေသဇ္ဇပရိယန္တာ န ရတ္တိပရိယန္တာ စ ပဝါရဏာ။

**ဘေသဇ္ဇပရိယန္တာ**

'ဤမျှအတိုင်းအရှည်ရှိကုန်သောဆေးတို့ဖြင့်ဖိတ်မံမည်'ဟုကြွေး၍ ဆေးတို့ကို သိမ်းဆည်းအပ်သောပဝါရဏာ (ဖိတ်မံမှု)၊

**ရတ္တိပရိယန္တာ**

'ဤမျှအတိုင်းအရှည်ရှိကုန်သော ညဉ့်တို့၌ ဖိတ်မံပါ၏'ဟု ညဉ့်တို့ကို သိမ်းဆည်းအပ်သောပါဝါရဏာ၊

**ဘေသဇ္ဇပရိယန္တာစ ရတ္တိပရိယန္တာစ**

'ဤမျှအတိုင်းအရှည်ရှိကုန်သော ဆေးတို့ဖြင့် ဤမျှအတိုင်းအရှည်ရှိကုန်သော ညဉ့်တို့၌ ဖိတ်မံမည်'ဟု ဆေးနှင့်ညဉ့်တို့ကို သိမ်းဆည်းအပ်သော ပဝါရဏာ။

**နေဝ ဘေဇ္ဇပရိယန္တာ န ရတ္တိပရိယန္တာ**

ဆေးနှင့်ညဉ့်တို့ကို မသိမ်းဆည်းအပ်သောပဝါရဏာ။

**ဆေးကုလောက်အောင် ရောဂါမရှိပဲ ဆေးတောင်းသူ**

န ဘေသဇ္ဇေန ကရဏီယေန ဘေသဇ္ဇံ ဝိညာပေတိ အာပတ္တိ ပါစိတ္တိယဿ ကို ထောက်၍ ပါစိတ်သင့်သည်။

**သွေးတိုးရောဂါရှိနေပါလျှက် ဆီးချိုရောဂါပျောက်ဆေးတောင်းသူ**

အညေန ဘေသဇ္ဇေန ကရဏီယေန အညံ ဘေသဇ္ဇံ ဝိညာပေတိ အာပတ္တိ ပါစိတ္တိယဿတိ ကိုထောက်၍ပါစိတ်သင့်သည်။

**အာပတ်မသင့်အောင်တောင်းနည်း (၂) နည်း**

၁။ ပိုင်းခြားအပ်သော ဆေးတို့ကိုတောင်းခြင်း၊

၂။ ပိုင်းခြားအပ်သောညှဥ့်တို့ကိုတောင်းခြင်း။

## ဥယျျုတ္တသေနာသိက္ခာပုဒ်

**ရာဇာ ပသေနဒီ ကောသလော**

တေနခေါ်ပန္ဒသမယေန=၌။ ပသေနဒီ=ပသေနဒီအမည်ရှိသော။ (ဝါ) ရှေးရှုထင်သောစစ်သည်ကို အောင်တတ်သော။ ကောသလော= ကောသလတိုင်းကို အစိုးရသော။ ရာဇာ=သည်။ သေနာယ=စစ်သည်နှင့်တကွ။အဗ္ဘုယျာတော=သူတပါးစစ်သည်သို့ ရှေးရှုသွားသည်။ ဟောတိ=၏။ ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဘိက္ခူ=တို့သည်။ ဥယျျုတ္တံ=ပြည်မှထွက်၍ စစ်တက်ခြင်းရှိသော။ သေနံ=စစ်သည်ကို။ ဒဿနာယ=ငှာ။ အဂမံသု=ကုန်၏။

**ကိဿ တုမှေ ဘန္တေ**

ဘန္တေ=တို့။ ကိဿ=ကြောင့် (ဝါ) အဘယ်အကျိုးငှာ။ တုမှေ=တို့သည်။ အာဂတာ=ကုန်သည်။ အတ္ထာ=ဖြစ်ကုန်သနည်း။ ဣတိ=ဤသို့။ အဝေါစ=၏။ မဟာရာဇ=မင်းမြတ်။ ဒဋ္ဌုကာမာ=ကြည့်ခြင်းငှာ အလိုရှိကုန်သည်။ အမှာ=ကုန်၏။ ဣတိတသ္မာ=တိုကြောင့် (ဝါ) ဣတိ=ဤအကျိုးငှာ။ အာဂတာ=ကုန်သည်။ အမှာ=ကုန်၏။ (သမ္ဗန်)။ ဣတိ=ဤသို့။ အဝေါစုံ=ကုန်၏။ (ဣတိသဒ္ဒါကချက် နှစ်နက်ထွန်း)

**ကို ဘဏ္ဍေ မံ ဒိဋ္ဌေန**

ဘဏ္ဍေ=တို့။ ယုဒ္ဓါဘိနန္ဒနံ=စစ်ထိုးခြင်း၌နှစ်သက်သော။ မံ=ငါ့ကို။ ဒိဋ္ဌေန=မြင်သဖြင့်။ ကိံ=အဘယ်အကျိုးရှိအံ့နည်း။ ဘဂဝါ=ကို။ ပဿိတဗ္ဗောနနု=ရှုကြည့်အပ်သည် မဟုတ်လော။ ဣတိ=ဤသို့။ အဝေါစ=၏။ မနုဿာ=တို့သည်။ ဥဇ္ဈာယန္တိ=ကုန်၏။ ခိယျန္တိ=ကုန်၏။ ဝိပါစေန္တိ=ကုန်၏။ ကထံဟိ=လျှင်။ သကျပုတ္တိယာ=ကုန်သော။ သမဏာ=တို့သည်။ ဥယျုတ္တံ= ပြည်မှထွက်၍စစ်တက်သော။ သေနံ=ကို။ ဒဿနာယ= ငှာ။ အာဂစ္ဆိဿန္တိနာမ=လာကုန်ဘိသနည်း။ ယေမယံ=အကြင်ငါတို့သည်။ အာဇီဝဿ= အသက်ရှင်ခြင်း၏။ ဟေတု=ကြောင့်။ ပုတ္တဒါရဿ=၏။ ကာရဏာ=ကြောင့်။ သေနာယ=စစ်ထိုးခြင်းငှာ။ အာဂစ္ဆာမ=လာရကုန်၏။ တေသံအမှာကံပိ=ထိုငါတို့အား လည်း။ အလာဘာ=လူ၏အဖြစ်ကိုမကောင်းသဖြင့် ရအပ်၏။ ဣတိ=ဤသို့။ ဥဇ္ဈာ ယန္တိကုန်၏။

**အညတြ တထာရူပပ္ပစ္စယာ ဟူသောအနုပညတ်ကို ခွင့်ပြုတော်မူရခြင်းအကြောင်း ဝတ္ထု**

ထိုအခါ မထင်ရှားသောရဟန်း၏ ဦးရီးသည် စစ်တပ်၌ မကျန်းမာ၍ ထိုရဟန်း ဆံသို့ တမန်စေလွှတ်လသော် 'ငါဘယ်လိုကျင့်ကြံရမဲ' ဟုကြံကာ ဘုရားရှင်အား လျှောက်ထားသဖြင့် ခွင့်ပြုတော်မူသည်။

**ဥယျုတ္တာ သေနာသရုပ်**

ဥယျုတ္တာ=ပြည်မှထွက်၍စစ်တက်သော။ သေနာနာမ=ကား။ ဂါမတော=မှ။ နိက္ခမိတွာ=ထွက်၍။ နိဝိဋ္ဌာဝါ=ဝင်သည်လည်း။ ဟောတိ=၏။ ပယာတာ ဝါ=သွားသည် သည်း။ ဟောတိ=၏။

**သေနာသရုပ်**

ဆင်, မြင်း, ရထား, ခြေလျှင်။

**စစ်တပ်အင်္ဂါစာရင်းဝင်နိုင်သောဆင်တပ်စသည် -**

ဟတ္ထီ = ယောက်ျားတစ်ကျိပ်နှစ်ယောက်ပါရှိသောဆင်၊

အဿော = ယောက်ျား(၃)ယောက်ပါရှိသောမြင်း၊

ရထော = ယောက်ျား(၄)ယောက်ပါရှိသောရထား၊

ပတ္တိ = မြားလက်ဆွဲကိုင်ကြသော ယောက်ျား(၄)ယောက်။

**အာပတ်သင့်ပုံ**

စစ်အင်္ဂါ(၄)ပါးလုံးကို ကြည့်ရှုရန်သွားလျှင် ဒုက္ကဋ်၊ မြင်လောက်ရာအရပ်၌ ရပ်၍ကြည့်လျှင် ပါစိတ်၊ ဒဿနူပစာကိုစွန့်၍ ထပ်ကာ ထပ်ကာကြည့်လျှင် ပါစိတ်၊ စစ်အင်္ဂါ(၄)ပါးတို့တွင် တပါးပါးကိုကြည့်ရန် သွားခြင်း, ကြည့်ခြင်းတို့ကြောင့် ဒုက္ကဋ် သာသင့်သည်။

## သေနာဝါသသိက္ခာပုဒ်

**တတော စေ ဥတ္တရိ ဝသေယျ**

၄-ရက်မြောက်နေ့၌ နေဝင်လသော် စစ်တပ်၌နေလျှင် ပါစိတ်သင့်သည်။

**စစ်တပ်၌ လေးရက်ထက်ပို၍ နေနိုင်သည့်အကြောင်းများ**

သေနာ ဝါ=မိမိနေသောစစ်သည်ကိုလည်း။ ပဋိသေနာယ=တပါးသော စစ်သည် သည် (ဝါ) ရန်သူစစ်သည်သည်လည်း။ ရုဒ္ဓါ=ဝန်းရံအပ်သည်။ ဟောတိ=၏။ ကောနစိ= တစုံတခုသောဘေးရန်သည်။ ပလိဗုဒ္ဓေါ= နှောက်ယှက်အပ်သည်။ ဟောတိ=၏။ အာပ ဒါသု=ထို့ကြောင့်။ ဝသတိ=၏။

## ဥယျောဓိကာသိက္ခာပုဒ်

### ဆဗ္ဗဂ္ဂိယာ ဘိက္ခူ

ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဘိက္ခူ=တို့သည်။ ဒိရတ္တတိရတ္တံ=လုံး။ သေနာယ=၌။ ၁သမာနာ=နေကုန်သည်ရှိသော်။ ဥယျောဓိကံပိ=စစ်ထွက်၍တိုးတက်ရာအရပ်သို့ရင်း။ လဂ္ဂံပိ=ဗိုလ်ချင့်ရာရဲမက်ကို ရေတွက်ရာအရပ်သို့ရင်း၊ သေနာဗျူဟံပိ=စစ်ဆင်ရာ ခရပ်သို့ရင်း။ အဏီကဒဿနံပိ=ဆင်မြင်းရထားခြေသည်အပေါင်းကို မြင်ရာအရပ် ပို့ရင်း။ ဂစ္ဆန္တိ=ကုန်၏။

### အညတရော ပိ ဆဗ္ဗဂ္ဂိယော ဘိက္ခု

အညတရော=သော။ ဆဗ္ဗဂ္ဂိယော=အမည်ရှိသော။ ဘိက္ခုပိ=သည်လည်း၊ ယျောဓိကံ=စစ်ထွက်၍တက်ထိုးရာအရပ်သို့။ ဂန္တွာ=သွားသောကြောင့်။ကဏ္ဍေန= ာ်းဖြင့်။ ပဋိဝိဒ္ဓေါ=စူးဝင်အပ်သည်။ ဟောတိ=၏။ မနုဿာ=တိုသည်။ တံဘိက္ခုံ=ကို။ ၁န္တေ=အရှင်။ ကစ္စိ=အသို့နည်း။ သုယုဒ္ဓံ=ကောင်းစွာထိုးအပ်သည်။ အဟောသိ=လော။ တာ=သင်သည်။ ကတိ=အဘယ်မျှကုန်သော။ လက္ခာ=အဘိုးတို့ကို။ လဒ္ဓာ=ရအပ်ကုန် ပနည်း။ ဣတိ=ဤသို့။ ဥပ္ပဏ္ဍေသုံ=ပြက်ရယ်ပြုကုန်၏။ သောဘိက္ခု=သည်။ တေဟိ ၁နုဿေဟိ=တို့သည်။ ဥပ္ပဏ္ဍိယမာနော=ပြက်ရယ်ပြုအပ်သည်ရှိသော်။ မင်္ကု=နှုလုံး ၁သာမယာသည်။ ဟောတိ=၏။

### ဥယျောဓိကံ နာမ

ယတ္ထ=အကြင်အရပ်၌။ သံပဟာရော=စစ်ထိုးခြင်းသည်။ ဒိဿတိ =ထင်၏။ သောပဒေသော=ထိုအရပ်သည်။ ဥယျောဓိကံနာမ=မည်၏။

**ဗလဂ္ဂဟူသည်**

'ဆင်တို့သည် ဤမျှအတိုင်းအရှည်ရှိကြသည် 'စသည်ဖြင့် စစ်သည်ဗိုလ်ပါတို့ကို ရေတွက်ရာအရပ်တည်း။

**သေနာဗျူဟ ဟူသည်**

'ဤအရပ်မှဆင်တို့ဆင်တို့ဖြစ်ကြ၊ ဤအရပ်မှ မြင်းတို့ဖြစ်ကြ' စသည်ဖြင့် စစ်ဆင်ရာအရပ်တည်း။

**သေနာဗျူဟ်-၌ စစ်ဆင်ပုံ**

'ဤအရပ်မှ ဆင်တို့ဖြစ်ကြစေ၊ ဤအရပ်မှ မြင်းတို့ဖြစ်ကြစေ၊ ဤအရပ်မှ ရထားတို့ဖြစ်ကြစေ၊ ဤအရပ်မှ ခြေလျင်တို့ဖြစ်ကြစေ'

**အနီကသရုပ်**

၁။ ဟတ္ထာနီက

၂။ အဿာနီက

၃။ ရထာနီက

၄။ ပတ္တာနီက

**ဟတ္ထာနီကစသည်တို့၏အနည်းဆုံးရှိရမည့်အရေအတွက်**

(၁) ပစ္ဆိမ ဟတ္ထာနီက = ဆင် (၃) စီး၊

(၂) ပစ္ဆိမ အဿာနီက = မြင်း (၃) စီး၊

(၃) ပစ္ဆိမ ရထာနီက = ရထား (၃) စီး၊

(၄) ပစ္ဆိမ ပတ္တာနီက = မြှားလက်ဆွဲကိုင်ထားကြသော ယောကျ်ား (၄)ယောက်။

**ဟတ္ထာနိက စသည်**

ဟတ္ထာနိက = ဆင်သုံးစီး

အဿာနိက = မြင်းသုံးစီး

ရထာနိက = ရထားသုံးစီး

ပတ္တာနိက = မြားကိုင်ထားသော ယောက်ျားသုံးယောက်

**အဆုံးအဖြတ်**

ဥယျောဓိကစသော (၄)မျိုးလုံးကို ကြည့်ရန်သွားလျှင် ဒုက္ကဋ်၊ မြင်လောက်ရာ အရပ်၌ ရပ်တည်၍ကြည့်လျှင် ပါစိတ်အာပတ်၊ ဒဿနူပစာကိုစွန့်၍ ထပ်ကာထပ်ကာကြည့်လျှင် ပါစိတ်။

ဥယျောဓိကစသော (၄)ပါးတို့တွင် တစ်ပါးပါးကိုကြည့်ရန်သွားခြင်းစသည်၌ ဒုက္ကဋ်။

## သုရာပါနဝဂ်
## သုရာပါနသိက္ခာပုဒ်

**အဒ္ဒသံသု ခေါ်**

ဂေါပါလကာ= နွားကျောင်းသားတို့သည်။ ပသုပါလကာ= ဆိတ်ကျောင်းသား တို့သည်။ ကဿကာ= လယ်ထွန်သောသူတို့သည်။ ပထာဝိနော= ခရီးသွားကို့သည်။ ဘဂဝန္တံ = ကို။ ဒူရတော၀= အဝေးမှသာလျှင်။ အာဂစ္ဆန္တံ = လာသည်ကို။ အဒ္ဒသံသုခေါ်= မြင်ကုန်သည်သာလျှင်တည်း။ ဒိသွာန= ၍။ ဘဂဝန္တံ = ကို။ ဧတံဝစန်= ကို။ အဝေါစုံ= ကုန်၏။ ဘန္တေ = ဘုရား။ ဘဂဝါ= သည်။ အမ္ဗတိတ္ထံ= သရက်ပင်ဆိပ်သို့။ မာဂမာသိ= ကြွတော်မမူပါလင့်။ ဘန္တေ = ဘုရား။ အမ္ဗတိတ္ထေ= ၌။ ဇဋိလဿ= ရသေ့၏။ အဿမေ= ၌။ ဣဒ္ဓိမာ= တန်ခိုးရှိသော။ အာသီဝိသော= လျင်သော အဆိပ်ရှိသော။ ဃောရဝိသော= ကြမ်းသောအဆိပ်ရှိသော။ နာဂေါ= နဂါးသည်။ ပဋိဝသတိ= နေ၏။ သော= ထိုနဂါးသည်။ ဘဂဝန္တံ = ကို။ မာ ဝိဟေဌေသိ= မညှဉ်းဆဲစေလင့်။ ဣတိ= ဤသို့။ အဝေါစုံ= ကုန်၏။

## ယေန ဘဒ္ဒဝတိကာ

ယေန=အကြင် အရပ်မျက်နှာအဘို့ လမ်းခရီးဖြင့်။ ဘဒ္ဒဝတိကာ=သို့။ အဝသရိ တဗ္ဗာ=ရောက်အပ်၏။ (ထည့်)။ တံ တေန=ထိုအရပ်မျက်နှာအဘို့ လမ်းခရီးဖြင့်။ ဘဒ္ဒဝတိကံ=ဘဒ္ဒဝတိကရွာသို့။ (ထည့်)။ အဝသရိ=ရောက်တော်မူ၏။ **(တနည်း)**။ ယေန=၌။ ဘဒ္ဒဝတိကာ=သည်။ အတ္ထိ=၏။ တံ=ထိုဘဒ္ဒဝတိကရွာရှိရာအရပ်သို့။ အဝသရိ=ရောက်တော်မူ၏။

## အဂျာဂါရံ ပဝိသိတွာ

အဂျာဂါရံ=မီးတင်းကုဋ်သို့။ ပဝိသိတွာ=၍။ တိဏသန္ထာရကံ=မြက်အခင်းကို။ ပညပေတွာ=၍။ ပလ္လင်္ကံ=ထက်ဝယ်ပလ္လင်ကို။ အာဘုဇိတွာ=ဖွဲ့ခွေ၍။ ကာယံ=အထက် ကိုယ်ကို။ ဥဇုံ=ဖြောင့်စွာ။ ပဏိဓာယ=ထား၍။ ပရိမုခံ=ကမ္မဋ္ဌာန်းသို့ရှေးရှု၊ သတိံ=ကို။ ဥပဋ္ဌပေတွာ=ထင်စေ၍။ နိသီဒိ=ထိုင်၏။ သောနာဂေါ=သည်။ အာယသ္မန္တံ သာဂတံ= ကို။ ပဝိဋ္ဌံ= ဝင်သည်ကို။ အဒ္ဒသာခေါ=တည်း။ ဒိသွာန=၍။ ဒုမ္မနော=နှလုံးမသာယာ သည်ဖြစ်၍။ ပဓူပါယိ=အခိုးလွှတ်၏။ အာယသ္မာပိ သာဂတော=သည်လည်း။ ပဓူပါယိ= ၏။ အထခေါ=၌။ သော နာဂေါ=သည်။ မက္ခံ=အမျက်ကို။ အသဟမာနော=သည်းမခံ နိုင်သည်ဖြစ်၍။ ပဇ္ဇလိ=အလျှံ လွှတ်လိုက်၏။ အာယသ္မာပိ သာဂတော=သည်လည်း။ တေဇောဓာတုံ=ကို။ သမာပဇ္ဇိတွာ=ဝင်းစား၍။ ပဇ္ဇလိ=၏။

## အတ္ထာဝုသော ကာပေါတိကာ နာမ

အာဝုသော=တို့။ ကာပေါတိကာနာမ=ခိုခြေထောက်နှင့်တူသော နီသော အဆင်းရှိသောကြောင့် ကာပေါတိကအမည်ရှိသော။ ပသန္နာ=ကြည်စွာသော သေအရက်သည်။ အတ္ထိ=၏။ ဘိက္ခုနံ=တို့အား။ ဒုလ္လဘာ စ=ရလည်းရခဲ၏။ မနာပါ စ=နှစ်လည်းနှစ်သက်အပ်၏။ တံ=ထိုသေရည်အရက်ကို။ ပဋိယာဒေထ=စီရင်ကြ ကုန်လော့။

## အဝိ န ခေါ ဘိက္ခဝေ

ဘိက္ခဝေ= တို့။ ယံ= အကြင်အဖျော်ကို။ ပိဝိတ္ဝာ= သောက်၍။ ဝိသညီ= မိန်းမောသည်။ အဿ= ဖြစ်ရာ၏။ တံ= ထိုအဖျော်ကို။ ပါတဗ္ဗံ အဝိ နုခေါ= သောက်အပ်မည်လော။ ဣတိ= ဤသို့။ အာပုစ္ဆိ= ၏။ ဘန္တေ= ဘုရား။ ဧတံ= ဤအဖျော်ကို သောက်သုံးခြင်းသည်။ နော ဟိ= မသင့်သည်သာတည်း။ ဣတိ= ဤသို့။ အဝေါစုံ= ကုန်၏။

## ရှင်သာဂတ၏ အရက်မသောက်သေးချိန်နှင့် သောက်ပြီးချိန် ထူးခြားချက်

၁။ အရက်မသောက်သေးမီက ဘုရားရှင်ရှိရာအရပ်သို့ ဦးခေါင်းထားအိပ်ခဲ့သော်လည်း အရက်သောက်ပြီးနောက် ခြေထောက်ထားအိပ်ခြင်း။
၂။ အရက်မသောက်သေးမီက ဘုရားရှင်အပေါ်၌ လေးစားခဲ့သော်လည်း အရက်သောက်ပြီးနောက် မလေးစားတော့ခြင်း။
၃။ အရက်မသောက်သေးမီက သရက်ပင်ဆိပ်၌နေသော နဂါးမင်းကြီးနှင့် စစ်ထိုးနိုင်သော်လည်း အရက်သောက်ပြီးနောက် စစ်မထိုးနိုင်တော့ခြင်း။

## သုရာသရုပ်

| | | |
|---|---|---|
| ၁။ | ပိဋ္ဌသုရာ | = မုန့်ညက်ဖြင့် ပြုအပ်သောသေရည်၊ |
| ၂။ | ပူဝသုရာ | = မုန့်လုံးဖြင့် ပြုအပ်သောသေရည်၊ |
| ၃။ | ဩဒနသုရာ | = ထမင်းဖြင့် ပြုအပ်သောသေရည်၊ |
| ၄။ | ကိဏ္ဏပက္ခိတ္တာ | = တဆေးခပ်၍ ပြုအပ်သောသေရည်၊ |
| ၅။ | သမ္ဘာရသံယုတ္တာ | = အထူးထူးသော အဆောက်အဦနှင့် ယှဉ်သောသေရည်။ |

**(ဆောင်) ပိဋ္ဌ-ပူဝ၊ ဩဒန၊ ကိဏ္ဏ-သမ္ဘာရ။**

## မေရယသရုပ်

| | | |
|---|---|---|
| ၁။ | ပုပ္ဖါသဝ | = ပန်းပွင့်ကို ထုံစေ၍ ပြုအပ်သောယစ်၊ |
| ၂။ | ဖလာသဝ | = သစ်သီးကို ထုံစေ၍ ပြုအပ်သောယစ်၊ |
| ၃။ | မဓွာသဝ | = သစ်မဓူပျားရည်ကို ထုံစေ၍ ပြုအပ်သောယစ်၊ |

၄။ ဂုဋ္ဌာသဝ = တင်းလဲကို ထုံစေ၍ပြုအပ်သောယစ်၊
၅။ သမ္ဘာရသံယုတ္တ = အထူးထူးသောအဆောက်အဦးနှင့် ယှဉ်စေ၍ ပြုအပ်သောယစ်။

(ဆောင်) ပုပ္ဖ-ဖလ၊ မဓွာသ၊ ဂုဋ-သမ္ဘာရာ။

ပိဝေယျ

အနည်းဆုံး သမန်းမြက်များဖြင့်လည်း သောက်လျှင် ပါစိတ်။

**ကြက်သားဟင်းထဲ အရက် ရောချက်၍စားမှု**

အနာပတ္တိ(ပ) မံသသမ္ပါကေ-ကိုထောက်၍ အပ်သည်။

**အရိဋ္ဌဆေးရည်သောက်**

အနာပတ္တိ(ပ) အမဇ္ဇံ အရိဋ္ဌံ ပိဝတိကိုထောက်၍ အာပတ်မသင့်။

**အင်္ဂုလိပတောဒကသိက္ခာပုဒ်**

**သတ္တရသဝဂ္ဂိယံ ဘိက္ခုံ**

သတ္တရသဝဂ္ဂိယံ=သော။ ဘိက္ခုံ=ကို။ အင်္ဂုလိပတောဒကေန= လက်ချောင်း ထိုးသဖြင့်။ ဟာသေသုံ=ရွှင်စေကုန်၏။ သော ဘိက္ခု=သည်။ ဥတ္တန္တော=ပင်ပန်းသည်ဖြစ်၍ အနဿာသကော=ထွက်သက်ဝင်သက် ပြတ်သည်ဖြစ်၍။ ကာလမကာသိ=သေ၏

**ဟသဓမ္မသိက္ခာပုဒ်**

**နိဿံသယံ ခေါ**

မဟာရာဇ=မင်းမြတ်။ နိဿံသယံခေါ=ယုံမှားမဲ့လျှင်။ ဘဂဝတာ=သည်။ သိက္ခာပဒံ=ကို။ အပညတ္တံ=ပညတ်အပ်သေးသည်။ ဘဝိဿတိ=လတ့်။ (ထည့်)။ တေဘိက္ခူ=တို့သည်လည်း။ အပကတညုနော=သိက္ခာပုဒ်ကို နားမလည်ကုန်သေးသဥ ဘဝိဿန္တိ=ကုန်လတ့်။ (ထည့်)။

## ဥဒကေ ဟသဓမ္မော နာမ

ဥဒကေ ဟသဓမ္မောနာမ=ကား။ ဥပရိဂေါပ္ဖကေ=ဖမျက်ထက် နက်သော။ ဥဒကေ=၌။ ဟသာဓိပ္ပါယော=ကစားမြူးတူးလိုသည်ဖြစ်၍။ နိမုဇ္ဇတိ ဝါ=ငုပ်မူလည်း ငုပ်၏။ ဥမ္မုဇ္ဇတိ ဝါ=ပေါ်မူလည်းပေါ်၏။ ပလဝတိ ဝါ=၏။

## ဒုက္ကဋ်အာပတ်သင့်နိုင်သော လုပ်ရပ်များ

ဟတ္ထေန ဝါ=ဖြင့်ရင်း။ ပါဒေန ဝါ=ဖြင့်ရင်း။ ကဋ္ဌေန ဝါ=သစ်သားဖြင့်ရင်း။ ကထလာယ ဝါ=အိုးခြမ်းဖြင့်ရင်း။ ဥဒကံ=ကို။ ပဟရတိ=၏၊ ပ၊ ဘာဇနဂတံ= အိုးခွက်၌တည်သော။ ဥဒကံ ဝါ=ကိုရင်း။ ကဉ္ဇိကံ ဝါ=ကဇီရည်ကိုရင်း။ ခီရံ ဝါ=ကိုရင်း။ တက္ကံ ဝါ=ကိုရင်း။ ရဇနံ ဝါ=ဆိုးရည်ကိုရင်း။ ပဿာဝံ ဝါ=ကျင်ငယ်ကိုရင်း။ စိက္ခလ္လံ ဝါ=ရွှံ့ရည်ကိုရင်း။ ကီဠတိ=၏။

# အနာဒရိယသိက္ခာပုဒ်

## အနာဒရိယသရုပ်

၁။ ပုဂ္ဂလာနာဒရိယ၊

၂။ ဓမ္မာနာဒရိယ၊

## ပုဂ္ဂလာနာဒရိယဟူသည်

ပုဂ္ဂလာနာဒရိယံနာမ=ကား။ ဥပသမ္ပန္နေန=ပဉ္စင်းသည်။ ပညတ္တေန=ပညတ်တော်ဖြင့်။ ဝုစ္စမာနော=ဆိုအပ်သည်ရှိသော်။ အယံ=ဤရဟန်းသည်။ ဥက္ခိတ္တကော ဝါ=ဥက္ခိတ္တကရဟန်းသည်လည်း။ ဟောတိ=၏။ ဝမ္ဘိတော ဝါ=ရှုတ်ချအပ်သော ရဟန်းသည်လည်း။ ဟောတိ=၏။ ဂရဟိတော ဝါ=ကဲ့ရဲ့အပ်သောရဟန်းသည်လည်း။ ဟောတိ=၏။ ဣမဿ=ဤရဟန်း၏။ ဝစနံ=သည်။ အကတံ=မလိုက်နာအပ်သည်။ ဘဝိဿတိ=လတ့်။ ဣတိ=ဤသို့။ အနာဒရိယံ=ကို။ ကရောတိ=၏။

## ဓမ္မာနာဒရိယဟူသည်

ဓမ္မာနာဒရိယံ နာမ=ကား။ ဥပသမ္ပန္နေန=သည်။ ပညတ္တေန=ဖြင့်။ ဝုစ္စမာနော= ရှိသော်။ ကထံ=အဘယ်သို့လျှင်။ အယံ=ဤတရားသည်။ နဿေယျ ဝါ=ပျောက်မူ လည်းပျောက်အံ့နည်း။ ဝိနဿေယျ ဝါ=ပျက်မူ လည်းပျက်အံ့နည်း။ အန္တရဓာယေယျ ဝါ=ကွယ်မူလည်း ကွယ်အံ့နည်း။ တံ ဝါ=ထိုပညတ်တော်ကိုလည်း။ နသိက္ခိတုကာမော= မကျင့်လိုသည်ဖြစ်၍။ အနာဒရိယံ=ကို။ ကရောတိ=၏။

## အပညတ္တေန ဝုစ္စမာနော

အပညတ္တေန=ပညတ်တော်မဟုတ်သဖြင့်။ ဝုစ္စမာနော=သော်။ ဣဒံ=ဤစကား သည်။ သလ္လေခါယ=ခေါင်းပါးခြင်းငှာ။ န သံဝတ္တတိ=မဖြစ်။ ပါသာဒိကတာယ= ကြည်ညိုဘွယ်ကို ဆောင်ခြင်းငှာ။ န သံဝတ္တတိ=မဖြစ်။ ဝီရိယာရမ္ဘာယ=လုံ့လကို အားထုတ်ခြင်းငှာ။ နသံဝတ္တတိ=မဖြစ်။ ဣတိ=ဤသို့။ အနာဒရိယံ=ကို။ ကရောတိ=၏။

## အနာပတ္တိဝါရ

အမှာကံ=တို့၏။ အာစရိယာနံ=တို့၏။ ဧဝံ=ဤသို့။ ဥဂ္ဂဟော=ပါဠိသင်ခြင်းသည်။ ပရိပုစ္ဆာ=အဋ္ဌကထာသင်ခြင်းသည်။ ဟောတိ=၏။ တေ=ထိုသတ္တရသဝဂ္ဂီရဟန်း တို့သည်။ ဣတိ=ဤသို့။ ဘဏတိ=၏။ အနာပတ္တိ=သင့်။

# ဘိံသာပနသိက္ခာပုဒ်

## သတ္တရသဝဂ္ဂိယေ

သတ္တရသဝဂ္ဂိယေ=အမည်ရှိကုန်သော။ ဘိက္ခူ=တို့ကို။ ဘိံသာပေန္တိ=ခြောက် ကုန်၏။(ဝါ) ကြောက်စေကုန်၏။ တေ=ထိုသတ္တရသဝဂ္ဂီရဟန်းတို့သည်။ ဘိံသာပိ ယမာနာ=ကြောက်စေအပ်ကုန်သည်ရှိသော်။ ရောဒန္တိ=ငိုကုန်၏။ ဘိက္ခူ=တို့သည်။ ဧဝံ= ဤသို့။ အာဟံသု=ကုန်၏။ အာဝုသော=တို့။ ကိဿ=ကြောင့်။ တုမှေ=တို့သည်။ ရောဒထ=ငိုကြကုန်သနည်း။ ဣတိ=ဤသို့။ အာဟံသု=ကုန်၏။

## ခြောက်၍ မကြောက်လည်း အာပတ်သင့်

ဘာယေယျ ဝါ သော န ဝါ ဘာယေယျ အာပတ္တိ ပါစိတ္တိယဿ ကိုထောက်ပါ။

## စောရကန္တာရံ ဝါ

စောရန္တာရံဝါ=ခိုးသူရှိသော ခရီးခဲကိုဖွင်း။ ဝါဠကန္တာရံဝါ=သားရဲရှိသော ခရီးခဲကိုဖွင်း။ ပိသာစကန္တာရံဝါ=တစ္ဆေမြေဘုတ်ရှိသော ခရီးခဲကိုဖွင်း။ အာစိက္ခတိ=၏။

## ဇောတိသိက္ခာပုဒ်

## ဘဂ္ဂေသု ဝိဟရတိ

ဘဂ္ဂေသု=ဘဂ္ဂတိုင်းတို့၌။ သံသုမာရဂိရေ=သံသုမာရဂိရပြည်၌။ မိဂဒါယေ=သားတို့အား ဘေးမဲ့ပေးရာဖြစ်သော။ ဘေသကဠာဝနေ=ပဲစဉ်းငုံတော၌။ ဝိဟရတိ=၏။ တေန ခေါ်ပန သမယေန=၌။ ဘိက္ခူ=တို့သည်။ ဟေမန္တိကေ ကာလေ=ဆောင်းကာလ၌။ အညတရံ=သော။ မဟန္တံ=သော။ သုသိရကဋ္ဌံ=အခေါင်းရှိသော သစ်ကို။ ဇောတိံ=မီးကို။ သမာဒဟိတွာ=မွေး၍။ ဝိသိဗ္ဗေသုံ=လှုံကုန်၏။ တသ္မိံ စ သုသိရေ=ထိုအခေါင်း၌လည်း။ ကဏှသပ္ပေါ=မြွေဟောက်သည်။ အဂ္ဂိနာ=မီးဖြင့်။ သန္တတ္တော=ပူသည်ဖြစ်၍။ နိက္ခမိတွာ=ထွက်၍။ ဘိက္ခူ=တို့ကို။ ပရိပါတေသိ=အစဉ်လိုက်၏။ ဘိက္ခူ=တို့သည်။ တဟံ တဟံ=ထိုထို အရပ်သို့။ ဥပဓာဝိံသု=ပြေးကုန်၏။

## ဘိက္ခူ ပဒီပေပိ

ဘိက္ခူ=တို့သည်။ ပဒီပေပိ=မီးထွန်းခြင်း၌ဖွင်း။ ဇောတိကေပိ=သပိတ်ဖုတ်ခြင်း, ချေးထုတ်ခြင်းစသော မီးကိုပြုရာ၌ဖွင်း။ ဇန္တာ ဃရေပိ=ဇရုံးအိမ်၌ဖွင်း။ ကုက္ကုစ္စာယန္တာ=ကုန်သည်ဖြစ် ၍။ နပဒီပေသုံ=ဆီမီးမညှိကုန်။ ဘိက္ခဝေ=တို့။ တထာရူပပစ္စယာ=ထိုသို့သဘောရှိသော ဆီမီးထွန်းခြင်း, သပိတ် ဖုတ်ခြင်းစသောအကြောင်းကြောင့်။ ဇောတိံ=မီးကို။ သမာဒဟိတုံ=ကိုယ်တိုင် မွေးခြင်း ငှါ။ သမာ ဒဟာပေတုံ=စေခြင်းငှာ။ အနုဇာနာမိ=၏။

---

ဘေသကဠာဝနေ။ ။ ပဲစဉ်းငုံတော၌ (တနည်း) ရေခံတက်ပင်တော၌ (တနည်း) မပြုသင့်သည်ကို ပြုလေ့ရှိသော ဘေသမည်သော ဘီလူး၏ ချွေးကျရာတော၌။ (သာရတ္ထ)

**အဂိလာနောတိ ဟူသည်**

မီးနှင့်ကင်း၍ ချမ်းသာသူ။

(ဂိလာနပြောင်းပြန်သိပါ)

**မီးစကိုမြှောက်မှု**

ဒုက္ကဋ်။

**အာပတ်မသင့်**

ဂိလာနဿ=အား။ အနာပတ္တိ=သင့်။ အညေန=သူတပါးသည်။ ကတံ=ပြုအပ်သောမီးကို။ ဝိသိဗ္ဗေတိ=၏။ ဝိတစ္စိတံ=အလျှံကင်းသော။ အင်္ဂါရံ=မီးကြီးခဲကို။ ဝိသိဗ္ဗေတိ=၏။ ပဒီပေ=ဆီမီး ညှိထွန်းခြင်း၌ငှင်း။ ဇောတိကေ=မီးဖြင့်ပြုအပ်သော သပိတ်ဖုတ်ခြင်း စသည်၌ငှင်း။ ဇန္တာဃရေ=၌ငှင်း။ တထာရူပပစ္စယာ=ထိုသို့သဘော ရှိသော အကြောင်းကြောင့်ငှင်း။ သမာဒဟတိ=၏။ သမာဒဟာပေတိ=စေ၏။ (ထည့်)။ အနာပတ္တိ= သင့်။

## နဟာနသိက္ခာပုဒ်

**ဘိက္ခု ယာဝ**

ဘိက္ခူ=တို့သည်။ ယာဝ သမန္တကာရာ=အမိုက်တိုက်တိုင်အောင်။ နှာယိဿ= ကုန်၏။ ပ။ ဝိကာလေ=အခါမဟုတ်သည်၌။ သီသံ နဟာယိ ကွာ=ဦးခေါင်းနှင့် တကွ ရေချိုး၍။ နဂရဒွါရေ=မြို့တံခါးသည်။ ထကိတေ= ပိတ်သည်ရှိသော်။ ဗဟိနဂရေ=မြို့ပ၌။ ဝသိတွာ=နေ၍။ကာလဿေဝ=ကသာလျှင်။ အသမ္ဘိန္နေန ဝိလေပနေန- အသမ္ဘိန္နဝိလေပနော ဟုတွာ=မပျက်သောနံ့သာပျောင်းရှိသည်ဖြစ်၍။ ယေန=၌။ ပ။ အဝေါစ=၏။

**ဘိက္ခု ဥဏှသမယေ**

ဘိက္ခူ=တို့သည်။ ဥဏှသမယေ=ပူသောအခါ၌။ ပရိဠာဟသမယေ=အိုက်သောအခါ၌။ ကုက္ကုစ္စာယန္တာ=ဖြစ်၍။ န နှာယန္တိ=ကုန်။ တေ ဘိက္ခူ=တို့သည်။ သေဒဂတေန=ချွေးလူးသော။ ဂတ္တေန=ကိုယ်ဖြင့်။ သယန္တိ=ကုန်၏။ စီဝရံပိ=သည်ငှင်း။ သေနာသနံပိ=သည်ငှင်း။ ဒုဿတိ= ပျက်စီး၏။

**အဒ္ဓါနံ ဂန္တွာ**

အဒ္ဓါနံ=အစွန့်ရှည်သောခရီးသို့။ ဂန္တွာ=၍။ ပ။ သရဇေန=မြူနှင့် တကွသော။ ဝါတေန=လေဖြင့်။ ဩကိဏ္ဏာ=ပြွမ်းကုန်သည်။ ဟောန္တိ=ကုန်၏။ ဒေဝေါ စ=သည်လည်း။ ထောကံ ထောကံ=အနည်းငယ် အနည်းငယ်။ ဖုသာယတိ=စွတ်ခြင်းကိုပြု၏။ ဘိက္ခူ=တို့သည်။ ကုက္ကုစ္စာယန္တာ=ဖြစ်၍။ နနှာယန္တိ=ကုန်။ ကိလိန္နေန=စွတ်စိုသော= ဂတ္တေန=ဖြင့်။ သယန္တိ= ကုန်၏။

**ဥဏှသမယနှင့် ပရိဠာဟသမယအခွဲ**

ဥဏှသမယဟူသည် နယုန်လဆန်း(၁) ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိ ဖြစ်၍ ပရိဠာဟသမယဟူသည် ဝါဆိုလပြည့်ကျော် (၁) ရက်နေ့မှစ၍ ဝါခေါင်လပြည့်နေ့အထိဖြစ်သည်။

**မှတ်ချက်။** ။ ဤနဟာနသိက္ခာပုဒ်သည် ပဒေသပညတ်ဖြစ်၍ မဇ္ဈိမဒေသနှင့်သာ သက်ဆိုင်သည်။ မြန်မာနိုင်ငံစသောပစ္စန္တရာဇ်ဒေသများနှင့် မဆိုင်ပါ။

**နဟာယေယျ**

နဟာယေယျာတိ=ကား။ စုဏ္ဏေန ဝါ=ကသယ်မှုန့်ဖြင့်ရင်း။ မတ္တိကာယ ဝါ= မြေညက်ဖြင့်ရင်း။ နဟာယတိ=ရေချိုး၏။

**အာပတ်သင့်ပုံ**

ပယောဂကြောင့် ဒုက္ကဋ်၊ ရေချိုးပြီးသော် ပါစိတ်။

**ဂိလာနသမယဟူသည်**

ရေမချိုးလျှင် မချမ်းသာရာအခါ။

**ကမ္မသမယဟူသည်**

အနည်းဆုံး ပရိဝုဏ်ကိုလည်း တံမြက်စည်းလှည်းရာအခါ။

ဝါတဝုဋ္ဌိသမယဟူသည်

ဝါတဝုဋ္ဌိသမယော နာမ=ကား။ ဘိက္ခူ=တို့သည်။ သရဒေနေ=မြူနှင့် တကွသော။ ဝါတေန=ဖြင့်။ ဩကိဏ္ဏာ=ပြွမ်းကုန်သည်။ ဟောန္တိ=ကုန်၏။ ဒွေ ဝါ=လည်းဖြစ်ကုန်သော။ တီဏိ ဝါ=လည်းဖြစ်ကုန်သော။ ဥဒကဖုသိ တာနိ=ရေပေါက်တို့သည်။ ကာယေ=၌။ပတိတာနိ=ကျကုန်သည်။ ဟောန္တိ= ကုန်၏။

**အဒ္ဓနဂမနသမယော-၌ ခရီးသွားဆဲရဟန်း, သွားပြီးသောရဟန်း ရေချိုးနိုင်**

ဂစ္ဆန္တေန နဟာယိတဗ္ဗံ=ဂတေန နဟာယိတဗ္ဗံဟုဆိုသောကြောင့် ဖြစ်သည်။

## ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်

**သာဝတ္ထိယာ ရာဇဘဋ္ဌာ**

သာဝတ္ထိယာ=၌။ ရာဇဘဋ္ဌာ=မင်းချင်းတို့သည်။ နိက္ခမိတွာ= ကုန်၍။ သဘဏ္ဍော= အထုပ်နှင့်တကွကုန်သော။ စောရေ=တို့ကို။ ဂဟေတွာ=၍။ ဘိက္ခူနံ=တို့၏။ သန္တိကံ= သို့။ ဒူတံ=ကို။ ပါဟေသုံ=ကုန်၏။ ဘဒန္တာ=တို့သည်။ အာဂန္တွာ=လာစေကုန်သတည်း။ သကံ သကံ=မိမိ မိမိ၏ဥစ္စာဖြစ်သော။ စီဝရံ=ကို။ သဉ္ဇာနိတွာ=အမှတ်ဖြင့် သိ၍။ ဂဏှန္တု=စေကုန်သတည်း။ ဣတိ=ဤသို့။ ပါဟေသုံ=ကုန်၏။ ဘိက္ခူ=တို့သည်။ နသဉ္ဇာနန္တိ= မသိကုန်။

**နဝဟူသည်**

ကပ္ပဗိန္ဒု မထိုးရသေးသောသင်္ကန်း။

**စီဝရ အရ**

သင်္ကန်း၆-ထည်တို့တွင် တထည်ထည်ကိုယူပါ။

---

နဝံ နာမ အကတကပ္ပံ။ ။ "နဝံ နာမ အကတကပ္ပံ" ဟု သာမညအားဖြင့် ဟောတော်မူအပ်သောကြောင့် အခြားရဟန်း ကပ္ပဗိန္ဒုထိုးပြီးသားကိုလည်း ထိုးပြီးဟုပင် မှတ်ပါ။ အသစ် မဟုတ်တော့ပါ။ ( ဝိမတိ )

**ဒုဗ္ဗဏ္ဏကရဏ အာဒါတဗ္ဗံ**

အနည်းဆုံး သမန်းမြက်ဖျားဖြင့်လည်း ကပ္ပဗိန္ဒု ထိုးရမည်။

**ကပ္ပဗိန္ဒုရောင် (၃)မျိုး**

| | | |
|---|---|---|
| ၁။*(က) ကံသနီလ | = | ကြေးညို |
| (ခ) ပလာသနီလ | = | သစ်ရွက်ညို |
| ၂။ ကဒ္ဒမ | = | ရေနှင့်ရောစပ်သော ညွှန်ရောင် |
| ၃။ ကာဠသာမ | = | အမည်းအရွှေရောသောအဆင်းအားလုံး |

**အနာပတ်**

အာဒိယိတွာ=ကပ္ပဗိန္ဒုထိုး၍။ ပရိဘုဉ္ဇတိ=၏။ ကပ္ပေါ=ကပ္ပဗိန္ဒုသည်။ နဋ္ဌော=ပျက်သည်။ ဟောတိ=၏။ ကပ္ပကတောကာသော= ကပ္ပဗိန္ဒုထိုးရာအရပ်သည်၊ ဇိဏ္ဏော=ဆွေးမြည့်သည်။ ဟောတိ=၏။ ကပ္ပကတေန=ကပ္ပဗိန္ဒုထိုးသောသင်္ကန်းနှင့်၊ အကပ္ပကတံ=ကပ္ပဗိန္ဒုမထိုးသော သင်္ကန်းသည်။ သံသိဗ္ဗိတံ=စပ်၍ချုပ်အပ်သည်၊ ဟောတိ=၏။ အဂ္ဂဠေ=အပေါ်လွှာ၌ရှင်း။ အနုဝါတေ=အလျားအနားပတ်၌ရှင်း။ ပရိဘဏ္ဍေ=အနံအနားပတ်၌ရှင်း။ အနာပတ္တိ=သင့်။

## ဝိကပ္ပနသိက္ခာပုဒ်

**ဘိက္ခုသြ-စသည်**

ဘိက္ခုသြ-အရ အခြားရဟန်းကိုယူပါ။

| | | |
|---|---|---|
| ဘိက္ခုနီ | = | ဥဘတောသံဃာ၌ ရဟန်းဖြစ်သော ဘိက္ခုနီ၊ |
| သိက္ခမာနာ | = | (၂) နှစ်တို့ပတ်လုံးသိက္ခာပုဒ် ၆-ပါးတို့၌ သိက္ခာကျင့်သုံးပြီးသူ၊ |
| သာမဏေရော | = | သိက္ခာပုဒ် ၁၀-ပါးရှိသူ။ |
| သာမဏေရီ | = | သိက္ခာပုဒ် ၁၀-ပါးရှိသော မိန်းမ။ |

---

*ဂါဠသေတုံ ဝါ ပါဠိပိတုံ ဝါ။ ။ ဤစကားကိုထောက်၍ အံသဗဒ္ဓသင်္ကန်းကိုလည်း ရုံရသော ကြောင့် ကဗ္ဗဗိန္ဒု ထိုးရမည်ဟု ဆိုကြ၏။ (ဝိမတိ

**စိဝရံ-အရ**

သက်န်း၆-ထည်တို့တွင် တတည်တည်သော ဝိကပ္ပနာလောက်သော နောက်ဆုံးသက်န်းကိုယူပါ။ (ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်နှင့် မတူပေ)

**ဝိကပ္ပနာသရုပ်**

၁။ သမ္မုခါဝိကပ္ပနာ၊

၂။ ပရမ္မုခါဝိကပ္ပနာ၊

**သမ္မုခါဝိကပ္ပနာဟူသည်**

"ဣမံ စီဝရံ တုယှံ ဝိက ပ္ပေမိ ဣတ္ထန္နာမဿ ဝါ" ဟု ဝိကပ္ပနာပြုခြင်း။

**ပရမ္မုခါဝိကပ္ပနာဟူသည်**

ပရမ္မုခါ ဝိကပ္ပနာနာမ=ကား။ ဣမံစီဝရံ=ကို။ဝိကပ္ပနတ္ထာယ=ဝိကပ္ပ နာပြုစိမ့်သောငှာ။ တုယှံ=အား။ ဒမ္မိ=၏။ ဣတိ=ဤသို့။ ဝုတ္တေ=သော်။ (ထည့်)။ တေန= ထိုရဟန်းသည်။ တေ=သင်၏။ မိတ္တော ဝါ=အကျွမ်းဝင်သော အဆွေခင်ပွန်းသည်ရင်း။ ကော=အဘယ်သူနည်း။ ဣတိ= ဤသို့။ ဝတ္တဗ္ဗော=၏။ ဣတ္ထန္နာမောစ=သည်ရင်း။ ဣတ္ထန္နာမောစ= သည်ရင်း။ မိတ္တော=တည်း။ သန္ဒိဋ္ဌော=တည်း။ ဣတိ=ဤသို့။ ဝုတ္တေ= သော်။ (ထည့်) တေန=ထိုရဟန်းသည်။အဟံ=သည်။ တေသံ=တို့အား။ ဒမ္မိ=၏။ တေသံ=ထိုသူတို့၏။ သန္တကံ=ဥစ္စာကို။ ပရိဘုဉ္ဇဝါ= သုံးဆောင်လည်း သုံးဆောင်လော့။ ဝိဿဇ္ဇေဟိ ဝါ=စွန့်တော်မူလည်း စွန့်လော့။ ယထာ ပစ္စယံ=အကြောင်းအားလျော်စွာ။ ကရောဟိ=လော့။

---

**တဿ ဝါ အဒိန္နံ**။ ။ ဘဿ ဝါ=ထိုမူလအရှင် ရပ၊နး၊ပ၊ားလည်း။ အဒိန္နံ=မပေးဘဲ။ တဿ ဝါ= ထိုဝိနည်းကံပြုဘက် ရဟန်းနှင့်လည်း။ အဝိဿသန္တော=အကျွမ်းဝင်ခြင်းကြောင့် မဟုတ်ဘဲ။ (ဝိ၊ ၄၊ ၃၊ ၁၃၁)

**ပစ္စုဒ္ဒိုရ်မပြုဟူသည်**

အပစ္စုဒ္ဓါရဏံနာမ=ကား။ တသ ဝါ=ထိုရဟန်းသည်လည်း။ အဒိန္နံ=မပေးအပ်။ တဿ ဝါ=ထိုရဟန်းနှင့်လည်း။ အဝိဿသန္တော=အကျွမ်းမဝင်ဘဲ။ ပရိဘုဥ္စတိ=၏။ ပ။

**အနာပတ္တိ သော ဝါ ဒေတိ**

သော ဝါ=ထိုဝိနည်းမိုရ်ရဟန်းသည်လည်း။ ဒေတိ=၏။ တဿ ဝါ=ထိုဝိနည်းမိုရ်ရဟန်းနှင့်လည်း။ ဝိဿသန္တော=အကျွမ်းဝင်သည် ဖြစ်၍။ ပရိဘုဥ္စတိ=၏။ အနာပတ္တိ=သင့်။

## စီဝရအပနိဓာနသိက္ခာပုဒ်

**ပတ္တသရုပ်**

၁။ သံသပိတ်၊

၂။ မြေသပိတ်။

**စီဝရ-အရ**

ဝိကပ္ပနသိက္ခာပုဒ်နှင့်တူသည်။

**နိသီဒန**

အမြိတ်အဆာပါသောအခင်း၊

**သူစိဃရသရုပ်**

၁။ အပ်ရှိသောအပ်ကျည်၊

၂။ အပ်မရှိသောအပ်ကျည်။

**ကာယဗန္ဓန (ခါးပန်းကြိုး) သရုပ်**

၁။ ပဋ္ဋိက = ပုဆိုးဖြင့်ပြုလုပ်အပ်သောခါးပန်းပြား၊

၂။ သူကရန္တက = ဝက်အူခါးပန်း၊

## သပ္ပါဏကဝဂ်

## သဥ္စိစ္စသိက္ခာပုဒ်

### အာယသ္မာ ဥဒါယီ ကာကေ

အာယသ္မာ ဥဒါယီ=သည်။ ကာကေ=လေးသမားသည်။ ဟောတိ=၏။ အဿ=ထိုအရှင်ဥဒါယီသည်။ ကာကာ စ=ကျီးတို့ကိုလည်း။ အမနာပါ=မနှစ်သက်အပ်ကုန်သည်။ ဟောန္တိ=ကုန်၏။ သော=ထိုဥဒါယီ သည်။ ကာကေ=တို့ကို။ ဝိဇ္ဈိတွာ ဝိဇ္ဈိတွာ=ပစ်၍ပစ်၍။ သီသံ=ဦးခေါင်းကို။ ဆိန္ဒိတွာ=ဖြတ်၍။ သူလေ=တံစို့၌။ ပဋိပါဋိယာ=အစဉ်အတိုင်း။ ထပေသိ=၏။

### ဘိက္ခူ ဝေမာဟံသု

အာဝုသော=တို့။ ကေန=အဘယ်သူသည်။ ဣမေ ကာကာ=တို့ကို။ ဇီဝိတာ=မှ။ ဝေါရောပိတာ=ချအပ်ကုန်သနည်း။ ဣတိ=သို့။ အာဟံသု= ကုန်၏။ အာဝုသော=တို့။ မယာ=သည်။ ဣမေ ကာကာ=တို့ကို။ အမနာ ပါ=မနှစ်သက်ကုန်သည်ဖြစ်၍။ ဇီဝိတာ=မှ။ ဝေါရောပိတာ=ချအပ်ကုန် ၏။ ဣတိ=ဤသို့။ အာဟ=၏။

### ပါဏ-အရ

တိရစ္ဆာန်သတ္တဝါကိုယူပါ။

### သတ္တဝါကို သတ္တဝါမှန်းမသိ၍ သတ်ဖြတ်မှု

ပါဏေ ပါဏသညီ ဇီဝိတာ ဝေါရောပေတိ အနာပတ္တိကို ထောက်၍ အာပတ် မသင့်။

### အာပတ်သင့်သောသိမှု (၂)မျိုး

၁။ ပိုးရှိကြောင်းသိခြင်း၊

၂။ သုံးစွဲမှုကြောင့် ပိုးငယ်တွေ သိကြမည်ဟုသိခြင်း။

### ာန်-၅ သိပုံ (၂)မျိုး

၁။ ကိုယ်တိုင်သိခြင်း

၂။ အခြားသူတို့ပြော၍သိခြင်း၊

## ဥက္ကောဋနသိက္ခာပုဒ်

### ာန် ယထာဓမ္မံ

ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဘိက္ခူ=တို့သည်။ ဇာနံ-ဇာနန္တော=ကုန်လျက်။ ယထာဓမ္မံ= သမထဓမ္မအားလျော်စွာ။ နိဟတာဓိကရဏံ=ငြိမ်းစေပြီးသောအဓိကရဏ်းကို။ ုနကမ္မာယ=တဘန်ကံပြုစေခြင်းငှါ။ ဥက္ကောဋေန္တိ=လှန်ကုန်၏။ ကမ္မံ=ကို။ အကတံ=မပြုအပ်။ ကမ္မံ=ကို။ ဒုက္ကဋံ=မကောင်းသဖြင့် ပြုအပ်၏။ ကမ္မံ=ကို။ ပုန ကာတဗ္ဗံ=တဖန် ပြုအပ်၏။ အနိဟတံ=မငြိမ်းစေအပ်။ ဒုန္နိဟတံ=မကောင်းသဖြင့် ငြိမ်းစေအပ်၏။ ပုန နိဟရိတဗ္ဗံ=တဖန်ငြိမ်းစေအပ်၏။ ဣတိ=ဤသို့။ ဥက္ကောဋေန္တိ= ကုန်၏။

### ယထာဓမ္မဟူသည်

ယထာဓမ္မံနာမ=ကား။ ဓမ္မေန=ဟုတ်မှန်သော သဘောဖြင့်။ ဝိနယေန= းစာဒနာသာရဏာဝိနည်းဖြင့်။ သတ္ထုသာသနေန=မြတ်စွာဘုရား၏ ဉတ်ကမ္မဝါစာ ခြင့်။ ကတံ=ပြုအပ်သော ကံတည်း။ ဧတံကမ္မံ=သည်။ ယထာဓမ္မံနာမ=မည်၏။

### သမထဓမ္မအားလျော်စွာငြိမ်းပြီးသော အဓိကရဏ်းကို တဖန် လှုံ့ဆော်ပုံ

“ကံကိုမပြုရသေး၊ ကံကိုမကောင်းသဖြင့် ပြုအပ်သည်။ ကံကိုထပ်၍ ပြုသင့်သည်၊ မငြိမ်းစေအပ်သေး၊ မကောင်းသဖြင့် ငြိမ်းစေအပ်သည်၊ တဖန်ငြိမ်းစေသင့်သည်” ဟု လှုံ့ဆော်သည်။

## ဒုဋ္ဌုလ္လသိက္ခာပုဒ်

**ဘိက္ခုသာ-အရ**

အခြားရဟန်းကိုယူပါ။

**ဇာန်-၌ သိပုံ(၃)မျိုး**

၁။ ကိုယ်တိုင်သိခြင်း၊

၂။ အခြားရဟန်းတို့ကပြော၍သိခြင်း၊

၃။ ကာယကံရှင်ရဟန်းကပြော၍သိခြင်း၊

**ဒုဋ္ဌုလ္လ-အရ**

ပါရာဇိကလေးပါး, သံဃာဒိသေသ် (၁၃) ပါးတို့ကိုယူပါ။

**ပဋိစ္ဆာဒေယျ-၌ အာပတ်သင့်ပုံ**

ပဋိစ္ဆာဒေယျာတိ=ကား။ ဣမံ=ဤရဟန်းကို။ ဇာနိတွာ=သူတပါးသိ၍။ စောဒေဿန္တိ=စောဒနာကုန်လတ့်။ သာရေဿန္တိ=အောက်မေ့စေကုန်လတ့်။ ခုံသေဿန္တိ=ဆဲရေးကုန်လတ့်။ ဝမ္ဘေဿန္တိ=ရှုတ်ချကုန်လတ့်။ မင်္ကုံ ကရိဿန္တိ=အရှိန်အစော်မဲ့ကို ပြုကုန်လတ့်။ နာရောစေဿာမိ=မပြောကြားတော့အံ့။ ဣတိ=သို့။ ဓုရံ=ဝန်ကို။ နိက္ခိတ္တမတ္တေ=ချကာမျှ၌။

**ဒုက္ကဋ်အာပတ်**

ကြွင်းသောအာပတ် (၅)ပုံဖြစ်သည့် အဒုဋ္ဌုလ္လအာပတ်ကို ဖုံးလွှမ်းလျှင်ဖြစ်စေ လူသာမဏေ၏ ဒုဋ္ဌုလ္လ, အဒုဋ္ဌုလ္လအာပတ်ကို ဖုံးလွှမ်းလျှင်ဖြစ်စေ ဒုက္ကဋ်သင့်သည်။

**အာပတ်မသင့်**

သံဃဿ=၏။ ဘဏ္ဍနံ ဝါ=ခိုက်ရန်သည်၎င်း။ ဝိဂ္ဂဟော ဝါ= ဆန့်ကျင်သော အယူကိုယူခြင်းသည်၎င်း။ ဝိဝါဒေါ ဝါ=ဆန့်ကျင်သော စကားကိုဆိုခြင်းသည်၎င်း။ ဘဝိဿတိ=လတ့်။ ဣတိ=ဤသို့။ နာရောစေတိ=မပြောကြား။ သံဃဘေဒေါ

ဝါ=သံဃာ၏ ကွဲပြားခြင်းသည်ဂုဏ်း။ သံဃရာဇိ ဝါ=သံဃာ၏အရေးသည်ဂုဏ်း။ ဘဝိဿတိ=လတ့်။ ဣတိ=ဤသို့။ နာရောစေတိ=မကြား။ အယံ=ဤရဟန်းသည်။ ကက္ခဠော=ကြမ်းတမ်း၏။ ဖရုသော=ကြမ်းကြုတ်၏။ ဇီဝိတန္တရာယံဝါ=ကိုဂုဏ်း။ ဗြဟ္မစရိယန္တရာယံဝါ=ကိုဂုဏ်း။ ကရိဿတိ=လတ့်။ ဣတိ=ဤသို့။ နာရောစေတိ-မကြား။

**အာပတ်မသင့်**

အဥ္ဇေ=ကုန်သော။ ပတိရူပေ=လျောက်ပတ်ကုန်သော။ ဘိက္ခူ=တို့ကို။ အပဿန္တော=မမြင်သောကြောင့်။ နာရောစေတိ=မပြောကြား။ န ဆာဒေတုကာမော=ဖုံးလွှမ်းခြင်းငှါအလိုမရှိဘဲ။ နာရောစေတိ=မပြောကြား။ သကေနကမ္မေန=မိမိအမှုဖြင့်။ ပညာယိဿတိ=ထင်ရှားလတ့်။ ဣတိ=ဤသို့။ နာရောစေတိ=မပြောကြား။ အနာပတ္တိ=သင့်။

## ဥဇ္ဈနဝီသတိဝဿသိက္ခာပုဒ်

**သတ္တရသဝဂ္ဂီတို့ရဟန်းပြုခြင်းအကြောင်း**

ရာဇဂြိုဟ်ပြည်၌ သူငယ်ချင်းဖြစ်သော သတ္တရသဝဂ္ဂီသူငယ်တို့ရှိကြရာတွင် ဥပါလိသတို့သားသည် အကြီးအကဲဖြစ်သည်။ ထိုအခါ ဥပါလိ၏မိဘတို့အား 'ဘယ်လိုနည်းလမ်းဖြင့် ဥပါလိသည် ငါတို့ကွယ်လွန်ရာ၌ ချမ်းသာစွာ အသက်မွေးရမလဲ၊ မပင်မပန်းရမလဲ'ဟု အကြံဖြစ်ရာ စာရေးအတတ်, ဂဏန်းအတတ်, အသပြာအတတ်ပညာတို့ကို အဆင့်ဆင့်ရွေးချယ်ခဲ့ကြသော်လည်း ဘယ်အတတ်ပညာကိုမျှ သဘောမကျဘဲ နောက်ဆုံးတွင် ဘုရားရှင်ထံရဟန်းပြုရန်သာ ရွေးချယ်ခဲ့ကြလေသည်။

**ဥပါလိ၏မိဘများရွေးချယ်သော အသက်မွေးဝမ်းကြောင်း အတတ်ပညာ သုံးရပ်နှင့်ပြစ်ချက်များ-**

၁။ (လေခ)-စာရေးအတတ်=လက်ညောင်းခြင်း။

၂။ (ဂဏန)ဟူးရားသမားတို့၏ဂဏန်းဗေဒင်အတတ်=ရင်ဘတ်ဆင်းရဲခြင်း။

၃။ (ရူပ)အသပြာအတတ်=မျက်စိညောင်းခြင်း။

**ဦနဝီသတိဝဿသိက္ခာပုဒ်အကြောင်းဝတ္ထု-**

ရာဇဂြိုဟ်ပြည်၌ သူငယ်ချင်းဖြစ်ကြသော(၁၇)ခဲ့ကြလေသည်။

ဥပါလိသတို့သားသည် မိဘတို့၏စကားကိုကြားရ၍ သူ၏သူငယ်ချင်းတို့နှင့် ဘုရားရှင်ထံ ရဟန်းပြုကြရန်တိုင်ပင်ကာ သက်ဆိုင်ရာမိဘတို့ထံခွင့်ပန်သော် မိဘတို့က "သတို့သားအားလုံးတို့ဟာ ဆန္ဒတူကြပါပေတယ်၊ ကောင်းမှုကို လိုလားကြပါပေတယ်" ဟု ချီးကျူးကြပြီး ခွင့်ပြုကြသဖြင့် ရဟန်းပြုခဲ့ကြလေသည်။

သတ္တရသဝဂ္ဂီရဟန်းတို့သည် မိုးသောက်ယံအချိန်ထ၍ "ယာဂုပေးကြပါ" စသည်ဖြင့် ငိုကြွေးကြရာ ရဟန်းတို့က "မိုးလင်းအောင်စောင့် ကြပါဦး၊ ယာဂုရလျှင် ယာဂုသောက်ကြရပါလိမ့်မည်"စသည်ဖြင့် ပြောဆိုကြသော်လည်း ငိုမြဲငိုကြွေးကြရုံသာမက ကျောင်းအိပ်ရာ နေရာပေါ်၌ ကျင်ကြီး, ကျင်ငယ်များကိုလည်း စွန့်ကြလေသည်။ ဘုရားရှင်သည် မိုးသောက်ယံအချိန်ထ၍ ကလေးငိုသံကြားရသဖြင့် အရှင်အာနန္ဒာကို မေးမြန်းရာ အကြောင်းစုံလျှောက်ထားသောကြောင့် အသက်နှစ်ဆယ်မပြည့်သေးသူကို ရဟန်းခံမပေးဘို့ သိက္ခာပုဒ်ပညတ်တော်မူခြင်း ဖြစ်သည်။

**ဦနဝီသတိဝဿော ဘိက္ခဝေ**

ဘိက္ခဝေ=တို့။ ဦနဝီသတိဝဿော=အနှစ်(၂၀)မပြည့်သော။ ပုဂ္ဂလော=သည်။ သီတဿ=အချမ်းကို။ ဥဏှဿ=ကို။ ဇိဃစ္ဆာယ= ထမင်းမွတ်ခြင်းကို။ ပိပါသာယ= ရေသိပ်ခြင်းကို။ ဍံသမကသဝါတာတပ သရီသပသမ္ဖဿာနံ=မှက် ခြင် လေ နေပူ မြွေ ကင်း သန်း ကို့၏ အတွေ့တို့ကို။ အက္ခမော=သည်းမခံနိုင်သည်။ ဟောတိ=၏။ ဒုရုတ္တာနံ=မကောင်းသဖြင့် ဆိုအပ်ကုန်သော။ ဒုရာဂတာနံ=မကောင်းသဖြင့် ရောက်လာကုန်သော။ ဝစနပထာနံ=စကားဟု ဆိုအပ်ကုန်သော အကြောင်းတို့ကို။ ဥပ္ပန္နာနံ=ဖြစ်ဆဲဖြစ်ကုန်သော။ သာရီရိကာနံ=ကိုယ်၌ဖြစ်ကုန်သော။ ဒုက္ခာနံ=ဆင်းရဲကုန်သော။ အမနာပါနံ= နှစ်သက်ဘွယ်မရှိကုန်သော။ ပါဏဟရာနံ=အသက်ကို ပယ်တတ်ကုန်သော။ ဝေဒနာနံ=တို့ကို။ အနဓိဝါသကဇာတိကော=သည်းခံခြင်းသဘော မရှိသည်။ ဟောတိ=၏။

## အသက်(၂၀)ပြည့်ပြီးသူနှင့် မပြည့်သေးသူအထူး

အသက်(၂၀)မပြည့်သေးသူသည် အချမ်း, အပူ, ထမင်းဆာခြင်း, ရေငတ်ခြင်း, မှက်ခြင်လေနေပူမွေ့ပါး ကင်းသန်းတို့၏အတွေ့တို့ကို သည်းမခံနိုင်ပါ၊ မကောင်းသဖြင့်ပြောဆို, မကောင်းသဖြင့် ရောက်လာကြသောစကားများနှင့် ဆင်းရဲ, ခက်ထန်ကြမ်းတမ်း, ခါးစပ်, သာယာသောနှစ်သက်စရာ မကောင်းကြ. အသက်ကို ပယ်ရှားတတ်ကြသော ဝေဒနာတို့ကို သည်းခံနိုင်စွမ်းမရှိပါ။

အသက်(၂၀)ပြည့်ပြီးသူသည်ကား အထက်ဖော်ပြပါ ဆင်းရဲဒုက္ခများကို သည်းခံနိုင်စွမ်းရှိပါသည်။ *(ဝိ၊၂၊၁၇၀)*

## ဦနဝီသတိဝဿဟူသည်

အသက်(၂၀)မပြည့်သေးသူ ဖြစ်သည်။

## အသက်နှစ်ဆယ်မပြည့်သေးသူကို ရဟန်းခံပေးရာ၌ အာပတ်သင့်ပုံ

"ရဟန်းခံပေးမည်"ဟု ကြံ၍ ဂိုဏ်းကိုဖြစ်စေ, ဆရာကိုဖြစ်စေ, သပိတ်ကိုဖြစ်စေ, သင်္ကန်းကိုဖြစ်စေ ရှာမှီးခြင်း, သိမ်သမုတ်ခြင်းတို့ကြောင့် ဒုက္ကဋ်၊ ဉတ်နှင့်ကမ္မဝါစာနှစ်ကြိမ်တို့ကြောင့် ဒုက္ကဋ်၊ ကမ္မဝါစာအဆုံး၌ ဥပဇ္ဈာယ်ဆရာအား ပါစိတ်သင့်၍, ဂိုဏ်းနှင့်အနုသာသက ဆရာတို့အား ဒုက္ကဋ်သင့်သည်။ *(ဝိ၊၂၊၁၇၁)*

### ထေယျသတ္တသိက္ခာပုဒ်

## အညတရော သတ္ထော

အညတရော=သော။ သတ္ထော=လှည်းကုန်သည်သည်။ ရာဇဂဟာ=မှ။ ပဋိယာလောကံ=အနောက်မျက်နှာအရပ်သို့။ ဂန္တုကာမော=သည်။ ဟောတိ=၏။ ပ။ အဟံပိ=သည်လည်း။ အာယသ္မန္တေဟိ=ဒါယကာတို့နှင့်။ သဒ္ဓိံ=ကွ။ ဂမိဿာမိ=အံ့။ ဣတိ=ဤသို့။ အဝေါစ=၏။ ဘန္တေ=အရှင်။ မယံခေါ=တို့သည်ကား။ သုင်္က=ကင်းကို။ ပရိဟရိဿာမ=ရှောင်လွှဲကုန်အံ့။ ဣတိ=သို့။ ဝုတ္တေ=သော်။ (တည့်)။ အာဝုသော=ဒါယကာတို့။ ပဇာနာထ=သိကြကုန်လော့။

---

ပဋိယာလောကံ။ ။ ပဋိယာလောကံ=နေရောင်၏ရှေ့ရှုဖြစ်သောအရပ်သို့ (ဝါ) အနောက်အရ[illegible]။
(ဒီ၊ ဋ္ဌ၊ ၃၊ ၁၃၀)

**အသောသုံ ခေါ် ကမ္ဘိယာ**

ကမ္ဘိယာ=မင်း၏အမှုကိုပြုလုပ်သော ကင်းစောင့်တို့သည်။ သတ္တော=သည်။ သုက်=ကို။ ပရိဟရိယတိ=ရှောင်လွှဲလတုံ့။ ဣတိ=ဤသို့။ အသောသုံခေါ်=လျှင်တည်း။ ဣတိ=ဤသို့ကြားသောကြောင့်။ တေ=ထိုကင်းစောင့်တို့သည်။ မဂ္ဂေ=ခရီး၌။ ပရိယုဋ္ဌိသုံ=အစောင့်အရှောက်ထားကုန်၏။ အထခေါ်=၌။ တေကမ္ဘိယာ=တို့သည်။ သတ္ထံ=ကို။ ဂဟေတွာ=ဖမ်း၍။ အစ္ဆိန္နိတွာ=လုယက်၍။ တံ ဘိက္ခုံ=ကို။ ဓေ၀စနံ=ကို။ ဓေ၀စနံ=ကို။ အဝေါစုံ=ကုန်၏။ ဘန္တေ=အရှင်။ ကိဿ=ကြောင့်။ တွံ=သည်။ ဇာနံ=လျက်။ ထေယျသတ္တေန=ခိုးသူဖြစ်သော လှည်းကုန်သည်နှင့်။ သဒ္ဓိံ=ကွ။ ဂစ္ဆသိ=သနည်း။ ဣတိ=ဤသို့။ ပလိဗုန္ဓေတွာ=နှောင့်ရှက်၍။ မုဉ္စိံသု=လွှတ်ကုန်၏။

**ထေယျသတ္တော နာမ**

ယေယျသတ္တောနာမ=ကား။ ကတကမ္မာ ဝါ=ပြုအပ်သော ခိုးမှုရှိသည်လည်း ဖြစ်ကုန်သော။ အကတကမ္မာဝါ=ဖြစ်ကုန်သော။ စောရာ=တို့သည်။ ဟောန္တိ= ဖြစ်ကုန်၏။ ရာဇာနံဝါ=မင်းကိုမူလည်း(ဝါ)မင်း၏ဥစ္စာကိုမူလည်း။ ထေယျံ=ခိုးသည် ဖြစ်၍။ ဂစ္ဆန္တိ=ကုန်၏။ သုက်ဝါ=ကင်းကို လည်း။ ပရိဟရန္တိ=ရှောင်လွှဲကုန်၏။

ထေယျသတ္တသရုပ်

၁။ ခိုးမှုလွန်ကျူးပြီးသောသူခိုးများ၊

၂။ ခိုးမှုမလွန်ကျူးရသေးသောသူခိုးများ၊

၃။ မင်း၏ဥစ္စာကိုခိုး၍ သွားကြသူများ၊

၄။ ကင်းခွန်ကိုရှောင်လွှဲကြသူများ။ (ဝိ၂၁၇၂)

---

**ရာဇာနံ ဝါ ထေယျံ ဂစ္ဆန္တိ။** ။ ရာဇာနံဝါ=မင်းကိုသော်လည်း(ဝါ)မင်း၏ ဥစ္စာကိုသော်လည်း။ ထေယျံ ထေနေတွာ=လှည့်ပတ်၍။ ဂစ္ဆန္တိ=သွားကြကုန်၏။

## သံဝိဓာနသိက္ခာပုဒ်

**ဝတ္ထုကြောင်း–**

ဘုရားရှင် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူတော်မူသောအခါ ရဟန်းတစ်ပါးသည် ကောသလဇနပုဒ်၌ သာဝတ္ထိပြည်သို့ သွားလတ်သော် ပထင်ရှားသော မိန်းမသည် လင်နှင့်ရန်ဖြစ်ကာ ရွာမှ ထွက်ပြီး ထိုရဟန်းကို တွေ့မြင်သဖြင့် "အရှင်ဘုရား... အရှင်ဟာ ဘယ်အရပ်ကိုသွားမှာလဲ"ဟု မေးလေသည်။ သာဝတ္ထိပြည်သို့ သွားမည်ဖြစ်ကြောင်းဖြေကြားရာ "တပည့်တော်သည် အရှင်နှင့်အတူ သွားပါမည်"ဟု လျှောက်သဖြင့် အတူလိုက်ဖို့ ခေါ်ဆောင်ခဲ့သည်။ ထိုအခါ ထိုမိန်းမ၏ လင်သည် ရွာမှ ထွက်၍ "အမောင်တို့... ဒီလိုပုံပန်းရှိသော မိန်းမကို မြင်ကြသလား"ဟု လူတို့ကို မေးသော် ရဟန်းနှင့်အတူသွားကြောင်းပြောဆိုကြရာ ထိုယောက်ျားသည် အစဥ်လိုက်၍ ထိုရဟန်းကို ဖမ်းကာ ထောင်းထုလွှတ်လိုက်သည်။ ထိုအခါ ထိုရဟန်းသည် သစ်ပင် ယစ်ပင်ရင်း၌ ကြုံမှိုင်လျက်ထိုင်နေရာ ထိုမိန်းမက "ထိုရဟန်းက ခေါ်သွားတာ မဟုတ်၊ အမှန်မှာ ပိမိကသာ ထိုရဟန်းနှင့်အတူသွားတာဖြစ်၍ ထိုရဟန်းကို တောင်းပန်ရန် လင်ယောက်ျားကို ပြောသဖြင့် ရဟန်းကို တောင်းပန်လေသည်။ ထိုအခါ ထိုရဟန်းသည် သာဝတ္ထိပြည်သို့သွား၍ ရဟန်းတို့အား ပြောကြားရာမှ ဘုရားရှင်သိတော်မူသဖြင့် သိက္ခာပုဒ်ပညတ်တော်မူသည်။ (ဝိ၊၂၊ ၁၇၃)

### တသာ ကုလဒ္ဓိယာ သာမိကော

အထခေါ= ၌။ တသာကုလဒ္ဓိယာ= ၏။ သာမိကော= သည်။ ဂါမတော= မှ။ နိက္ခမိတွာ= ၍။ မနုဿေ= တို့ကို။ အယျော= တို့။ ဧဝရူပံ= ဤသို့သဘောရှိသော။ ကုလဒ္ဓိံ= မိန်းမကို။ အပိပဿေယျာထ= မြင်ကြကုန်သလော။ ပုစ္ဆတိ= ဤသို့။ ပုစ္ဆိ= ၏။ အယျော= အမောင်။ သော= ဤမိန်းမသည်။ ပဗ္ဗဇိတေန= နှင့်။ သဟ= ကွ။ ဂစ္ဆတိ= ၏။ ဣတိ= ဤသို့။ အဝေါစုံ= ကုန်၏။ အထခေါ= ၌။ သောပုရိသော= သည်။ အနုဗန္ဓိတွာ= အစဥ်လိုက်၍။ တံဘိက္ခုံ= ကို။ ဂဟေတွာ= ၍။ အာကောဋေတွာ= ထောင်းထု၍။ မုဉ္စိ= လွှတ်၏။ အထခေါ= ၌။ သောဘိက္ခု= သည်။ အညတရသ္မိံ= သော။ ရုက္ခမူလေ=၌။ ပဓူပေန္တော= ကြုံမှိုင်လျက်။ နိသီဒိ= ၏။

---

**မံ နိပ္ပါတေသိ။** ။ မံ=ငါ့ကို။ နနိပ္ပါတေသိ=ထွက်စေသည်မဟုတ်။ (ဝါ) ခေါ်၍သွားသည်မဟုတ်။

### နာယျော သော ဘိက္ခု

အယျော=အမောင်။ သောဘိက္ခု=သည်။ မံ=ငါ့ကို။ နနိပ္ပါတေသိ=ခေါ်၍ မသွားပေ။ အပိစ=သော်ကား။ အဟမေဝ=ငါသည်သာ။ တေန ဘိက္ခုနာ=နှင့်။ ဂစ္ဆာမိ=၏။ သောဘိက္ခု=သည်။ အကာရကော=အပြစ်မရှိပေ။ ဂစ္ဆ=သွားချေ။ နံဘိက္ခုံ=ကို။ ခမာပေဟိ=ကန်တော့ချေလော့။

### တိုင်ပင်မှု(ချိန်းချက်စီမံမှု)အလိုက် အာပတ်သင့်ပုံ

၁။ ရဟန်း, မာတုဂါမနှစ်ဦးလုံးတိုင်ပင်လျှင် ပါစိတ်၊

၂။ ရဟန်းကသာတိုင်ပင်၍ မာတုဂါမက မတိုင်ပင်လျှင် ဒုက္ကဋ်၊

၃။ မာတုဂါမကသာတိုင်ပင်၍ ရဟန်းက မတိုင်ပင်လျှင် အနာပတ်။

## အရိဋ္ဌသိက္ခာပုဒ်

### အရိဋ္ဌဿ နာမ ဘိက္ခုနော

တေန ခေါ ပန သမယေန=၌။ အရိဋ္ဌဿနာမ=အရိဋ္ဌအမည်ရှိသော။ ဂဒ္ဓဗာဓိပုဗ္ဗဿ=လင်းတကိုသတ်ဘူးသော အမျိုး၌ဖြစ်သော။ ဘိက္ခုနော=အား။ ဧဝရူပံ=ဤသို့သဘောရှိသော။ ပါပကံ=ယုတ်မာသော။ ဒိဋ္ဌိဂတံ=မိစ္ဆာအယူသည်။ ဥပ္ပန္နံ=သည်။ ဟောတိ=၏။

### အန္တရာယိကဓမ္မသရုပ်နှင့်အရကောက်

| | | | |
|---|---|---|---|
| ၁။ | ကမ္မန္တရာယ် | = | အနန္တရိယကံငါးပါး။ |
| ၂။ | ကိလေသန္တရာယ် | = | နိယတမိစ္ဆာဒိဋ္ဌိ။ |
| ၃။ | ဝိပါကန္တရာယ် | = | အဟိတ်, ဒွိဟိတ် ပဋိသန္ဓေ။ |
| ၄။ | ဥပဝါဒန္တရာယ် | = | အရိယာတို့အားစွပ်စွဲခြင်း။ |
| ၅။ | အာဏာဝီတိက္ကမန္တရာယ် | = | စေတနာရှိသည်ဖြစ်၍ သိက္ခာပုဒ်ကို လွန်ကျူးခြင်း။ |

ဆောင်) ဟံ - ကိလေသ၊ ဝိပါကနှင့်၊ ဥပဝါဒါ၊ အာဏာဝီတိက္ကမ၊ ပဉ္စအန္တရာယ်၊

သက်မောက်ဘွယ်၊ ကျမ်းဝယ်ညည့်တိုင်းမြဲ။

**တထာဟံ ဘဂဝတာ**

ယထာ ယေနာကာရေန=အကြင်သို့သော အခြင်းအရာအားဖြင့်။ အန္တရာယိကာ=နတ်ရွာနိဗ္ဗာန် ချာန်မင်ဖိုလ်၏အန္တရာယ်ကို ပြုတတ်ကုန်သော။ ယေမေဓမ္မာ-ယေဣမေဓမ္မာ=အကြင်ကံကိလေသ, ဝိပါက နှင့်, ဥပဝါဒ, အာဏာဝီတိက္ကမတရားငါးပါးတို့ကို။ ဘဂဝတာ=သည်။ ဝုတ္တာ=အပ်ကုန်၏။

**ဧဝံ ဗျာခေါ်**

တေ ဓမ္မေ=ထိုတရားတို့ကို။ (ပဋိသေဝတော၌စပ်) (တနည်း) တေဓမ္မာ=တို့သည်။ (နာလံ၌စပ်)။ ပဋိသေဝတော=မှီဝဲသောသူအား။ အန္တရာယာယ=အန္တရာယ်ကိုပြုခြင်းငှာ။ နာလံအသမတ္ထာ=မစွမ်းနိုင်ကုန်သည်။ ဟောန္တိ=ကုန်၏။ တထာတေနာကာရေန=ဖြင့်။ အဟံ=သည်။ ဘဂဝတာ=သည်။ ဒေသိတံ=အပ်သော။ ဓမ္မံ=ကို။ အာဇာနာမိ=သိ၏။ အာဝုသော=တို့၊ ဧဝံဗျာခေါ်=ဤသို့ သင်တို့ကြားကိုင်းဟုတ်သည်သာလျှင်တည်း။

**မာဝုသော အရိဋ္ဌ**

အာဝုသောအရိဋ္ဌ=ငါ့ရှင်အရိဋ္ဌ။ ဧဝံ=သို့ မာအဝစ=မဆိုလင့်။ ဘဂဝန္တံ=ကို။ မာအဗ္ဘာစိက္ခိ=မစွပ်စွဲလင့်။ ဘဂဝတော=အား။ အဗ္ဘာစိက္ခနံ=စွပ်စွဲခြင်းသည်။ နဟိသာဓု=မကောင်းသည်သာတည်း။ ဘဂဝါ=သည်။ ဧဝံ=သို့။ နဟိဝဒေယျ=ဟောတော်မမူရာ။ အာဝုသောအရိဋ္ဌ=ငါ့ရှင်အရိဋ္ဌ။ အနေကပရိယာယေန=ဖြင့်။ ဘဂဝတာ=သည်။ အန္တရာယိကာ=ပြုတတ်ကုန်သော။ ဓမ္မာ=တို့ကို။ ဝုတ္တာ=အပ်ကုန်၏။ တေ ဓမ္မေ=တို့ကို။ ပဋိသေဝတော=မှီဝဲသောသူအား။ အန္တရာယာယ=ငှါ။ အလဥ္စပန=စွမ်းနိုင်ကုန်သည်သာလျှင်တည်း။ ကတိ=သို့။ အဝေါစုံ=ကုန်၏။

---

အဋ္ဌိကင်္ကလူပမာစသည်။ ။ အဋ္ဌိကင်္ကလူပမာ=အသားမစပ်, အညှီကင်း၍, မွေ့လျော်မလွှတ် ရက်နိုင်သော အရိုးစုဟူသော ဥပမာရှိကုန်၏။

## အပ္ပဿာဒါ ကာမာ

ကာမာ=ကာမဂုဏ်တို့ကို။ အပ္ပဿာဒါ=ကြည်ညိုဘွယ်နည်းကုန်ဟူ၍။ ဗဟုဒုက္ခာ=များသောဆင်းရဲရှိကုန်၏ဟူ၍။ ဗဟုပါယာသာ=များသောပူပန်ခြင်းရှိကုန်၏ဟူ၍။ ဘဂဝတာ=သည်။ ဝုတ္တာ=အပ်ကုန်၏။ ဧတ္ထ=ဤကာမဂုဏ်တို့၌။ အာဒီနဝေါ=အပြစ်သည်။ ဘိယျော=များ၏။ ကာမာ=တို့ကို။ အဋ္ဌိကင်္ခလူပမာ=အရိုးအဆက်နှင့်တူကုန်၏ဟူ၍။

## ကာမဂုဏ်တို့၏ဥပမာ(၁၀)ပါး

၁။ အဋ္ဌိကင်္ခလူပမာ=အရိုးအဆက်နှင့်တူကုန်၏ဟူ၍။ ၂။ မံသပေသူပမာ = သားတစ်နှင့်တူကုန်၏ဟူ၍။ ပ။ ၃။ တိဏုက္ကူပမာ= မြက်မီးရှူးနှင့်တူကုန်၏ဟူ၍။ ပ။ ၄။ အင်္ဂါရကာသူပမာ=မီးကျီးစုနှင့် တူကုန်၏ဟူ၍။ ပ။ ၅။ သုပိနကူပမာ=အိပ်မက်နှင့်တူကုန်၏ဟူ၍။ ၆။ ယာစိတကူပမာ ငှါးရမ်းအပ်သောဥစ္စာနှင့် တူကုန်၏ ဟူ၍။ ပ။ ၇။ ရုက္ခဖလူပမာ=သစ်သီးနှင့်တူကုန် ၏ဟူ၍။ ပ။ ၈။ အသိသူနူပမာ=စဉ်းတီးတုံးနှင့်တူကုန်၏ဟူ၍။ ၉။ သတ္တိသူလူပမာ=သန်လျက်သွားနှင့် တူကုန်၏ဟူ၍။ ၁၀။ သပ္ပသိရူပမာ=မြွေဦးခေါင်းနှင့် တူကုန်၏ဟူ၍။

## ယတော စ ခေါ တေ ဘိက္ခူ

ယတောစခေါ=အကြင်အကြောင်းကြောင့်။ ဝါ=အကြင်အခါ၌။ တေဘိက္ခူ=တို့သည်။ အရိဋ္ဌ=သော။ ဂဒ္ဓဗာဓိပုဗ္ဗ=သော။ ဘိက္ခုံ=ကို။ ပါပကာ=သော။ ဒေဿ=ဒိဋ္ဌိဂတာ=ထိုမိစ္ဆာအယူမှ။ ဝိဝေစေတုံ=ကင်းစိမ့် ဆိတ်စိမ့်သောငှါ။ နာသက္ခိံသု=မတတ်နိုင်ကုန်။ အထခေါ=ထိုအကြောင်းကြောင့် (ဝါ)ထိုအခါ၌။ ပ။

## အထ စ ပန

မောဃပုရိသ=မဂ်ဖိုလ်မမှီးအချည်းအနှီးသော ယောကျ်ား။ ကိဿ=ကြောင့်။ တွံ=သည်။ မယာ=သည်။ ဧဝံ=ဤသို့။ ဒေသိတံ=သော။ ဓမ္မံ=ကို။ အာဇာနာသိနုခေါ နာမ=သိသနည်း။ ပ။ အထစပန=ထိုသို့ဟောတော်မူပါလျက်လည်း။ မောဃပုရိသ=

ယောက်ျား။ တွံ=သည်။ အတ္တနာ=သည်။ ဒုဂ္ဂဟိတေန=မကောင်းသောအယူဖြင့်။ အမှေစေဝ= တို့ကိုလည်း။ အဗ္ဘာစိက္ခိ=စွပ်စွဲ၏။ အတ္တာနဉ္စ=ကိုယ်ကိုလည်း။ ခဏတိ= တူးဖြို၏။ ဗဟုံစ=များစွာလည်း။ အပုညံ=ကို။ ပသဝတိ=ပွါးစေ၏။ ဟိဘာဒေဝသစ္စံ= မှန်၏။ မောဃပုရိသ=ယောက်ျား။ တေ=၏ (ဝါ) အား။ တံ=ထိုယုတ်မာသော မိစ္ဆာ အယူသည်။ ဒီဃရတ္တံ=ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး။ အဟိတာယ=အစီးအပွားမရှိ ခြင်းငှါ။ ဒုက္ခာယ=ငှါ။ ဘဝိဿတိ=လတ္တံ့။

**သော ဘိက္ခု-အရ**

"တထာဟံ ဘဂဝတာ ဓမ္မံ"စသောစကားကို ပြောဆိုနေသော ရဟန်းကိုယူပါ။

**ဘိက္ခူဟိ-အရ**

"တထာဟံ ဘဂဝတာ ဓမ္မံ"စသောစကားကို ပြောဆိုသောရဟန်းမှတပါး အခြားရဟန်းတို့ကို ယူပါ။

**အယူမှားသောရဟန်းကိုတွေ့လျှင် လုပ်ရမည့်အစီအစဉ်**

၁။ မြင်ကြ, ကြားကြသောရဟန်းတို့က "ငါ့ရှင်.. ဒီလိုမပြောပါနှင့်၊ ဘုရားရှင်ကို မစွပ်စွဲပါနှင့်၊ ဘုရားရှင်ကိုစွပ်စွဲခြင်းဟာ မကောင်းတာအမှန်ပါ၊ ဘုရားရှင်ဒီလို ဟောတော်မမူရာ၊ ငါ့ရှင်.. ပရိယာယ်အမျိုးမျိုးဖြင့် အန္တရာယိကဓမ္မတို့ကို နတ်ရွာနိဗ္ဗာန်တို့၏အန္တရာယ်ကို ပြုတတ်ကြတယ်လို့ ဘုရားရှင်ဟောကြားထား ပါတယ်။ ထိုကာမဂုဏ်တရားတို့ကို မှီဝဲသူအား အန္တရာယ်ပြုရန်စွမ်းနိုင်မှာ ဧကန်မုချပါ"ဟု (၃) ကြိမ်တိုင်တိုင်ပြောရခြင်း။
(မစွန့်လျှင် အယူမှားသောရဟန်းအား ဒုက္កဋ်၊ သုံးကြိမ်တိုင်တိုင် ကြားပါလျက် မပြောလျှင် ကြားသောရဟန်းတို့အား ဒုက္ကဋ်)

၂။ မစွန့်သေးလျှင် အယူမှားသောရဟန်းကို သံဃာ့အလယ်သို့ဆွဲခေါ်၍ ရှေးနည်း အတူ (၃)ကြိမ်တိုင်တိုင်ပြောကြားရခြင်း။

၃။ မစွန့်သေးလျှင် ဗျတ္တပဋိဗလရဟန်းက ဉာတ္တိစတုတ္ထကမ္မဝါစာဖြင့် သမနုဘာသနကံပြုရခြင်း။ (ဝိ၊ ၂၊ ၁၇၇)

**အာပတ်သင့်ပုံအစီအစဉ်**

"ဉာတ်ကြောင့် ဒုက္ကဋ်၊ ကမ္မဝါစာ(၂)ကြိမ်တို့ကြောင့် ဒုက္ကဋ်၊ ကမ္မဝါစာအဆုံး၌ ပါစိတ်။

## ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်

**ဇာနံ တထာဝါဒိနာ**

ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဘိက္ခူ=တို့သည်။ ဇာနံ-ဇာနန္တော=ကုန်လျက်။ တထာဝါဒိနာ=ထိုသို့သဘောရှိသော မိစ္ဆာအယူရှိသော။ အကဋာနုဓမ္မေန=မပြုအပ်သော သွင်းခြင်းရှိသော။ တံဒိဋ္ဌိံ=ထိုမိစ္ဆာအယူကို။ အပ္ပဋိနိဿဋ္ဌေန=မစွန့်အပ်သော။ အရိဋ္ဌေန=အရိဋ္ဌအမည်ရှိသော။ ဘိက္ခုနာ=နှင့်။ သဒ္ဓိံ=ကွ။ သမ္ဘုဉ္ဇန္တိပိ=အတူတကွလည်းစားကုန်၏။ သံဝါသန္တိပိ=အတူတကွလည်းနေကုန်၏။ သဟာပိ=တကွလည်း။ သေယျံ =အိပ်ခြင်းကို။ ကပ္ပေန္တိ=ကုန်၏။

**အကဋာနုဓမ္မဟူသည်**

နှင်ထုတ်ပြီး၍ သံဃာ့ဘောင်သို့ မသွင်းခေါ်ရသေးသော ရဟန်းဖြစ်သည်။

**သမ္ဘောဂေယျ-၌ သမ္ဘောဂ(၂)မျိုး**

၁။ အာမိသသမ္ဘောဂ၊

၂။ ဓမ္မသမ္ဘောဂ။

**အာမိသသမ္ဘောဂဟူသည်**

သက်န်းစသော အာမိသကိုပေးခြင်း, ခံယူခြင်းတို့ဖြစ်သည်။

**ဓမ္မသမ္ဘောဂဟူသည်**

၁။ မိမိက ဥက္ခိတ္တကရဟန်းကိုသင်ပေးခြင်း။

၂။ မိမိက ဥက္ခိတ္တကရဟန်းထံ သင်ယူခြင်း။

**အာပတ်သင့်ပုံ**

ပုဒ်ဖြင့် ပို့ချ, သင်ယူလျှင် ပုဒ်တိုင်း ပုဒ်တိုင်း အာပတ်သင့်၍ အက္ခရာဖြင့် ပို့ချ, သင်ယူလျှင် အက္ခရာတိုင်း အာပတ်သင့်သည်။

**သံဝသေယျဟူသည်**

ဥက္ခိတ္တကရဟန်းနှင့်အတူ ဥပုသ်ကိုဖြစ်စေ, ပဝါရဏာကိုဖြစ်စေ, သံဃာ့ကံကိုဖြစ်စေ ပြုခြင်းဖြစ်သည်။ (သံဝသေယျ၌ သံဝါသ-အရဥပုသ်, ပဝါရဏာ. သံဃာ့ကံကို ယူပါ)

**ဧကစ္ဆန္နေ ဥက္ခိတ္တကေ**

ဧကစ္ဆန္နေ=တူသော အမိုးရှိသော ကျောင်း၌။ ဥက္ခိတ္တကေ=ဥက္ခိတ္တက ရဟန်းသည်။ နိပန္နေ=လျောင်းသည်ရှိသော်။ ဘိက္ခု= ပကတတ်ရဟန်းသည်။ နိပဇ္ဇေယျ=လျောင်း၏။ ဘိက္ခု=ပကတတ် ရဟန်းသည်။ နိပန္နေ=လျောင်းသည်ရှိသော်။

**အာပတ်မသင့်သူများ**

၁။ နှင်မထုတ်ရသေးသောရဟန်းဟုသိခြင်း၊

၂။ သံဃာဆောင်သို့သွင်းခေါ်ပြီးသောရဟန်းဟုသိခြင်း၊

၃။ ထိုအယူကိုစွန့်ပြီးသောရဟန်းဟုသိခြင်း၊

၄။ ဥမ္မတ္တကရဟန်း၊

၅။ အာဒိကမ္မိကရဟန်း။

## ကင်္ခါကသိက္ခာပုဒ်

### အယူမှားသောကင်္ခါကသာမဏေကို အရေးယူရမည့်အစီအစဉ်

ဘိက္ခဝေ=တို့။ တေနဟိ=ထိုသို့တပြီးကား။ သံဃော=သည်။ ကဏ္ဍကံ= ကဏ္ဍကအမည်ရှိသော။ သမဏုဒ္ဒေသံ=သာမဏေကို။ နာသေတု= ဖျက် ဆီးလော့။ ဘိက္ခဝေ=တို့။ ဧဝဥ္စပန=ဤသို့လျှင်။ နာသေတဗ္ဗော=အပ်၏။ အာဝုသောကဏ္ဍက=ငါ့ရှင်ကဏ္ဍက။ တေ=သင်သည်။ အဇ္ဇတဂ္ဂေ= ယနေ့ကိုအစပြု၍။ သော ဘဂဝါ=ကို။ သတ္ထာ=ဆရာ ဟူ၍။ န စေဝ အပဒိသိတဗ္ဗော=မညွှန်းအပ်။ အညေ=သင်မှတပါးကုန်သော။ သမဏုဒ္ဒေသာ=သာမဏေတို့သည်။ ဘိက္ခူဟိ=တို့နှင့်။ သဒ္ဓိံ=ကွ။ ဒိရတ္တတိရတ္တံ=ပတ်လုံး။ ယံပိ စသဟသေယျံ=အကြင်အိပ်ခြင်းကိုလည်း။ လဘန္တိ=ကုန်၏။ သာပိ=ထိုတကွအိပ်ခြင်းသည်လည်း။ တေ=အား။ နတ္ထိ=မရှိ။ပိရေ=ငါတို့မှစိမ်းသောသာမဏေ။ စရ=သွားလေလော့။ ဝိနဿ=ပျောက်ပျက်လေလော့။ ဣတိ=ဤသို့။ နာသေတဗ္ဗော=အပ်၏။

### သမဏုဒ္ဒေသဟူသည်

သာမဏေဖြစ်သည်။

### ဥပလာပေယျုံဟူသည်

ဥပလာပေယျာတိ=ကား။ တဿ=ထိုသာမဏေအား။ ပတ္တံ ပါ=ကို ၎င်း။ စီဝရံဝါ=ကို၎င်း။ ဥဒ္ဒေသံ ဝါ=ပါဠိသင်ခြင်းကို၎င်း။ ပရိပုစ္ဆံ ဝါ=အဋ္ဌကထာသင်ခြင်းကို ၎င်း။ ဒဿာမိ=ပေးအံ့။ ဣတိ=ဤသို့။ ဥပလာပေတိ=ဖြားယောင်း၏။

---

ကဏ္ဍကသိက္ခာပုဒ်၌ နာသန(၃)မျိုးတို့တွင် ဒဏ္ဍကမ္မနာသနာကိုယူ။ ။ ဧဝဥ္စ ပန ဘိက္ခဝေ နာသေတဗ္ဗော (ပ) ဝိနဿကိုထောက်ပါ။ ( ဝိ ၊ ၄ ၊ ၃ ၊ ၁၃၀ )

စရ ပိရေ ဝိနဿ ။ ။ ပိရေ=ပြင်ပသူစိမ်း ဟဲ့-သူပြိန်း။ စရ=သွားလော့။
(တနည်း) ပိရေ=အခြားအရပ်သို့၊ စရ=သွားလော့။

ဥပဋ္ဌာပေယျဝါတိ=ကား။ တဿ=ထိုသာမဏေ၏။ စုဏ္ဏံ ဝါ= ကသယ်မှုန့်ကိုဎင်း။ မတ္တိကံ ဝါ=ကိုဎင်း။ ဒန္တကဋ္ဌံ ဝါ=ဒန်ပူကိုဎင်း။မုခေါဒကံ ဝါ=မျက်နှာသစ်ရေကိုဎင်း။ သာဒိယတိ=၏။

## သဟာဓမ္မိကဝဂ်

## သဟာဓမ္မိကသိက္ခာပုဒ်

**န တာဝါဟံ အာဝုသော**

အာဝုသော=တို့။ ယာဝ=လောက်။ အညံ=တပါးသော။ ဗျတ္တံ=ဝိနည်း၌ လိမ္မာသော။ ဝိနယဓရံ=ဝိနည်းကိုဆောင်သော။ ဘိက္ခုံ=ကို။ န ပရိပုစ္ဆာမိ=မမေးမြန်းရသေး။ တာဝ=လောက်။ အဟံ=သည်။ ဧတသ္မိံ သိက္ခာပဒေ=၌။ နသိက္ခိဿာမိ=မကျင့်လအံ့။ ဣတိ=ဤသို့။ ဝဒေတိ=၏။

**သဟာဓမ္မိကဟူသည်**

ဘုရားရှင်ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဖြစ်သည်။

**သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ**

ဘိက္ခဝေ=တို့။ သိက္ခမာနေန=ကျင့်လိုသော။ ဘိက္ခုနာ=သည်။ အညာတဗ္ဗံ= သိအောင်ပြုအပ်၏။ ဝါ=လွန်စွာနှိုင်းယှဉ်အပ်၏။ ပရိပုစ္ဆိတဗ္ဗံ=အဘန်တလဲလဲ မေးမြန်းအပ်၏။ ပရိပဥ္စိတဗ္ဗံ=အဖန်တလဲလဲစူးစမ်းအပ်၏။ အယံ=ဤသို့ သိအောင် ပြုခြင်းစသည်သည်။ တတ္ထ=ထိုသိက္ခာပုဒ်ကိုကျင့်လိုရာ၌။ သာမီစိ=တရားနှင့် လျော်သော အကျင့်တည်း။ ဣတိ=သို့။ ဥဒ္ဒိသေယျာထစ=ကုန်။

**ယာဝ န အညံ ဘိက္ခုံ**

ယာဝ န အညံ ဘိက္ခုံ ဗျတ္တံ ဝိနယဓရံ ပရိပုစ္ဆာမီတိ=ကား။ ပဏ္ဍိတံ= ပညာရှိသော။ ဗျတ္တံ=လိမ္မာသော။ မေဓာဝိံ=ထက်မြက်သော ပညာရှိသော။ ဗဟုဿုတံ=များသောအကြားအမြင်ရှိသော။ ဓမ္မကထိကံ=ကို။ နပရိပုစ္ဆာမိ=သေး။ ဣတိ= သိ။ ဘဏတိ=၏။

### ပရိပုဋ္ဌိတဗ္ဗန္တိ ကင်္ခံ ဘန္တေ

ပရိပုစ္ဆိတဗ္ဗန္တိ=ကား။ ဘန္တေ=အရှင်။ ကင်္ခံ=ဤပုဒ်သည်။ ကထံ= အဘယ်သို့သော အခြင်းအရာဖြင့်ပြီးသနည်း။ ကင်္ခမသ=ဤပုဒ်၏။ အတ္ထော=သည်။ ကော=နည်း။ ကင်္ခတိ=သို့။ ပရိပုစ္ဆိတဗ္ဗံ=အပ်၏။ ပရိပုဋ္ဌိတဗ္ဗန္တိ=ကား။ စိန္တေတဗ္ဗံ=အပ်၏။ တုလယိတဗ္ဗံ= နှိုင်းချိန်အပ်၏။

## ဝိလေခနသိက္ခာပုဒ်

### ဘဂဝါ ဘိက္ခူနံ အနေကပရိယာယေန

ဘဂဝါ=သည်။ ဘိက္ခူနံ=တို့အား။ အနေကပရိယာယေန=ဖြင့်။ ဝိနယကထံ= ဝိနည်းနှင့်စပ်သောစကားကို။ ကထေတိ=၏။ ဝိနယဿ=၏။ ဝဏ္ဏံ=ကျေးဇူးကို။ ဘာသတိ=၏။ ဝိနယပရိယတ္တိယာ=ဝိနည်းကိုသင်ခြင်း၏။ ဝဏ္ဏံ=ကို။ ဘာသတိ=၏။ အာဒိဿ အာဒိဿ=ရည်၍ရည်၍။ အာယသ္မတော ဥပါလိဿ=အရှင်ဥပါလိ၏။ ဝဏ္ဏံ=ကို။ ဘာသတိ=၏။

### ဧတရဟိ ခေါ ဗဟုသော ဗဟူ

ဗဟူ=ကုန်သော။ ထေရာ စ=လည်းဖြစ်ကုန်သော။ နဝါ စ=လည်း ဖြစ်ကုန်သော။ မဇ္ဈိမာ စ=လည်းဖြစ်ကုန်သော။ တေ စ ဘိက္ခူ=တို့သည်လည်း။ အာယသ္မတော ဥပါလိဿ=၏။ သန္တိကေ=၌။ ဝိနယံ=ကို။ ပရိယာ ပုဏန္တိ=ကုန်၏။ပ။ ဣမေ=ဤရဟန်း တို့သည်။ ဝိနယေ=၌။ ပကတညုနော=လိမ္မာကုန်သည်။ သစေ ဘဝိဿန္တိ= ကုန်လတ္တံ့။ အမှေ=တို့ကို။ ယေနိစ္ဆကံ=အလိုရှိတိုင်း။ ယဒိစ္ဆကံ=အကြောင်းကြောင်းအလိုရှိတိုင်း။ ယာဝဒိစ္ဆ ကံ=အကြောင်းမျှလောက်အလိုရှိတိုင်း။ (ပရိယာယ်ချည်း)။ အာကမိုဿန္တိ=

---

တဍ္ဍ ယထာဓမ္မော ကာရေတဗ္ဗော ။ ။ ယထာ=အကြောင်းအခြင်းအရာအားဖြင့်။ ဓမ္မော=သိက္ခာပုဒ်တရားတော်သည်လည်းကောင်း။ ဝိနယောစ=ဝိနည်းသည်လည်းကောင်း။ ဋ္ဌိတော= ဘည်ရှိ၏။ တထာ=ထိုအခြင်းအရာအားဖြင့်၊ တံ(တာယ=အာပတ္တိယာ)=ထိုအာပတ်ဖြင့် ကာရေတဗ္ဗော=ပြုစေထိုက်၏။ (ဝိမတိ)

ရှေးရှုဆွဲငင်ကုန်လတ့်။ ပရိကမ္မိုသန္တိ=ထိုမှုညျမှဆွဲငင်ကုန်လတ့်။ အာဝုသော=တို့။ ဟန္ဒ=ယခု။ မယံ=တို့သည်။ ဝိနယံ=ကို။ ဝိဝဏ္ဏေမ=ကဲ့ရဲ့ရှုတ်ချကုန်အံ့။

## ကိံ ပနိမေဟိ ခုဒ္ဒါနုခုဒ္ဒကေဟိ

ခုဒ္ဒါနုခုဒ္ဒကေဟိ=ငယ်ကုန်အလွန်ငယ်ကုန်သော။ ဥဒ္ဒိဋ္ဌေဟိ= ပြအပ်ကုန်သော။ သိက္ခာပဒေဟိ=တို့ဖြင့်။ ကိံပန=အဘယ်အကျိုးရှိအံ့ နည်း။ ယာဝဒေဝ=အလွန်လျှင်။ ကုက္ကုစ္စာယ=အလို့လို့ဖြစ်ခြင်းငှာ။ ဝိဟေသာယ=စိတ်နှလုံး၏ပင်ပန်းခြင်းငှာ။ ဝိလေခါယ=စိတ်နှလုံး၏ ရေးခြစ်ခြင်းငှာ။ သံဝတ္တန္တိ=ကုန်၏။

## ပါတိမောက္ခ ဥဒ္ဒိဿမာနေ-အရ

ကိုယ်တိုင်ပါတိမောက်ပြမှု,သူတပါးကိုပြခိုင်းမှု, ပါတိမောက်သရဇ္ဈာယ်မှုတို့ကိုယူပါ။

## ဝိနည်းကိုကဲ့ရဲ့ပုံ

ဣဒံ သိက္ခာပဒံ=ကို။ အနုဒ္ဒိဋ္ဌံ=မပြခြင်းသည်။ ဝရံ=မြတ်၏။ဣဒံ သိက္ခာပဒံ=ကို။ အနုဂ္ဂဟိတံ=အထက်အထက်၌မယူခြင်းသည်။ ဝရံ=၏။ အပရိယာပုဋံ=မသင်ခြင်းသည်။ ဝရံ=၏။ ဣဒံ သိက္ခာပဒံ ည်။ အဝဓာရိတံ=မဆောင်ခြင်းသည်။ ဝရံ=၏။ ဝိနယောဝါ=သည်လည်း။ အန္တရ ာယတု=ကွယ်စေသတည်း။ ဣမေ ဝါ ဘိက္ခူ=တို့သည်လည်း။ အပကတညူနော=ဝိနည်း၌ မလိမ်မာကုန်သည်။ ဟောန္တု=ဖြစ်စေကုန်သတည်း။ ဣတိ=ဤသို့။ ဥပသမ္ပန္နဿ=၏သန္တိကေ=၌။ ဝိနယံ=ကို။ ဝိဝဏ္ဏေတိ=ကဲ့ရဲ့၏။

## အာပတ်အဆုံးအဖြတ်

၁။ ဝိနည်းမှအခြားသော သုတ် အဘိဓမ္မာကိုကဲ့ရဲ့လျှင်ဖြစ်စေ, လူသာမဏေထံ၌ ဝိနည်း+သုတ် အဘိဓမ္မာကို ကဲ့ရဲ့လျှင်ဖြစ်စေ ဒုက္ကဋ်။
၂။ ရဟန်းထံ၌ဝိနည်းကို ကဲ့ရဲ့မှသာ ပါစိတ်။

**အနာပတ်**

န ဝိဝဏ္ဏေတုကာမော=ကဲ့ရဲ့ခြင်းငှာ အလိုမရှိသည်ဖြစ်၍။ ဣင်္ဃ= တိုက်တွန်း ၏။ တွံ=သည်။ သုတ္တန္တေ ဝါ=တို့ကိုဝင်း။ ဂါထာယော ဝါ=တို့ကိုဝင်း။ အဘိဓမ္မံ ဝါ=ကိုဝင်း။ ပရိယာပုဏဿု=သင်ဦးလော့။ ပစ္ဆာ=မှ။ ဝိနယံ=ကို။ ပရိယာပုဏိဿသိ= သင်ရလတံ့။ ဣတိ=ဤသို့။ ဘဏတိ= ၏။ အနာပတ္တိ=သင့်။

## မောဟနသိက္ခာပုဒ်

**အညာဏကေန အာပန္နာတိ ဇာနန္တု**

အညာဏကေန=မသိခြင်းကြောင့်။ အာပန္နာ=အာပတ်သို့ရောက် ၏။ ဣတိ=သို့။ ဇာနန္တု=သိစေကုန်သတည်း။ ဣတိ=ဤသို့။ ပါတိမောက္ခေ=ကို။ ဥဒ္ဒိဿမာနေ= အပ်သည်ရှိသော်။ ဧဝံ=သို့။ ဝဒန္တိ=ကုန်၏။ ဣဒါနေဝ ခေါ=ယခုအခါ၌သာလျှင်။ မယံ=တို့သည်။ အယံပိ ဓမ္မော=သည်လည်း။ သုတ္တာဂတော ကိရ=ပါတိမောက်၌ လာသတဲ့။ သုတ္တပရိယာပန္နော ကိရ=ပါတိမောက်၌ အကျုံးဝင်သတဲ့။ အန္ဝဒ္ဓမာသံ= လခွဲတိုင်းလခွဲတိုင်း။ ဥဒ္ဒေသံ=သရုပ်အားဖြင့်ပြအပ်သောအဖြစ်သို့။ အာဂစ္ဆတိ ကိရ= ရောက်သတဲ့။ ဣတိ=ဤသို့။ ဇာနာမ=သိရကုန်၏။ ဣတိ= ဤသို့။ ဝဒန္တိ=ကုန်၏။

**တဿ တေ အာဝုသော အလာဘာ**

ယံတွံ=ဟူးဟူးပြောပြောယုတ်မာသောအားဖြင့်။ တွံ=သည်။ ပါတိမောက္ခေ=ကို။ ဥဒ္ဒိဿမာနေ=အပ်သည်ရှိသော်။ သာဓုကံ=ကောင်းစွာ။ အဋ္ဌိံ ကတွာ=အလိုရှိသည် ကိုပြု၍။ န မနသိကရောသိ=နှလုံးမသွင်း။ (အောက်သုဒ္ဒိန္နကဏ္ဍ၌ အဋ္ဌကထာဆိုသော အတိုင်း သမ္ဗန်သောနည်းတည်း။ တနည်းကား၊ ယံကား လိင်ပြန်) ယံ-ယော တွံ= အကြင်သင်သည်။ ပါတိမောက္ခေ=ကို။ ပ။ န မနသိကရောသိ=နှလုံးမပြု။ အာဝုသော= ငါ့ရှင်။ တဿ တေ=ထိုသင်အား။ အလာဘာ=ရဟန်း၏အဖြစ်ကိုမရတော်စွ။ တဿ တေ=ထိုသင်သည်။ ဒုလ္လဒ္ဓံ=ရဟန်း၏အဖြစ်ကို မကောင်းသဖြင့် ရအပ်၏။

**အန္ဓဒွမာသဟူသည်**

ဥပုသ်နေ့တိုင်းကို ဆိုလိုသည်။

**ပါတိမောက္ခေ ဥဒ္ဒိဿမာနေ-အရ**

ကိုယ်တိုင်ပါတိမောက်ပြမှုကို ယူပါ။

(ဝိလေခနသိက္ခာပုဒ်နှင့်ထူးပုံကိုသတိပြုပါ)

**အာပတ်အဆုံးအဖြတ်**

၁။ မောဟာရောပနကံသို့ မတင်ရသေးမီ မသိချင်ယောင်ဆောင်လျှင် ဒုက္ကဋ်။

၂။ မောဟာရောပနကံသို့တင်ပြီးနောက် မသိချင်ယောင်ဆောင်လျှင် ပါစိတ်။

**အနာရောပိတေ မောဟေ**

မောဟေ=မောဟာရောပနကံသို့။ အနာရောပိတေ=မတင်အပ်သည်ရှိသော်။ မောဟေတိ=မိုက်ယောင်မှု၏။ ၂။ ဝိတ္ထာရေန=အကျယ်အားဖြင့်။ သုတံ=ကြားနာဘူးသည်။ န ဟောတိ=ဖြစ်။ ဥဒ္ဒိနကဒ္ဒတ္တိက္ခတ္တုံ= နှစ်ကြိမ် သုံးကြိမ် အောက်အယုတ်။ ဝိတ္ထာရေန=အားဖြင့်။ သုတံ=သည်။ ဟောတိ=၏။

**ပါတိမောက်အကျဉ်းပြမှုရှိ+မရှိ**

အနာပတ္တိ န ဝိတ္ထာရေန သုတံ ဟောတိကိုထောက်၍ ရှိသည်။

(ဝိ၊၂၁၉)

ပဟာရသိက္ခာပုဒ်

**ကုပိတော အနတ္တမနော တိ**

ကုပိတော အနတ္တမနောတိ-ကား။ အနတ္တမနော=မမွေ့လျော်သော စိတ်ရှိသည် ဖြစ်၍။ အာဟတစိတ္တော=ထိပါးသောစိတ်ရှိသည်ဖြစ်၍။ ခိလဇာတော=ငြောင့်တံသင်းကဲ့သို့ဖြစ်၍။

**အာပတ်မသင့်အောင်ပုတ်ခတ်နည်း**

ကေနစိ=တစ်စုံတစ်ယောက်သည်။ ဝိဟေဌီယမာနော=ညှဉ်းဆဲသည်ဖြစ်၍(ဝါ) ညှဉ်းဆဲသောကြောင့်။ မောက္ခာဓိပ္ပာယော=လွတ်လိုသည်ဖြစ်၍။ ပဟာရံ=ပုတ်ခတ်မှုကို။ ဒေတိ=ပေး၏။ အနာပတ္တိ=အာပတ်မသင့်။

## တလသတ္တိက သိက္ခာပုဒ်

**တလသတ္တိကံ ဥဂ္ဂိရန္တိ**

တလသတ္တိကံ=လှန်ကြွာရွက်နှင့်တူသော လက်ဝါးပြင်ကို။ ဥဂ္ဂိရန္တိ=ချီကုန် မိုးကုန်၏။ တေး=ထိုသတ္တရသဝဂ္ဂီ ရဟန်းတို့သည်။ ပဟာရ သမုဋ္ဌိတာ=ပုတ်ခတ်ခြင်းဖြင့် လေ့ကျက်အပ်ကုန်သည်ဖြစ်၍။ (ဝါ)ပုတ်ခတ်ခြင်းမှကြောက်ကုန်သည်ဖြစ်၍။ ရောဒန္တိ= ကုန်၏။

## အမူလကသိက္ခာပုဒ်

**အမူလကသရုပ်**

၁။ အဒိဋ္ဌ၊

၂။ အသုတ၊

၃။ အပရိသင်္ကိတ။

**သံဃာဒိသေသေန-အရ**

သံဃာဒိသေသ် (၁၃) ပါးတို့တွင် တစ်ပါးပါးကိုယူပါ။

**ကိုယ်တိုင်စွပ်စွဲမှသာ အာပတ်သင့်သလား**

ပဒဘာဇနီ၌ အနုဒ္ဓံသေယျကို စောဒေတိ ဝါ စောဒါပေတိ ဝါ ဟုဖွင့်သော ကြောင့် ကိုယ်တိုင်စွပ်စွဲမှသာ အာပတ်သင့်သည်မဟုတ်၊ အခြား သူကို စွပ်စွဲခိုင်းလည်း အာပတ်သင့်သည်။

### အဆုံးအဖြတ်

၁။ အာစာရဝိပတ္တိ (ပါစိတ်စသော အာပတ်၅-ပုံ)ဖြင့်ဖြစ်စေ, ဒိဋ္ဌိ ဝိပတ္တိဖြင့်ဖြစ်စေ စွပ်စွဲလျှင် ဒုက္ကဋ်။

၂။ လူသာမဏေကို စွပ်စွဲလျှင်လည်း ဒုက္ကဋ်။

## သဉ္စိစ္စသိက္ခာပုဒ်

### ဆဗ္ဗဂ္ဂီရဟန်းတို့ သတ္တရသဝဂ္ဂီရဟန်းတို့အား ကုက္ကုစ္စဖြစ်အောင်လုပ်ဆောင်နေကြပုံ

အာဝုသော=တို့။ ဦးနဝီသတိဝဿော=သော။ ပုဂ္ဂလော=ကို။ နဥပသမ္ပာဒေတဗ္ဗော=အပ်။ ဣတိ=ဤသို့။ ဘဂဝတာ=သည်။ သိက္ခာပဒံ= ကို။ ပညတ္တံ=အပ်၏။ တုမှေ စ=တို့သည်လည်း။ ဦနဝီသတိဝဿာ=ကုန် သည်ဖြစ်၍။ ဥပသမ္ပန္နာ=ခံကုန်၏။ ကစ္စိ=အသို့နည်း။ တုမှေ=တို့သည်။ အနုပသမ္ပန္နာနု=လူသာမဏေတို့တုံလော။ ဣတိ= ဤသို့။ ဥပဒဟန္တိ= ကုန်၏။

### ကုက္ကုစ္စံ ဥပဒဟေယျ-၌ ကုက္ကုစ္စဖြစ်စေပုံ (၄)နည်း

၁။ တွံ=သည်။ ဦနဝီသတိဝဿော=အနှစ်နှစ်ဆယ်မပြည့်ဘဲ။ ဥပသမ္ပန္နော မညေ=ပဉ္စင်းခံယောင်တကား။

၂။ တယာ=သည်။ ဝိကာလေ=၌။ ဘုတ္တံ မညေ=စားအပ် ယောင်တကား။

၃။ တယာ=သည်။ မဇ္ဇံ=သေအရက်ကို။ ပိတံ မညေ=သောက်အပ် ယောင်တကား။

၄။ တယာ=သည်။ မာတုဂါမေန=နှင့်။ သဒ္ဓိံ=ကွ။ ရဟော=နားမျက်စိ ဆိတ်ကွယ်ရာ၌။ နိသိန္နံ မညေ=နေအပ်ယောင်တကား။

## ဥပဿုတိသိက္ခာပုဒ်

### ဘေဿလေဟိ ဘိက္ခူဟိ

ဘေဿလေဟိ=ကုန်သော။ ဘိက္ခူဟိ=တို့နှင့်။ သဒ္ဓိံ=ကွ။ ဘဏ္ဍနဇာတာ= ခိုက်ရန်ဖြစ်ကုန်၏။ ပေသလာ=ကုန်သော။ ဘိက္ခူ=တို့သည်။ ဧဝံ=ဤသို့။ ဝဒန္တိ=ကုန်၏။ အာဝုသော=

တို့။ ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဣမေ ဘိက္ခူ=တို့သည်။ အလဇ္ဇိနော=အရှက်မရှိကုန်။ ဣမေဟိ=ဤဆဗ္ဗဂ္ဂီတို့နှင့်။ သဟ=ကွ။ ဘဏ္ဍိတုံ=ငှာ။ န သက္ကာ=မတတ်ကောင်း။ ဣတိ=ဤသို့။ ဝဒန္တိ=ကုန်၏။

## ဆဗ္ဗဂ္ဂိယာ ဘိက္ခူ ဧဝံ ဝဒန္တိ

ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဘိက္ခူ=တို့သည်။ ဧဝံ=ဤသို့။ ဝဒန္တိ=ကုန်၏။ အာဝုသော=တို့။ ကိဿ=ကြောင့်။ တုမှေ=တို့သည်။ အမှေ=တို့ကို။ အလဇ္ဇိဝါဒေန=အလဇ္ဇီဟူသောပြောဆိုခြင်းဖြင့်။ ပါပေထ=ရောက်စေကြကုန်သနည်း။ ဣတိ=ဤသို့။ ဝဒန္တိ=ကုန်၏။ အာဝုသော=တို့။ ကထံ=အဘယ်သို့သောအခြင်းအရာဖြင့်။ တုမှေ=တို့သည်။ အဿုတ္ထ= ကြားကြကုန်သနည်း။ ဣတိ=ဤသို့။ ဝုတ္တေ=သော်။ (ထည့်)။ မယံ=တို့သည်။ အာယသ္မန္တာနံ=တို့၏။ ဥပဿုတိံ=အသံစကားကိုကြားကောင်းသောအနီးအရပ်၌။ တိဋ္ဌမှာ=တည်ကြကုန်၏။ ဣတိ=ဤသို့။ အဝေါစုံ=ကုန်၏။

## ယော ပန ဘိက္ခု ဘိက္ခူနံ

ယော ပနဘိက္ခူ=သည်။ ဘဏ္ဍနဇာတာနံ=ဖြစ်သောခိုက်ရန်ရှိကုန်သော။ ကလဟဇာတာနံ=ဖြစ်သော ငြင်းခုံခြင်းရှိကုန်သော။ ဝိဝါဒါပန္နာနံ=ဆန့်ကျင်သောစကားကို ဆိုခြင်းသို့ရောက်ကုန်သော။ ဘိက္ခူနံ=တို့၏။ ဥပဿုတိံ=စကားကိုကြားကောင်းသော အနီးအရပ်၌။ တိဋ္ဌေယျ=တည်ငြားအံ့။

## အာပတ်အဆုံးအဖြတ်

၁။ "ဤရဟန်းတို့၏ စကားကိုကြားရ၍ စောဒနာမည်" စသောအကြံဖြင့်သွားလျှင် ဒုက္ကဋ်သင့်၍ ရပ်တည်ရာအရပ်၌ နားထောင်လျှင် ပါစိတ်သင့်သည်။

၂။ နောက်ကသွားလသော် "နားထောင်မည်"ဟုကြံ၍ မြန်မြန်သွားလျှင် ဒုက္ကဋ်သင့်၍ ရပ်တည်ရာအရပ်၌ နားထောင်လျှင် ပါစိတ်သင့်သည်။

၃။ ရှေ့ကသွားလသော် နားထောင်မည်ဟုကြံ၍ ကျန်ရစ်လျှင် ဒုက္ကဋ်သင့်၍ ရပ်တည်ရာအရပ်၌ နားထောင်လျှင် ပါစိတ်သင့်သည်။

၄။ ရဟန်း၏ရပ်နေရာအရပ်စသည်သို့ရောက်၍ တိုင်ပင်သော် ချောင်းဟန့်ရမည်။ မိမိရောက်ကြောင်း အသိပေးရမည်၊ ယင်းကိစ္စနှစ်ရပ်တို့ကို မလုပ်လျှင် ပါစိတ်သင့်သည်။

**အနာပတ္တိ ကမ္မေသံ သုတွာ**

ကမ္မေသံ=တို့၏။ ဝစနံ=ကို။ သုတွာ=၍။ သြရမိဿာမိ=ရှောင်ကြဉ်အံ့။ ဝိရမိဿာမိ=အထူးရှောင်ကြဉ်အံ့=ဝူပသမိဿာမိ=ငြိမ်းစေအံ့။ အတ္တာနံ=ကို။ ပရိမောစေဿာမိ=လွတ်စေအံ့။ ဣတိ=ဤသို့။ ဂစ္ဆတိ=၏။ အနာပတ္တိ=သင့်။

## ကမ္မပ္ပဋိဗာဟနသိက္ခာပုဒ်

**န မယံ အာဝုသော ဧတဒတ္ထာယ**

အာဝုသော=ရှင်။ မယံ=တို့သည်။ ဧတဒတ္ထာယ=ထိုသင်အား ကံပြုခြင်းအကျိုးငှါ။ တုယှံ=သင်အား။ ကမ္မံ=ကို။ ကရိဿတိ=လတံ့။ ဣတိ=ဤသို့။ ဆန္ဒံ=ကို။ နအဒမှာ=မပေးကုန်။ မယံ=တို့သည်။ တုယှံ= အား။ ကမ္မံ=ကို။ ကရိဿတိ=လတံ့။ ဣတိ=ဤသို့။ သစေဇာနေယျာမ=အကယ်၍ သိကုန်ငြားအံ့။ မယံ=တို့သည်။ န ဒဒေယျာမ=မပေးကုန်ရာ။ ဣတိ=ဤသို့။ အဝေါစုံ=ကုန်၏။

**ဓမ္မိကကမ္မဟူသည်**

ဟုတ်မှန်သောသဘော, စောဒနာသာရဏာဝိနည်း, ဘုရားရှင်၏ အဆုံးအမဖြစ်သော ဉာတ်ကမ္မဝါစာဖြင့် ပြုအပ်သော အပလောကနကံ, ဉာတ္တိကံ, ဉာတ္တိဒုတိယကံ, ဉာတ္တိစတုတ္ထကံတို့ ဖြစ်ကြသည်။

**အနာပတ္တိ အဓမ္မေန ဝါ**

အဓမ္မေန ဝါ=မဟုတ် မမှန်သဖြင့်၎င်း။ ဝဂ္ဂေန ဝါ=ဝဂ်ဖြစ်သဖြင့်၎င်း။ န ကမ္မာရဟဿ ဝါ=ကံမထိုက်သော ရဟန်းအား၎င်း။ ကမ္မံ=ကို။ ကတံ=အပ်၏။ ဣတိ=ဤသို့။ ဇာနန္တော=သိသည်ဖြစ်၍။ ခိယျတိ=ရှုတ်ချ၏။ အနာပတ္တိ=သင့်။

## ဆန္ဒ အဒတွာ ဂမနသိက္ခာပုဒ်

**သံယေ ဝိနိစ္ဆယကထာ နာမ**

ဝတ္ထုကိုပြောကြားပြီး၍ မဆုံးဖြတ်ရသေးခြင်း, ဉတ်ထားပြီး၍ ကမ္မဝါစာ မပြီးဆုံးသေးခြင်းဟူသော အင်္ဂါနှစ်ချက်နှင့်ညီညွတ်သည့်ကာလ။

**အာပတ်သင့်ပုံ**

ပရိသတ်၏ဟတ္ထပါသ်ကို စွန့်သောရဟန်းအား ဒုက္ကဋ်သင့်၍ စွန့်ပြီးလသော် ပါစိတ်သင့်သည်။

## ဒုဗ္ဗလသိက္ခာပုဒ်

**ယထာသန္ထုတံ နာမ**

ယထာသန္ထုတံနာမ=ကား။ ယထာမိတ္တတာ=ချီးမွမ်းအပ်သော အဆွေခင်ပွန်းအားလျော်သောအဖြစ်။ ယထာသန္ဒိဋ္ဌတာ=အကျွမ်းမဝင် မြင်ဘူးကာမျှသော အဆွေခင်ပွန်းအားလျော်သောအဖြစ်။ ယထာသမ္ဘတ္တတာ=အကျွမ်းဝင်လှ ဆည်းကပ်ခလျက် ဘက်ကွသုံးဆောင်စားသောက်ဘူးသော အဆွေခင်ပွန်းအားလျော်သောအဖြစ်။ ယထာသမာနုပဇ္ဈာယကတာ=တူသော ဥပဇ္ဈာယ်ရှိသောသူအားလျော်သောအဖြစ်။ ယထာသမာနာစရိယကတာ=တူသောဆရာရှိသောသူအားလျော်သောအဖြစ်။ ပ။ စီဝရံ-စီဝရေ=ကို။ ဒိန္နေ=အပ်သည်ရှိသော်။

**အနာပတ္တိ ပကတိယာ ဆန္ဒာ**

ပကတိယာ=သဘောအားဖြင့်။ ဆန္ဒာ=ချစ်ခြင်းကြောင့်။ ဒေါသာ=အမျက်ထွက်ခြင်းကြောင့်။ မောဟာ=တွေဝေခြင်းကြောင့်။ ဘယာ=ကြောက်ခြင်းကြောင့်။ ကရောန္တံ=ပြုသည်ကို။ ခိယျတိ=၏။တသ=ထိုရဟန်းအား။ ဒိန္နေန=ပေးသဖြင့်။ ကွတ္တော=အဘယ်အကျိုးရှိအံ့နည်း။ လဒ္ဓါပိ=ရအပ်သော်လည်း။ ဝိနိပါတေဿတိ=ဖျက်ဆီးလတံ့။သမ္မာ=ကောင်းစွာ။ နဉပနေဿတိ=မဆောင်လတံ့။ ဣတိ=ဤသို့။ ခိယျတိ=၏။အနာပတ္တိ=သင့်။

## ပရိဏာမနသိက္ခာပုဒ်

### နိဿဂ္ဂိလာ ပရိဏာမနသိက္ခာပုဒ်နှင့် သုဒ္ဓပါစိတ်လာ ပရိဏာမန သိက္ခာပုဒ်တို့ အထူး

နိဿဂ္ဂိလာပရိဏာမနသိက္ခာပုဒ်သည် မိမိအားညွတ်စေခြင်းဖြစ်၍ သုဒ္ဓပါစိတ်လာ ပရိဏာမနသိက္ခာပုဒ်သည် ပုဂ္ဂိုလ်အား ညွတ်စေခြင်းဖြစ်သည်။

## ရတနဝဂ်
## အန္တေပုရသိက္ခာပုဒ်

### နာရဟတာယံ ပုရိသော ပါပေါ

ယထာ=အကြင်သို့သောအခြင်းအရာဖြင့်။ ဘဂဝန္တံ=ကို။ ပယိရုပါသတိ=၏။ တထာ=ထိုသို့သောအခြင်းအရာကြောင့်။(ထည့်) အယံ ပုရိသော=သည်။ ပါပေါ=သည်။ ဟောတုံ=ငှာ။ နာရဟတိ=မထိုက်။ ဣတိ=ဤသို့။ ဧတဒဟောသိ=(ပြန်)။ ဣတိ=ဤသို့။

### နာရဟတာယံ ဥပါသကော

အထခေါ=၌။ပ။ အယံ ဥပါသကော=သည်။ ဩရကော=ယုတ်သည်။ဟောတုံ=ငှာ။ နာရဟတိ=မထိုက်။ဘဂဝါပိ=သည်လည်း။ ဣမဿ=ဤဥပါသကာ၏။ ဝဏ္ဏံ=ကို။ ဘာသတိ=၏။ ဣတိ=ဤသို့။ ဧတဒဟောသိ=(ပြန်)။ ဣတိ=ဤသို့ကြံ၍။ တံ ဥပါသကံ=ကို။ ဧတံဝစနံ=ကို။ အဝေါစ=၏။ဥပသက=ဥပါသကာ။ ယေန=အကြင်ဝတ္ထုဖြင့်။ အတ္ထော=အလိုရှိ၏။ တံ=ထိုဝတ္ထုကို။ ဝဒေယျာသိ=ဆိုပါလှည့်။ ဣတိ=ဤသို့။ အဝေါစ=၏။

### ယမဟံ ဒေဝ ဇာနာမိ

ဒေဝ=မင်းကြီး။အဟံ=သည်။ အယျာနံ=တို့၏။ ဝါဟသာ=အကြောင်းကြောင့်။ ယံခမ္ပံ=အကြင်တရားကို။ ဇာနာမိ=၏။တံခမ္ပံ=ကို။ အယျာဝ=တို့သည်သာလျှင်။ ဒေဝဿ=မင်းကြီး၏။ကုတ္တာဂါရံ=ကို။ ဝါစေယန္တိ=သင်စေကုန်လတ့်။ ဣတိ=ဤသို့။ အဝေါစ=၏။

## သာမု ဘန္တေ ဘဂဝါ

ဘန္တေ=မြတ်စွာဘုရား။သာမု=တောင်းပန်ပါ၏။ ဘဂဝါ=သည်။ ယောဘိက္ခု=သည်။ အမှာကံ=တို့၏။ ဣတ္ထာဂါရံ=ကို။ ဓမ္မံ=ကို။ ဝါစေဿတိ=လတံ့။ ဧကံ=သော။ ဘံဘိက္ခုံ=ကို။ အာဏာပေတု=စေခိုင်းတော်မူပါလော့။ ဣတိ=ဤသို့။ အဝေါစ=၏။

## အဒ္ဒသာ ခေါ မလ္လိကာ

မလ္လိကာ=သော။ ဒေဝီ=သည်။ အာယသ္မန္တံ အာနန္ဒံ=ကို။ ဒူရတော ဝ=မှသာလျှင်။ အာဂစ္ဆန္တံ=ကို။ အဒ္ဒသခေါ=လျှင်တည်း။ ဒိသွာန=၍။ သဟသာ=အဆောတလျင်။ ဝုဋ္ဌာသိ=ထ၏။ ပီတကမဋ္ဋံ=ဝါဝင်းပြေပြစ်သော။ ဒုဿံ=ပုဆိုးသည်။ ပဘဿိတ္ထ=လျှောကျ၏။ အထခေါ=၌။ အာယသ္မာ အာနန္ဒော=သည်။ တတော ဝ=ထိုပုဆိုးလျှောကျသည်ကို မြင်ရာအရပ်မှသာလျှင်။ ပဋိနိဝတ္တေတွာ=ပြန်နစ်၍။

## ဣဓ ဘိက္ခဝေ ရာဇာ

ဘိက္ခဝေ=တို့။(ဣဓကား နိပါတ်မျှသာ)။ရာဇာ=သည်။ မဟေသိယာ=နှင့်။ သဒ္ဓိံ=ကွ။ နိသိန္နော=သည်။ ဟောတိ=၏။ တတ္ထ=ထိုနေရာအရပ်သို့။ ဘိက္ခု=သည်။ ပဝိသတိ=ဝင်၏။ မဟေသီ ဝါ=သည်လည်း။ ဘိက္ခုံ=ကို။ ဒိသွာ=၍။ သိတံ=ပြုံးခြင်းကို။ ပါတု ကရောတိ=၏။ ဘိက္ခု ဝါ=သည်လည်း။ မဟေသိံ=ကို။ ဒိသွာ=၍။ သိတံ=ကို။ပါတု ကရောတိ=၏။ တတ္ထ=ထိုသို့ပြုံးခြင်းကိုပြုရာ၌။ ရညော=အား။ဧဝံ=ဤသို့သောအကြံသည်။ ဟောတိ=၏။ အဒ္ဓါ=စင်စစ်မချွတ်။ ဣမေသံ=ဤရဟန်းမိဘုရားတို့သည်။ ကတံ ဝါ=လွန်ကျူးသောအမှုကို ပြုမူလည်းပြုအပ်ပြီ။ ကရိဿန္တိ ဝါ=ပြုမူလည်း ပြုကုန်လတံ့။ ဣတိ=ဤသို့သောအကြံသည်။ ဟောတိ=၏။

## ပုန စ ပရံ ဘိက္ခဝေ ရာဇာ ဗဟုကိစ္စော

ဘိက္ခဝေ=တို့။ ပုနစပရံ=တဖန်တခြားတပါးတုံလည်း။ ရာဇာ=သည်။ ဗဟုကိစ္စော=၏။ ဗဟုကရဏီယော=၏။ အညတရံ=သော။ဣတ္ထိံ=ကို။ ဂန္တွာ=၍။ နသရတိ=မအောက်မေ့မိ။ သာ=ထိုမိန်းမသည်။ တေန=ထို မင်းသွားလာခြင်းကြောင့်။

ဂဏ္ဍံ=ကိုယ်ဝန်ကို။ ဂဏှိ=၏။ တတ္ထ=ထိုသို့ယူရာ၌။ ရညော=အား။ ဇဝံ=သည်။ ဟောတိ=၏။ ကြမေ=ဤအရပ်သို့။ ပဗ္ဗဇိတေန=ကို။ အညတြ=၍။ အညော=သော။ ကောစိ=သည်။ နှ ပဝိသတိ=မဝင်။ ပဗ္ဗဇိတဿ=၏။ကမ္မံ=သည်။ သိယာ နု ခေါ်=ဖြစ်လေသလော။ ကြတိ=သည်။ ဟောတိ=၏။

## အဗ္ဘန္တရာ ဂုယှမန္တာ

ဘိက္ခဝေ=တို့။ ပုနစပရံ=တုံလည်း။ ရညော=၏။ အန္တေပုရေ=၌။ အဗ္ဘန္တရာ= အတွင်း၌ဖြစ်ကုန်သော။ ဂုယှမန္တာ=လျှို့ဝှက်အပ်သော အတိုင်အပင်တို့သည်။ ဗဟိဒ္ဓါ= အပ၌။ သမ္ဘေဒံ=ရောနှောပျက်ခြင်းသို့။ ဂစ္ဆန္တိ=ကုန်၏။ တတ္ထ=ထိုရောက်ရာ၌။ ရညော= အား။ ဇဝံ=သည်။ ဟောတိ=၏။

## ပုတ္တော ပိတရံ ပတ္ထေတိ

ဘိက္ခဝေ=တို့။ ပုနစပရံ=တုံလည်း။ ရညော=၏။အန္တေပုရေ=၌။ ပုတ္တော ဝါ= သည်လည်း။ ပိတရံ=ကို။ ပတ္ထေတိ=၏။ တေသံ=ထိုသားအဘတို့အား။ ဇပံ=သည်။

## ရာဇာ နီစဋ္ဌာနိယံ ဥစ္စေ

ရာဇာ=သည်။ နီစဋ္ဌာနိယံ=နိမ့်သောအရာဌာနရှိသောသူကို။ ဥစ္စေ ဌာနေ= မြင့်မြတ်သောနေရာဌာန၌။ ထပေတိ=၏။ ယေသံ=အကြင်သူတို့သည်။ တံ=ထိုသို့ ထားခြင်းကို။အမနာပံ=မနှစ်သက်အပ်။ တေသံ=တို့အား။ ဇဝံ=သည်။ ဟောတိ=၏ ရာဇာခေါ်=သည်ကား။ ပဗ္ဗဇိတေန=နှင့်။ သံသဋ္ဌော=နှီးနှော၏။

## ရညော ရာဇန္တေပုရံ ဟတ္ထိသမ္မဒ္ဒံ

ဘိက္ခဝေ=တို့။ ပုနစပရံ=တုံလည်း။ ရညော=၏။ အန္တေပုရံ=သည်။ ဟတ္ထိသမ္မဒ္ဒံ ဆင်တို့ဖြင့် ကျဉ်းမြောင်းရာတည်း။ အဿသမ္မဒ္ဒံ=မြင်းတို့ဖြင့် ကျဉ်းမြောင်းရာတည်း ရထသမ္မဒ္ဒံ=ရထားတို့ဖြင့်ကျဉ်းမြောင်းရာတည်း။ ယာနိ=အကြင်ရူပါရုံစသည်တို့သည် ပဗ္ဗဇိတဿ=အား။ နသာရုပ္ပါနိ=မလျောက်ပတ်ကုန်။ ရဇနိယာနိ=တပ်နှစ်သက်ဘွယ

ရှိကုန်သော။ တာနိ ရူပသဒ္ဒဂန္ဓရသဖောဋ္ဌဗ္ဗာနိ=ထိုရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည်။ အန္တေပုရံ=၌။ (လိုက်စေ) သန္တိ=ကုန်၏။

**မင်းနန်းတော်သို့ဝင်ခြင်း၏အပြစ်(၁၀)ပါး**

၁။ မင်း၏ မိဖုရားနှင့်အတူ ထိုင်နေရာအရပ်သို့ ရဟန်းဝင်သော် မိဖုရားနှင့်ရဟန်းတို့အချင်းချင်း ပြုံးရယ်ရာ၌ မချုတ်ဇကေန် ဤရဟန်း, မိဖုရားတို့သည် မေထုန်လွန်ကျူးပြီးလျှင် ပြီးကြမည်။ သို့မဟုတ် လွန်ကျူးလျှင် လွန်ကျူးကြမည်ဟု မင်းအထင်လွဲခံရခြင်း။

၂။ မင်းသည် အလုပ်ကိစ္စများ၍ မိန်းမတစ်ယောက်ကို လွန်ကျူးသွားလာပါလျက် သတိမရဘဲရှိရာ ထိုမိန်းမသည် ထိုမင်း၏ လွန်ကျူးသွားလာမှုကြောင့် ကိုယ်ဝန်တည်ရာ၌ "ဤအရပ်သို့ ရဟန်းမှတပါး အခြားတစ်ယောက်မျှ မဝင်၊ ရဟန်း၏ လုပ်ရပ်ဖြစ်လေမည်လား"ဟု မင်းအထင် လွဲခံရခြင်း။

၃။ မင်းနန်းတော်တွင်းဝယ် ရတနာတစ်မျိုးမျိုးပျောက်ရာ၌ "ဤအရပ်သို့ (ပ) မည်လား"ဟု မင်းအထင် လွဲခံရခြင်း။

၄။ မင်းနန်းတော်တွင်းဝယ် အတွင်းလျှို့ဝှက်အပ်သော အတိုင်အပင်တို့ ပြင်ပတွင် ရောနှောရာ၌ ဤအရပ်သို့ (ပ)မည်လားဟု မင်းအထင် လွဲခံရခြင်း။

၅။ မင်းနန်းတော်တွင်းဝယ် သားအဖအချင်းချင်းသတ်လိုရာ၌ "ဤအရပ်သို့ (ပ)မည်လား"ဟု သားအဖတို့၏ အထင်လွဲခံရခြင်း။

၆။ ရာထူးနိမ့်သူကို ရာထူးတိုးပေးသော မင်း၏လုပ်ရပ်ကို မနှစ်သက်ကြသော သူတို့၏ "မင်းသည် ရဟန်းနှင့်နီးနှော၏၊ ရဟန်း၏ လုပ်ရပ်ဖြစ်လေမည်လား"ဟု အထင်လွဲခံရခြင်း။

၇။ ရာထူးမြင့်သူကို ရာထူးချသော မင်း၏လုပ်ရပ်ကို မနှစ်သက်ကြသော လူတို့၏ 'မင်းသည်(ပ)မည်လား"ဟု အထင်လွဲခံရခြင်း။

၈။ အခါမဲ့၌ စစ်တပ်ကို စေလွှတ်သောမင်း၏ လုပ်ရပ်ကို မနှစ်သက်ကြသော သူတို့၏ "မင်းသည်(ပ)မည်လား"ဟု အထင်လွဲခံရခြင်း။

၉။ အချိန်ကောင်း၌ စစ်တပ်ကိုစေလွှတ်၍ လမ်းခရီးကြားမှ ပြန်ဆုတ် ခိုင်းသော မင်း၏လုပ်ရပ်ကို မနှစ်သက်ကြသော လူတို့၏ "မင်းသည်(ပ)မည်လား"ဟု အထင်လွဲခံရခြင်း။

၁၀။ နန်းတော်သည် ဆင်, မြင်း, ရထားတို့ဖြင့် ကျဉ်းမြောင်းရာအရပ် ဖြစ်သည့် အပြင် ရဟန်းအား မလျှောက်ပတ်သော နှစ်သက်ဖွယ်ကောင်းသည့် အာရုံ(၅)ပါးတို့ ရှိရာအရပ်ဖြစ်ခြင်း။

**(ဆောင်) ရဟန်းမိဖုရား နှစ်ပါးပြုံးရယ်၊ မောင်းမငယ်၌၊ တွယ်သည့် ကိုယ်ဝန်၊ ထူးချွန်ရတနာ၊ ပျောက်ရာတချက်၊ လျှို့ဝှက်တိုင်ပင်၊ ပြင်မှာနှော့ငြား၊ သားလည်းဘကို၊ လုပ်ကြံလို၏၊ နိမ့်ကိုမြှင့်ငြား၊ မြင့်ကားနိမ့်ရာ၊ အခါမဟုတ်၊ စစ်ကိုနုတ်ခြင်း၊ ဟုတ်သည် အခါ၊ နုတ်ပြီးကာမှ၊ လာဟုခေါ်ခြင်း၊ ဆင်မြင်းရထား၊ သွားရာကျဉ်းမြောင်း၊ ကောင်းသည်အာရုံ၊ လွန်ပြည့်စုံသည်။ ရွှေဘုံနန်းတွင်းဝင်ရာ အပြစ်တည်း။**

## ခတ္တိယဟူသည်

မိဖက်, ဖဖက်နှစ်ပါးစုံမှ ကောင်းစွာ မွေးဖွားလာခြင်း, သူ၏မိခင် ဝမ်းတိုက် စင်ကြယ်ခြင်း, ဘိုးလေး(၇)ဆက်တိုင်အောင် အမျိုးဇာတ်နှင့်စပ်သော စကားဖြင့် မပစ်ပယ်ခံရ မဆဲရေးခံရခြင်းဟူသော အင်္ဂါ(၃)ချက်နှင့် ပြည့်စုံသူဖြစ်သည်။

## မုဒ္ဓါဝသိတ္တော

မင်း၏အဘိသိက်ဖြင့် ဦးထိပ်၌ ဘိသိက်သွန်းပြီးသူ။

## အနိက္ခန္တရာဇကေ

မင်း၏အိမ်ရာတိုက်ခန်းမှ မထွက်ရသေးခြင်း။

## အနိဂ္ဂတရတနကေ

မိဖုရား၏အိမ်ရာတိုက်ခန်းမှ မထွက်ရသေးခြင်း။

**အိမ်ခန်းဆောင်မှနှစ်ပါးစုံမထွက်သေးလျှင်လည်း မပန်ကြားဘဲ မဝင်ကောင်း**

ဥဘော ဝါ အနိက္ခန္တာ ဟောန္တိ-ကိုထောက်ပါ။

(ဝိ၊၂၊၂၀၉)

**ဣန္ဒခီလော-အရ**

အိပ်ခန်းဆောင်၏တံခါးခုံကိုယူပါ။

**သယနီယဃရ-အရ**

မင်း၏ အိပ်ရာခင်းထားအပ်သောနေရာအားလုံး၊ ဆောက်ထစ်ဆုံးအားဖြင့် တင်းတိမ်ကန့်လန့်ကာဖြင့် ကာရံအပ်သောနေရာကိုယူပါ။

**အာပတ်သင့်ပုံ**

ပထမခြေလှမ်း တံခါးခုံကိုလွန်စေလျှင် ဒုက္ကဋ်သင့်၍ ဒုတိယခြေလှမ်း ားကို လွန်စေလျှင် ပါစိတ်သင့်သည်။

ရတနသိက္ခာပုဒ်

**အစိရဝတီယာ နဒိယာ**

အစိရဝတီယာ=အမည်ရှိသော။ နဒိယာ=၌။ နှာယတိ=ရေချိုး၏။ အညတရော= သော။ ဗြာဟ္မဏောပိ=သည်လည်း။ ပဉ္စသတာနံ=ငါးရာတို့၏။ ထဝိကံ=အိတ်ကို။ ထလေ=ကြည်းကုန်း၌။ နိက္ခိပိတွာ=ချထား၍။ အစိဝရတီယာ=သော။ နဒိယာ=၌။ နှာယန္တော=ရေချိုးသည်ရှိသော်။ ဝိဿရိတွာ=မေ့လျော့၍။ အဂမာသိ=၏။အထခေါ=၌။ သော ဘိက္ခု=သည်။ တဿ ဗြာဟ္မဏဿ=၏။ အယံ ထဝိကာ=ဤဥစ္စာအိတ်သည်။ မာ နဿိ=မပျောက်စေလင့်။ ဣတိ=ဤသို့။ အဂ္ဂဟေသိ=၏။ အထခေါ=၌။ သောဗြာဟ္မဏော=သည်။ သရိတွာ=သတိရ၍။ တံ ဘိက္ခုံ=ကို။ ဧတံ ဝစနံ=ကို။ အဝေါစ=၏။ ဘော=ရှင်ရဟန်း။မေ=၏။ ထဝိကံ=အိတ်ကို။ အပိပဿေယျာသိ=မြင်ပါသလော။ ဣတိ= ဤသို့။ အဝေါစ=၏။

### ကေန နု ခေါ အဟံ

အထခေါ=၌။ ပ။ ကေန ဥပါယေန=အဘယ်သို့သော အကြောင်းဖြင့်။ က္ကမသဘိက္ခုနော=အား။ ပုဏ္ဏပတ္တံ=နှလုံးအလိုပြည့်သည်၏ အဖြစ်ကြောင့် ရောက်အပ်သောအဘို့ကို။ နဒဒေယျံနုခေါ=မပေးရအံ့နည်း။ က္ကတိ=ဤသို့။ ဧတဒဟောသိ။ ဘောအရှင်ရဟန်း။ မေ=၏။သန္တကံ=ဥစ္စာသည်။ (ထည့်)။ ပဋ္ဌသဘာနိ=ငါးရာတို့သည်။ န=မဟုတ်ကုန်။ မေ=၏။ သန္တကံ=သည်။ သဟဿံ=တထောင်ဘည်း။ က္ကတိ=ဤသို့။ ပလိဗုဒ္ဓိတွာ=နှောင့်ရှက်၍။ မုဥ္စိ=လွှတ်၏။

### သာဝတ္ထိယာ ဥဿဝေါ

သာဝတ္ထိယာ=၌။ ဥဿဝေါ=ပွဲသဘင်သည်။ ဟောတိ=၏။ မနုဿာ=တို့သည်။ အလင်္ကတပဋိယတ္တာ=တန်ဆာဆင်ခြင်းနှင့် စပ်ကုန်သည်ဖြစ်၍။ ဥယျာနံ=သို့။ ဂစ္ဆန္တိ=ကုန်၏။

### ဝိသာခါပိ မိဂါရမာတာ

မိဂါရမာတာ=မိဂါရသူဌေး၏ အမိအရာ၌တည်သော။ ဝိသာခါပိ=သည်လည်း။ အလင်္ကတပဋိယတ္တာ=၍။ ဥယျာနံ=သို့။ ဂမိဿာမိ=သွားအံ့။ က္ကတိ=ဤသို့။ ဂါမတော=မှ။ နိက္ခမိတွာ=ထွက်ပြီးသည်ရှိသော်။ အဟံ=သည်။ဥယျာနံ=သို့။ ဂန္တွာ=၍။ကိံကရိဿာမိ=အဘယ်ပြုအံ့နည်း။ အဟံ=သည်။ ဘဂဝန္တံ=ကို။ ပယိရုပါသေယျံ=ဆည်းကပ်ရမူကား=ယန္နူန=ကောင်းလိမ့်မည်။ က္ကတိ=ဤသို့။ အာဘရဏံ=မဟာလ္လတာ တန်ဆာကို။ ဩမုဉ္စိတွာ=ချွတ်၍။ ဥတ္တရာသင်္ဂေန=ကိုယ်ဝတ်ဖြင့်။ ဘဏ္ဍိကံ=အထုပ်ကို။ ဗန္ဓိတွာ=ဖွဲ့၍။ ဒါသိယာ=ကျွန်မအား။ အဒါသိ=၏။ ဇေ=ကျွန်မ။ ဟန္ဒ=ယခု။ က္ကမံဘဏ္ဍိကံ=ဤတန်ဆာထုပ်ကို။ ဂဏှာဟိ=လော့။ က္ကတိ=ဤသို့။ အဒါသိ=၏။

## ကမ္မန္တဂါမော ဟောတိ

ကမ္မန္တဂါမော=အမှုလုပ်ရွာသည်။ ဟောတိ=၏။ တေန စ ဂဟပတိနာ= ထို အနာထပိဏ်သူကြွယ်သည်လည်း။ ဘဒ္ဒန္တာ=အရှင်ကောင်းတို့သည်။ သစေအာဂစ္ဆန္တိ= အကယ်၍လာကုန်သည်ဖြစ်အံ့။ ဘတ္တံ=ဆွမ်းကို။ ကရေယျာသိ=လုပ်ကျွေး လေလော့။ ဣတိ=ဤသို့။ အန္တေဝါသီ=အနီးနေတပည့်ကို။ အာဏတ္တော=စေခိုင်းအပ်သည်။ ဟောတိ=၏။

## အင်္ဂုလိမုဒ္ဒိကံ ဩမုဉ္စိတွာ

အင်္ဂုလိမုဒ္ဒိကံ=လက်စွပ်ကို။ ဩမုဉ္စိတွာ=ချွတ်၍။ တေဘိက္ခူ=တို့ကို။ ဘတ္တေန= ဖြင့်။ ပရိဝိသိတွာ=လုပ်ကျွေး၍။ အယျာ=တို့သည်။ ဘုဉ္ဇိတွာ=ကုန်၍။ ဂစ္ဆန္တု=ကြွစေ ကုန်သတည်း။ အဟံပိ=သည်လည်း။ ကမ္မန္တံ=အမှုလုပ်ရာကို။ ဂမိဿာမိ=အံ့။ ဣတိ=ဤသို့။ အင်္ဂုလိမုဒ္ဒိကံ=ကို။ ဝိဿရိတွာ=မေ့လျော့၍။ အဂမာသိ=၏။

## ရတနာသရုပ်

၁။ မုတ္တာ=ပုလဲ။
၂။ မဏိ=ပတ္တမြား (မြ)
၃။ ဝေဠုရိယော=ကြောင်မျက်ရွဲ
၄။ သင်္ခေါ=ခရုသင်း
၅။ သိလာ=ကျောက်သလင်း
၆။ ပဝါဠံ=သန္တာ
၇။ ရဇတံ=ငွေ
၈။ ဇာတရူပံ=ရွှေ
၉။ လောဟိတင်္ကော=ပတ္တမြားနီ
၁၀။ မသာရဂလ္လံ=ပတ္တမြားပြောက်

မုတ္တာ မဏိ ဝေဠုရိယော။ သင်္ခေါ သိလာ စ ပဝါဠံ၊
ရဇတံ ဇာတရူပဉ္စ၊ လောဟိတင်္ကော မသာရဂလ္လံ။

## ရတနသမ္မတ ဟူသည်

လူတို့၏ အတွင်းအပ အသုံးအဆောင်။

**အဏ္ဍာရာမ**

ကာရံအပ်သော အာရာမ်၏ အာရာမ်တွင်း, မကာရံအပ်သော အာရာမ်၏ ဥပစာ။

**အဏ္ဍာဝသထ**

ကာရံအပ်သော တည်းခိုရာကျောင်း၏ တည်းခိုရာကျောင်းအတွင်း၊ မကာရံအပ်သော တည်းခိုရာကျောင်း၏ ဥပစာ။

**ရတနာ, ရတနာဟု သမုတ်အပ်သောပစ္စည်းတို့ကို အာရာမ်အတွင်းစသည်၌ ကောက်ယူခြင်း, ကောက်ယူခိုင်းခြင်းနှင့် ပတ်သက်၍ လုပ်ဆောင်ရမည့် အစီအစဉ်**

၁။ ရွှေငွေအသပြာဖြင့်ဖြစ်စေ, ချိပ်အိတ်တံဆိပ်ဖြင့်ဖြစ်စေ အမှတ်အသားလုပ်၍ ထားကာ "ဘဏ္ဍာပျောက်သောသူ လာစေသတည်း"ဟု ပြောရခြင်း။

၂။ ထိုအရပ်သို့ လာသောသူကို "ဒါယကာ... သင့်ဘဏ္ဍာ ဘယ်လိုဟာလဲ"ဟု ပြောဆိုခြင်း။

၃။ ရွှေငွေအသပြာဖြင့်ဖြစ်စေ, ချိပ်အိတ်တံဆိပ်ဖြင့်ဖြစ်စေ ညီညွတ်လျှင် ပေးရမည်။ မညီညွတ်လျှင် ဒါယကာ ရှာပါဦးဟု ပြောရမည်။

၄။ ထိုကျောင်းမှ ကြဉ်သွားသော ရဟန်းသည် ထိုကျောင်း၌ ရှိကြသည့် သင့်လျော်လျှောက်ပတ်သော ရဟန်းတို့လက်၌ ထား၍ ကြဉ်သွားရခြင်း။

၅။ သင့်လျော်လျှောက်ပတ်သော ရဟန်းတို့မရှိကြလျှင် ထိုကျောင်း၌ ရှိကြသည့် သင့်လျော်လျှောက်ပတ်သော သူကြွယ်တို့လက်၌ထား၍ ကြဉ်သွားရခြင်း။

---

**ဘိက္ခူ ပတိရူပါ** ။ ။ လဇ္ဇီကုက္ကုစ္စက ရဟန်းများဖြစ်ကြသည်။
**ရတနံ သမ္မတံ ဝိဿာသံ ဂဏှာတိ** ။ ။ အာမာသကိုသာ ရည်ရွယ်၍ ဆိုသည်။ အနာမာသသည် မအပ်သည်သာ။ *(ဝိ၊ ၄၊ ၃၊ ၁၅၃)*

## ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်

**တိရစ္ဆာနကထာသရုပ်**

အနေကဝိဟိတံ=များခြင်းအပြားရှိသော။ တိရစ္ဆာနကထံ=မဂ်ဖိုလ်မှဖီလာဖြစ်သောစကားကို။ ကထေန္တိ=ကုန်၏။ ကထံ သော ကထာ=ဤစကားသည်။ သေယျထာ ကတမာ=နည်း။ ရာဇကထံ=မင်းနှင့်စပ်သောစကား။ စောရကထံ=ခိုးသူနှင့်စပ်သောစကား။ မဟာမတ္တကထံ=အမတ်ကြီးနှင့်စပ်သောစကား။ သေနာကထံ=စစ်သည်နှင့်စပ်သောစကား။ ဘယကထံ=ဘေးနှင့်စပ်သောစကား။ ယုဒ္ဓကထံ=စစ်ထိုးခြင်းနှင့် စပ်သောစကား။ အန္နကထံ=ထမင်းနှင့်စပ်သောစကား။ ပါနကထံ=အဖျော်နှင့်စပ်သောစကား။ ဝတ္ထကထံ=အဝတ်နှင့်စပ်သောစကား။ သယနကထံ=အိပ်ရာနှင့်စပ်သောစကား။

မာလကထံ=ပန်းနှင့်စပ်သောစကား။ ဂန္ဓကထံ=နံ့သာနှင့်စပ်သော စကား။ ဉာတိကထံ=ဆွေမျိုးနှင့်စပ်သောစကား။ ယာနကထံ=ယာဉ်နှင့် စပ်သောစကား။ ဂါမကထံ=စကား။ နိဂမကထံ=စကား။ နဂရကထံ= စကား။ ဇနပဒကထံ=စကား။ ဣတ္ထိကထံ=စကား။ ပုရိသကထံ=စကား။

သူရကထံ=သူရဲနှင့်စပ်သောစကား။ ဝိသိခါကထံ=ခရီးဆုံနှင့်စပ်သောစကား။ ကုမ္ဘဋ္ဌာနကထံ=ရေဆိပ်စကား။ပုဗ္ဗပေတကထံ=ရှေးသေလွန်ပြီးသော သူနှင့်စပ်သောစကား။ နာနတ္တကထံ=အထူးထူးအပြားပြားသောစကား။ လောကက္ခာယိကံ=လောကကိုကြားသောစကား။ သမုဒ္ဒက္ခာယိကံ=သမုဒြာကိုကြားသောစကား။ ဣတိ ဘဝါဘဝကထံ=ဤသို့ပွား၏, ဤသို့ယုတ်၏ဟုဆိုသောစကား။ ဣတိဧသော=ဤသည်လျှင်တည်း။ (သေယျထိဒံ၏အာကာရအလို့ငှာ ဣတိသဒ္ဒါထည့်သည်)။ ဣတိဝါ=ဤသို့လည်း။ ကထေန္တိ=ပြောဆိုကုန်၏။ (ဝါသဒ္ဒါဖြင့် နာနတ္တကထာဖြင့် ပြအပ်သောတိရစ္ဆာနကထာစုကို ပေါင်းသည်။)

**သန္တော ဘိက္ခုဟူသည်**

ပန်ပြော၍ဝင်နိုင်သောရဟန်း။

**အသန္တော ဘိက္ခုဟူသည်**

ပန်ပြော၍မဝင်နိုင်သောရဟန်း။

**ဝိကာလဟူသည်**

နေမွန်တည့်ချိန်မှ အရုဏ်တက်ချိန်အထိ။

**ဂါမံ ဝိသေယျ-၌ အာပတ်သင့်ပုံ**

ကာရံအပ်သောရွာ၏ အကာအရံကိုလွန်သောရဟန်းအား ပါစိတ်သင့်သည်။ မကာရံအပ်သောရွာ၏ ဥပစာသို့သက်ရောက်သောရဟန်းအား ပါစိတ်သင့်သည်။

**အနုပညတ်များ**

၁။ သန္တံ ဘိက္ခုံ အနာပုစ္ဆာ။

၂။ အညတြ တထာရူပါ အစ္စာယိကာ ကရဏီယာ။

## သူစိဃရသိက္ခာပုဒ်

**အညတရေန ဒန္တကာရေန**

အညတရေန=သော။ ဒန္တကာရေန=ဆင်စွယ်ပွတ်သမားသည်။ ဘိက္ခူ=တို့ကို။ ယေသံအယျာနံ=တို့အား။ သူစိဃရေန=အပ်ကျည်ဖြင့်။ အတ္ထော=အလိုရှိ၏။ တေသံ=ထိုအရှင်တို့အား။ (ထည့်)။ အဟံ=သည်။ သူစိဃရေန=ဖြင့်။ ပဝါရေမိ=ဖိတ်၏။ (ထည့်)။ ဣတိ=သို့။ ပဝါရိတာ= အပ်ကုန်သည်။ ဟောန္တိ=ကုန်၏။

---

ဝိကာလအခါ ရွာအတွင်းသို့ ဝင်ရာ၌ ပန်ပြောပုံ။ ။ "ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိ" ဟု ရဟန်းအားလုံးတို့အချင်းချင်း ပန်ပြောရမည်။

**အင္ဂစသည်အရ**

အင်္ဂ အရ အရိုးအားလုံးကိုယူပါ။
ဒန္တော-အရ ဆင်စွယ်ကိုယူပါ။
ဝိသာဏံ-အရ ဦးချိုအားလုံးကိုယူပါ။

**ကာရာပေယျ၌ အာပတ်သင့်ပုံ**

ပြုခြင်း, ပြုခိုင်းခြင်းတို့ကြောင့်ဒုက္ကဋ်၊ ရခြင်းကြောင့် အပ်ကျည်ကိုခွဲ၍ ပါစိတ်အာပတ်ကို ဒေသနာကြားရမည်။

**အပ်ကျည်ကိုယ်တိုင်လည်း မလုပ်ကောင်း**

ကာရာပေယျ-ကို ကရေယျပိ ဝါ ကာရာပေတိ ဝါ-ဟု ဖွင့်သောကြောင့်ဖြစ်သည်၊

**အနာပတ္တိ ဂဏ္ဌိကာယ**

ဂဏ္ဌိကာယ=ကပတ်သိမ်း၌။ အရဏိကေ=ပွတ်နှိပ်လေး၌။ ဝိဓေ=ခါးပန်းဖိ၌။ အဉ္ဇနိယံ=မျက်စဉ်းကျည်၌။ အဉ္ဇနိသလာကာယ=မျက်စဉ်းတံ၌။ဝါသိဇဋ္ဌေ=ပဲခွပ်ရိုး၌။ ဥဒကပုဉ္ဆနိယာ=ရေသုတ်၌။ အနာပတ္တိ=သင့်။

## မဥ္စပီဌသိက္ခာပုဒ်

**အာဂစ္ဆတု မေ ဘန္တေ ဘဂဝါ**

ဘန္တေ=ဘုရား။ ဘဂဝါ=သည်။ အာဂစ္ဆတု=လာစေသတည်း။ မေ=၏။ သယနံ= အိပ်ရာကို။ သယတု=အိပ်စေသတည်း။ ဣတိ=ဤသို့။ အဝေါစ=၏။ ပ။ ဘိက္ခဝေ=တို့။ အာသယတော=အလိုအားဖြင့်။ မောဃပုရိသော=မင်ဖိုလ်မမှီး အချည်းနှီးသော ယောကျာ်းကို။ ဝေဒိတဗ္ဗော=အပ်၏။ ဣတိ=ဤသို့။ အာမန္တေသိ=၏။

---

**အာသယတော ဘိက္ခဝေ။** ။ အာသယတော=ယုတ်ညံ့သော အဇ္ဈာသယအားဖြင့်(ဝါ)ကြောင့်။ အယံ=ဤရဟန်းကို။ မောဃပုရိသော= အချည်းအနှီးသော ယောကျာ်းဟူ၍။ ဝေဒိတဗ္ဗော=သိထိုက်၏။ *(ဝိမတိ)*

**ကာရယမာနေနဟုဆိုသောကြောင့် အခြားသူကိုပြုလုပ်ခိုင်းမှသာ အာပတ်သင့်သလား**

ပဒဘာဇနီ၌ ကာရယမာနေန ကို ကရောန္တော ဝါ ကာရာပေန္တော ဝါ ဟု ဖွင့်သောကြောင့် အခြားသူကို ပြုလုပ်ခိုင်းမှသာ အာပတ်သင့်သည်မဟုတ်၊ ကိုယ်တိုင် ပြုလုပ်လည်း အာပတ်သင့်သည်။

## တူလောနဒ္ဓသိက္ခာပုဒ်

**တူလ(လဲ) သရုပ်**

၁။ ရုက္ခတူလံ=သစ်လဲ၊

၂။ လတာတူလံ=နွယ်လဲ၊

၃။ ပေါဋကိတူလံ=ဖောင်းခါးမြက်လဲ။

**လဲထည့်လုပ်သော်လည်း အာပတ်မသင့်သောပစ္စည်းများ**

၁။ အာယောဂ = အာယောဂပတ်၊

၂။ ကာယဗန္ဓန = ခါးပန်းကြိုး၊

၃။ အံသဗဒ္ဓက = အံသဗဒ်၊

၄။ ပတ္တတ္ထဝိကာ = သပိတ်အိပ်၊

၅။ ပရိဿာဝန = ရေစစ်၊

၆။ ဗိဗ္ဗောဟန = ခေါင်းအုံး၊

## နိသီဒနသိက္ခာပုဒ်

**သော ဘဂဝတော ပုရတော**

သော=ထိုဥဒါယီသည်။ ဘဂဝတော=၏။ ပုရတော=မှ။ နိသီဒနံ=ကို။ပညာ ပေတွာ=ခင်း၍။သမန္တတော=မှ။ သမဉ္ဆမာနော=ဆွဲငင်သည်ဖြစ်၍။ နိသီဒတိ=၏။ ပ။ ဥဒါယီ=ဥဒါယီ။ကိဿ=ကြောင့်၊ တွံ=သည်။ နိသီဒနံ=ကို။ သမန္တတော=မှ။ သမဉ္ဆသိ= ဆွဲငင်သနည်း။ ပုရာဏာသိကောဠော သေယျထာပိ=ရှေးသားရေသမားကဲ့သို့တည်း။ ဣတိ=ဤသို့။ အဝေါစ=၏။ ဘန္တေ=ဘုရား။ ကထာ=ထိုဖြစ်သောအတိုင်း။ ဟိကာ ဧဝမိ=

လျှောက်ကြားပါအံ့။ ဘဂဝတာ=သည်။ ဘိက္ခုနီ=တို့အား။ အတိခုဒ္ဒကံ=အလွန်ငယ်သော။ နိသီဒနံ=ကို။ အနုညာတံ=အပ်၏။ ကတိ=ဤသို့။ အဝေါစ=၏။

**အနုပညတ်**

ဒသာ ဝိဒတ္ထိ။

## ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ်

**ကဏ္ဍုပ္ပဋိစ္ဆာဒိ နာမ**

ကဏ္ဍုပဋိစ္ဆာဒိနာမ=ကား။(ယဿကို ယံအဿဟုဖြတ်)။ အဿ= ထိုရဟန်း၏။ အဓောနာဘိ=ချက်အောက်၌။ဥဗ္ဘဇာဏုမဏ္ဍလံ=ပုဆစ်ဒူးဝန်းမှသည် အထက်၌။ ယံ ကဏ္ဍုဝါ=အကြင်ဝဲနာသည်ရှင်း။ ယာ ပိဠကာ ဝါ=အကြင်အိုင်းနာသည်ရှင်း= ယော အဿာဝေါ ဝါ=အကြင်အရိယိုသော အနာသည်ရှင်း။ ယော ထုလ္လကစ္ဆုဝါ အာဗာဓော=အကြင်ဝဲကြီးနာသည်ရှင်း=အတ္ထိ=၏။ တဿ=ထိုအနာကို။ ပဋိစ္ဆာဒနတ္ထာယ= ဖုံးလွှမ်းခြင်းငှါ။

**ကဏ္ဍုပ္ပဋိစ္ဆာဒိဟူသည်**

ချက်မှအောက်, ပုဆစ်ဒူးဝန်းမှ အထက်၌ပေါက်သော ဝဲနာကို ဖြစ်စေ, အရိယိုသောအနာကိုဖြစ်စေ, ဝဲကြီးနာကိုဖြစ်စေ ဖုံးလွှမ်းရန် ပြုလုပ်ထားသောသင်္ကန်း။

## ဝဿိကသာဋိက သိက္ခာပုဒ်

**ဝဿိကသာဋိကာဟူသည်**

မိုး(၄)လ အကျိုးငှါ ပြုလုပ်ထားသော သင်္ကန်း။

## နန္ဒသိက္ခာပုဒ်

**အာယသ္မာ နန္ဒော ဘဂဝတော**

အာယသ္မာနန္ဒော=အရှင်နန္ဒသည်။ ဘဂဝတော=၏။ မာတုစ္ဆာပုတ္တော= မိထွေးတော်ဂေါတမီ၏သားသည်။ အဘိရူပေါ=သည်။ ဒဿနီယော=သည်။ ပါသာ

ဒိကော=သည်။ ဟောတိ=၏။ ဘဂဝတာ=အောက်။ စတုရင်္ဂုလောမကော= လက်လေးသစ်ယုတ်၏။ သော=ထိုရှင်နန္ဒာသည်။ သုဂတစီဝရပ္ပမာဏံ=မြတ်စွာဘုရား သင်္ကန်းတော်ပမာဏရှိသော။ စီဝရံ=ကို။ မာရေတိ=၏။

## ပါဠိဒေသနီယကဏ္ဍ

## ပထမပါဠိဒေသနီယသိက္ခာပုဒ်

### အထခေါ် သာ ဘိက္ခုနီ စတုတ္ထေ ဒိဝသေ

အထခေါ်=၌။ သာဘိက္ခုနီ=မသည်။ စတုတ္ထေဒိဝသေ=လေးရက်မြောက်သော နေ့၌။ ရထိကာယ=ရထားလမ်းခရီး၌။ ပဝေဓေန္တီ=တုန်လှုပ်သည်ဖြစ်၍။ ဂစ္ဆတိ=၏။ ဧဘပတိ=အိမ်ရှင်ဖြစ်သော။ သေဋ္ဌိ=သူဌေးသည်။ ရထေန=ဖြင့်။ ပဋိပထံ=ခရီးရင်ဆိုင်။ အာဂစ္ဆန္တော=လာသည်ရှိသော်။ တံဘိက္ခုနိံ=ကို။ အယျေ=အရှင်မ။ အပေဟိ=ဖဲလော့။ ဣတိ=ဤသို့။ ဧတံဝစနံ=ကို။ အဝေါစ=၏။ သာ=ထိုဘိက္ခုနီမသည်။ ဝေါက္ကမန္တီ= သက်သည်ရှိသော်။ တတ္ထေဝ=ထိုရထားလမ်းခရီး၌သာလျှင်။ ပရိပတိ=လဲကျ၏။

### သေဋ္ဌိ ဂဟပတိ တံ ဘိက္ခုနိံ

သေဋ္ဌိဂဟပတိ=သည်။ တံဘိက္ခုနိံ=ကို။ ခမာပေသိ=ကန်တော့၏။ အယျေ=ရှင်မ။ ခမ=သည်းခံပါလော့။ မယာ=သည်။ ပါတိတာ=လဲစေအပ်သည်။ အသိ=ဖြစ်၏။ ဣတိ= ဤသို့။ ခမာပေသိ=စေ၏။ ဂဟပတိ=သူကြွယ်။ အဟံ=ကို။ တယာ=သည်။ ပါတိတာ= စေအပ်သည်။ န=မဟုတ်။ အပိစ=သော်ကား။ အဟမေဝ=သည်သာ။ ဒုဗ္ဗလာ= အားနည်း၏။ ဣတိ=ဤသို့။ အဝေါစ=၏။

### အန္တရဃရသရုပ်

အန္တရဃရံနာမ=ကား။ ရထိကာ=ရထားလမ်းခရီး။ ဗျူဟံ=ထုတ်ချင်းထွင်း သောခရီး။ သိင်္ဃာဋကံ=ခရီးဆုံ။ ဃရံ=အိမ်။ ဧတံ သဗ္ဗံ အန္တရဃရံနာမ။

**ခါဒနီယ**

ဘောဇဉ်(၅)ပါး၊ ယာမယာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝိက တို့မှတပါး ကြွင်းသောစားဖွယ်။

**ဘောဇနီယ**

၁။ ဩဒနော = ထမင်း၊

၂။ ကုမ္မာသော = မုယောမုန့်၊

၃။ သတ္တု = မုန့်လုံး၊

၄။ မစ္ဆော = ငါး၊

၅။ မံသံ = အသား။

**အဆုံးအဖြတ်**

၁။ ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝိကတို့ကို အာဟာရအကျိုးငှာ ခံယူခြင်း၊ စားမျိုးခြင်းတို့ကြောင့် ဒုက္ကဋ်။

၂။ ဧကတောဥပသမ္ပန္နာဘိက္ခုနီလက်မှ ခံဘွယ်၊ ဘောဇဉ်တို့ကို ခံယူခြင်း စားမျိုးခြင်းတို့ကြောင့် ဒုက္ကဋ်။

**ဘိက္ခုနီမလက်မှခံယူသော်လည်း အာပတ်မသင့်နိုင်သည့် နေရာများ**

၁။ အန္တရာရာမေ=အာရာမ်အတွင်း။

၂။ ဘိက္ခုနုပဿယေ=ဘိက္ခုနီမကျောင်း။

၃။ တိတ္ထိယသေယျာယ=တိတ္ထိတို့ကျောင်း။

၄။ ပဋိက္ကမနေ=ဆွမ်းစားစရပ်၊

၅။ ဂါမတော နီဟရိတွာ=ရွာ့ပြင်ဘက်။

---

**လမ်းမစသည့်၌ တည်သောရဟန်းသည် အာရာမ်တွင်းစသည့်၌တည်သော ရဟန်းမထံမှ ခံယူလျှင် ပဌမ ပါဋိဒေသနီယ သိက္ခာပုဒ်ဖြင့် အာပတ် သင့် + မသင့် ။ ။**

အန္တရဃရံ ပဝိဋ္ဌာယ-ဟု ဟောတော် မူသောကြောင့် မသင့်။ (ဝိ၊ ၄၊ ၃။ ၁၅၇)

## ဒုတိယပါဠိဒေသနီသိက္ခာပုဒ်

### ဘိက္ခုပနေ၀ ကုလေသု-၌ ကုလသရုပ်

၁။ ခတ္တိယကုလ = မင်းမျိုး

၂။ ဗြာဟ္မဏကုလ = ပုဏ္ဏားမျိုး

၃။ ဝေဿကုလ = ကုန်သည်မျိုး

၄။ သုဒ္ဒကုလ = သူဆင်းရဲမျိုး

### နိမန္တိတာ ဘုဥ္ဇန္တိ=၌ ဖိတ်မံရာပစ္စည်း

ဘောဇဉ် (၅)ပါးတို့တွင် တစ်ပါးပါး

(ပဥ္စန္နံ ဘောဇနာနံ အညတရေန ဘောဇနေနဟု ကရုဏ်းထည့်ပါ)

### ဝေါသာသန္တီ

မိတ်ဆွေ, သန္ဒိဋ္ဌမိတ်ဆွေ, သမ္ဘတ္တမိတ်ဆွေဖြစ်သည့်အားလျော်စွာ ဉပဇ္ဈာယ်တူ, ဆရာတူဖြစ်သည့်အားလျော်စွာ ဤသပိတ်၌ ဟင်းကိုပေးကြပါ။ ဤသပိတ်၌ ဆွမ်းကို ပေးကြပါဟု ပြောဆိုခြင်း။

### စိမံသော ဘိက္ခုနီမကိုတွေ့လျှင် ရဟန်းတို့လုပ်ဆောင်ရမည့်တာဝန်

"နှမ...ရဟန်းတို့ ဘုဉ်းပေးနေသလောက် ဒီနေရာက ဖယ်ပေးပါဟု ငေါက်ငမ်းနှင်ထုတ် ရမည်။

## တတိယပါဠိဒေသနီယသိက္ခာပုဒ်

### အညတရံ ကုလံ ဉဘတောပသန္နံ

အညတရံ= သော။ ကုလံ= သည်။ ဉဘတောပသန္နံ= လင်မယားနှစ်ပါးစုံအားဖြင့် ကြည်ညိုသည်။ ဟောတိ= ၏။ သဒ္ဓါယ= ဖြင့်။ ဝဍ္ဎတိ= ပွားများ၏။ ဘောဂေန= ဖြင့်။ ဟာယတိ= ယုတ်၏။ တသ္မိံကုလေ= ၌။ ယံ ခါဒနီယံ ဝါ= သည်လည်းကောင်း။ ယံ ဘောဇနီယံ ဝါ= သည်လည်းကောင်း။ ဉပ္ပဇ္ဇတိ= ၏။ တံ သဗ္ဗံ= ကို။ ဘိက္ခူနံ= တို့အား။ ဝိဿဇ္ဇေတွာ= စွန့်၍။ အပ္ပေကဒါ= တစ်ရံတစ်ခါ၌။ အနသိတာ= မစားရကုန် သည်ဖြစ်၍။ အစ္ဆန္တိ= နေကုန်၏။

**သေက္ခသမ္မုတိပေးရမည့်အမျိုး**

သဒ္ဓါအားဖြင့် ကိုးပွား၍ စည်းစိမ်အားဖြင့် ဆုတ်ယုတ်သောအမျိုး။

**သေက္ခသမ္မုတိပေးပုံ**

ဗျတ္တပဋိဗလရဟန်းက "သုဏာတု မေ" စသော ဉတ္တိဒုတိယကမ္မဝါစာဖြင့် ပေးရမည်။

**ကဏ္ဍိနခေါ နာမ အမှာကဲ**

သာဝတ္ထိယံ=၌။ ဥဿဝေါ=သည်။ ဟောတိ=၏။ (ပ)အယျာ=တို့သည်။ ယံ ယေန ကာရဏေန=အကြင်အကြောင်းဖြင့်။ အမှာကံ=တို့၏။ ဒေယျဓမ္မံ=လှူအပ်သောဝတ္ထုကို။ နပ္ပဋိဂ္ဂဏှန္တိ=ကုန်။ တေနကာရဏေန=ကြောင့်။ အမှာကံ=တို့အား။ ဇီဝိတေန= အသက်ရှင်သဖြင့်။ ကိံနုခေါ=အဘယ်အကျိုးရှိတော့အံ့နည်း။ ဣတိ=ဤသို့။ ဥဇ္ဈာယန္တိ= ကုန်၏။

**သေက္ခသမ္မတကုလဟူသည်**

သဒ္ဓါအားဖြင့်တိုးပွား၍စည်းစိမ်အားဖြင့် ဆုတ်ယုတ်သောအမျိုး။

**အနိမန္တိတောဟူသည်**

ယနေ့အတွက်ဖြစ်စေ, နက်ဖန်အတွက်ဖြစ်စေ မဖိတ်မံခြင်း။

**ဖိတ်မံရာမရောက်သည့် ဖိတ်မံမှု**

အိမ်ဥပစာသို့သက်ရောက်ပြီးချိန်၌ ဖိတ်မံမှု။

**အဂိလာနော**

ဆွမ်းခံကြွနိုင်သောရဟန်း။ (ဂိလာနကိုပြောင်းပြန်ယူပါ)

## စတုတ္ထပါဋိဒေသနီယသိက္ခာပုဒ်

### သာကိယဒါသာ အဝရုဒ္ဓါ

သာကိယဒါသကာ=သာကီဝင်မင်းတို့၏ကျွန်တို့သည်။ အဝရုဒ္ဓါ=ခရီးလမ်းကို ပိတ်ဆို့ကုန်သည်။ ဟောန္တိ=ကုန်၏။ သာကိယာနိယော=သာကီဝင်မင်းသမီးတို့သည်။ အာရညကေသု=တော၌ဖြစ်ကုန်သော။ သေနာသနေသု=တို့၌။ ဘတ္တံ=ကို။ ကာတုံ= ဖုပ်ကျွေးခြင်းငှာ။ ဣစ္ဆန္တိ=ကုန်၏။ တေ=ထိုသာကီဝင်မင်းတို့၏ ကျွန်တို့သည်။ မဂ္ဂေ=၌။ ပရိယုဋ္ဌိံသု=ပိတ်ဆို့စောင့်ရှောက်ကုန်၏။

### အာရညကသေနာသနဟူသည်

ကုလုပ်လေးတာအပြန်ငါးရာရှိသော ကျောင်းသည် အနည်းဆုံး တောကျောင်း ဖြစ်သည်။

### အပ္ပဋိသံဝိဒိတသရုပ်

၁။ သိတင်းသုံးဖေါ် ၅-ဦးတို့အား အသိပေးခြင်း။

၂။ အာရာမ်နှင့်အာရာမ့်ဥပစာမှတပါး အခြားအရပ်၌အသိပေးခြင်း။

### ပဋိသံဝိဒိတအဓိပ္ပါယ် (ကြိုတင်အသိပေးပုံ)

၁။ မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ မည်သူမဆို အာရာမ်နှင့် အာရာမ်ဥပစာသို့ လာ၍ အရှင်ဘုရား. . . . ဤအမည်ရှိသောရဟန်းအတွက် ခဲဖွယ်ကိုဖြစ်စေ, ဘောဇဉ်ကိုဖြစ်စေ ဆောင်ကြလိမ့်မည်" ဟုလျှောက်သော် ယုံမှားဘွယ်ရှိက ယုံမှား ဘွယ်ရှိကြောင်းပြောကာ ဘေးရန်ရှိက ဘေးရန်ရှိကြောင်း ပြောရမည်။

---

**ပဉ္စန္နံ ပဋိသံဝိဒိတံ၊ ဧတံ အပ္ပဋိသံဝိဒိတံနာမ ။** ။ ပဉ္စန္နံ=သိတင်းသုံးဖော် ၅-ယောက် တို့တွင်၊ ယံကိဉ္စိ=တစ်စုံတစ်ယောက်ကို။ ပေသေတွာ=စေလွှတ်၍။ ခါဒနီယံ ဝါ=ကိုဎင်း။ ဘောဇနီယံ ဝါ=ကိုဎင်း။ အာဟရိဿာမ=ဆောင်ပါကုန်အံ့။ ဣတိ=ဤသို့။ ယံပဋိသံဝိဒိတံ=အကြောင်းကြိုတင်၍ သိစေအပ်သည်ကို။ ကတံ=ပြုအပ်ပြီ။ ဧတံ=ဤကြိုတင်၍ သိစေအပ်ခြင်းသည်။ အပ္ပဋိသံဝိဒိတံနာမ= ကြိုတင်၍ သိစေအပ်သည် မမည်။ (ဝိ၊ ၃၊ ၉၊ ၁၅၄)

၂။ "အရှင်ဘုရား ရှိပါစေ၊ ဆောင်ယူပါလိမ့်မည်"ဟု လျှောက်လျှင် ခိုးသူတို့ကို လူတို့ဤအရပ်၌လှည့်လှည်နေကြတယ်၊ "ဤအရပ်မှထွက်သွားပြပါ"ဟုပြောရမည်။

**ပဋိသံဝိဒိတသရုပ်**

၁။ ယာဂုကိုအသိပေးအပ်ပြီးသော် ထိုယာဂု၏ အခြံအရံကို ဆောင်ယူခြင်းသည် ပဋိသံဝိဒိတစာရင်းဝင်သည်။

၂။ ဆွမ်းကို (ပ) စာရင်းဝင်သည်။

၃။ ခဲဘွယ်ကို (ပ) စာရင်းဝင်သည်။

၄။ အမျိုးဖြင့်အသိပေးအပ်ပြီးသော် ထိုအမျိုးတွင်ပါဝင်သော လူဆောင်ယူအပ်သော ခဲဘွယ်,ဘောဇဉ်သည် ပဋိသံဝိဒိတစာရင်းဝင်သည်။

၅။ ရွာဖြင့် အသိပေးအပ်ပြီးသော် ထိုရွာ၌နေသော လူ(ပ)စာရင်းဝင်သည်။

၆။ အသင်းအဖွဲ့ဖြင့် (ပ) စာရင်းဝင်သည်။ (ဝိ၊ ၂။ ၃၇)

**ဗဟာရာမေ ပဋိဂ္ဂဟေတွာ**

ဗဟာရာမေ=အရံအပ၌။ ပဋိဂ္ဂဟေတွာ=ခံ၍။ အန္တောအာရာမေ=၌။ ပရိဘုဥ္ဇတိ=၏။ တတ္ထဇာတတံ=ထိုအရံ၌ဖြစ်သော။ မူလံဝါ=အမြစ်ကိုရင်း။ ပတ္တံဝါ=အရွက်ရင်း။ ပုပ္ဖံဝါ=ကိုရင်း။ ဖလံဝါ=ကိုရင်း။ ပရိဘုဥ္ဇတိ=၏။ အနာပတ္တိ=သင့်။

## သေခိယကဏ္ဍ

## ပရိမဏ္ဍလဝဂ်

**ပရိမဏ္ဍလဝဂ်၌ အပြစ်လွတ်ဆောင်ဝတ်နည်း**

ချက်အဝန်း ပုဆစ်ဒူးအဝန်းကို ဖုံးလွှမ်းလျှက် အဝန်းညီအောင် ဝတ်ရမည်။

**အပြစ်ရှိအောင်ဝတ်နည်း**

သိက္ခာပုဒ်၌ မရိုသေခြင်းကို အကြောင်းပြု၍ ရှေ့မှဖြစ်စေ, နောက်မှဖြစ်စေ တွဲရရွဲ ဆွဲလျှက်ဝတ်ခြင်း။

### ပရိမဏ္ဍလ နိဝါသေတဗ္ဗံ

နာဘိမဏ္ဍလံ=ချက်အဝန်းကို။ ဇာဏုမဏ္ဍလံ=ပုဆစ်ဒူးအဝန်းကို။ ပဋိစ္ဆာဒေန္တေန=ဖုံးလွှမ်းသဖြင့်။ ပရိမဏ္ဍလံ=ထက်ဝန်းကျင်မှ အဝန်းညီညွတ်စွာ။ နိဝါသေတဗ္ဗံ=ဝတ်အပ်၏။

### အဝန်းမညီသော်လည်း အပြစ်မရှိ

အသဉ္စိစ္စ=စေတနာမရှိသည်ဖြစ်၍။ နိဝါသေန္တဿ=အား။(ထည့်)။ အသတိယာ=မေ့လျော့သဖြင့်။ နိဝါသေန္တဿ=အား။ (ထည့်)။ အဇာနန္တဿ=အဝန်းမညီညွတ်သည်ကိုမသိသောရဟန်းအား။ ဂိလာနဿ=အား။ အာပဒါသု=ဘေးရန်တို့ကြောင့်။ နိဝါသေန္တဿ=အား။ (ထည့်)။

### ပါရုပနသိက္ခာပုဒ်၌ အပြစ်လွတ်အောင်ရုံနည်း

ရှေ့နောက်အစွန်းနှစ်ဘက်တို့ကို ညီအောင်ထား၍ရုံခြင်း။

### သုပ္ပဋိစ္ဆန္နဂမနသိက္ခာပုဒ်၌ အပြစ်ရှိသောသွားနည်း

မရှိသေမှုကို အကြောင်းပြု၍ ကိုယ့်ကိုဖွင့်ကာ သွားခြင်း။

(သုပ္ပဋိစ္ဆန္နနိသီဒနသိက္ခာပုဒ်၌ သွားခြင်းနေရာဝယ် နေခြင်းဟု ပြောင်းပါ)

---

**သချ်ာမပါခြင်းအကြောင်း ။** ။ ဝတ္တက္ခန္ဓက၌ ဟောတော်မူအပ်သော ကျင့်ဝတ်များသည်လည်း ကျင့်ထိုက်သောကြောင့် သေခိယများပင် ဖြစ်ပါသည်။ ထို့ကြောင့် ပါရာဇိက စသည်တို့ကဲ့သို့ သချ်ာမပြုပါ။ (သာရတ္ထ)

**အာပတ်မတပ်ခြင်းအကြောင်း ။** ။ စာရိတ္တဝိနယဖြစ်ကြောင်းကို ပြခြင်းအကျိုးငှာ "ယောပန ဘိက္ခု ဩလမ္ဗေန္တော နိဝါသေယျ၊ ဒုက္ကဋံ"ဟု အာပတ်အမည်ဖြင့် မဟောဘဲ 'သိက္ခာ ကရဏီယာ'ဟု ဟောတော်မူပါသည်။ သို့သော် ပဒဘာဇနီ၌ 'အာပတ္တိ ဒုက္ကဋဿ' ဟု ဟောတော်မူအပ်သောကြောင့် သိက္ခာပုဒ်တိုင်းမှာ မရိုမသေပြုလျှင် ဒုက္ကဋ်အာပတ်သင့်သည်ဟု မှတ်ပါ။ (သာရတ္ထ)

**ပရိမဏ္ဍလ သိက္ခာပုဒ် ၂-ပုဒ်လုံးကို ကျောင်းတိုက်, ရွာအတွင်း ၂-ဌာနလုံးတို့၌ ကျင့်ရခြင်း။** ပရိမဏ္ဍလ သိက္ခာပုဒ် (၂)ပုဒ်တို့ကို အထူးမမ သာမညအားဖြင့် ဟောတော်မူအပ်သောကြောင့်တည်း။ (ဋီ၊ ၅၊ ၃၊ ၁၆၂)

**ဘေးရန်ကြုံတွေ့၍ လက်ခြေလှုပ်ကာသွားလာနေထိုင်မှု**

သုသံဝုတသိက္ခာပုဒ်နှစ်ပုဒ်တို့၏ အနာပတ္တိဝါရ၌ အာပဒါသုမပါ သောကြောင့် အပြစ်မှုမလွတ်ပါ။

**ဥဇ္ဈတ္တိကသိက္ခာပုဒ်တို့၌ အာပတ်မသင့်သောပြုံးရယ်နည်း**

ပြင်းထန်စွာရည်ရန် အကြောင်းကြုံရာ၌ ပြုံးရုံသာပြုံးခြင်း။ (ဝိ၊ ၂၊၂၄၃)

**အသက်ကိုရန်ရှာ၍ ပတ်ဝန်းကျင်ကြားအောင်အော်ပြောမှု**

အပ္ပသဒ္ဒသိက္ခာပုဒ်တို့၏အနာပတ္တိဝါရ၌ အာပဒါသု ဟုလာသောကြောင့် အပြစ်မရှိပါ။ (ဝိ၊ ၂၊ ၂၄၄)

**ပလ္လတ္ထိကာသရုပ်**

၁။ ဟတ္ထ ပလ္လတ္ထိကာ၊

၂။ ဒုဿပလ္လတ္ထိကာ (ဝိ၊ ၂၊ ၂၄၈)

**သမသူပကသိက္ခာပုဒ်လာ သူပသရုပ်**

သူပေါ်နာမ=ကား။ သူပါ=ဟင်းတို့သည်။ မုဂ္ဂသူပေါ=ပဲနောက်ဟင်းရင်း။ မာသသူပေါ=ပဲကြီးဟင်းရင်း။ ကုလတ္ထ=ဤသို့။ ဒွေ=တို့တည်း။ ဟတ္ထဟာရိယော=လက်ဖြင့်ယူကောင်းကုန်၏။

**သမသူပကသိက္ခာပုဒ်၌ အခြားသိက္ခာပုဒ်တို့ထက် ထူးခြားသော အနာပတ္တိ ဝါရများ**

၁။ အရသာအလွန်ကောင်းသော ငါး, အမဲစသည်ခံယူမှု၊

၂။ ဆွေမျိုး, ဖိတ်မံထားသူတို့၏ ပဲဟင်းကိုခံယူမှု၊

၃။ အခြားသူအတွက် ခံယူမှု၊

၄။ မိမိဥစ္စာဖြင့်ခံယူမှု၊

၅။ ဘေးရန်တို့ကြောင့် ခံယူမှု။ (ဝိ၊ ၂၊ ၂၄၉)

**သမသူပကသိက္ခာပုဒ်၌ အသားဟင်းကို ခံယူလျှင်အာပတ်မသင့်**

အနာပတ္တိ အာသဋ္ဌိစ္စ(ပ)ရသရသေကို ထောက်ပါ။ (ဝိ၊ ၂၊ ၂၄၉)

**သပဒါနသိက္ခာပုဒ်၌ အခြားသိက္ခာပုဒ်တို့ထက် ထူးခြားသော အနာပတ်များ**

အညေသံ=တို့အား။ ဒေန္တော=ပေးသည်ဖြစ်၍။ ဩမသတိ=သုံးသပ်၏။ အည သေး=၏။ ဘာဇနေ=ခွက်၌။ အာကိရန္တော=ထည့်သည်ဖြစ်၍။ ဩမသတိ=၏။ ဥတ္တရိ ဘင်္ဂ=လက်သုပ်ဟင်းလျာ၌။ အနာပတ္တိ=သင့်။

**ထူပကတသိက္ခာပုဒ်၌ အခြားသိက္ခာပုဒ်တို့ထက် ထူးခြားသော အနာပတ်များ**

သေသေ=အကြွင်းသည်။ ပရိတ္တကေ=နည်းသည်ရှိသော်။ ဧကတော=တပေါင်း တည်း။ သံကဍ္ဎိတွာ=ရုံးစု၍။ ဩမဒ္ဒိတွာ=၍။ ဘုဥ္စတိ=၏။ အနာပတ္တိ=သင့်။

**ဥဇ္ဈာနသညီသိက္ခာပုဒ်လာ ထူးခြားသောအနာပတ်များ**

၁။ "နည်းလျှင် ပေးမည်၊ များလျှင် တောင်းမည်" ဟု ကြံ၍ ကြည့်သူ။

၂။ ကဲ့ရဲ့လိုစိတ်မရှိသူ။

**ခဲဘွယ်, သစ်သီး, လက်သုတ်တို့ကို အလုပ်ကြီးကြီးစားမှု**

နာတိမဟန္တသိက္ခာပုဒ် အနာပတ္တိဝါရလာ အနာပတ္တိ(ပ)ခဇ္ဇကေ ဖလာဖလေ ဥတ္တရိ ဘင်္ဂ-ကိုထောက်၍ အာပတ်မသင့်။

**ခဲဘွယ်, သစ်သီးငယ်, သစ်သီးကြီး, လက်သုပ်တို့ကို ဝိုင်းဝန်းအောင် မစားမှု**

ပရိမဏ္ဍလအာလောပသိက္ခာပုဒ် အနာပတ္တိရ၌ အနာပတ္တိ ခဇ္ဇကေ ဖလာဖလေ ဥတ္တရိဘင်္ဂ-ဟုဆိုသောကြောင့် အာပတ်မသင့်။ (ဝိ၊ ၂၊ ၂၅၅)

**ခဲဘွယ်, သစ်သီးငယ်, သစ်သီးကြီးတို့ကို မြှောက်၍စားကောင်း**

ပိဏ္ဍပါတကြေပကသိက္ခာပုဒ်အနာပတ္တိဝါရ၌ အနာပတ္တိ(မ) ခဇ္ဇကေ ဖလာဖလေ ဟုဆိုသောကြောင့် အာပတ်မသင့်။
(အနာပတ္တိဝါရ၌ ဥတ္တရိဘင်္ဂေ မပါသောကြောင့် လက်သုတ်တို့မှု မြှောက်၍ မစားကောင်းပါ)

**ခဲဘွယ်, သစ်သီးငယ်, သစ်သီးကြီး လက်သုတ်တို့ကို ကိုက်ဖြတ်စားမှု**

ကဗဠာဝစ္ဆေဒက သိက္ခာပုဒ် အနာပတ္တိဝါရ၌ ခဇ္ဇကေ ဖလာဖလေ ဥတ္တရိဘင်္ဂေ ဟုဆိုသောကြောင့် အာပတ်မသင့်ပါ။

**အဝဂဏ္ဍကာရက**

အနာပတ္တိဝါရ၌ ဖလာဖလေဟုသာဆိုသောကြောင့် သစ်သီးငယ်, သစ်သီးကြီးကို ပါးစောင်၌ထား၍စားခြင်းကြောင့်သာ အာပတ်မသင့်၊ ခဲဘွယ်, လက်သုတ်တို့ကို ပါးစောင်၌ထား၍စားခြင်းကြောင့်မူ အာပတ်သင့်သည်။

**သုရုသုရုကာရကသိက္ခာပုဒ် ပညတ်ခြင်း၏ဝတ္ထုကြောင်း**

ဘုရားရှင် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် ပုဏ္ဏားတစ်ယောက်သည် သံဃာမပေါ်အတွက် နို့ရည်အဖျော်ကို စီရင်အပ်သော် ရဟန်းတို့သည် ရှုတ်ရှုတ်မြည်ကြလျက် နို့ရည်ကို သောက်ကြသဖြင့် ကချေသည်လုပ်ခဲ့ဘူးသော ရဟန်းတပါးက "ရဟန်းသံဃာအားလုံး ခိုက်ခိုက်တုန်အောင် ချမ်းနေကြတာပါလား"ဟု နောက်ပြောင်လေသည်။ အလိုနည်းပါးသောရဟန်းတို့က "ဘာကြောင့် ရဟန်းသည် သံဃာကိုအကြောင်းပြု၍ ရယ်စရာလုပ်ဘိသနည်း"ဟု ကဲ့ရဲ့၍ ဘုရားရှင်အား လျှောက်ထားကြသဖြင့် ဘုရားရှင်က ဘုရား, တရား, သံဃာ ရတနာ သုံးပါးတို့တွင် တပါးပါးကို အကြောင်းပြု၍ ရယ်စရာမလုပ်ရန်၊ ရယ်စရာလုပ် (ဟာသထုတ်)သူအား ဒုက္ကဋ်အာပတ်သင့်စေဟု မိန့်တော်မူကာ ဤသုရုသုရုကာရက သိက္ခာပုဒ်ကို ပညတ်တော်မူသည်။ (ဝိ၊ ၂၊၂၅၈)

## ပဏ္ဍုနိလ္လေဟကသိက္ခာပုဒ်၌ သပိတ်ကို လျက်၍ စားကောင်းသော နည်းလမ်း

သေသေး=အကြွင်းသည်။ ပရိတ္တကေ=နည်းသည်ရှိသော်။ ဧကတော=တပေါင်းတည်း။ သံကမိုတွာ=ရုံးစု၍။ နိလ္လေဟိတွာ=လျက်၍၊ ဘုဉ္ဇိတဗ္ဗံ=၏။ အနာပတ္တိ=သင့်။

## သာမိသသိက္ခာပုဒ်ဖြစ်ပေါ်လာခြင်း၏အကြောင်းဝတ္ထု

ဘုရားရှင် ဘဂ္ဂါဟုဘုတ်စိတ်အမည်ရသော ဇနပုဒ် သုသုမာရဂိရိမြို့အနီး သားသမင်တို့အား ဘေးမဲ့ပေးရာဖြစ်သော ပဲစဉ်းငုံတော၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့သည် ဗောဓိမင်းသား၏ ကောကနဒပြာသာဒ်၌ အာမိသပေကျံနေသော လက်ဖြင့် သောက်ရေခွက်ကို ကိုင်ကြသဖြင့် လူများနှင့်အလိုနည်းပါးသော ရဟန်းတို့ကဲ့ရဲ့ကာ ဘုရားရှင်အား လျှောက်ထားခြင်းကြောင့် သိက္ခာပုဒ်ပညတ်တော်မူသည်။

(ဝိ၊ ၂။ ၂၆၀)

## သောက်ရေခွက်ကို အာပတ်မသင့်အောင်ကိုင်နည်း

"ဆေးမည်"ဟုဖြစ်စေ၊ "ဆေးခိုင်းမည်"ဟု ဖြစ်စေ မှန်မြတ်သော စိတ်ဓာတ်ဖြင့် ကိုင်ခြင်း။

## သသိတ္ထကသိက္ခာပုဒ်၏ နိဒါန်းစသည်

**နိဒါန်း** - ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့အနီး သားသမင်တို့အား ဘေးမဲ့ပေးရာ ဖြစ်သော ပဲစဉ်းငုံတော၊

**ပုဂ္ဂိုလ်** - ရဟန်းများ၊

**ဝတ္ထု** - ဆွမ်းလုံးပါသော သပိတ်ဆေးရေကို ရွာတွင်း၌ စွန့်ပစ်မှု။

(ဝိ၊ ၂။ ၂၆၁)

## ဆွမ်းလုံးပါသော သပိတ်ဆေးရေကို အာပတ်မသင့်စေအောင် စွန့်ပစ်မှု

ဥဒ္ဓရိတွာ ဝါ=ဆွမ်းလုံးကိုထုတ်၍ဖြစ်စေ။ ဘိန္ဒိတွာ ဝါ=ဆွမ်းလုံးကိုခွဲ၍ဖြစ်စေ။ ပဋိဂ္ဂဟေတွာ ဝါ=ခံ၍ဖြစ်စေ။ နီဟရိတွာ ဝါ=ရွာပသို့ထုတ်၍ဖြစ်စေ။ ဆဍ္ဍေတိ=စွန့်၏။ အနာပတ္တိ=သင့်။

**ထီးသရုပ်**

၁။ အဝန်းဖွဲ့အပ် ဝါးခြမ်းစိတ်ဖြင့် ဖွဲ့အပ်သော ပုဆိုးဖြူဖြင့် လုပ်ထားသောထီး။

၂။ အဝန်းဖွဲ့အပ် ဝါးခြမ်းစိတ်ဖြင့် ဖွဲ့အပ်သော ဖျာဖြင့် လုပ်ထားသောထီး။

၃။ အဝန်းဖွဲ့အပ် ဝါးခြမ်းစိတ်ဖြင့် ဖွဲ့အပ်သော သစ်ရွက်ဖြင့် လုပ်ထားသောထီး။

**ဆတ္တံ နာမ**

ဆတ္တံ နာမ=ကား။ ဆတ္တာနိ= တို့သည်။ မဏ္ဍလဗဒ္ဓံ= အဝန်းဖွဲ့အပ်သော။ သလာကဗဒ္ဓံ= ဝါးခြမ်းစိတ်ဖြင့် ဖွဲ့အပ်သော။ သေတစ္ဆတ္တံ= ပုဆိုးဖြူဖြင့်ပြီးသောထီး။ ကိလဉ္ဇစ္ဆတ္တံ= ဖျာဖြင့်ပြီးသောထီး။ ပဏ္ဏစ္ဆတ္တံ= သစ်ရွက်ဖြင့်ပြီးသောထီး။ ဣတိ= ဤသို့။ (ထည့်)။ တီဏိ= တို့တည်း။

**ဒဏ္ဍပါဠိသ-၌ ဒဏ္ဍဟူသည်**

အလယ်အလတ်ရှိသော ယောကျ်ား၏ (၄)တောင်ရှိသော ဟုတ်။

ထိုလေးတောင်ထက်ရှည်သော တုတ်, ထိုလေးတောင်အောက် ဟိုသောတုတ်တို့သည် ဒဏ္ဍာခရင်းမဝင်ကြ။

**သတ္တပါဠိသ-၌ သတ္တသရုပ်**

သတ္တံ နာမ= ကား။ ဧကတောဓာရံ= တစ်ဘက်အသွားရှိသောဓား။ ဥဘတောဓာရံ= နှစ်ဘက်အသွားရှိသောဓား။ ပဟရဏံ= လက်နက်ဓား။

(ဤပုဒ်ဖြင့် ဓားသာမည မဟုတ်။ လက်နက်ဓားကိုပြသည်။)

**အာဝုဓပါဠိသ-၌ အာဝုဓသရုပ်**

၁။ စာပေါ= မြားညို့ပါသောလေး။

၂။ ကောဒဏ္ဍော= မြားညို့မပါသောလေး။

**ပါဒုကာရှဋ္ဌသရုပ်**

၁။ အက္ကန္တ = ခြေနင်းကိုနင်းသောသူ။
၂။ ပဋိမုက္က = ခြေနင်းကိုစွပ်သောသူ။
၃။ ဩမုက္က = ခြေနင်းကိုချွတ်သောသူ။

**ယာနဂတဿ-၌ ယာနသရုပ်**

၁။ ဝယှံ = ယာဉ်ပေါင်းချုပ်။
၂။ ရထော = ရထား။
၃။ သကဋံ = လှည်း။
၄။ သန္ဒမာနိကာ = သန့်လျှင်း။
၅။ သိဝိကာ = ထမ်းစင်။
၆။ ပါဋင်္ကီ = ပုဆိုးသန့်လျှင်း။

**ဝေဌိတသီသော**

ဆံအစွန်းကို မပြဘဲ ဦးရစ်ပေါင်းသူ။

**ဩဂုဏ္ဌိတသီသော**

ဦးခေါင်းနှင့်တကွခြုံသူ။

**ဘူတပုဗ္ဗံ ဘိက္ခဝေ ဗာရာဏသိယံ**

ဘိက္ခဝေ=တို့။ ဘူတပုဗ္ဗံ=ရှေး၌ဖြစ်ဘူးသည်ကား။ ဗာရာဏသိယံ=ပြည်၌။ အညတရဿ=သော။ ဆပကဿ=ဒွန်းစဏ္ဍားၐ။ ပဇာပတိ=မယားသည်။ ဂဗ္ဘိနီ=ကိုယ်ဝန်ရှိသည်။ အဟောသိ=ဖြစ်ပြီ။ ဘိက္ခဝေ=တို့။ အထခေါ=ထိုအခါ၌။ သာ ဆပကီ=ထိုဒွန်းစဏ္ဍားမသည်။ တံဆပကံ=ထို ဒွန်းစဏ္ဍားကို။ ဧတံဝစနံ=ဤစကားကို။ အဝေါစ=ၐ။ အယျပုတ္တ=အရှင်သား။ အဟံ=သည်။ အမ္ဗံ=သရက်သီးကို။ ခါဒိတုံ=ငှါ။ ဣစ္ဆာမိ=ၐ။

ဏ္ဍကတိ=ဤသို့။ အာဝေါစ=၏။ အမွံ=သည်။ နတ္ထိ=မရှိ။ အမွသား=၏။ အကာလေသ=အခါမဟုတ်။ ဣကတိ=ဤသို့။ ဝုတ္တော=သော်။ (ထည့်)။ သစေ န လဘိဿာမိ=အံ့။ မရိဿာမိ=သေအံ့။ ဣကတိ=ဤသို့။ အဝေါစ=၏။

## ယာဝ အခမ္မိကော အယံ ရာဇာ

ယတြ ယော ရာဇာ=သည်။ (ဟိကား နိပါတ်မျှသာ၊ နာမကား ဂရဟာဝါစက်) ဥစ္စေ=မြင့်သော။ အာသနေ=၌။ နိသီဒိတွာ=၍။ မန္တံ=ကို။ ပရိယာပုဏိဿတိနာမ= သင်ဘိ၏။ အယံရာဇာ=သည်။ ယာဝအတိဝိယ=အလွန်လျှင်။ အခမ္မိကော=တရားမစောင့်။ ယတြ ယော ဗြာဟ္မဏော=သည်။ နီစေ=နိမ့်သော။ အာသနေ=၌။ နိသီဒိတွာ=၍။ ဥစ္စေ=သော။ အာသနေ=၌။ နိသိန္နဿ=နေသောမင်းအား။ မန္တံ=ကို၊ ဝါစေဿတိနာမ= သင်ဘိ၏။ အယဥ္စဗြာဟ္မဏော=သည်လည်း။ အခမ္မိကော=တရားမစောင့်။ ယောဟံ=အကြင်ငါသည်။ ဣတ္ထိကာရဏာ=မိန်းမ၏အကြောင်းကြောင့်။ ရညော=၏။ အမ္ဗ=သရက်သီးကို။ အဝဟရာမိ=ခိုး၏။ သော အဟဉ္စ=ထိုငါသည်လည်း။ အခမ္မိကော=သည်။ အမှီ=၏။ သဗ္ဗံ=သော။ ဣဒံကမ္မံ=ဤအမှုသည်။ စရိမကတံ= အယုတ်ဖြစ်သော သူတို့သည် ပြုအပ်သောအမှုတည်း။ ဣကတိ=ဤသို့ဆို၍။ တတ္ထေဝ ထိုမင်းနှင့်ပုဏ္ဏား အကြားခွဲ၌သာလျှင်။ ပရိပတိ=သစ်ပင်မှလျှောချ၏။

## ဥဘော အတ္ထံ န ဇာနန္တိ

ယောစ=အကြင်ပုဏ္ဏားသည်လည်း။ အခမ္မေန=မတရားသဖြင့်။ (နောက်ကငင်)။ မန္တံ=ကို။ ဝါစေတိ=ချ၏။ ယောစ=အကြင်မင်းသည် လည်း။ အခမ္မေန=ဖြင့်။ မန္တံ=ကို။ (လိုက်စေ)။ အဓိယတိ=သင်၏။ ဥဘော=ကုန်သော။ တေ=ထိုမင်းပုဏ္ဏားတို့သည်။ (သည့်)။ အတ္ထံ=အကျိုးကို။ နဇာနန္တိ=ကုန်။ ဥဘော=ကုန်သော။ တေ=တို့သည်။ ဓမ္မံ=အကြောင်းကို။ နပဿရေ=မမြင်ကြကုန်။ ဣကတိ=ဤသို့။ အာဟ=၏။

**သာလီနံ ဩဒနော သုစေတ္တော**

ဆပက=ဒွန်းစဏ္ဍား။ (အာလုပ်ထည့်)။ သုစိမံသူပသေစနော=စင်ကြယ်သော အမဲဟင်းလျာဖြင့်ပြွမ်းသော။ သာလီနံ=သလေးတို့၏။ ဩဒနော=ကို။ မယာ=သည်။ (ထည့်)။ ဘုတ္တော=အပ်၏။ တသ္မာ=ထိုကြောင့်။ ယောဓမ္မော=အကြင်ဓမ္မကို။ အရိယေဟိ=တို့သည်။ ဂရဟိတော=ချီးမွမ်းအပ်၏။ တသ္မိံဓမ္မေ=၌။ အဟံ=သည်။ နဝတ္တာမိ= မကျင့်။ ဣတိ=သို့။ အာဟ=၏။ (နိယတ်၊ အနိယတ်လည်းထည့်။)

**ဓိရတ္ထု တံ ဓနလာဘံ**

ဗြာဟ္မဏ=ပုဏ္ဏား။ တံ တေ=သင်၏။ (ကရိယာအနက်၌ ဒုတိယာ ဝိဘတ်သက်)။ ဓနလာဘဥ္စ=ဥစ္စာရခြင်းသည်ငင်း။ ယသလာဘဥ္စ=အခြံအရံ အကျော်အစောကို ရခြင်းသည်ငင်း။ ဝိနိပါတေနဝါ=အပါယ်၌ကျသဖြင့်ငင်း။ အဓမ္မစရဏေနဝါ= အဓမ္မကိုကျင့်သဖြင့်ငင်း။ ယာဝုတ္တိ=အကြင်အသက်မွေးခြင်းသည်။ အတ္ထိ=၏။ သာစ=ထိုအသက်မွေးခြင်းသည်ငင်း။ (ထည့်)။ ဓိ=စက်ဆုပ်ဘွယ်ရှိသည်။ အတ္ထု= ဖြစ်၏။

**ပရိဗ္ဗဇ မဟာဗြဟ္မေ**

မဟာဗြဟ္မေ=ပုဏ္ဏားကြီး။ ပရိဗ္ဗဇ=ဤအရပ်မှထွက်ပြေးလော့။ အညေပိ=သင်တို့မှ တပါးလည်းဖြစ်ကုန်သော။ ပါဏိနော=သတ္တဝါတို့ သည်။ ပစန္တိ=ချက်ပြုတ်ကြကုန်၏။ အာစရိတော=သင်သည်ကျင့်အပ်သော။ အဓမ္မော=မတရားသည်။ အသ္မာ=ကျောက် သည်။ ကုမ္ဘံ=အိုးကို။ ဘိန္ဒတိက္ကဝ=ခွဲသကဲ့သို့။ တွံ=သင့်ကို။ မာ ဘိဒါ=မခွဲစေလင့်။ ဣတိ=ဤသို့။ အဝေါစ=၏။ (ထည့်)။

---

ဝိလာနလွတ်လပ်ခွင့်မရှိသော သေနိယသိက္ခာပုဒ်(၃)ပုဒ်။ ။

၁။ ထုပီတက ပိဏ္ဍပါတ။

၂။ သူပဗျဉ္ဇနေန ပဋိစ္ဆာဒန။

၃။ ဥဇ္ဈာန သညီ။

### ဟာရိတသိက္ခာပုဒ်လာ အခြားသိက္ခာပုဒ်များနှင့် မတူသောအနာပတ်

အပ္ပဟရိတေ=စိမ်းသောမြက်သစ်ပင်မရှိရာ၌။ ဂဲတော=ပြုအပ်သော ကျင်ကြီးကျင်ငယ် တံတွေးသည်။ ဟရိတံ=စိမ်းသောမြက်သစ်ပင် ရှိရာအရပ်ကို။ ဩတ္ထရတိ=လွှမ်းမိုး၏။ အနာပတ္တိ=သင့်။

## ဘိက္ခုနီဝိဘင်္ဂ

## ပါရာဇိကအဖွင့်

## ဥဇ္ဈာဇာဏုမဏ္ဍလိတာသိက္ခာပုဒ်

### တေန ခေါ ပန သမယေန သာဠှော

တေနခေါပနသမယေန=၌။ မိဂါရနတ္တာ=မိဂါရသူဌေး၏မြေးဖြစ်သော။ (ပါဠိအလို)။ ဝါ=မိဂါရသူဌေး၏ အမိအရာ၌တည်သော ဝိသာခါ၏မြေးဖြစ်သော။ သာဠှော=သာဠှသည်။ ဘိက္ခုနိသံဃဿ=၏။ ဝိဟာရံ=ကို။ ကတ္တုကာမော=ပြုလိုသည်။ ဟောတိ=၏။

### သာသနာတောင်ဝင်လာကြသော ညီမလေးဖော်

၁။ နန္ဒာ။

၂။ နန္ဒဝတီ။

၃။ သုန္ဒရီနန္ဒာ။

၄။ ထုလ္လနန္ဒာ။

### သုန္ဒရီနန္ဒာဘိက္ခုနီ၏ အရည်အချင်း

တာသု=ထိုညီအမလေးယောက်တို့တွင်။ သုန္ဒရီနန္ဒာ=အမည်ရှိသော။ ဘိက္ခုနီ=သည်။ တရုဏပဗ္ဗဇိတာ=ပဋမအရွယ်အငယ်က ရဟန်းပြုသည်ဖြစ်၍။အဘိရူပါ=အလွန်အဆင်းလှသည်။ ဒဿနီယာ=ရှုချင်ဘွယ်ရှိသည်။ ပါသာဒိကာ=ကြည်ညိုဘွယ်ရှိသည်။ ဟောတိ=၏။ ပဏ္ဍိတာ=ပညာရှိသည်။ ဝိယတ္တာ=အစွမ်းသတ္တိနှင့်

ပြည့်စုံသည်။ မေဓာဝိနီ=သတိဖက်သောကြောင့် ထက်မြက်သော ပညာရှိသည်။ ဒက္ခာ=လိမ်မာသည်။ အနလသာ=ပျင်းရိခြင်း မရှိသည်။ တတြူပါယာယ=ထိုထိုအမှု၌ အကြောင်းဖြစ်သော။ ဝီမံသာယ=စုံစမ်းခြင်းနှင့်။ သမန္နာဂတာ=ပြည့်စုံသည်။ ပဟောတိ=၏။ ကာတုံ=ငှါ။ အလံ=စွမ်းနိုင်၏။ သံဝိဓာတုံ=စီရင်ခြင်းငှါ။ အလံ=စွမ်းနိုင်၏။

## တေန ခေါ ပန သမယေန သုန္ဒရီနန္ဒာ

တေန ခေါပန သမယေန=၌။ သုန္ဒရီနန္ဒာ=သော။ ဘိက္ခုနီ=သည်။ မိဂါရနတ္တုနော=သော။ သာဠှဿ=၏။ နိဝေသနံ=အိမ်သို့။ အဘိက္ခဏံ=မပြတ်။ ဥါယိ=ပဲခွပ်ကို။ ဒေထ=ကုန်လော့။ ပရသုံ=ပုဆိန်ကို။ ဒေထ=ကုန်လော့။ ကုဒါရီ=ခါးမကို။ ဒေထ=ကုန်လော့။ ကုဒါလံ=ပေါက်တူးကို။ ဒေထ=ကုန်လော့။ နိခါဒနံ=ဆောက်ကို။ ဒေထ=ကုန်လော့။ ဣတိ=ဤသို့။ ဂစ္ဆတိ=၏။

## သာဠှောပိ မိဂါရနတ္တာ

သာဠှောပိ=သည်လည်း။ ဘိက္ခုနုပဿယံ=ဘိက္ခုနီမကျောင်းသို့။ အဘိက္ခဏံ=မပြတ်။ ကတာကတံ=ပြုအပ်, မပြုအပ်သေးသည်ကို။ ဇာနိတုံ=သိခြင်းငှါ။ အာဂစ္ဆတိ=လာ၏။ တေ=ထိုသုန္ဒရီနန္ဒာ, သာဠှတို့သည်။ အဘိဏှံ=မပြတ်။ ဒဿနေန=မြင်ရခြင်းကြောင့်။ ပဋိဗဒ္ဓစိတ္တာ=တပ်သောစိတ် ရှိကုန်သည်။ အဟေသုံ=ဖြစ်ကုန်၏။

## သာဠှဆွမ်းကျွေးခြင်း၏ ရည်ရွယ်ချက်

သုန္ဒရီနန္ဒံ=သော။ ဘိက္ခုနိံ=ကို။ ဒူသေတုံ=ဖျက်ဆီးခြင်းငှါ။ ဩကာသံ=အခွင့်ကို။ အလဘမာနော=မရသည်ဖြစ်၍။ ဧတဒေဝ=ထိုဖျက်ဆီးခြင်း၏သာလျှင်။ (သာမိအနက်၌ ဒုတိယာဝိဘတ်ကိုစီရင်၊ အချို့စာ၌လည်း ဧတဿေဝဟု အဖြောင့်ပင်ရှိ၏)။ အတ္ထာယ=အကျိုးငှါ။ ဘိက္ခုနိသံဃဿ=အား။ ဘတ္တံ=ဆွမ်းကို။ အကာသိ=လုပ်ကျွေး၏။

## သုန္ဒရိနန္ဒာ ဘိက္ခုနိ သလ္လေကွေတွာ

သုန္ဒရိနန္ဒာ=သော။ ဘိက္ခုနီ=သည်။ မိဂါရနတ္တာ=သော။ သာဠှော=သည်။ ဗဟုကတော=များစွာကောင်းမှုကုသိုလ်ကို အလိုရှိသည်ဖြစ်၍။ ဘိက္ခုနိသံဃဿ=အား။ ဘတ္တံ=ကို။ နအကာသိ=လုပ်ကျွေးသည်မဟုတ်။ သော=ထိုသာဠှသည်။ မံ=ငါတို့။ ဒူသေတုကာမော=ဖျက်ဆီးလို၏။ အဟံ= သည်။ သစေဂမိဿာမိ=အံ့။ မေ=အား။ ဝိဿရော=ဖောက်ပြန်သော အသံသည်။ ဘဝိဿတိ=လတံ့။ အန္တေဝါသိ=အနီးနေဖြစ်သော။ ဘိက္ခုနိံ=ကို။ ဂစ္ဆ=သွားချေ။ မေ=၏။ ပိဏ္ဍပါတံ=ကို။ နီဟရ=ဆောင်ချေ။ သော=ထိုသာဠှသည်။ မံ=ကို။ စေပုစ္ဆတိ=အံ့။ ဂိလာနာတိ=နာ၏ဟူ၍။ ပဋိဝေဒေဟိ=ကြားလေလော့။ ဣတိ=ဤသို့။ အာဏာပေသိ=စေ၏။

## အထခေါ သာဠှော မိဂါရနတ္တာ "ယမှာဟံ"

အထခေါ=၌။ မိဂါရနတ္တာ=သော။ သာဠှော=သည်။ အဟံ=သည်။ ယံပိကာရဏံ= အကြင်အကြောင်းသည်လည်း။ အတ္ထိ=၏။ (ထည့်)။ တဿကာရဏဿ=ထို အကြောင်း၏။ (နိယတ်ထည့်သည်)။ အတ္တာယ=အကျိုးငှါ။ အယျာယ=သော။ သုန္ဒရိနန္ဒာယ=၏။ ကာရဏာ=ကြောင့်။ ဘိက္ခုနိသံဃဿ=အား။ ဘတ္တ=ကို။ အကာသိ= ပြီ။ ဣတိ=သို့။ မနုဿေ=တို့ကို။ ဘိက္ခုနိသံဃံ= ကို။ ဘတ္တေန=ဖြင့်။ ပရိဝိသထ= လုပ်ကျွေးကြကုန်လော့။ ဣတိ=ဤသို့။ အာဏာပေတွာ=စေ၍။ ယေန=၌။ ဘိက္ခု နုပဿယော=သည်။ အတ္ထိ=၏။

## ကိံ တေ အယျေ အဖါသု

အယျေ=ရှင်မ။ တေ=၏။ အဖာသု=မချမ်းသာခြင်းသည်။ ကိံ=နည်း။ ကိဿ= ကြောင့်။ နိပန္နာ=သည်။ အသိ=နည်း။ ဣတိ=သို့။ အဝေါ စ=၏။ အာဝုသော=ဒါယကာ။ ယာ=အကြင်မိန်းမသည်။ အနိစ္ဆန္တံ=အလိုမရှိအပ်သည်ကို။ ဣစ္ဆတိ=၏။ ။ (အနိစ္ဆန္တံ၌=အန္တပစ္စည်းစစ်မဟုတ်။ မာနပစ္စည်းကို အန္တပြန်၍ အနိစ္ဆန္တံဟုရှိသည်။)

(တနည်း)အနိစ္ဆန္တံ=မိမိအား အလိုမရှိတတ်သော ယောက်ျားကို။ ကတ္တာတိ=၏။ (ဤနည်း အလိုဖြင့် အန္တပစ္စည်းကား ကတ္တားအနက်၌ပင် သက်သည်ဖြစ်၍ ပြန်ဘွယ်မရှိ ပကတိ ပင်၊ ဤနည်း သာ၍ သင့်မြတ်၏)။ ။ တသ္မာ=ထိုမိန်းမအား။ (ထည့်)။ ဧတံ= ဤမချမ်းသာခြင်း, လျောင်းအိပ်ခြင်းသည်။ ဧဝံ=ဤသို့။ ဟောတိ=၏။ အယျေ=ရှင်မ။ အဟံ=သည်။ တံ=သင့်ကို။ ကိံ=ကြောင့်။ န ကာမေသိ=အလိုမရှိဘဲ ရှိအံ့နည်း။ အပိစ=စင်စစ်သော်ကား။ အဟံ=သည်။ တံ=သင့်ကို။ ဒူသေတုံ=ငှါ။ ဩကာသံ=အခွင့် ကို။ နလဘာမိ=မရ။ ကာတိ=ဤသို့။ အဝဿုတော=ကာယသံသဂ္ဂရာဂဖြင့် စွတ်သည် ဖြစ်၍။ အဝဿုတာယ=သော။ သုန္ဒရီနန္ဒာယ=သော။ ဘိက္ခုနိယာ=နှင့်။ ကာယ သံသဂ္ဂံ=ကိုယ်ဖြင့်ကိုယ်နှင့်နှီးနှောခြင်းသို့။ သမာပဇ္ဇိ=၏။

**သိက္ခာပုဒ်ပညတ်ခြင်း၏ရည်ရွယ်ချက်(အကျိုး)၁၀-ပါး**

၁။ သံဃသုဋ္ဌုတာယ=သံဃာတော်၏ ကောင်းပြီဟု ဝန်ခံခြင်းအကျိုးငှါ။

၂။ သံဃဖာသုတာယ=သံဃာတော်၏ ချမ်းသာခြင်းအကျိုးငှါ။

၃။ ဒုမ္မင်္ကူနံ=သီလမရှိကုန်သော။ ဘိက္ခုနီနံ=တို့ကို။ နိဂ္ဂဟာယ=နှိပ်ခြင်းငှါ။

၄။ ပေသလာနံ=သီလကိုချစ်ကုန်သော။ ဘိက္ခုနီနံ=တို့၏။ ဖာသုဝိဟာရာယ= ချမ်းသာစွာနေခြင်းအကျိုးငှါ။

၅။ ဒိဋ္ဌဓမ္မိကာနံ=မျက်မှောက်၌ဖြစ်ကုန်သော။ အာသဝါနံ=တို့ကို။ သံဝရာယ= စောင့်ရှောက်ခြင်းငှါ။

၆။ သမ္ပရာယိကာနံ= တမလွန်၌ဖြစ်ကုန်သော။ အာသဝါနံ=တို့ကို။ ပဋိဃာ ဘာယ=ပယ်ဖျောက်ခြင်းငှါ။

၇။ အပ္ပသန္နာနံ=မကြည်ညိုကုန်သေးသော သူတို့၏။ ပသာဒါယ=ကြည်ညို စေခြင်းငှါ။

၈။ ပသန္နာနံ=ကြည်ညိုကုန်ပြီးသော သူတို့၏။ ဘိယျောဘာဝါယ=လွန်စွာ မ္ပားများစေခြင်းငှါ။

၉။ သဒ္ဓမ္မဋ္ဌိတိယာ=သူတော်ကောင်းတရား၏တည်ခြင်း အကျိုးငှါ။

၁၀။ ဝိနယာနုဂ္ဂဟာယ=ဝိနည်းကိုချီးမြှောက်ခြင်းငှါ။

**ဘိက္ခုနီသရုပ်**

**မှတ်ချက်။** ။ ဘိက္ခုနီ (၁၂) မျိုးရှိရာတွင် (၁) မှ (၁၁) အထိ ဘိက္ခုပါရာဇိကနှင့်တူသည်။ (၁၂)မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁၂) ညီညွတ်သော ဥဘတောသံဃာသည် မပျက်ဆီးသော သာသနာတော်တည်းဟူသော အကြောင်းအားထိုက်သော ဉတ္တိစတုတ္ထကံဖြင့် ရဟန်းမဖြစ်အောင် ရဟန်းခံ ပေးအပ်သော ဘိက္ခုနီ။

**ပုရိသပုဂ္ဂလော-အရ**

ကိုယ်လက်နှီးနှော့မှုသို့ရောက်ရန် သိနားလည်သော လူယောကျ်ား ကို ယူရမည်။ ဘီလူးယောကျ်ား, ပြိတ္တာယောကျ်ား, တိရစ္ဆာန် ယောကျ်ားတို့ကို မယူရ။

**ပထမပါရာဇိကကျပုံ**

ဦးခေါင်းပြတ်ပြီးသော ယောကျ်ားသည် ထိုပြတ်ပြီးသော ဦးခေါင်းနှင့် ခန္ဓာကိုယ်ကိုဆက်စပ်ခြင်းဖြင့် အသက်မရှင်ထိုက်သကဲ့သို့ ဤအတူပင် ရဟန်းမသည် ကာယသံသဂ္ဂရာဂစိုစွတ်လျှက် ကာယသံသဂ္ဂရာဂစိုစွတ်သော ယောကျ်ား၏ ညှပ်ရိုးနှစ်ဘက်အောက်, ပုဆစ်ဒူးဝန်းနှစ်ဘက်အထက်၌ သုံးသပ်ခြင်းစသည်ကို သာယာလျှင် ရဟန်းမမဟုတ်တော့၊ သာကီဝင်မင်းသမီး ဘုရားသမီးတော်မဟုတ်တော့။

---

**ရဟန်း, ရဟန်းမနှစ်ပါးတို့တွင် ရဟန်းမက သုံးသပ်၍ ရဟန်းက မလှုပ်ရှားဘဲ စိတ်ဖြင့်သာ သာယာမှု**

"ကာယသံသဂ္ဂံ သမာပဇ္ဇေယျ" ဟောတော်မူသောကြောင့် ရဟန်းမှာ အာပတ်မသင့်။

**ရဟန်းက သုံးသပ်၍ ရဟန်းမက မလှုပ်ရှားဘဲ စိတ်ဖြင့်သာ လက်ခံမှု**

ကာယသံသဂ္ဂံ သာဒိယေယျဟု ဟောတော်မူသောကြောင့် ရဟန်းမမှာ ဓော်အလိုက် အာပတ်များသင့်သည်။

( ဝိ၊ ၄၊ ၃၊ ၁၇၇ )

**ဥဘတော အဝဿုတော**

ဥဘတော=နှစ်ပါးစုံသောသူ၏။ (တောပစ္စည်းကို သာမိအနက်၌သက်)။ အဝဿုတော=ကာယသံသဂ္ဂရာဂဖြင့် စွတ်သောအဖြစ်သည်။ သတိ=သော်။ အဓက္ခကံ=၌။ ဥဗ္ဘဇာဏုမဏ္ဍလံ=၌။ ကာယေန=ဖြင့်။ ကာယံ=ကို။ အာမသတိ=၏။ အာပတ္တိ ပါရာဇိကဿ။

## ဝဇ္ဇပဋိစ္ဆာဒိကာသိက္ခာပုဒ်

**ယာဝ ဂဗ္ဘော တရုဏော**

ယာဝ=လောက်။ ဂဗ္ဘော=သည်။ တရုဏော=နုသည်။ အဟောသိ=ပြီ။ တာဝ=လောက်။ ဆာဒေသိ=ဖုံးလွှမ်း၏။ ဂဗ္ဘေ=သည်။ ပရိပက္ကေ=ရင့်သည်ရှိသော်။ ဝိဗ္ဘမိတွာ=လူထွက်၍။ ဝိဇာယိ=သားဖွား၏။ ဘိက္ခုနိယော=တို့သည်=ပ။ အဝေါစုံ=ကုန်၏။ အယျေ=မ။ သုန္ဒရီနန္ဒာ=သည်။ အစိရဝိဗ္ဘန္တာ=လူထွက်၍ မကြာမြင့်မီ။ ဝိဇာတာ=သားဖွား၏။ ကစ္စိ=အသို့နည်း။ သာ=ထိုသုန္ဒရီနန္ဒာသည်။ ဘိက္ခုနီယေဝ=ရဟန်းမိန်းမသည်သာလျှင်။ သမာနာ=ဖြစ်လျက်။ ဂဗ္ဘိနီနု=ကိုယ်ဝန်ရှိလေသလော။ ဣတိ=သို့။ အဝေါစုံ=ကုန်၏။

**ယော ဧတိဿာ အဝဏ္ဏော**

ဧတိဿာ=ထိုသုန္ဒရီနန္ဒာ၏။ ယော အဝဏ္ဏော=အကြင်ကျေးဇူးမဲ့သည်။ အတ္ထိ=၏။ (ထည့်)။ ဧသော အဝဏ္ဏော=သည်။ မယှံ=၏။ အဝဏ္ဏော=ပင်တည်း။ ဧတိဿာ=၏။ ယာ အကိတ္တိ=အကြင်အကျော်အစောမဲ့သည်။ အတ္ထိ=၏။ ဧသာ အကိတ္တိ=သည်။ မယှံ=၏။ အကိတ္တိ=ပင်တည်း။ ဧတိဿာ=၏။ ယော အယသော=အကြင်အခြံအရံမဲ့သည်။ အတ္ထိ=၏။ ဧသော အယသော=သည်။ မယှံ=၏။ အယသော=

ဝဇ္ဇပဋိစ္ဆာဒိကာကို ဖုံးလည်း ဝဇ္ဇပဋိစ္ဆာဒိကာပင် ။ ။ "အဋ္ဌန္နံ ပါရာဇိကာနံ အညတရံ" ဟု ဟောတော်မူသောကြောင့် ဤဝဇ္ဇပဋိစ္ဆာဒိက အာပတ်ကို ဖုံးသောဘိက္ခုနီလည်း ဝဇ္ဇပဋိစ္ဆာဒိကာပင်မည်သည်။

(သာရတ္ထ)

ပင်တည်း။ ဧကိဿာ=၏။ ယောအလာဘော=အကြွင်မရခြင်းသည်။ အတ္ထိ=၏။ ဧသောအလာဘော=သည်။ မယှံ=၏။ အလာဘော=ပင်တည်း။ အယျေ=တို့။ အဟံ=သည်။ ကီး=အဘယ်ကြောင့်။ အတ္တနော=၏။ အဝဏ္ဏံ=ကျေးဇူးမဲ့ကို။ အကိတ္တိံ=အကျော်စောမဲ့ကို။ အယသံ=အခြံအရံမဲ့ကို။ အလာဘံ=မရခြင်းကို။ ပရေသံ=တို့အား။ အာရောစေဿာမိ=ပြောကြားအံ့နည်း။

**ပါရာဇိကံ ဓမ္မံ အဇ္ဈာပန္နံ-၌ ပါရာဇိကဓမ္မ-အရ**

ပါရာဇိက(၈)ပါးတို့တွင် တပါးပါးကိုယူပါ။

**န ဂဏဿ အာရောစေယျ-၌ ဂဏအရ**

အခြားရဟန်းမတို့ကိုယူပါ။

**ဌိတာ ဝါ စသည်**

ဌိတာ = မိမိရဟန်းအသွင်၌ တည်သောဘိက္ခုနီ၊

စုတာ = သေသောဘိက္ခုနီ၊

နာသိတာ = ကိုယ်တိုင်လူထွက်သောဘိက္ခုနီ (သို့မဟုတ်) အခြားသူတို့ ဖျက်ဆီးအပ်သောဘိက္ခုနီ၊

အဝဿဋ္ဌာ = တိတ္ထိကျောင်းသို့ပြောင်းရွှေ့သောဘိက္ခုနီ၊

**ဒုတိယပါရာဇိကကျပုံ**

အညာမှကြွေကျပြီးသော ဖတ်ရွက်ရောက်သည် တဖန် မစိမ်းစို ထိုက်သကဲ့သို့ ဤအတူပင် ရဟန်းမသည် သိလျက် ပါရာဇိကကျပြီးသော ရဟန်းမကို ကိုယ်တိုင်သည်း မစောဒနာ၊ ဂိုဏ်းအားလည်း မပြောကြားသော ရဟန်းမအား ဝန်ချသော် ရဟန်းမ မဟုတ်တော့၊ သာကီဝင်မင်းသမီး ဘုရားသမီးတော်မဟုတ်တော့။

---

**ဒုဋ္ဌုလ္လာပတ္တိပဋိစ္ဆာဒန သိက္ခာပုဒ်ဖြင့် ဝဇ္ဇပဋိစ္ဆာဒိကာသိက္ခာပုဒ်တို့အထူး**

ဒုဋ္ဌုလ္လာပတ္တိ ပဋိစ္ဆာဒန သိက္ခာပုဒ်၌ ပါစိတ်သင့်၍ ဝဇ္ဇပဋိစ္ဆာဒိတာ သိက္ခာပုဒ်၌မူ ပါရာဇိက သင့်သည်။ (ဝိ၊ ၄၊ ၃၊ ၁၈၈)

# ဥက္ခိတ္တာနုဝတ္တိကာသိက္ခာပုဒ်

## သမဂ္ဂေန သံဃေန ဥက္ခိတ္တံ

သမဂ္ဂေန=သော။ သံဃေန=သည်။ ဥက္ခိတ္တံ=ဥက္ခေပနီယကံဖြင့် နှင်ထုတ်အပ်သော။ ဓမ္မဝါဒိပုဗ္ဗံ=ရှေးလင်းတသတ် အမျိုး၌ဖြစ်သော။ **အရိဋ္ဌ**=အမည်ရှိသော။ ဘိက္ခုံ=သို့။ အနုဝတ္တတိ=အစဉ်လိုက်၏။

## သမဂ္ဂသံဃာဟူသည်

သံဝါသတူသော တသိမ်တည်း၌တည်သောသံဃာ။

## ဥက္ခိတ္တသရုပ်

၁။ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ခံရသူ၊

၂။ အာပတ်ကို မကုစားကြောင့် နှင်ထုတ်ခံရသူ၊

၃။ မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ခံရသူ။

(ဝိ၊ ၂၊ ၂၈၂)

## အနာဒရော

သံဃာကိုဖြစ်စေ,ဂိုဏ်းကိုဖြစ်စေ, ပုဂ္ဂိုလ်ကိုဖြစ်စေ, ကံကိုဖြစ်စေ မရိုသေသော ဥက္ခိတ္တကရဟန်း။

## အကတသဟာယော

သဟာယအရ သမာနသံဝါသကရဟန်းတို့ကိုယူပါ၊ ထိုသမာနသံဝါသည် ထိုသဟာယဖြစ်သောရဟန်းတော်တို့နှင့်အတူတကွမရှိသောကြောင့် အကတသဟာယော ဟုဆိုသည်။

**တမနုဝတ္တေယျ**

တမနုဝတ္တေယျာတိ=ကား။ သော=ထိုဥက္ခိတ္တကရဟန်းသည်။ ယံဒိဋ္ဌိကော=အကြင်အယူရှိသည်။ ယံခန္တိကော=အကြင်နှစ်သက်ခြင်းရှိသည်။ ယံရုစိကော=အကြင်အလိုရှိသည်။ ဟောတိ=၏။ သာပိ=ထိုဘိက္ခုနီမသည်လည်း။ တံခန္တိကာ=သည်။ တံဒိဋ္ဌိကာ=သည်။ တံရုစိကာ=သည်။ ဟောတိ=၏။

**တတိယပါရာဇိကကျပုံ**

နှစ်ဖြာနှစ်ခြမ်းကွဲပြီးသောကျောက်ဖျာသည် တဖန် မဆက်စပ်တော့သကဲ့သို့ ဤအတူပင် ရဟန်းမသည် ၃-ကြိမ်မြောက်သမနုဘာသနကံ၏ဆုံး၌ မစွန့်လျှင် ရဟန်းမ မဟုတ်တော့။ သာကီဝင်မင်းသမီး ဘုရားသမီးတော်မဟုတ်တော့။

## အဋ္ဌဝတ္ထုကာသိက္ခာပုဒ်

**အဝဿုတာ အဝဿုတဿ**

အဝဿုတာ=ကာယသံသဂ္ဂရာဂဖြင့် စွတ်ကုန်သည်ဖြစ်၍။ အဝဿုတဿ=သော။ ပုရိသပုဂ္ဂလဿ=၏။ ဟတ္ထဂဟဏံပိ=လက်ကိုကိုင်ခြင်းကိုလည်း။ သာဒိယန္တိ=သာယာကုန်၏။ သံဃာဋိကဏ္ဏဂ္ဂဟဏံပိ=ဒုကုဋ်စွန်းကို ကိုင်ခြင်းကိုလည်း။ သာဒိယန္တိ=ကုန်၏။ သန္တိဋ္ဌန္တိပိ=အတူတကွလည်း ရပ်ကုန်၏။ သလ္လပန္တိပိ=အတူတကွလည်း စကားပြောကြကုန်၏။ သင်္ကေတံပိ=ချိန်းချက်ရာအရပ်သို့လည်း။ ဂစ္ဆန္တိ=ကုန်၏။ ပုရိသဿ=၏။ အဗ္ဘာဂမနံပိ=ရှေးရှုလာခြင်းကိုလည်း။ သာဒိယန္တိ=ကုန်၏။ ဆန္နံပိ=ဖုံးကွယ်ရာသို့လည်း။ အနုပဝိသန္တိ=အစဉ်လိုက်၍ဝင်ကုန်၏။ ကာယံပိ=ကိုလည်း။ တဒတ္ထာယ=ထိုမသူတော်တရားကိုမှီဝဲခြင်းအကျိုးငှာ။ (တဒတ္ထာယအရကိုပင် ပြလိုသောကြောင့် တေဿစသည်ကိုဟောတော်မူသည်)။ တေဿ အသဒ္ဓမ္မဿ=ထိုမသူတော်တို့ တရားကို။ ပဋိသေဝနတ္ထာယ=မှီဝဲခြင်း အကျိုးငှာ။ ဥပသံဟရန္တိ=အနီးသို့ ဆောင်ကုန်၏။

**ဟတ္ထဂ္ဂဟဏံ ဝါ-၌ ဟတ္ထ-အရ**

တထောင်ဆစ်မှစ၍ လက်သည်းဖျားတိုင်အောင်ယူပါ။

**သင်္ဃာဋိကဏ္ဏဂ္ဂဟဏံ ဝါ-၌ သင်္ဃာဋိ-အရ**

နိဝတ္ထံ ဝါ ပါရုတံ ဝါ ကိုယောက်၍ သင်းပိုင်, ဧကသီတို့ကိုယူပါ။

**သင်္ကေတံ ဝါ ဂစ္ဆေယျ**

သွားလျှင်ခြေလှမ်းတိုင်း ဒုက္ကဋ်၊ ယောကျ်ား၏ဟတ္ထပါသ်သို့ ရောက်သော် ထုလ္လစ္စဉ်း။

**အာဂမနံ ဝါ သာဒိယေယျ**

ယောကျ်ားလာခြင်းကိုသာယာလျှင် ဒုက္ကဋ်၊ ဟတ္ထပါသ်သို့ သက်ရောက်လသော် ထုလ္လစ္စဉ်း။

**စတုတ္ထပါရာဇိကကျပုံ**

လည်ဆစ်ပြတ်ပြီးသောထန်းပင်သည် တဖန်မစည်ပင်ထိုက်သကဲ့သို့ ထို့အတူပင် ရဟန်းမသည် ၈-ခုမြောက်ဝတ္ထုပြည့်သော် ရဟန်းမ မဟုတ်တော့၊ သာကီဝင်မင်းသမီး ဘုရားသမီးတော်မဟုတ်တော့။

## သံဃာဒိသေသကဏ္ဍ

### ဥဿယဝါဒိကာသိက္ခာပုဒ်

**ဘိက္ခုနီသံဃဿ ဥဒ္ဒေါသိတံ ဒတ္တာ**

ဘိက္ခုနီသံဃဿ=အား။ ဥဒ္ဒေါသိတံ=ဘဏ္ဍာတိုက်ကို။ ဒတ္တာ=၍။ ကာလက် တော=သေသည်။ ဟောတိ=၏။ တဿ=ထိုဥပါသကာ၏။ ဒွေပုတ္တာ=တို့သည်။ ဟောန္တိ=, ကုန်၏။ ဧကော=သားတစ်ယောက်သည်။ အသဒ္ဓေါ=မယုံကြည်။ အပ္ပသန္နော=မကြည် ညို။ ဧကော=သည်။ သဒ္ဓေါ=၏။ ပသန္နော=၏။ တေ=ထိုသားနှစ်ယောက်တို့သည်။ ပေတ္တိကံ=အဘမှလာသော။ သာပတေယျံ=ဥစ္စာနှစ်ကို။ ဝိဘဇိံသု=ခွဲဝေကုန်၏။

**အပိ နာယျာ တုမှေဟိ**

အယျော=အမောင်တို့။ သက္ခိ=သက်သေကို။ ဌပယိတွာ=၍။ ဒါနံ=ကို။ ဒိယျမာနံ=လှူအပ်သည်ကို။ တုမှေဟိ=တို့သည်။ အပိဒိဋ္ဌံဝါနူ=မြင်မှုလည်းမြင်ဘူးသလော။ အပိသုတံဝါနူ=ကြားမှုလည်းကြားဘူးသလော။ ဣတိ=ဤသို့။ အဝေါစ=၏။

**အသမဏီယော ဣမာ**

မုဏ္ဍာ=ဦးပြည်းကုန်သော။ ဣမာ ဗန္ဓကိနိယော=ဤအမျိုးပျက်ခြင်း၌ ဖွဲ့တတ်သော သူယုတ်မာတို့သည်။ ဝါ=အမျိုးပျက်ခြင်း၌ ဖွဲ့ခြင်းကို ပြုတတ်သော သူယုတ်မာတို့သည်။ အသမဏီယော=ရဟန်းမိန်းမ မဟုတ်ကုန်။ ကထံဟိ=ကြောင့်လျှင်။ အမှာကံ=တို့၏။ ဥဒေါသိတံ=ကို။ အစ္ဆိန္ဒာပေဿန္တိနာမ=လုယက်စေကုန်ဘိသနည်း။ ဣတိ=သို့။ ဥဇ္ဈာယတိ=၏။

**အထခေါ သော ပုရိသော**

အထခေါ=၌။ ဒဏ္ဍိတော=ဒဏ်ထားအပ်သော။ သောပုရိသော=သည်။ ဘိက္ခုနုပဿယဿ=၏။ အဝိဒူရေ=အနီး၌။ အာဇီဝကသေယျံ=အာဇီဝကကျောင်းကို။ ကာရာပေတွာ=စေ၍။ အာဇီဝကေ=တို့ကို။ ဧတာဘိက္ခုနိယော=တို့ကို။ အစ္စာဝဒထ=အလွန်အကျူးအထူးစွပ်စွဲ ဆဲရေးဆိုမည်ကြကုန်လော့။ ဣတိ=ဤသို့။ ဥယျောဇေသိ=တိုက်တွန်း၏။

**ဥဿယဝါဒိကာဟူသည်**

တရားစွဲခြင်းဖြစ်သည်။

**ဂဟပတိစသည်**

၁။ ဂဟပတိ = အိမ်၌စိုးအုပ်နေသူအားလုံး။
၂။ ဂဟပတိပုတ္တ = အိမ်၌စိုးအုပ်နေသူ၏သား, ညီအားလုံး။
၃။ ဒါသ = အန္တောဇာန,ဓနက္ကီတ, ကရမရာနီတကျွန်များ။
၄။ ကမ္မကာရ = အခစား(ဟုတ်ကဲ့ဟုဝန်ခံတတ်သူ)။

၅။ ပရိဗ္ဗာဇက = ရဟန်း, ရဟန်းမ, သိက္ခမာန်, သာမဏေ, သာမဏေမတို့မှ တပါး ပရိဗိုဇ်အဖြစ်ရောက်သူအားလုံး။

## ကျွန်းသရုပ်

ဒါသောနာမ=ကား။ အန္တောဇာတော=အိမ်ပေါက်ကျွန်။ ဓနက္ကီတော=ဥစ္စာဖြင့် ဝယ်အပ်သောကျွန်။ ကရမရာနီတော=သုံ့ရကျွန်။

## ပထမာပတ္တိက

ဝတ္ထုကိုလွန်ကြူးသည်နှင့်တပြိုင်နက် သင့်ရောက်၍ သမနုဘာသနကံအဆုံး၌ မသင့်ရောက်သောကြောင့် ပထမာပတ္တိက။

## စောရီဝုဋ္ဌာပိကာသိက္ခာပုဒ်

## အညတရသာ လိစ္ဆဝိသာ

အညတရဿ=သော။ လိစ္ဆဝိဿ=၏။ ပဇာပတိ=မယားသည်။ အတိစာရိနီ= လင်ကိုကျော်၍အပျော်အပါး သူတခြားနှင့်ကျင့်သည်။ ဟောတိ=၏။ ပ။ သာဓု=ငါ တောင်းပန်ပါ၏။ ဝိရမာဟိ=လင်စောင်ထား၍ ပျော်ပါးခြင်းမှရှောင်ကြဉ်လော့။ တေ=၏။ အနတ္ထံ=အကျိုးမဲ့ကို။ ကရိဿာမိ=လအံ့။ ဣတိ=ဤသို့။ အဝေါစ=၏။ ဝုစ္စမာနာပိ=သော်လည်း။ နာဒိယိ=နားမထောင်။

---

**ကေသာ အာရောစေတိ ။** ။ ဒွိသု=တရားလို, တရားခံအားဖြင့် နှစ်ယောက်ကုန်သော။ ဇနေသု=လူတို့တွင်။ ယဿ ကဿစိ = အမှတ်မရှိ တစ်စုံတစ်ယောက်သော။ ကေဿ= တစ်ယောက် ၏။ ကထံ=စကားကို။ ယောကာစိ=အမှတ်မရှိ တစ်စုံတစ်ယောက်သောသူသည်။ ဝေါဟာရိကာနံ=တရား သူကြီး တို့အား။ အာရောစေတိ=ပြောအံ့။

(ဝိ၊ ၄၊ ၃၊ ၁၈၀)

**တရားစွဲရာ၌ အာပတ်သင့်ပုံ**

၁။ 'တရားစွဲမည်'ဟု ကြံ၍ အဖော်ကိုရှာမှီးလျှင်ဖြစ်စေ, သွားလျှင်ဖြစ်စေ ဒုက္ကဋ်။
၂။ တရားလို, တရားခံ နှစ်ယောက်တို့တွင် တစ်ယောက်အားပြောလျှင် ဒုက္ကဋ်။
၃။ ဒုတိယပုဂ္ဂိုလ်အားပြောလျှင် ထုလ္လစ္စည်း။
၄။ တရားစွဲပြီးချိန်၌ သံဃာဒိသေသ်။ (ဝိ၊ ၄၊ ၃၊ ၁၈၀)

**စောဒိဟူသည်**

ငါးပဲ, ငါးပဲထက်ထိုက်တန်သော အရှင်မပေးအပ်သော ဥစ္စာကို ခိုးလိုသော စိတ်ဖြင့် ခိုးသောမိန်းမ။

**ဝဇ္ဇာစသည်**

၁။ ဝဇ္ဇာ = ခိုးမှုလွန်ကြူး၍ အသတ်ခံရမည့်အပြစ်သို့ ရောက်သော မိန်းမ။

၂။ ဝိဒိတာ = အခြားသူတို့ထက် ဤမိန်းမကိုသတ်ထိုက်၏ဟု ထင်ရှားသော မိန်းမ။

၃။ ရာဇာ = ဆိုင်ရာအရပ်ဒေသ၌ ဆုံးမသူ။

၄။ သံဃော = ဘိက္ခုနီသံဃာ။

၅။ ဂဏော = ဆိုင်ရာအရပ်ဒေသ၌ဆုံးမသူအပေါင်း။

၆။ ပူဂေါ = ဆိုင်ရာအရပ်ဒေသ၌ဆုံးမသောအသင်းအဖွဲ့။

၇။ သေဏိ = ဆိုင်ရာအရပ်ဒေသ၌ဆုံးမသောပညာတတ်များ။

**အညတြ ကပ္ပါ၌ကပ္ပသရုပ်**

၁။ တိတ္ထိတို့၌ ရဟန်းပြုဘူးသူ။

၂။ အခြားရဟန်းမတို့၌ ရဟန်းပြုဘူးသူ။

**အာပတ်သင့်ပုံ**

၁။ "ရဟန်းခံပေးမည်" ဟုကြံ၍ ဂိုဏ်းကိုဖြစ်စေ, ဆရာကိုဖြစ်စေ, သပိတ်, သင်္ကန်း ကိုဖြစ်စေ ရှာမှီးခြင်း, သိမ်ဖွဲ့ခြင်းတို့ကြောင့် ဒုက္ကဋ်၊ ဉတ်ကြောင့်လည်း ဒုက္ကဋ်။

၂။ ကမ္မဝါစာနှစ်ကြိမ်တို့ကြောင့် ထုလ္လစ္စဉ်း။

၃။ ကမ္မဝါစာအဆုံး၌ ဥပဇ္ဈာယ်အား သံဃာဒိသေသ် သင့်၍ဂိုဏ်း, ဆရာမတို့အား ဒုက္ကဋ်သင့်သည်။ (ဝိ၊ ၂၊ ၂၉၂)

## ဧကဂါမန္တရဂမနသိက္ခာပုဒ်

### သာဓု နော အာဝုသော တာရေထ

အာဝုသော=ဒါယကာတို့။ သာဓု=တောင်းပန်ပါကုန်၏။ နော=ငါတို့ကို။ တာရေထ=ကူးစေကုန်လော့။ ဣတိ=ဤသို့။ အဝေါစုံ=ကုန်၏။ အယျေ=တို့။ ဥဘော=နှစ်ယောက်တို့ကို။ သကိံ=တကြိမ်တည်း။ တာရေတုံ=ကူးစေခြင်းငှါ။ နသက္ကာ=မတတ်ကောင်း။ ဣတိ=ဤသို့။ ဧကော=တစ်ယောက်သော လှေသမားသည်။ ဧကံ=တစ်ယောက်သော ဘိက္ခုနီမကို။ ဥတ္တာရေတိ=ကူးစေ၏။ ဥတ္တိဏ္ဏော=ကူးသောလှေသမားသည်။ ဥတ္တိဏ္ဏံ=ကူးသော ဘိက္ခုနီမကို။ ဒူသေတိ=၏။

### အထခေါ သာ ဘိက္ခုနီ သလ္လက္ခေတွာ

အထခေါ=၌။ သာဘိက္ခုနီ=သည်။ သလ္လက္ခေတွာ=၍။ အယံ ပုရိသော=သည်။ ပရိယုဋ္ဌိတော=ရာဂနှိပ်စက်၏။ ရတ္တိံ=၌။ သစေ အာဂစ္ဆိဿတိ=အကယ်၍ လာလတံ့။ မေ=၏။ ဝိဿရော=ဖောက်ပြန်သော အသံသည်။ ဘဝိဿတိ=လတံ့။ ဣတိ=ဤသို့။ ဘိက္ခုနိယော=တို့ကို။ အနာပုစ္ဆာ=မပန်မူ၍။ အညတရံ=သော။ ကုလံ=သို့။ ဂန္တွာ=၍။ သေယျံ=ကို။ ကပ္ပေသိ=၏။

### ဝစ္စေန ပီဠိတာ

ဝစ္စေန=ကျင်ကြီးဖြင့်။ ပီဠိတာ=နှိပ်စက်အပ်သည်ဖြစ်၍။ ဧကိကာ=တစ်ယောက် အထီးတည်း။ ဩဟီယိတွာ=ချန်ရစ်၍။ ပစ္ဆာ=မှ။ အဂမာသိ=၏။

### ဧကာ ဝါ ဂါမန္တရံ ဂစ္ဆေယျ-၌ အာပတ်သင့်ပုံ

ကာရံအပ်သောရွာ၏ အကာအရံကို ပထမခြေလှမ်းကို လွန်စေလျှင် ထုလ္လစ္စည်း သင့်၍ ဒုတိယခြေလှမ်းကိုလွန်စေလျှင် သံဃာဒိသေသ် သင့်သည်။

## ကော နဒီပါရံ-၌ လိုအပ်သော နဒီ

အဝန်း ၃-ပါး ညီစွာ ဖုံးလွှမ်း၍ မည်သည့်အရပ်၌မဆို ကူးသော ဘိက္ခုနီမ၏ သင်းပိုင်ရေစိုနိုင်ရာ မြစ်ကိုယူပါ။

## ကော ဝါ နဒီပါရံ ဂစ္ဆေယျ

ကော ဝါ နဒီပါရံ ဂစ္ဆေယျာတိတွေ= ၌။ နံဒီနာမ= ကား။ တိမဏ္ဍလံ= အဝန်းသုံးပါးညီစွာ။ ပဋိစ္ဆာဒေတွာ= ၍။ ယတ္ထကတ္ထစိ= အမှတ်မရှိ တစ်ခုခုသော အရပ်၌။ ဥတ္တရန္တိယာ= ကူးသော။ ဘိက္ခုနိယာ= ၏။ အန္တရဝါသကော= သည်။ တေမိယတိ= ရေဖြင့်စွတ်၏။ (ကတ္တုရုပ်။) (တနည်း) အန္တရဝါသကော= ကို။ တေမိယတိ= ရေသည် စွတ်အပ်၏။ ကမ္မရုပ်= နှစ်ချက်သင့်။)

## မြစ်တစ်ဘက်ကမ်းကူးရာ၌ အာပတ်သင့်ပုံ

ပထမခြေလှမ်းကိုကူးလျှင် ထုလ္လစ္စဥ်းသင့်၍ ဒုတိယခြေလှမ်းကို ကူးလျှင် သံဃာဒိသေသ်သင့်သည်။

## ကော ဝါ ရတ္တိံ ဝိပ္ပဝသေယျ-၌ အာပတ်သင့်ပုံ

အရုဏ်တက်ချိန်၌ အဖော်ဘိက္ခုနီမ၏ ဟတ္ထပါသ်ကို စွန့်သော ရဟန်းအား ထုလ္လစဥ်းသင့်၍ စွန့်ပြီးလသော် သံဃာဒိသေသ်သင့်သည်။

## ကော ဝါ ဂဏမှာ ဩဟီယေယျ

ရွာမရှိသော တောအရပ်၌ အဖော်ဘိက္ခုနီမ၏ ဒဿနူပစာကိုဖြစ်စေ, သဝနူပစာကို ဖြစ်စေ ကျော်လွန်လျှင် ထုလ္လစဥ်းသင့်၍ ကျော်လွန်ပြီးလသော် သံဃာဒိသေသ်သင့်သည်။

**အနာပတ္တိ ဒုတိယိကာ ဘိက္ခုနီ**

ဒုတိယိကာ=အဖော်ဖြစ်သော။ ဘိက္ခုနီ=သည်။ ပက္ကန္တာ ဝါ=ဖဲသည် ၎င်း။ ဝိဗ္ဘန္တာ ဝါ=လူထွက်သည်၎င်း။ ကာလင်္ကတာ ဝါ=သည်၎င်း။ ပက္ခသင်္ကန္တာ ဝါ=တိတ္ထိကျောင်းပြောင်းရွှေ့သည်၎င်း။ ဟောတိ=၏ အနာပတ္တိ=သင့်။ အာပဒါသု=တို့ကြောင့်။ ဂစ္ဆတိ ၏။ (ထည့်)။ အနာပတ္တိ=သင့်။

**အနုပညတ်များ**

၁။ ဧကာ ဝါ နဒီပါရံ ဂစ္ဆေယျ။

၂။ ဧကာ ဝါ ရတ္တိံ ဝိပ္ပဝသေယျ။

၃။ ဧကာ ဝါ ဂဏမှာ ဩဟီယေယျ။ (ဝိ၊ ၄၊ ၃၊ ၁၃၀

ဥက္ခိတ္တဩသာရဏသိက္ခာပုဒ်

**စဏ္ဍကာဠီ ဘိက္ခုနီ ဘဏ္ဍနကာရိကာ**

စဏ္ဍကာဠီ=စဏ္ဍကာဠီအမည်ရှိသော။ ဘိက္ခုနီ=သည်။ ဘဏ္ဍနကာရိကာ ခိုက်ရန်ပြုတတ်သည်။ ကလဟကာရိကာ=ငြင်းခုံခြင်းကို ပြုတတ်သည်။ ဝိဝါဒကာရိကာ=ဆန့်ကျင်သောစကားကို ဆိုခြင်းကို ပြုတတ်သည်။ သံဃေ=၌။ အဓိကရဏကာရိကာ=အဓိကရုဏ်းကိုပြုတတ်သည်။ ဟောတိ=၏။

**နေဝ အာသန် ပညပေသိ**

အာသနံ=ကို။ နေဝ ပညပေသိ=မခင်း။ ပါဒေါဒကံ=ခြေဆေးရေကို။ပါဒပီဌံ=ခြေဆေးအင်းပျဉ်ကို။ ပါဒကထလိကံ=ခြေပွတ်အိုးခြမ်းကို။ နဥပနိက္ခိပိ=အနီး၌ဆောင်၍မထား။ ပစ္စုဂ္ဂန္တွာ=ခရီးဦးကြိုဆို၍။ ပတ္တစီဝရံ=ကို။ နပဋိဂ္ဂဟေသိ=မလှမ်းယူ။ ပါနီယေန=သောက်ရေဖြင့်။ နအာပုစ္ဆိ=မပန်။

**မြေနိမ့်ရာ လှန်စိုက်ဟူသော စကားမှန်ကန်ပုံ**

ယထာ ယံ ကာရဏံ=အကြင်အကြောင်းသည်။ (တံကား နိပါတ်မျှသာ)။ အနာထာယ=ငါ့အားကိုးကွယ်ရာမရှိခြင်း၌။ (ဝါ)ကိုးကွယ်ရာမရှိသောငါ့အား။ ဟောတိ=၏

ဇတံကာရဏံ=သည်။ ဇဝံဟိ=ဤသို့လျှင်။ ဟောတိ=၏။ ဣတိ=ဤသို့။ အဝေါစ=၏။ အယျေ=မ။ ကိဿ=ကြောင့်။ တွံ=သည်။ အနာထာ=ကိုးကွယ်ရာမရှိသနည်း။ ဣတိ=ဤသို့။ ဝုတ္တေ=သော်။ (ထည့်)။ အယျေမ=မ။ ဣမာဘိက္ခုနီယော=တို့သည်။ မံ=ကို။ အယံ=ဤစဏ္ဍကာဠီသည်။ အနာထာ=ကိုးကွယ်ရာမရှိ။ အပ္ပညာတာ=မထင်ရှား။ ဣမိဿာ=ဤစဏ္ဍကာဠီအား။ ပဋိဝတ္တာ=တားမြစ်အပ်သော။ ကာစိ=တစ်စုံတစ်ယောက်သောဘိက္ခုနီမသည်။ နတ္ထိ=ရှိ။ ဣတိ=သို့။ အာပတ္တိယာ=ကို။ အဒဿနေန=မရှုခြင်းကြောင့်။ ဥက္ခိပိံသု=နှင်ထုတ်ကုန်၏။

## ထုလ္လနန္ဒာ ဘိက္ခုနီ ဗာလာ ဇတာ

ထုလ္လနန္ဒာ=သော။ ဘိက္ခုနီ=သည်။ ဇတာ=ထိုဘိက္ခုနီမတို့သည်။ ဗာလာ=မိုက်ကုန်၏။ အဗျတ္တာ=မလိမ္မာကုန်။ ဇတာ=ထိုဘိက္ခုနီမတို့သည်။ ကမ္မံဝါ=၎င်း။ ကမ္မဒေါသံဝါ=ကံ၏အပြစ်ကို၎င်း။ ကမ္မဝိပတ္တိံဝါ=ကံ၏ ပျက်စီးခြင်းကို၎င်း။ ကမ္မသမ္ပတ္တိံဝါ=ကံ၏ ပြည့်စုံခြင်းကို၎င်း။ နေဝဇာနန္တိ=မသိကုန်။ မယံခေါ=တို့သည်။ ပ။ ဇာနာမ=ကုန်၏။ မယံခေါ=တို့သည်ကား။ အကတံ=သော။ ကမ္မံဝါ=ကိုလည်း။ ကာရေယျာမ=စေကုန်အံ့။ ကတံ=သော။ ကမ္မံဝါ=ကိုလည်း။ ကောပေယျာမ=ပျက်စေကုန်အံ့။ ဣတိ=ဤသို့။ လဟုံလဟုံ=လျင်စွာလျင်စွာ။ ဘိက္ခုနိသံဃံ=ကို။ သန္နိပါတာပေတွာ=စေ၍။ စဏ္ဍကာဠိံ=သော။ ဘိက္ခုနိံ=ကို။ ဩသာရေသိ=သွင်း၏။

## ဥက္ခိတ္တကဘိက္ခုနီသွင်းခေါ်ရာ၌ အာပတ်သင့်ပုံ

၁။ "သွင်းခေါ်မည်"ဟု ကြံ၍ ဂိုဏ်းကိုရှာမှီးလျှင်ဖြစ်စေ, သိမ်ကိုသမုတ်လျှင် ဖြစ်စေ၊ ဒုက္ကဋ်၊ ဉတ်ကြောင့် ဒုက္ကဋ်။

၂။ ကမ္မဝါစာနှစ်ကြိမ်တို့ကြောင့် ထုလ္လစ္စည်း။

၃။ ကမ္မဝါစာအဆုံး၌ သံဃာဒိသေသ်။ (ဝိ၊ ၂။ ၂၉၈)

## ဘောဇနပ္ပဋိဂ္ဂဟဏ ပဌမသိက္ခာပုဒ်

ခါဒနီယသရုပ်

ဘောဇဉ် ၅-ပါး, ရေ, ဒန်ပူတို့မှတပါး ကြွင်းသောခဲဘွယ်။

အစေလကသိက္ခာပုဒ်နှင့်အရတူ၍ ပဌမပဝါရဏာသိက္ခာပုဒ် စသည်တို့နှင့်မတူ)

**ဘောဇနီယသရုပ်**

ထမင်း, မုယောမုန့်, မုန့်လုံး, ငါး, အသားဟူသော ဘောဇဉ်(၅)ပါး။

**အာပတ်သင့်ပုံ**

"ခဲစားမည်"ဟုကြံ၍ ခံယူလျှင် ထုလ္လစ္စဉ်း၊ စားမျိုတိုင်း စားမျိုတိုင်း သံဃာဒိ သေသ်။

**အဆုံးအဖြတ်**

ရေဒန်ပူကိုခံယူလျှင်ဖြစ်စေ, တဖက်မှသာယာ၍ "မခဲစားမည်"ဟု ကြံကာ ခံယူလျှင်ဖြစ်စေ ဒုက္ကဋ်။

## သိက္ခာ ပစ္စာစိက္ခဏသိက္ခာပုဒ်

**စဏ္ဍကာဠီ ဘိက္ခုနီ**

စဏ္ဍကာဠီ=အမည်ရှိသော။ ဘိက္ခုနီ=သည်။ ဘိက္ခုနီဟိ=တို့နှင့်။ သဒ္ဓိံ=ကွ။ ဘဏ္ဍိတွာ=ခိုက်ရန်ဖြစ်၍။ ကုပိတာ=အမျက်ထွက်ခြင်းကြောင့် အနတ္တမနာ=နှလုံးမသာ သောကြောင့်။ ဧဝံ=ဤသို့။ ဝဒေတိ=၏။

**အာပတ်သင့်ပုံအစီအစဉ်**

ဉတ်ကြောင့် ဒုက္ကဋ်၊ ကမ္မဝါစာနှစ်ကြိမ်တို့ကြောင့် ထုလ္လစ္စဉ်း၊ ကမ္မဝါစာအဆုံး၌ သံဃာဒိသေသ်။ (ယာဝတတိယက သံဃာဒိသေသ် သိက္ခာပုဒ်တိုင်း အတူတူပင်)

**သံဃာဒိသေသံ အဇ္ဈာပန္နတ္တိယာ**

သံဃာဒိသေသံ=သို့။အဇ္ဈာပန္နတ္တိယာ=ရောက်သော ဘိက္ခုနီမအား။ ဉတ္တိယာ= ဉတ်ဖြင့်။ ဝါ=ဉတ်ကြောင့်။ ပဝတ္တံ=သော။ (ထည့်)။ ဒုက္ကဋံ=သည်။ ပဋိပဿမ္ဘတိ= ငြိမ်း၏။ ဒွီဟိကမ္မဝါစာဟိ=နှစ်ကြိမ်သော ကမ္မဝါစာတို့ဖြင့်။ ဝါ=တို့ကြောင့်။ ပဝတ္တာ= ကုန်သော။ (ထည့်)။ ထုလ္လစ္စယာ=တို့သည်။ ပဋိပဿမ္ဘန္တိ=ငြိမ်းကုန်၏။

**ငရဲလေးကိုငရဲကြီးနိုင် ဟူသော စကား မှန်+မမှန်**

သံဃာဒိသေသံ အဇ္ဈာပန္နဿယာ ဥတ္တိယာ ဒုက္ကဋံ ဒွိဟိ ကမ္မဝါစာဟိ ထုလ္လစ္စယာ ပဋိပ္ပဿမ္ဘန္တိ-ကိုထောက်၍ သံဃာဒိသေသ်ဟူသော ဂရုကအာပတ်သင့်သော ဘိက္ခုနီမအား အရင်သင့်ရောက်ပြီးသော ဒုက္ကဋ်, ထုလ္လစဥ်းလဟုကအာပတ်များ အလိုလို ငြိမ်းပျောက်ကုန်သဖြင့် မှန်ကန်ပါသည်။ (ဝိ၊ ၂၊ ၃၀၆)

## အဓိကရဏကုပိတသိက္ခာပုဒ်

**ကိသ္မိံ ဝိဓိဒေဝ အဓိကရဏေ-၌ အဓိကရဏ-အရ**

ဝိဝါဒါဓိကရုဏ်း, အနုဝါဒါဓိကရုဏ်း အာပတ္တာဓိကရုဏ်း, ကိစ္စာဓိကရုဏ်း ဟူသော အဓိကရုဏ်း ၄-ပါးတို့ကိုယူပါ။

**မှတ်ချက်။** ။ ဤသိက္ခာပုဒ်ကို ကုလဒူသကသိက္ခာပုဒ်၏ အနုပညတ် သဖွယ်ဖြစ်သော သိက္ခာပုဒ်ဟုဆိုကြသည်။

## ပါပသမာစာရပထမသိက္ခာပုဒ်

**ဘိက္ခုနိယောပနေဝ**

ဘိက္ခုနိယော ပနေဝ=တို့သည်သာလျှင်။ သံသဋ္ဌာ=နှီးနှောကုန်သ ည်ဖြစ်၍။ ပါပါစာရာ=ယုတ်မာသော အကျင့်ရှိကုန်သည်ဖြစ်၍။ ပါပသဒ္ဒါ=ယုတ်မာသော ကျော်စောသံ ရှိကုန်သည်ဖြစ်၍။ ပါပသိလောကာ=ယုတ်မာသောအခြံအရံ အသက်မွေးခြင်း ရှိကုန်သည်ဖြစ်၍။ ဘိက္ခုနိသံဃဿ=အား။ ဝိဟေသိကာ=ညှဉ်းဆဲကုန်သည်ဖြစ်၍။ အညမညိဿာ=တစ်ယောက်သည် တစ်ယောက်၏။ ဝဇ္ဇပဋိစ္ဆာဒိကာ=အပြစ်ကို ဖုံးလွှမ်းကုန်သည်ဖြစ်၍။ ဝိဟရန္တိ=ကုန်၏။

**တာ ဘိက္ခုနိယော ဘိက္ခုနီဟိ**

တာဘိက္ခုနိယော=တို့ကို။ ဘိက္ခုနီဟိ=တို့သည်။ ဧဝံ=သို့။ ဝစနီယာ=ကုန်သည်။ အဿု=ကုန်ရာ၏။ ဘဂိနိယောခေါ=ညီမအစ်မတို့သည်။ သံသဋ္ဌာ=ကုန်သည်ဖြစ်၍။ ဝိဟရန္တိ=ကုန်၏။ ပ။ အယျေ=တို့။ ဝိဝိစ္စထ=ဆိတ်ကြကုန်လော့။ ဘဂိနီနံ=ညီမအစ်မ

တို့၏။ ဝိဝေကသဉေဝ=ဆိတ်ငြိမ်ခြင်းကိုသာလျှင်။ သံယော=သည်။ ဝဏ္ဏေတိ=ချီးမွမ်း၏။ ဣတိ=သို့။ ဝစနီယာ=ကုန်သည်။ အဿု=ကုန်ရာ၏။

## သံသဋ္ဌာ ဝိဟရန္တိ-၌ သံသဋ္ဌာဟူသည်

သံသဋ္ဌာဝိဟရန္တိတိဧတ္ထ=၌။ သံသဋ္ဌာနာမ=ကား။ အနနုလောမိကေန=ရဟန်းတို့အား မလျော်ကပ်သော။ ကာယိကဝါစသိကေန=ကိုယ်၌ဖြစ်သောအမှု, နှုတ်၌ဖြစ်သောအမှုဖြင့်။ သံသဋ္ဌာ=ရောနှောကုန်သည်ဖြစ်၍။ ဝိဟရန္တိ=ကုန်၏။

## ပါပါစာရာစသည်

| | | |
|---|---|---|
| ပါပါစာရာ | = | ယုတ်မာသောအကျင့်နှင့်ပြည့်စုံကုန်၏ |
| ပါပသဒ္ဒါ | = | ယုတ်မာသောကျော်စော်သံဖြင့် ပျံ့နှံ့တက်ကုန်၏။ |
| ပါပသိလောကာ | = | ယုတ်မာသောမကောင်းသော အသက်မွေးမှုဖြင့် အသက်မွေးကုန်၏။ |

## ပါပသမာစာရဒုတိယသိက္ခာပုဒ်

## တုမှေဉေဝ သံယော ဥညာယ

တုမှေဉေဝ=သင်တို့ကိုသာလျှင်။ သံယော=သည်။ ဥညာယ=မထေမဲ့မြင်ပြုသဖြင့်။ ပရိဘဝေန=နှိပ်စက်သဖြင့်။ အက္ခန္တိယာ=သည်းမခံသဖြင့်။ ဝေဘဿိယာ=အလွန်သော အာနုဘော်ရှိသောအဖြစ်ကို ပြသဖြင့်။ ဒုဗ္ဗလျာ=အားနည်းသော အဖြစ်ကိုပြုသဖြင့်။ ဧဝံ=ဤသို့။ အာဟ=၏။

## အက္ခန္တိယာစသည်

| | | |
|---|---|---|
| အက္ခန္တိယာ | = | အမျက်ဒေါသဖြင့်။ |
| ဒုဗ္ဗလျာ | = | အသင်းအပင်းမရှိသဖြင့်။ |

(ကျန်ပုဒ်များ ရှေးနိဿယနှင့်အတူတူပင်)

**ဘိက္ခုနီသံဃာဒိသေသ်အားကုစားပုံ**

၁။ ဥဘတောသံဃာ၌ ပက္ခမာနတ်ကျင့်ရခြင်း။

၂။ ပက္ခမာနတ်ကျင့်ပြီးသော ဘိက္ခုနီကို ဘိက္ခုနီသံဃာ (၂)ကျိပ်ရှိရာ သိမ်၌ သွင်းခေါ်ရခြင်း။
(ဘိက္ခုနီသံဃာနှစ်ဆယ်မှ တစ်ပါးလျော့လျှင်ပင် ထိုဘိက္ခုနီကို သွင်းခေါ်ရာ မရောက်၊ ရဟန်းမအားလုံးတို့လည်း ဒုက္ကဋ်သင့်သည်။)

## နိဿဂ္ဂိယကဏ္ဍ

### ပတ္တဝဂ်

### ပတ္တသန္နိစယသိက္ခာပုဒ်

**သပိတ်များစွာ သိမ်းဆည်းကြသော ဆဗ္ဗဂ္ဂီရဟန်းမတို့ကို လူတို့ကဲ့ရဲ့ကြပုံ**

ကထံဟိ=ကြောင့်လျှင်။ ဘိက္ခုနိယော=တို့သည်။ ဗဟူ=ကုန်သော။ ပတ္တေ=တို့ကို။ သန္နိစယံ=ဆည်းပူးခြင်းကို။ ကရိဿန္တိနာမ=ကုန်ဘိသနည်း။ ဘိက္ခုနိယော=တို့သည်။ ပတ္တဝါဏိဇ္ဇံ ဝါ=သပိတ်ကုန်သွယ်ခြင်းကိုလည်း။ ကရိဿန္တိ=ကုန်လတံ့။ အာမတ္တိကာပဏံ ဝါ=ခွက်သည်တို့၏ ဈေးကိုလည်း။ ပသာရေဿန္တိ=ကျင်းကုန်ဖြန့်ကုန်လတံ့။

မှတ်ချက်။ ။ ပတ္တသရုပ်၊ ဥက္ကဋ္ဌ သပိတ်စသည်တို့ကို ဂုဏ်ထူးဆောင် ဝိနယဝိဒူ (ပါရာဇိက အဖွင့်)တွင် ရေးသားပြီး၍ ၎င်း၌ရှုကြပါကုန်။

**သန္နိစယံ ကရေယျ-၌ သိုမှီးဟူသည်**

အဓိဋ္ဌာန်မတင်, ဝိကပ္ပနာမပြုဘဲ ထားခြင်း။

**နိဿဂ္ဂိထိုက်သောသပိတ်ကို သံဃာထံစွန့်ပုံ**

၁။ နိဿဂ္ဂိထိုက်သောဘိက္ခုနီမသည် လက်ဝဲပခုံးတင်ခြင်း, ဝါကြီးသော ရဟန်းမတို့၏ ခြေတို့ကိုရှိခိုးခြင်း, ဆောင့်ကြောင့်ထိုင်ခြင်း, လက်အုပ်ချီခြင်းအမှုတို့ကို လုပ်ကာ "အယံ မေ အယျေ ပတ္တော ရတ္တာတိက္ကန္တော နိဿဂ္ဂိယော၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ"ဟု သပိတ်ကိုစွန့်၍ အာပတ်ကို ဒေသနာကြားရခြင်း။

၂။ ဗျတ္တ, ပဋိဗလရဟန်းမက အာပတ်ကိုခံယူရခြင်း။
၃။ ဥတ်ဖြင့်စွန့်အပ်သော သပိတ်ကိုပေးရခြင်း။
(ဂိုဏ်း, ပုဂ္ဂိုလ်တို့အား စွန့်ရာ၌လည်း အတူတူပင်)

## န ဘိက္ခဝေ နိဿဋ္ဌပတ္တော

ဘိက္ခဝေ=တို့။ နိဿဋ္ဌပတ္တော=စွန့်အပ်သောသပိတ်ကို။ န န ဒါတဗ္ဗော=ပေးအပ်၏။ (တနည်း) နဒါတဗ္ဗော=မပေးအပ်သည်ကား။ န=မဟုတ်။ ဒါတဗ္ဗောဧဝ=သာတည်း။ ယာအကြောင်ဘိက္ခုနီမသည်။ နဒဒေယျ=မပေးငြားအံ့။ အဿာ=ထို ဘိက္ခုနီမအား။ ဒုက္ကဋ္ဌာ=အမည်ရှိသော။ အာပတ္တိ=သည်။ ဟောတိ= ဖြစ်၏။

## အကာလစီဝရဘာဇနသိက္ခာပုဒ်

## သမ္ဗဟုလာ ဘိက္ခုနိယော

သမ္ဗဟုလာ=များစွာကုန်သော။ ဘိက္ခုနိယော=ဘိက္ခုနီမတို့သည်။ ဂါမကာဝါသေ=ရွာကျောင်း၌။ ဝဿံဝုတ္ထာ=ဝါမှ ထကုန်သည်ဖြစ်၍။ သာဝတ္ထိံ=သာဝတ္ထိပြည်သို့။ အဂမံသု=ကုန်၏။ ဝတ္တသမ္ပန္နာ=ဝတ်နှင့် ပြည့်စုံကုန်၏။ ဣရိယာပထသမ္ပန္နာ= ဣရိယာပုတ်နှင့်ပြည့်စုံကုန်၏။ ဒုစ္စောဠာ=ညစ်နွမ်းသော ပုဆိုးရှိကုန်၏။ လူခစီဝရာ= ခေါင်းပါးသော သင်္ကန်းရှိကုန်။

## အကာလစီဝရဟူသည်

၁။ ကထိန်မခင်းအပ်သော် ၁၁-လတို့ပတ်လုံး ဖြစ်သောသင်္ကန်း။
၂။ ကထိန်ခင်းအပ်သော် ၇-လတို့ပတ်လုံး ဖြစ်သောသင်္ကန်း။
၃။ သင်္ကန်းကာလ၌လည်း ရည်စူး၍လှူအပ်သောသင်္ကန်း။

---

**ပတ္တသိက္ခာပုဒ်နှင့် ပတ္တသန္နိစယ သိက္ခာပုဒ်တို့အထူး**

ပတ္တသိက္ခာပုဒ်၌ ၁၀-ရက်အစောင့်အရှောက်ရ၍ ပတ္တသန္နိစယသိက္ခာပုဒ်၌မူ တစ်ရက်မျှပင် အစောင့်အရှောက်မရ။ (ဝိ၊ ၄၊ ၃၊ ၁၈၃)

**အာပတ်သင့်ပုံ**

ပယောဂကြောင့် ဒုက္ကဋ်, ရခြင်းကြောင့် နိဿဂ္ဂိပါစိတ်။

## စီဝရပရိဝတ္တန သိက္ခာပုဒ်

### ယံ ပန အညေ

အညေ= မ။ တေ= ၏။ မယာ= ငါနှင့်။ သဒ္ဓိံ= ကွ။ ယံ စီဝရံ= ကို။ ပရိဝတ္တိတံ= လဲလှယ်အပ်၏။ တံ စီဝရံ= သည်။ ကဟံ= အဘယ်မှာနည်း။

### ဟန္ဒာယျေ တုယှံ စီဝရံ

အညေ= မ။ တုယှံ= ၏။ စီဝရံ= ကို။ ဟန္ဒ= ယူလော့။ မေ= ၏။ တံ စီဝရံ= ကို။ အာဟရ= ဆောင်ခဲ့။ တုယှံ= ၏။ ယံ စီဝရံ= သည်။ အတ္တိ= ၏။ (ထည့်)။ တံ စီဝရံ= သည်။ တုယှံ= အား။ ဟောတု= ဖြစ်စေ။ (ထည့်)။ မယှံ= ၏။ ယံ စီဝရံ= သည်။ အတ္တိ= ၏။ တံ စီဝရံ= သည်။ မယှံ= အား။ ဟောတု= စေ။ မေ= ၏။ တံ စီဝရံ= ကို။ အာဟရ= ဆောင်ခဲ့။ သကံ= မိမိဥစ္စာဖြစ်သော သင်္ကန်းကို။ ပစ္စာဟရ= တစ်ဖန်ဆောင်လေတော့။

### စီဝရံ- အရ

သင်္ကန်း ၆-ထည်တို့တွင် တစ်ထည်ထည်သော ဝိကပ္ပနာလောက်သော နောက်ဆုံးသင်္ကန်း။

### ပရိဝတ္တေတွာ-၌ လဲလှယ်ဟူသည်

တန်ဖိုးနည်းသော သင်္ကန်းဖြင့် တန်ဖိုးများသော သင်္ကန်းကိုဖြစ်စေ၊ တန်ဖိုးများသော သင်္ကန်းဖြင့် တန်ဖိုးနည်းသော သင်္ကန်းကိုဖြစ်စေ လဲလှယ်ခြင်း။

---

**အဋ္ဌကထာ** ။ ။ သကသညာဖြင့် လုယူသောကြောင့် ပါစိတ်အာပတ်, ဒုက္ကဋ်အာပတ်များကို ဟောတော်မူသည်။ သကသညာမရှိလျှင်ကား ပစ္စည်းကို တန်ဖိုးဖြတ်၍ ဒုတိယပါရာဇိကဖြင့် ဆုံးဖြတ်ရမည်။ (သာရတ္ထ)

## အညဝိညာပနသိက္ခာပုဒ်

**အထခေါ သော ဥပါသကော**

အထခေါ=၌။ သောဥပါသကော=သည်။ အညတရဿ=သော။ အာပဏိ ကဿ=ဈေးသည်၏။ ဃရာ=အိမ်မှ။ ကဟာပဏဿ=အသပြာဖြင့်။ သပ္ပိံ=ထောပတ် ကို။ အာဟရိတွာ=ဆောင်၍။ ထုလ္လနန္ဒာယ=သော။ ဘိက္ခုနိယာ=အား။ အဒါသိ=၏။

**သစေ မယံ အယျော**

အယျော=အမောင်။ မယံ=တို့သည်။ ဝိက္ကိတံ=ရောင်းအပ်ပြီးသော။ ဘဏ္ဍံ=သို့။ ပုန=တဖန်။ သစေအာဟရိဿာမ=အကယ်၍ ဆောင်ယူကုန်သည်ဖြစ်အံ့။ ကဒါ= အဘယ်အခါ၌။ အမှာကံ=တို့၏။ ဘဏ္ဍံ=ကို။ ဝိက္ကာယိဿတိ=ရောင်းရလတံ့နည်း။ သပ္ပိဿ=၏။ ကယေန=အဘိုးဖြင့်။ သပ္ပိံ=ကို။ ဟဋံ=ဆောင်လေ။ တေလဿ=၏။ ကယံ=အဘိုးကို။ အာဟရ=ဆောင်ခဲ့။ တေလံ=ကို။အာဟရိဿတိ=ဆောင်ရလတံ့။

**အာပတ်သင့်ပုံ**

ပယောဂကြောင့် ဒုက္ကဋ်၊ ရခြင်းကြောင့် နိဿဂ္ဂိပါစိတ်။

## အညစေတာပနသိက္ခာပုဒ်

**အမုကဿ အယျေ**

အယျေ=မ။ အမုကဿ=ဤအမည်ရှိသော။ အာပဏိပဿ=ဈေး သည်၏။ ဃရေ=အိမ်၌။ ကဟာပဏံ=အသပြာကို။ နိက္ခိပိဿာမိ=ထားလအံ့။ တတော=ထိုအိမ်မှ။ ယံ=အကြင်ဝတ္ထုကို။ ဣစ္ဆေယျာသိ=အလိုရှိ၏။ တံ=ထိုဝတ္ထုကို။ အာဟရာပေယျာသိ= ဆောင်လော့။ ဣတိ=ဤသို့။ အဝေါစ=၏။

## ပဌမ သံဃိကစေတာပနသိက္ခာပုဒ်

**ဥပါသကာ ဘိက္ခုနိသံဃဿ**

ဥပါသကာ=တို့သည်။ ဘိက္ခုနိသံဃဿ=၏။ အတ္ထာယ=အကျိုးငှါ။ ဆန္ဒကံ= အလိုကိုဖြစ်စေ၍။ သင်္ဂရိတွာ=ရုံးစု၍။ ပရိက္ခာရံ=ကို။ နိက္ခိပိတွာ=ထား၍။ ဘိက္ခုနိ

ယော=တို့သို့။ ဥပသင်္ကမိတွာ=၍။ ဇတ်ဝစန်=ကို။ အဝေါစုံ=ကုန်၏။ အယျေ=တို့။ အမုကသ္မိ=သော။ ပါဝါရိကသ္မိ=ပုဆိုးသည်၏။ ယရေ=၌။ စီဝရတ္ထာယ=ငှါ၊ ပရိက္ခာ ရော=ကို။ နိက္ခိတ္တော=သားအပ်၏။ တတော=ထိုအိမ်မှ၊ စီဝရံ=ကို။ အာဟရာပေတွာ= ဆောင်စေ၍။ ဘာဇေထ=ဝေဘန်ကုန်လော့။ ဣတိ=ဤသို့၊ အဝေါစုံ=ကုန်၏။

**အညဒတ္ထိကေန**

အခြားသူ၏အကျိုးငှါလှူအပ်သော။

**သံယာစိကေနာတိ**

သံယာစိကေနာတိ=ကား။ သံယာသ္မ=အား။ ပရိစ္စတ္တေန=စွန့်အပ်သော။ (ထည့်)။ ဂဏဿ=အား။ န ပရိစ္စတ္တေန=မစွန့်အပ်သော။ (ထည့်)။ ဧကဘိက္ခုနိယာ=အား။ နပရိစ္စတ္တေန=မစွန့်အပ်သော။

## ဒုတိယသံယိကစေတာပနသိက္ခာပုဒ်

**ဘိက္ခုနိယော တေန စ ပရိက္ခာရေန**

တေနစပရိက္ခာရေန=ထိုပရိက္ခရာဖြင့်ရင်း။ သယံပိ=ကိုယ်တိုင်လည်း။ ယာစိတွာ= သက်န်းအကျိုးငှါတောင်း၍။ လဒ္ဓေန=ရအပ်သော။ ပရိက္ခာရေနစ=ဖြင့်ရင်း။ ဘေသဇ္ဇံ= ကို။ စေတာပေတွာ=၍။ ပရိဘုဥ္ဇိသု=ကုန်၏။

**သညာစိကေန**

သံယာစိကေနာတိ=ကား။ သယံ=ကိုယ်တိုင်။ ယာစိတွာ=သက်န်းအကျိုးငှါ တောင်း၍။ လဒ္ဓေန=သော။ ပရိက္ခာရေန=ဖြင့်။ (ထည့်)

## ပထမဂဏိကစေတာပနသိက္ခာပုဒ်

**အညတရဿ ပူဂဿ**

အညတရဿ=သော။ ပူဂဿ=ကောင်းမှုပြုဘော်အပေါင်း၏။ ပရိဝေဏ

ဝါသိကာ=ပရိဂ္ဂဟ်၌နေကုန်သော။ ဘိက္ခုနီယော=တို့သည်။ ယာဂုယာ=ယာဂုဖြင့်။ (ဝါ)=
ကြောင့်။ ကိလမန္တိ=ပင်ပန်းကုန်၏။ အထခေါ=၌။ သောပူဂေါ=ထိုအပေါင်းသည်။

## မဟာဇနိကေနာတိ

မဟာဇနိကေနာတိ=ကား။ ဂဏာသ=ဂိုဏ်းအား။ ပရိစ္စတ္တေန=သော။ (ထည့်)။
သံဃဿ=အား။ နပရိစ္စတ္တေန=မစွန့်အပ်သော။ ဧကဘိက္ခုနိယာ=အား။ နပရိစ္စတ္တေန=
မစွန့်အပ်သော။

## ပုဂ္ဂလိကစေတာပနသိက္ခာပုဒ်

## ထုလ္လနန္ဒာ ဘိက္ခုနီ

ထုလ္လနန္ဒာ=သော။ဘိက္ခုနီ=သည်။ ဗဟုဿုတာ=များသောအကြားအမြင်ရှိ
သည်။ ဘာဏိကာ=တရားစကားပြောဟောတတ်သည်။ ဓမ္မိ ကထံ=ကို။ ကာတုံ=ငှါ။
ဝိသာရဒါ=ရဲရင့်သည်။ ပဋ္ဋာ=ထက်မြက်လိမ်မာသော အဖြစ်ဖြင့်ဖြစ်သည်။ ဟောတိ=၏။
ဗဟူ=ကုန်သော။ မနုဿာ=တို့သည်။ ထုလ္လနန္ဒံ=သော။ ဘိက္ခုနိံ=ကို။ ပယိရုပါသန္တိ=
ဆည်းကပ်ကုန်၏။

## ထုလ္လနန္ဒာ၏အရည်အချင်းများ-

၁။ ဗဟုဿုတာ = အကြားအမြင်များခြင်း။

၂။ ဘာဏိကာ = တရားစကားပြောဟောတတ်ခြင်း။

၃။ ဝိသာရဒါ ပဋ္ဋာ ဓမ္မိ ကထံ ကာတုံ= တရားဟောရန် ထက်မြက်လိမ္မာခြင်း။

## ထုလ္လနန္ဒာယ ဘိက္ခုနိယာ

တေနခေါပနသမယေန=၌။ ထုလ္လနန္ဒာယ=သော။ ဘိက္ခုနိယာ=၏။ ပရိဝေဏံ=
ပရိဂ္ဂဟ်သည်။ ဥန္ဒြိယတိ=ပျက်စီး၏။ မနုဿာ=တို့သည်။ ပ။ အယျေ=ရှင်မ။ တေ=၏။
ကွံပရိဝေဏံ=သည်။ ကိဿ=အဘယ်ကြောင့်။ ဥန္ဒြိယတိ=ပျက်စီးသနည်း။ ကွတိ=
ဤသို့။ အဝေါစုံ=ကုန်၏။ အာဝုသော=တို့။ ဒါယကာ=ပေးလှူတတ်သောသူတို့သည်။
နတ္ထိ=ကုန်။ ကွတိ=သို့။ အဝေါစ=၏။

## ဂရုပါဝုရဏသိက္ခာပုဒ်

**အထဓေါ် ရာဇာ ပသေနဒိ ကောသလော**

အထဓေါ်=၌။ ပသေနဒိ=ရွေးရှုထသောစစ်ကို အောင်တတ်သော။ ကောသလော=ကောသလတိုင်းကို အစိုးရသော။ ရာဇာ=သည်။ သီတကာလေ=ချမ်းအေးသောကာလ၌။ မဟဂ္ဃံ=အဘိုးများစွာထိုက်သော။ ကမ္ဗလံ=ကို။ ပါရုပိတွာ=ခြုံရုံ၍။ ပ။ အဝေါစ=၏။

**ဂရုပါဝုရဏဟူသည်**

ချမ်းအေးသောအခါ ခြုံသောအထည်အားလုံး။

**စတုက္ကံသပရမံ**

(၁၆)အသပြာတန်သောခြုံထည်။

(တစ်ကံသ ၄-အသပြာဖြစ်သည်)

## လဟုပါဝုရဏသိက္ခာပုဒ်

**လဟုပါဝုရဏမည်သည်**

ပူသောအခါ၌ ခြုံရုံသောအဝတ်အားလုံး။

**အဍ္ဎတေယျကံသပရမံ**

၁၀-အသပြာထိုက်သောခြုံထည်။

---

ဘိက္ခုနီနိဿဂ္ဂိသိက္ခာပုဒ်များကို ပညတ်တော်ဖြင့်ခွဲပုံ

ကေတော ပညတ် (၁၂)ပုဒ်

ဥဘတော ပညတ် (၁၈)ပုဒ်

(၀၊ ၅၊ ၃၊ ၁၉၄)

## ပါစိတ္တိယကဏ္ဍ

### လသုဏသိက္ခာပုဒ်

**အညတရေန ဥပါသကေန**

အညတရေန=သော။ ဥပါသကေန=သည်။ ဘိက္ခုနီသံဃော=ကို။ လသုဏေန=ကြက်သွန်ဖြင့်။ ပဝါရိတော=ဖိတ်အပ်သည်။ ဟောတိ=၏။ ယာသံအယျာနံ=အကြင်အရှင်မတို့အား။ လသုဏေန=ဖြင့်။ အတ္ထော=အလိုရှိ၏။ တာသံအယျာနံ=တို့အား။ (ထည့်)။ အဟံ=သည်။ လသုဏေန=ဖြင့်။ ပဝါရေမိ=ဖိတ်၏။ ဣတိ= ဤသို့။ ပဝါရိတော=အပ်သည်။ ဟောတိ=၏။

**ခေတ္တပါလော စ အာဏတ္တော**

ခေတ္တပါလောစ=လယ်စောင့်ကိုလည်း။ အာဏတ္တော=စေခိုင်းအပ်သည်။ ဟောတိ=၏။ ဘိက္ခုနိယော=တို့သည်။ သစေအာဂစ္ဆန္တိ=ကုန်အံ့။ ဧကမေကာယ=တစ်ယောက်ယောက်သော။ ဘိက္ခုနိယာ=အား။ ဒွေ တယော ဘဏ္ဍိကေ= နှစ်ဖုသုံးဖုသောကြက်သွန်တို့ကို။ ဒေဟိ=ပေးလေလော့။ ဣတိ=ဤသို့။ အာဏတ္တော=စေခိုင်းအပ်သည်။ ဟောတိ=၏။

**သာဝတ္ထိယံ ဥဿဝေါ**

တေနခေါပန သမယေန=၌။ ဥဿဝေါ=ပွဲသဘင်သည်။ ဟောတိ=၏။ ယထာ ဘတံ=ဆောင်တိုင်းသော။ လသုဏံ=သည်။ ပရိက္ခယံ=ကုန်ခြင်းသို့။ အဂမာသိ=၏။ ဘိက္ခုနိယော=တို့သည်။ တံဥပါသကံ=ကို။ ဥပသင်္ကမိတွာ=၍။ ဧတံဝစနံ=ကို။ အဝေါစုံ=ကုန်၏။ အာဝုသော=ဒါယကာ။ လသုဏေန=ဖြင့်။ အတ္ထော=ရှိ၏။ ဣတိ=ဤသို့။ အဝေါစုံ=ကုန်၏။ အယျေ=မ။ နတ္ထိ=မရှိ။ ယထာ ဘတံ=သော။ လသုဏံ=သည်။ ပရိက္ခယံ=ကုန်ခဲ့၏။ ခေတ္တံ=ကြက်သွန်ခင်းသို့။ ဂစ္ဆထ=ကုန်လော့။ ဣတိ=ဤသို့။ အဝေါစ=၏။

**လသုဏသိက္ခာပုဒ်၏အကြောင်းဝတ္ထု**

ဘုရားရှင် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဥပါသကာတစ်ယောက်သည် ဘိက္ခုနီသံဃာကို ကြက်သွန်ဖြူဖြင့် ဖိတ်မံ၍ ယာခင်းစောင့်ကိုလည်း ဘိက္ခုနီတပါးတပါးအား ကြက်သွန်ဖြူ နှစ်တက်, သုံးတက်စီပေးရန် ညွှန်ကြားထား၏။ ထိုအခါ သာဝတ္ထိပြည်၌ ပွဲလမ်းသဘင်ရှိ၍ ဆောင်ယူသမျှ ကြက်သွန်ဖြူအားလုံးကုန်နေချိန်ဝယ် ရဟန်းမတို့က ထိုဥပါသကာကို ကြက်သွန်ဖြူတောင်းကြရာ ဆောင်ယူမျှ ကြက်သွန်ဖြူတွေ ကုန်နေသဖြင့် ယာခင်းသွားကြရန် လျှောက်သည်။ ထုလ္လနန္ဒာဘိက္ခုနီသည် ယာခင်းသို့သွား၍ အတိုင်းအရှည်မသိဘဲ ကြက်သွန်ဖြူ များစွာဆောင်ယူသဖြင့် ယာခင်းစောင့်နှင့် အလိုနည်းပါးသောရဟန်းမတို့ အသီးသီးကဲ့ရဲ့ကာ ဘုရားရှင်အား လျှောက်ထားသဖြင့် သိက္ခာပုဒ်ပညတ်တော်မူသည်။

**အတိတ်ဇာတ်ကြောင်း**

ထုလ္လနန္ဒာဘိက္ခုနီသည် ပုဏ္ဏားတစ်ယောက်မယားဖြစ်ခဲ့ရာ နန္ဒာ, နန္ဒဝတီ, သုန္ဒရီနန္ဒာဟု သမီး ၃-ယောက်ရှိသည်။ ထိုပုဏ္ဏားကွယ်လွန်၍ ဟင်္သာမျိုးတမျိုး၌ဖြစ်ရာ ထိုဟင်္သာမင်းမှာ ရွှေတောင်ပံတွေပေါက်သဖြင့် ထိုဟင်္သာမင်းသည် ထိုသားမယားတို့အား တောင်ပံတစ်ခု တစ်ခုပေးသည်။ ထိုအခါ ထုလ္လနန္ဒာ ဘိက္ခုနီသည် "ဤဟင်္သာမင်းသည် ငါတို့အား တောင်ပံတစ်ခု တစ်ခု ပေး၏" ဟုကြံ၍ ထိုဟင်္သာမင်းကို ဖမ်းယူကာ တောင်ပံအားလုံးနှုတ်ပစ်သည်။ ထိုဟင်္သာမင်း၏ နောက်ထပ်ပေါက်လာသော တောင်ပံများမှာ ရွှေတောင်ပံတွေ မဟုတ်ဘဲ အဖြူတွေသာ ဖြစ်ကြသည်။ ထိုရှေးအခါကလည်း ထုလ္လနန္ဒာဘိက္ခုနီသည် လောဘကြီးလွန်းသောကြောင့် ရွှေမှဆုတ်ယုတ်ခဲ့ဘူးသည်။ ယခုအခါ၌မူ ကြက်သွန်ဖြူမှ ဆုတ်ယုတ်လိမ့်မည်။

**ယံ လဒ္ဓံ တေန - ဂါထာ**

ယံ=အကြင်ဝတ္ထုကို။ လဒ္ဓံ=ရအပ်၏။ တေန=ထိုဝတ္ထုဖြင့်။ တုဋ္ဌဗ္ဗံ=နှစ်သက်အပ်၏။ ဟိသစ္စံ=မှန်၏။ အတိလောဘော=လွန်သောလောဘသည်။ ပါပကော=ယုတ်မာ၏။ ဟံသရာဇံ=ဟင်္သာမင်းကို။ ဂဟေတွာန=အတောင်ကို အကုန်ယူသောကြောင့်။ သုဝဏ္ဏာ=ရွှေမှ။ ပရိဟာယထ=ယုတ်လေ၏။ ဣတိ=ဤသို့။ အဝေါစ=၏။ ပ။

**လသုဏဟူသည်**

မဂဓတိုင်း၌ဖြစ်သော ကြက်သွန်ဖြစ်သည်။

**အာပတ်သင့်ပုံ**

ခံယူလျှင် ဒုက္ကဋ်၊ စားမျိုးတိုင်း ပါစိတ်။

**စားသော်လည်း အာပတ်မသင့်သောကြက်သွန်များ**

(၁) ပလဏ္ဍုက = တစ်မြွှာရှိသောကြက်သွန်။
(၂) ဘဉ္ဇနက = နှစ်မြွှာရှိသောကြက်သွန်။
(၃) ဟရိတက = သုံးမြွှာရှိသောကြက်သွန်။
(၄) စာပလသုဏ = အမြွှာမရှိသောကြက်သွန်။

## သမ္ဗာဓလောမသိက္ခာပုဒ်

**သမ္ဗာဓေ လောမံ**

သမ္ဗာဓေ=ကျဉ်းမြောင်းလျို့ဝှက်ရာအရပ်၌။ လောမံ=အမွေးကို။ သံသရာပေတွာ=ပယ်စေ၍။ အစိရဝတိယာ=အမည်ရှိသော။ နဒိယာ=မြစ်၌။ ဝေသိယာဟိ=ပြည့်တန်ဆာမတို့နှင့်။ သဒ္ဓိံ=ကွ။ နဂ္ဂါ=အဝတ် မဝတ်ကုန်ဘဲ။ ဧကတိတ္ထေ=တစ်ခုသောရေဆိပ်၌။ နှာယန္တိ=ရေချိုးကုန်၏။

---

**သမ္ဗာဓလောမ သိက္ခာပုဒ်**

ပယောဂအရေအတွက်အလိုက် အာပတ်သင့်သည်။ အမွေး အရေအတွက်အလိုက် မသင့်။

( ဝိ၊ ၌၊ ၃၊ ၄၉၆ )

### သမ္မာဓသေရုပ်

သမ္မာဓောနာမ=ကား။ ဥဘော ဥပကစ္ဆကာ=လက်ကတီး နှစ်ဖက်တို့သည်ငှ်း။ မုတ္တကရဏံ=ကျင်ငယ်စွန့်ကြောင်းဖြစ်သော အရပ်သည်ငှ်း။ သမ္မာဓောနာမ=၏။

### သံဟရာပေယျ

အမွေးတစ်ပင်ကို ရိတ်လျှင်ဖြစ်စေ, အမွေးများစွာကို ရိတ်လျှင်ဖြစ်စေ ပယောဂအရေအတွက်အလိုက် အာပတ်သင့်သည်။ အမွေးအရေအတွက်အလိုက် အာပတ်မသင့်။

### အနာပေါက်၍ အမွေးရိပ်မှု

အနာပတ္တိ အာဗာဓပစ္စယာ-ကို ထောက်၍ အာပတ်မသင့်။

## တလယာတကသိက္ခာပုဒ်

### ဒွေ ဘိက္ခုနိယော အနဘိရတိယာ

ဒွေဘိက္ခုနိယော=နှစ်ယောက်သော ဘိက္ခုနီမတို့သည်။ အနဘိရတိယာ= မမွေ့လျော်ခြင်းဖြင့်။ ပီဠိတာ=နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ဩဝရကံ=တိုက်ခန်းသို့။ ပဝိသိတွာ=ဝင်၍။ တလယာတကံ=ကျင်ငယ်ကြောင်းအပြင်ကို ပုတ်ခတ်ခြင်းကို။ ကရောန္တိ=ကုန်၏။ ဘိက္ခုနိယော=တို့သည်။ တေနသဒ္ဒေန=ထိုအသံဖြင့်။ ဥပဓာဝိတွာ= ပြေးလာကုန်၍။ ဘိက္ခုနိယော=တို့ကို။ ဧတံဝစနံ=ကို။ အဝေါစုံ=ကုန်၏။ အယျေ=တို့။ ကိဿ=ကြောင့်။ တုမှေ=တို့သည်။ ပုရိသေန=နှင့်။ သမ္ပဒုဿထ=အတူတကွ ဖျက်ဆီးကြကုန်သနည်း။ ဣတိ=ဤသို့။ အဝေါစုံ=ကုန်၏။

### တလယာတကံ

အတွေအထိကို သာယာ၍ အောက်ထစ်ဆုံးအားဖြင့် ကြာရွက်ဖြင့်လည်း ကျင်ငယ်ကြောင်း၌ ပုတ်ခတ်လျှင် ပါစိတ်သင့်သည်။

## ဇတုမဋ္ဌကသိက္ခာပုဒ်

### ရာဇာ ခေါ် အယျေ တုမှေ

အယျေ=မ။ ရာဇာခေါ်=သည်ကား။ တုမှေ=တို့ကို။ စိရာစိရံ=အလွန်ကြာမြင့်မှ။ ဂစ္ဆတိ=သွားလာ၏။ ကထံ=အဘယ်သို့လျှင်။ တုမှေ=တို့သည်။ ခါရေထ=ရာဂကို သည်းခံခြင်းငှါစွမ်းနိုင်ကြကုန်သနည်း။ ဣတိ=ဤသို့။ အဝေါစ=၏။ အယျေ=မ။ ဇတုမဋ္ဌကေန=ပြေပြစ်ချောမောသော ချိပ်တောင့်ဖြင့်။ ခါရေမ=စွမ်းနိုင်ကြကုန်၏။ ဣတိ=သို့။ အဝေါစ=ဧ။. (ပုရာဏရာဇောရောဓာ=မင်း မောင်းမဟောင်းသည်)

### ဇတုမဋ္ဌကံ အာဒိယိတွာ

အထခေါ်=၌။ သာဘိက္ခုနီ=သည်။ ဇတုမဋ္ဌကံ=ကို။ အာဒိယိတွာ=ယူ၍။ ဓောဝိတုံ=ဆေးခြင်းငှါ။ ဝိဿရိတွာ=မေ့လျော့၍။ ဧကမန္တံ=၌။ ဆဍ္ဍေသိ=စွန့်၏။ ဘိက္ခုနီယော=တို့သည်။ မက္ခိကာဟိ=တို့ဖြင့်။ သမ္ပရိကိဏ္ဏံ=ထက်ဝန်းကျင် ပြွမ်းသည်ကို။ ပဿိတွာ=၍။ ဧဝံ=ဤသို့။ အာဟံသု=ကုန်၏။ ဣဒံကမ္မံ=သည်။ ကဿာ=အဘယ် မိန်းမ၏။ ကမ္မံ=အမှုနည်း။ ဣတိ=ဤသို့။ ပုစ္ဆိတေ=မေးအပ်သည်ရှိသော်။ (ထည့်)။ သာ=ထိုဘိက္ခုနီမသည်။ ဧဝံ=သို့။ အာဟ=၏။ ဣဒံကမ္မံ=သည်။ မယှံ=၏။ ကမ္မံ=တည်း။ ဣတိ=ဤသို့။ အဝေါစ=၏။

### ဇတုမဋ္ဌကသရုပ်

၁။ ဇတုမယံ=ချိပ်ဖြင့်ပြီးသောအတောင့်။

၂။ ကဋ္ဌမယံ=သစ်သားဖြင့်ပြီးသောအတောင့်။

၃။ ပိဋ္ဌမယံ=မုန့်ညက်ဖြင့်ပြီးသောအတောင့်။

၄။ မတ္တိကာမယံ=မြေညက်ဖြင့်ပြီးသောအတောင့်။

### အာဒိယေယျ

အတွေ့အထိကိုသာယာ၍ အောက်ထစ်ဆုံးအားဖြင့် ကြာရွက်ကိုလည်း ကျင်ငယ်ကြောင်းသို့ သွင်းလျှင် ပါစိတ်။

**အနာရှိ၍ ချိပ်တောင့်သွင်းမှု**

အနာပတ္တိ အာဗာဓပစ္စယာကိုထောက်၍ အနာဖယ်ရှားရန် သွင်းကောင်းသည်။

## ဥဒကသုဒ္ဓိကသိက္ခာပုဒ်

**အခေဝါတေ အဋ္ဌာသ်**

အခေဝါတေ=လေအောက်၌။ အဋ္ဌာသိ=တည်၏။ ဘဂဝါ=ဘုရား။ မာတုဂါမော=သည်။ ဒုဂ္ဂန္ဓော=မကောင်းသောအနံ့ရှိ၏။ ဣတိ=ဤသို့ဆို၍။ အဋ္ဌာသိ=၏။ အထခေါ=၌။ ဘဂဝါ=သည်။ ဘိက္ခုနိယော=တို့သည်။ ဥဒကသုဒ္ဓိကံ=ရေဖြင့် စင်ကြယ်ခြင်းကို။ အာဒိယန္တုခေါ=ယူစေကုန်သတည်း။ ဣတိ=ဤသို့။ ပ။ ပက္ကာမိ=၏။ ဘိက္ခဝေ=တို့။ ဘိက္ခုနီနံ=တို့အား။ ဥဒကသုဒ္ဓိကံ=ကို။ အနုဇာနာမိ=၏။ ဣတိ=ဤသို့။ အာမန္တေသိ=၏။

**အတိဂမ္ဘီရံ**

အတိဂမ္ဘီရံ=အလွန်နက်စွာ။ ဥဒကသုဒ္ဓိကံ=ကို။ အာဒိယန္တီ=ယူကုန်သည်ဖြစ်၍။ မုတ္တကရဏေ=၌။ ဝဏံ=အမာကို။ အကာသိ=၏။

**ဥဒကသုဒ္ဓိကဟူသည်**

ကျင်ငယ်လမ်းကြောင်းကို ဆေးကြောခြင်း။

**အာဒိယမာနာယဟူသည်**

ဆေးကြောခြင်းကိုဆိုလိုသည်။

**တံ အတိက္ကာမေန္တိယာ**

အတွေ့အထိကိုသာယာ၍ အောက်ထစ်ဆုံးအားဖြင့် တစ်ဆံဖျားမျှလည်း လွန်စေလျှင် ပါစိတ်သင့်သည်။

---

**ဒွိန္နံ ပဗ္ဗာနံ ဥပရိ။** ။ လက်နှစ်ချောင်း အတူသွင်းလျှင် တစ်ချောင်းတစ်ချောင်းမှာ တစ်ဆ<br>
တစ်ဆစ်သည်သာ သွင်းကောင်း၏။ နှစ်ဆစ်ထက်မပိုသင့်<br>
တစ်ချောင်းတည်းသွင်းရာ၌လည်း နှစ်ဆစ်ထက် ပိုလျှင်မအပ်။ ရေဆေးစရာ အကြောင်းရှိ<br>
ရေးဆေးလျှင် အတွေ့အထိကို သာယာသော် လည်း နှစ်ဆစ်ဟူသော အပိုင်းအခြား၌ အာပတ်မသင့်

( သာရတ္ထ

## ဥပတိဋ္ဌနသိက္ခာပုဒ်

**တသ္မႃ(ပ)ဘတ္တဝိဿဂ္ဂ**

တဿ=ထိုအမတ်ကြီး၏။ ပ။ ဘတ္တဝိဿဂ္ဂ=ဆွမ်းစားခြင်းကို။ ကရောတိ=၏၊ အထခေါ်=၌။ သာဘိက္ခုနီ=သည်။ တဿဘိက္ခုနော=၏။ ဘုဥ္စန္တဿ=ဆွမ်းစားစဉ်။ ပါနီယေနစ=သောက်ရေဖြင့်ငင်း။ ဝိဓူပနေန စ=ယပ်ခပ်သဖြင့်ငင်း။ ဥပတိဋ္ဌတွာ= အနီး၌တည်၍။ အစ္စာဝဒတိ=အလွန်အကျူးဆို၏။ အထခေါ်=၌၊ သောဘိက္ခု=သည်။ တံဘိက္ခုနီ=ကို။ ဘဂိနီ=နှမ။ ဧဝံရူပံ=ဤသို့သဘောရှိသော စကားကို။ မာအကာသိ= မပြုလင့်။ ဧတံ=ဤစကားသည်။ နကပ္ပတိ=မအပ်။ ဣတိ=ဤသို့။ အပသာဒေတိ= မောင်းမဲ၏။ ပုဗ္ဗေ=ရှေး၌။ တွံ=သည်။ မံ=ကို။ ဧဝဥ္စဧဝဥ္စ=ဤသို့လည်းဤသို့လည်း။ ကရောတိ=၏။ ဣဒါနိ=၌။ ဧတ္တကံ=ဤမျှသောစကားကို။ နသဟတိ=သည်းမခံ။ ဣတိ=ဤသို့။ ပါနီလထာလကံ=သောက်ရေခွက်ကို။ မတ္ထကေ=ဦးခေါင်း၌။ အာသုမ္ဘိတွာ=လောင်း၍။ ဝိဓူပနေန=ယပ်ဖြင့်။ ပဟာရံ=ပုတ်ခတ်ခြင်းကို။ အဒါသိ=၏။

**ဘုဥ္စန္တဿ**

ဘောဇဉ် ၅-ပါးတို့တွင် တပါးပါးကို စားဆဲရဟန်း။

**ပါနီယံစသည်**

ပါနီယံ=သောက်ဖွယ်အားလုံး။

ဝိဓူပနံ=ယပ်အားလုံး။

ဥပတိဋ္ဌေယျ=ဟတ္ထပါသ်၌တည်မှသာ ပါစိတ်သင့်သည်။

**အဆုံးအဖြတ်**

ဟတ္ထပါသ်ကိုစွန့်၍ တည်လျှင်ဖြစ်စေ, ခဲဖွယ်ကိုခဲစားသောရဟန်း၏ အနီး၌ တည်လျှင်ဖြစ်စေ, လူသာမဏေအနီး၌ တည်လျှင်ဖြစ်စေ ဒုက္ကဋ်။

## အာမကဓညသိက္ခာပုဒ်

### ဘိက္ခုနိယော သဿကာလေ

ဘိက္ခုနိယော=တို့သည်။ သဿကာလေ=ကောက်မှည့်သောကာလ၌။ အာမက ဓညံ=စပါးစိမ်းကို။ ဝိညာပေတွာ=တောင်း၍။ နဂရံ=သို့။ အတိဟရန္တိ=အပြန်ဆောင် ကုန်၏။ ဒွါရဋ္ဌာနေ=တံခါးတည်ရာ၌။ အယျေ=တို့။ ဘာဂံ=အဘို့ကို။ ဒေထ=ကုန်လော့။ ဣတိ=သို့။ ပလိဗုဒ္ဓိတွာ=နှောင့်ရှက်၍။ မုဉ္စိံသု=လွှတ်ကုန်၏။

### အာမကဓည=စပါးစိမ်းသရုပ်

၁။ သာလိ = သလေး၊
၂။ ဝီဟိ = ကောက်၊
၃။ ယဝေါ = မုယော၊
၄။ ဂေါဓုမော = နတ်ကောက်၊
၅။ ကင်္ဂု = ဆပ်၊
၆။ ဝရကော = ပြောင်း။ (ဝိ၊ ၂၊ ၃၄၆)

## ပဌမဥစ္စာရဆဍ္ဍနသိက္ခာပုဒ်

### အညတရော ဗြာဟ္မဏော

အညတရော=သော။ နိဝိဋ္ဌရာဇဘဋ္ဌော=ဆပ်အပ်ပြီးသောမင်း၏ အခွန် အတုတ်ရှိသော။ ဗြာဟ္မဏော=သည်။ တဿေဝ ဘဋ္ဌပထံ=ထိုအခွန်အတုပ် ထွက်သော အရာအထူးကိုသာလျှင်။ ယာစိဿာမိ=အံ့။ ဣတိ=ဤသို့။ သီသံ နှာယိတွာ= ဦးခေါင်းနှင့်တကွရေချိုး၍။ ဘိက္ခုနုပဿယံ=ဘိက္ခုနီမကျောင်းကို။ နိဿာယ=၍။ ရာဇကုလံ=မင်းအိမ်သို့။ ဂစ္ဆတိ=၏။ အညတရာ=သော။ ဘိက္ခုနီ=သည်။ ကဋာ ဟေ=အိုးခင်း၌။ ဝစ္စံ=ကို။ ကတွာ=၍။ တိရောကုဋ္ဋေ=နံရံတဘက်၌။ ဆဍ္ဍေန္တီ=စွန့်သည်ရှိ သော်။ တဿ ဗြာဟ္မဏဿ=၏။ မတ္ထကေ=၌။ အာသုမ္ဘိ=လောင်း၏။

## အထခေါ် သော ပြာဟွာကော

အထခေါ်=၌။ မုဏ္ဍာ=ဦးပြည်းဖြစ်ကုန်သော။ ဣမာ ဗန္ဓကိနိယော=ဤအမျိုးပျက်စီးခြင်း၌ ဖွဲ့တတ်သောမိန်းမယုတ်တို့သည်။ အဿမဏိယော=ရဟန်းမိန်းမမဟုတ်ကုန်။ ကထံဟိ=ကြောင့်လျှင်။ ဂူထကဋ္ဌာဟံ=ကျင်ကြီးအိုးခင်းကို။ မတ္တကေ=၌။ အာသုမ္ဘိဿန္တိနာမ=လောင်းကုန်ဘိသနည်း။ ဣမာသံ=ဤမိန်းမပျက်တို့၏။ ဥပဿယံ=ကျောင်းကို။ ဈာပေဿာမိ=မီးတိုက်အံ့။ ဣတိ=ဤသို့။ ဥမ္မုက္ကံ=မီးစကို။ ဂဟေတွာ=၍။ ဥပဿယံ=သို့။ ပဝိသတိ=၏။

## ဂဏ္ဍ ဘော ပြာဟွာဏ

ဘောပြာဟွာဏ=ပုဏ္ဏား။ ဂဏ္ဍ=သွားလေ။ ဧတံ=ဤအမှုသည်။ မင်္ဂလံ=တည်း။ သဟာဿံ=တထောင်ကို။ လစ္ဆသိ=ရလတ္တံ့။ တဥ္စ ဘဋ္ဌပထံ=ထိုအခွန်အတုတ်ထွက်သော အရာထူးကိုလည်း။ လစ္ဆတိ=လတ္တံ့။ ဣတိ=ဤသို့။ အဝေါစ=၏။

## ဥစ္စာရေရာစသည်

| | | |
|---|---|---|
| ဥစ္စာရော | = | ကျင်ကြီး၊ |
| ပဿာဝေါ | = | ကျင်ငယ်၊ |
| သင်္ကာရံ | = | အမှိုက်၊ |
| ဝိဃာသံ | = | စားဖတ်, အရိုး, လုပ်ဆေးရေ။ |

## ဣဋ္ဌ(နံရံ)သရုပ်

| | | | |
|---|---|---|---|
| ၁။ | ဣဋ္ဌကာကုဋ္ဋော | = | အုဌ်နံရံ၊ |
| ၂။ | သိလာကုဋ္ဋော | = | ကျောက်နံရံ၊ |
| ၃။ | ဒါရုကုဋ္ဋော | = | သစ်သားနံရံ၊ |

(ပါကာရ=တံတိုင်းသရုပ်လည်း အတူတူပင်၊ ကုဋ္ဋောနေရာ၌ ပါကာရောဟု ပြောင်းရုံသာထူးသည်)

## ဒုတိယဥစ္စာရဆန္ဒနသိက္ခာပုဒ်

### ဟရိတဟူသည်

လူတို့စိုက်ပျိုးအပ်သော အတွင်းအပ စားသုံးအဆောင်ဖြစ်သည့် ကောက်ပဲသီးနှံ။

ဟရိတံနာမ=ကား။ ပုဗ္ဗဏ္ဏံ=ကောက်သည်ရင်း။ အပရဏ္ဏံ=ပဲသည်ရင်း။ မနုဿာနံ=တို့၏။ ရောပိမံ=စိုက်ပျိုးအပ်သော။ ယံ ဥပဘောဂပရိဘောဂံ=အကြင် အတွင်းအပ အသုံးအဆောင်သည်။ အတ္ထိ=၏။ ဧတံ=ဤအသုံးအဆောင်သည်ရင်း။ ဟရိတံနာမ=မည်၏။

## နစ္စဂီတသိက္ခာပုဒ်

### ရာဇဂဟေ ဂိရဂ္ဂသမဇ္ဇော

ရာဇဂဟေ=၌။ ဂိရဂ္ဂသမဇ္ဇော=တောင်ထိပ်သဘင်သည်။ ဝါ=တောင်ထိပ်၌ မြင့်သောသဘင်သည်။ ဟောတိ=၏။ ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဘိက္ခုနိယော=တို့သည်။ ဂိရဂ္ဂသမဇ္ဇံ=ကို။ ဒဿနာယ=ငှါ။ အဂမံသု=ကုန်၏။

### နစ္စသည်

နစ္စံ -အရ ကခြင်းအားလုံးကိုယူပါ၊

ဂီတံ -အရ သီဆိုခြင်းအားလုံးကိုယူပါ၊

ဝါဒိတံ-အရ တီးမှုတ်ခြင်းအားလုံးကိုယူပါ။

### ဖိုးစိန်မျောက်ကကို ကြည့်ကောင်းသလား-

နစ္စံ နာမ ယံကိဉ္စိ နစ္စံ-ဟု နစ္စံ-အရ အကအားလုံးကို ယူထားသောကြောင့် မကြည့်ကောင်းပါ။

## ပွဲသွားကြည့်ရာ၌ အာပတ်သင့်ပုံ

ကြည့်ရန်သွားလျှင် ဒုက္ကဋ်၊ မြင်လောက်ကြားလောက်ရာအရပ်၌ ရပ်တည်၍ ကြည့်လျှင်, နားထောင်လျှင် ပါစိတ်၊ မြင်လောက်ရာ အရပ်ကိုစွန့်၍ ထပ်ခါထပ်ခါ ကြည့်ရှုနားထောင်လျှင် ပါစိတ်။

## ပွဲကြည့်သော်လည်း အာပတ်မသင့်သူများ

၁။ အာရာမ်၌တည်၍ ကြည့်ရှုနားထောင်သူ၊
၂။ ရဟန်းမ၏တည်နေရာအရပ်စသည်သို့လာ၍ ကသည်ကို ကြည့်ရှုနားထောင်သူ
၃။ ခရီးရင်ဆိုင်သွားစဉ် ကြည့်ရှုနားထောင်သူ၊
၄။ အကြောင်းကိစ္စရှိ၍ ကြည့်ရှုနားထောင်သူ၊
၅။ ဘေးရန်တို့ကြောင့် ကြည့်ရှုနားထောင်သူ၊
၆။ ရူးသောရဟန်းမ၊
၇။ အာဒိကမ္မိကရဟန်းမ၊

### အန္ဓကာရဝဂ်
### ရတ္တန္ဓကာရသိက္ခာပုဒ်

## အထခေါ် သာ ဘိက္ခုနီ

အထခေါ်=၌။ သာဘိက္ခုနီ=သည်။ တေနပုရိသေန=နှင့်။ သဒ္ဓိံ=ကွ။ အပ္ပဒီပေ= ဆီမီးမရှိသော။ ရတ္တန္ဓကာရေ=ညဥ့်အမိုက်တိုက်၌။ ဧကေနေကား=တစ်ယောက်သည် တစ်ယောက်ချင်း။ သန္တိဋ္ဌတိပိ=ရပ်လည်းရပ်၏။ သလ္လပတိပိ=စကားလည်းပြော၏။

## ပုရိသော-အရ

ရပ်တည်နိုင်, စကားပြောနိုင်သော တတ်သိနားလည်သည့် လူယောကျ်ားကို ယူရမည်။ ဘီလူးယောကျ်ား, ပြိတ္တာယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို မယူရ။ (နောက်သိက္ခာပုဒ် ၃-ပုဒ်၌လည်း အတူတူပင်)

**သန္တိဋ္ဌေယျ**

ယောက်ျား၏ဟတ္ထပါသ်၌ တည်မှသာ ပါစိတ်သင့်သည်။

**သလ္လပေယျ**

ယောက်ျား၏ ဟတ္ထပါသ်၌တည်၍ ဂေဟာဿိတကထာကို ပြောမှသာ ပါစိတ်သင့်သည်။

**အဆုံးအဖြတ်**

၁။ ဟတ္ထပါသ်ကိုစွန့်၍ တည်ခြင်း, ပြောခြင်းတို့ကြောင့် ဒုက္ကဋ်၊

၂။ ဘီလူး, ပြိတ္တာ, ပဏ္ဍုက်, လူယောင်ဖန်ဆင်းထားသော တိရစ္ဆာန်တို့နှင့်အတူ ရပ်တည်ခြင်း, စကားပြောခြင်းတို့ကြောင့် ဒုက္ကဋ်။

## ပဋိစ္ဆန္နောကာသသိက္ခာပုဒ်

**ဖုံးလွှမ်းအပ်သော အရပ်ဟူသည်**

ပဋိစ္ဆန္နော=ဖုံးလွှမ်းသော။ ဩကာသော=နာမ=အရပ်မည်သည်ကား။ ကုဋ္ဋေနဝါ= နံရံဖြင့်ရင်း။ ကဝါဋေနဝါ=တံခါးရွက်ဖြင့်ရင်း။ ကိလဉ္ဇေနဝါ=ဖျာဖြင့်ရင်း။ သာဏိပါကာ ရေနဝါ=တင်းတိမ်ကန့်လန့်ကာဖြင့်ရင်း။ ရုက္ခေနဝါ=ဖြင့်ရင်း။ ထမ္ဘေနဝါ=သည်တိုင်ဖြင့် ရင်း။ ကောဋ္ဌဠိယာဝါ=ရိုင်ကဲလားဖြင့်ရင်း။ ယေနကေနစိ=အမှတ်မရှိတခုခုဖြင့်။ ပဋိစ္ဆ န္နော=သည်။ ဟောတိ=၏။

## အဇ္ဈောကာသ သလ္လပနသိက္ခာပုဒ်

**မဖုံးကွယ်အပ်သောလွင်တီးခေါင်ဟူသည်**

နံရံဖြင့်ဖြစ်စေ, တံခါးရွက်ဖြင့်ဖြစ်စေ, ဖျာဖြင့်ဖြစ်စေ, တင်းတိမ် ကန့်လန့်ကာဖြင့် ဖြစ်စေ, သစ်ပင်ဖြင့်ဖြစ်စေ, သည်တိုင်ဖြင့်ဖြစ်စေ, ရိုင်ကဲလားဖြင့်ဖြစ်စေ တစုံတရာဖြင့် ဖုံးကွယ်ခြင်းမရှိသောအရပ်။

## ဒုတိယိကဥယျောဇနသိက္ခာပုဒ်

### ထုလ္လနန္ဒာ ဘိက္ခုနီ ရထိကာယပိ

ထုလ္လနန္ဒာ=သော။ ဘိက္ခုနီ=သည်။ ရထိကာယပိ=ရထားလမ်းခရီး၌၎င်း။ ဗျူဟေပိ=ထုတ်ချင်းထွင်းသောခရီး၌၎င်း။ သိင်္ဃာဋကေပိ=ခရီးဆုံ၌၎င်း။ ပုရိသေန=နှင့်။ သဒ္ဓိံ=ကွ။ ဧကေနေကာ=ချင်း။ သန္တိဋ္ဌတိပိ=၏။ သလ္လပတိပိ=၏။ နိကဏ္ဏိကံပိ=နားရင်း၌ အပ်၍ တိုးတိုးသာသာပြော ဟောအပ်သောစကားကိုလည်း။ ဇပ္ပေတိ=ပြောဆို၏။ ဒုတိယိကံ=အဖော်ဖြစ်သော။ ဘိက္ခုနိံပိ=ကိုလည်း။ ဥယျောဇေတိ=လွှတ်လိုက်၏။ ပ။

**ရထိကာစသည်တို့အထူး-**

ရထိကာ = ရထားလမ်းခရီး။

ဗျူဟံ = ထုတ်ချင်းပေါက်လမ်းခရီး။

သိင်္ဃာဋကံ = ခရီးလမ်းဆုံ။

နိကဏ္ဏိကံဝါ = ယောကျ်ား၏နားအနီး၌လည်း။

ဇပ္ပေယျ = ပြောဆိုအံ့။

**ဒုတိယိကံ ဝါ ဘိက္ခုနိံ ဥယျောဇေယျ-၌ အဖော်ကို ပြန်လွှတ်ရာတွင် အာပတ်သင့်စေသော နှလုံးသွင်း-**

မလျှောက်ပတ်သော အကျင့်ကို ကျင့်လိုမှု။

**အဖော်ကိုပြန်လွှတ်ရာ၌ အာပတ်သင့်ပုံ**

ဒဿနူပစာကိုဖြစ်စေ, သဝနူပစာကိုဖြစ်စေ စွန့်သောရဟန်းမအား ဒုက္ကဋ်သင့်၍ စွန့်ပြီးလသော် ပါစိတ်သင့်သည်။ (ဝိ၊ ၂၊ ၃၅၆)

## အနာပုစ္ဆာ ပက္ကမနသိက္ခာပုဒ်

### တဿ ကုလဿ ဒါသီ

တဿကုလဿ=၏။ ဒါသီ=သည်။ ယရံ=ကို။ သောခေတ္တိ=သုတ်သင်သည် ရှိသော်။ တံအာသနံ=ထိုနေရာကို။ ဘာဇနန္တရိကာယ=အိုးကြား၌။ ပက္ခိပိ=ထည့်၏။ မနုဿာ=တို့သည်။ တံအာသနံ=ကို။ အပဿန္တာ=မမြင်ကုန်သည်ဖြစ်၍။ ဇာတိကူနိ= ကို။ အယျေ=မ။ တံအာသနံ=သည်။ ကဟံ=အဘယ်မှာနည်း။ ဣတိ=ဤသို့။ စေါဝစနံ= ကို။ အဝေါစုံ=ကုန်၏။ အာဝုသော=တို့။ အဟံ=သည်။ တံအာသနံ=ကို။ နပဿာမိ= မမြင်။ ဣတိ=ဤသို့။ ဝုတ္တေ=သော်။

### ပုရေဘတ္တဟူသည်

အရုဏ်တက်ချိန်မှစ၍ မွန်းတည့်ကာလအထိ။

### ကုလာနိ - ၌ ကုလသရုပ်

၁။ ခတ္တိယကုလံ = မင်းမျိုး၊

၂။ ဗြာဟ္မဏကုလံ = ပုဏ္ဏားမျိုး၊

၃။ ဝေဿကုလံ = ကုန်သည်မျိုး၊

၄။ သုဒ္ဒကုလံ = သူဆင်းရဲမျိုး၊

### အာသနဟူသည်

ထက်ဝယ်တင်ပလ္လင်၏ တည်ရာအရပ်။

### သာမိကေ အနာပုစ္ဆာ - ၌ သာမိကဟူသည်

ထိုအိမ်၌ တတ်သိနားလည်သူဖြစ်သည်။

**အာပတ်သင့်ပုံ**

မိုးမစွပ်ရာအရပ်ကို လွန်စေလျှင် ပါစိတ်။
လွင်တီးခေါင်၌ ဥပစာကိုလွန်စေလျှင် ပါစိတ်။

**အနာပုစ္ဆာအဘိနိသီဒနသိက္ခာပုဒ်**

**ပစ္ဆာဘတ္တဟူသည်**

မွန်းတည့်ချိန်မှ နေဝင်သည့်ကာလတိုင်အောင်။

**သာမိကေ-အရ**

ထိုအိမ်၌ ပေးခြင်းငှါ အစိုးရသောလူကို ယူပါ။
(နောက်သိက္ခာပုဒ်လည်းအတူတူပင်)

**အနာပုစ္ဆာသန္ထရဏသိက္ခာပုဒ်**

**ဝိကာလဟူသည်**

နေဝင်ချိန်မှစ၍ အရုဏ်တတ်သည့်တိုင်အောင်။

**သေယျံ-အရ**

အောက်ထစ်ဆုံးအားဖြင့် မြက်အခင်းကိုလည်း ယူပါ။

**ပရဉ္ဇျာပနကသိက္ခာပုဒ်**

**အထခေါ သာ ဘိက္ခုနီ**

အထခေါ=၌။ သာဘိက္ခုနီ=သည်။ ဒုဂ္ဂဟိတေန=မကောင်းသော အယူဖြင့်။ ဒုပ္ပဓာရိတေန=မကောင်းသောအမှတ်ဖြင့်။ ပရံ=သူတပါးကို။ ဥဇ္ဈာပေတိ=အယုတ်အားဖြင့် သိစေ၏။ အယျေ=ရှင်မ။ အဟံ=သည်။ သက္ကစ္စံ=ရိုသေစွာ။ နဥပဋ္ဌေမိကိရ=မလုပ်ကျွေးသတတ်။ မေ=ငါ့အား။ အယျာ=ရှင်မသည်။ စီဝရံ=ကို။ နဒဿတိကိရ=မပေးလတ့်သတတ်။ က္လတိ=ဤသို့။ ဥဇ္ဈာပေသိ=စေ၏။

**ပရံ-အရ**

ရဟန်းကိုယူပါ။

## ပရအာဘိသပနသိက္ခာပုဒ်

**သစာဟံ အဿေ တုမှာကံ**

အယျေ=တို့။ သစေ=အကယ်၍။ အဟံ=သည်။ တုမှာကံ=တို့၏။ ဘဏ္ဍံ=ကို။ ဂဏှာမိ=ယူသည်ဖြစ်အံ့။ အဿမဏီ=သည်။ ဟောမိ=ဖြစ်စေသော။ ပြဟွစရိယာ=မှ။ စဝါမိ=ရွေ့စေသော။ နိရယံ=ငရဲ၌။ ဥပပဇ္ဇာမိ=ပဋိသန္ဓေနေစေသော။ ယာပန=အကြင်ရဟန်းမသည်ကား။ မံ=ကို။ အဘူတေန=မဟုတ်မမှန်သောအားဖြင့်။ ဇဝံ=ဤသို့။ အာဟ=၏။ သာပိ=သည်လည်း။ အဿမဏီ=သည်။ ဟောတု=စေ၊ ပြဟွစရိယာ=မှ။ စဝတု=ရွေ့စေ။ နိရယံ=၌။ ဥပပဇ္ဇတု=စေ။ ဣတိ=သို့။ အဘိသပတိ=ကျိန်ဆဲ၏။ (ထည့်)။

**တိရစ္ဆနယောနိယာ ဝါ**

တိရစ္ဆနယောနိယာဝါ=ဖြင့်ရင်း။ ပေတ္တိဝိသယေနဝါ=ပြိတ္တာဘုံ၌ ဖြစ်သောပြိတ္တာမျိုးဖြင့်ရင်း။ မနုဿဒေါဘဂ္ဂေနဝါ=မတင့်တယ်သော လူဖြင့်ရင်း။ အဘိသပတိ=၏။ အာပတ္တိ ဒုက္ကဋဿ။

**ကြိမ်ဆဲသော်လည်း အာပတ်မသင့်သူများ**

အတ္ထပုရေက္ခာရာယ=အနက်ကိုရှေးရှုသောဘိက္ခုနီမအားရင်း။ ဓမ္မပုရေက္ခာရာယ=ပါဠိကိုရှေးရှုသော ရဟန်းမိန်းမအားရင်း။ အနုသာသနိ ပုရေက္ခာရာယ=ဆုံးမခြင်းကိုရှေးရှုသောဘိက္ခုနီမအားရင်း။ အနာပတ္တိ=သင့်။

## ရောဒနသိက္ခာပုဒ်

**အဆုံးအဖြတ်**

၁။ ထု၍ငိုလျှင်ပါစိတ်။

၂။ ထု၍ မငိုလျှင်ဖြစ်စေ, ငို၍မထုလျှင်ဖြစ်စေ ဒုက္ကဋ်။

**ဝိုသော်လည်း အာပတ်မသင့်**

ဉာတိဗျသနေ ဝါ=ဆွေမျိုးတို့၏ပျက်စီးခြင်းဖြင့်၎င်း။ ဘောဂဗျသနေန ဝါ= စည်းစိမ်၏ပျက်စီးခြင်းဖြင့်၎င်း။ ရောဂဗျသနေ ဝါ=အနာဟူသော ပျက်စီးခြင်းဖြင့်၎င်း။ ဖုဋ္ဌာ=နှိပ်စက်အပ်သည်ဖြစ်၍။ ရောဒတိ=၏။ န ဝဇ္ဇတိ=မထု။ အနာပတ္တိ=သင့်။

နဂ္ဂဝဂ္ဂ

နဂ္ဂသိက္ခာပုဒ်

**အစိရဝတိယာ နဒိယာ**

အစိရဝတိယာ=အမည်ရှိသော။ နဒိယာ=၌။ ဝေသိယာဟိ=ပြည့်တန်ဆာမတို့နှင့်။ သဒ္ဓိ=ကွ။ နဂ္ဂါ=အဝတ်မဝတ်ကုန်ဘဲ။ ဧကတိတ္ထေ=တခုသောရေဆိပ်၌။ နှာယန္တိ=ကုန်၏။ ဝေသိယာ=တို့သည်။ ဘိက္ခုနိယော=တို့ကို။ ဥပ္ပဏ္ဍေသုံ=ပြက်ရယ်သမှုပြုကုန်၏။

**ကိံနု ခေါ နာမ တုမှာကံ**

အယျေ=တို့။ ဒဟရာနံ=အငယ်ဖြစ်ကုန်သော။ တုမှာကံ=တို့အား။ ဗြဟ္မစရိယံ= ကို။ စိဏ္ဏေန=ကျင့်သဖြင့်။ ကိံနုခေါနာမ=အဘယ်အကျိုး ရှိကုန်အံ့နည်း။ ကာမာ=တို့ကို။ ပရိဘုဥ္ဇိတဗ္ဗာနနုနာမ=ခံစားအပ်သည် မဟုတ်တုံလော။ ယဒါ=၌။ ဗြဟ္မစရိယံ=ကို။ စရိဿထ=ကျင့်ရကုန်လတ့်။ တဒါ=၌။ ဗြဟ္မစရိယံ=ကို။ စရိဿထ=ကျင့်ကုန်လတ့်။ ဧဝံ=ဤသို့ ကျင့်ကုန်သည်ရှိသော်။ တုမှာကံ=တို့အား။ ဥဘော=နှစ်ပါးကုန်သော။

---

**ဗြဟ္မစရိယံ စိဏ္ဏေန** ။ ။ စိဏ္ဏေန=ကျင့်အပ်သော။ ဗြဟ္မစရိယံ ဗြဟ္မစရိယေန=မြတ်သော အကျင့်ဖြင့်။ (ဒုတိယာ ဝိဘတ် ကရိဏ်အနက်၌ သက်)။

(တနည်း) ဗြဟ္မစရိယံ ဗြဟ္မစရိယဿ=မြတ်သောအကျင့်ကို။ စိဏ္ဏေန=ကျင့်ခြင်းဖြင့်။ (ဒုတိယ ဝိဘတ် သာမီအနက်၌ သက်)

**နဂ္ဂသိက္ခာပုဒ်ယာ အစ္ဆိန္နစီဝရိကာယ** ။ ။ ရေသနုပ်ကို ရည်ရွယ်၍ ဟောတော်မူသည့် အခြားသင်္ကန်းကို ရည်ရွယ်၍ ဟောတော်မူသည်မဟုတ်။ ထို့ကြောင့် ဧကသီ, သင်းပိုင်စသည်လုယူခံရ၍ အဝတ်မဆီးဘဲ ခရေချိုးလျှင် အာပတ်သင့်သည်။

( ဝိ၊ ၄၊ ၁၊ ၂၈ )

အတ္ထာ=အကျိုးတို့သည်။ ပရိဂ္ဂဟိတာ=သိမ်းဆည်းအပ်ကုန်သည်။ ဘဝိဿန္တိ=ကုန်လတ့်။ က္လတိ=ဤသို့၊ ဥပ္ပဏ္ဏေသုံ=ကုန်၏။

**နဂ္ဂါ နဟာယေယျ**

နဂ္ဂါ နှာယေယျာတိ=ဘား။ အနိဝတ္ထာ ဝါ=သင်းပိုင်ကိုမဝတ်မူ၍ရင်း။ အပါရုတာ ဝါ=ကိုယ်ရုံကို မရုံမူ၍ရင်း။ နှာယတိ=၏။

**အာပတ်သင့်ပုံ**

သင်းပိုင်ကိုမဝတ်ဘဲဖြစ်စေ, ဧကသီကိုမရုံဘဲဖြစ်စေ ရေချိုးလျှင် ပယောဂကြောင့် ဒုက္ကဋ်၊ ရေချိုးပြီးလသော် ပါစိတ်။

**သင်းပိုင်မဝတ်ဘဲ ဧကသီကိုသာရုံထားလျှင်အာပတ်မသင့်**

နဂ္ဂါ နဟာယေယျာတိ အနိဝတ္ထာ ဝါ အပါရုတာ ဝါ နဟာယတိကို ထောက်ပါ။ (ဝိ၊၂၊ ၃၆၆)

**အာပတ်မသင့်သူများ**

အစ္ဆိန္နစီဝရိကာယ ဝါ=ခိုးသူလုယက်သော သင်္ကန်းရှိသော ဘိက္ခုနီမအားရင်း။ နဋ္ဌစီဝရိကာယ ဝါ=ပျောက်သောသင်္ကန်းရှိသော ဘိက္ခုနီမအားရင်း။ အနာပတ္တိ=သင့်။ အာပဒါသု=တို့ကြောင့်။ နဂ္ဂါ=စည်း။ နှာယတိ=၏။အနာပတ္တိ=သင့်။

## ဥဒကသာဋိကသိက္ခာပုဒ်

**ဥဒကသာဋိကာဟူသည်**

ဝတ်၍ရေချိုးကြောင်းရေသနုပ်။

**ရေသနုပ်ကို ပမာဏထက်လွန်အောင် ကိုယ်တိုင်လုပ်မှု**

ကာရယမာနာယာတိ ကရောတိယာ ဝါ ကာရာပေန္တိယာ ဝါ ဟု ဖွင့်သော ကြောင့် အာပတ်မှ မလွတ်ပါ။ (ဝိ၊ ၃၊ ၃၆၇)

**ရေသနုပ်ပမာဏ**

ဘုရားရှင်၏ အထွာတော်ဖြင့် အလျား ၄-ထွာ, အနံ ၂-ထွာ။

## စီဝရသိဗ္ဗနသိက္ခာပုဒ်

**အညာတရိဿာ ဘိက္ခုနိယာ**

အညာတရိဿာ=သော။ ဘိက္ခုနိယာ=၏။မဟတ္ထေ=အဘိုးထိုက်သော။ စီဝရဒုဿေ=သင်္ကန်းလျာပုဆိုး၌။ ဒုက္ကဋံ=မကောင်းသဖြင့်ပြုအပ်သည်။ ဒုသိဗ္ဗတံ= မကောင်းသဖြင့်ချုပ်အပ်သည်။ ဟောတိ=၏။

**အာပတ်သင့်ချိန်**

"မချုပ်တော့အံ့"၊ ချုပ်ရန် မကြိုးစားတော့အံ့ဟု ဝန်ချချိန်။

**စီဝရံ-အရ**

သင်္ကန်း၆-ထည်တို့တွင် တစ်ထည်ထည်ကိုယူပါ။

၉

## သင်္ဃာဋိစာရသိက္ခာပုဒ်

**ဟတ္ထေ စီဝရံ**

ဟတ္ထေ=၌။ စီဝရံ=ကို။ နိက္ခိပိတွာ=ထား၍။ သန္တရုတ္တရေန=သင်းပိုင်နှင့်တကွသောကိုယ်ဝတ်ဖြင့်။ ဇနပဒစာရိကံ=ဇနပုဒ်၌လှည့်ပတ်သွားလာခြင်းကို။ ပက္ကမန္တိ=သွားကုန်၏။ တာနိစီဝရာနိ=တို့သည်။ စိရံ=ကြာမြင့်စွာ။ နိက္ခိတ္တာနိ=ထားအပ်ကုန်သည်ဖြစ်၍။ ကဏ္ဏကိတာနိ=ချွေးစွတ်ရာအကွက်၌ မှိုတက်ကုန်သည်။ ဟောန္တိ=ကုန်၏။ တာနိ=ထိုသင်္ကန်းတို့ကို။ ဘိက္ခုနိယော=တို့သည်။ ဩတာပေန္တိ=နေလှန်းကုန်၏။

**ပဉ္စဟိကံ သင်္ဃာဋိစာရံ အတိက္ကာမေန္တိယာ**

(၅) ရက်မြောက်နေ့၌ သင်္ကန်း ၅-ထည်တို့ကို မဝတ်မရုံ နေမလှမ်းဘဲ ၅-ရက်ကို လွန်စေခြင်း၊ (ယင်းသို့လွန်စေခြင်းကြောင့် ပါစိတ်)

သယ်ာငို့စာရံ-၌ သံယာငို့-အရ

ပဋ္ဌမံ ဒိဝသံ ပဋ္ဌ စီဝရာနိ နေဝ နိဝါသေတိ စသည်ကိုထောက်၍ ရဟန်းမ၏ သင်းပိုင်, ဧကသီ, ဒုကုဋ်, ရေသနုပ်, ရင်စည်းတဘက်တို့ကိုယူပါ။

(အဋ္ဌဝတ္ထုကနှင့်မတူသည်ကိုသတိပြုပါ)

## စီဝရသင်္ကမနီယ သိက္ခာပုဒ်

### ၁ညတရာ ဘိက္ခုနီ

အညတရာ=သော။ ဘိက္ခုနီ=သည်။ ပိဏ္ဍာယ=ငှါ။စရိတွာ=၍။ အလ္လစီဝရံ= ဘော သင်္ကန်းကို။ ပတ္ထရိတွာ=ဖြန့်၍။ ဝိဟာရံ=သို့။ ပါဝိသိ=ဝင်၏။ အညတရာ=သော။ ဘိက္ခုနီသည်။ တံစီဝရံ=ကို။ ပါရုပိတွာ=၍။ ဂါမံ=သို့။ပါဝိသိ=၏။ သာ=ထိုသင်္ကန်းရှင်မ ည်။ နိက္ခိပိတွာ=၍။ ဘိက္ခုနိယော=တို့ကို။ ပုစ္ဆိ=၏။ အယျေ=တို့။ မယှံ=၏။ စီဝရံ=ကို။ ပိပဿေယျာထ=မြင်ကြကုန်သလော။ ဣတိ=သို့။ ပုစ္ဆိ=၏။

### ရသင်္ကမနီယံ နာမ

စီဝရသင်္ကမနီယံနာမ=ကား။ ဥပသမ္ပန္နာယ=ပဋ္ဌင်းမ၏။ ပဋ္ဌန္နံ= ကုန်သော။ ရာနံ=တို့တွင်။ အညတရံ=သော။ စီဝရံ=တည်း။ တဿာ ဝါ=ထိုသင်္ကန်းရှင်မသည် ည်း။ အဒိန္နံ=မပေးဘဲ။ တံဝါ=ထိုသင်္ကန်းရှင်မကိုလည်း။ အနာပုစ္ဆာ=မပန်ဘဲ။ နိဝါသေ ဝါ=ဝတ်မူလည်းဝတ်၏။ ပါရုပတိ ဝါ=၏။

### ရသင်္ကမနီယဟူသည်

ရဟန်းမ၏ သင်္ကန်း ၆-ထည်တို့တွင် တစ်ထည်ထည်ကို ထိုသင်္ကန်း ရှင်ရဟန်းမ ေးဘဲဖြစ်စေ, ထိုသင်္ကန်းရှင်ရဟန်းမကို မပန်ပြောဘဲဖြစ်စေ ဝတ်ရုံခြင်း။

## ဂဏစီဝရသိက္ခာပုဒ်

### ပ္ပနန္ဒာ ဘိက္ခုနီ

ထုလ္လနန္ဒာ=သော။ ဘိက္ခုနီ=သည်။ တုမှေ=တို့သည်။ ဗဟုကိစ္စာ= များသောကိစ္စရှိ ၏။ဗဟုကရဏီယာ=များသောပြုဘွယ်ရှိကုန်၏။ ဣတိ=ဤသို့။ အန္တရာယံ=ကို။ ာသိ=၏။

**တေန ခေါ ပန သမယေန**

တေနခေါပန သမယေန=၌။ တသံကုလသား=၏။ ယရ်=သည်။ ချုတ်=မိး [illegible] လောင်၏။ တေ=ထိုအမျိုးတို့သည်။ ပ။ ကာဓောဟ်=ကြောင့်လျှင်။ အယျာထုလ္လနန္ဒာ= ရှင်မထုလ္လနန္ဒာသည်။ အမှာကံ=တို့၏။ ဒေယျဓမ္မ= အလှူဝတ္ထုတို့။ [illegible] အန္တရာယံ=ကို။ ကရိဿတိနာမ=ပြုဘိသနည်း။ ဘောဂေဟိစ=စည်းစိမ်တို့မှလည်း။ ပုညေဟိစ=ကောင်းမှုမှလည်း။ ဥဘယေန=နှစ်ပါးစုံမှ စရိတ်တိရား=အပ်တို့သည်။ အမှာ= ကုန်၏။ ကုတိ=ဤသို့။ ဥဇ္ဈာယန္တိ=ကုန်၏။

**ဂဏောစသည်**

ဂဏောအရ ဘိက္ခုနီသံဃာကိုယူပါ [illegible] စီဝရံ-အရ သင်္ကန်း။ ဝြ-ထည်တိုတွင် တစ်ထည်ထည်သောဝိကပ္ပနာလောက်သော နောက်ဆုံးသင်္ကန်းတို့ ယူပါ။ [illegible] အန္တရာယ်ပြုလျှင် ပါစိတ်။

**အဆုံးအဖြတ်**

[illegible] အန္တရာယ်ပြုလုပ်လျှင် [illegible]

**အထခေါ ဘိက္ခုနီသံဃော**

အထခေါ=၌။ ဘိက္ခုနီသံဃော=သည်။ ထုံစီတ [illegible] ဝေဘန်လိုသည်ဖြစ်၍။ သန္နိပတိ=စည်းဝေး၏။ တေနခေါပန သမယေန=၌။ ထုလ္လနန္ဒာယ=သော။ ဘိက္ခုနီယာ=၏။ အန္တေဝါသိနီယော= အတွင်းတပည့်ဖြစ်ကုန်သော။ ဘိက္ခုနီယော=တို့သည်။ ပက္ကန္တာ=အရပ် တစ်ပါးသို့ဖဲကုန်သည်။ ဟောန္တိ=ဖြစ်ကုန်၏။

**ဓမ္မိကစီဝရပိဘင်္ဂဟူသည်**

ညီညွတ်သောဘိက္ခုနီသံဃာသည် စည်းဝေး၍ ဝေဘန်ခြင်း။

**ပဋိဗာဟေယျဟူသည်**

"ဘယ်လိုနည်းလမ်းဖြင့် ဤသင်္ကန်းကို မဝေဖန်ရာအံ့နည်း" ဟု ကြံ၍ တားမြစ်ခြင်း။

## စီဝရဒါနသိက္ခာပုဒ်

**ထုလ္လနန္ဒာ နာမည်ကြီးအောင်ကြိုးပမ်းချက်**

နဋာနံပိ=ကခေတတ်သောသူတို့အားရင်း။ နဋ္ဋကာနံပိ=ကိုယ် တိုင်ကတတ်သော သူတို့အားရင်း။ လင်္ဃကာနံပိ=ကြိုးတမ်းလျှောက်ကျွမ်းသမားတို့အားရင်း။ သောကဇ္ဈာယိကာနံပိ=မျက်လှည့်သမားတို့အားရင်း။ ကုမ္ဘထူဏိကာနံပိ=အိုးစည်သမားတို့အားရင်း။ မယှံ=၏။ဝဏ္ဏံ=ကျေးဇူးကို။ ပရိသတိ=ပရိသတ်၌။ ဘာသထ=ပြောဆိုကြကုန်လော့။ ဣတိ= ဤသို့။ သမဏစီဝရံ=ရဟန်းသင်္ကန်းကို။ ဒေတိ=၏။

**ဇာတ်ပိုင်ရှင် စသည်တို့ စည်းရုံးရေးဆင်းကြပုံ**

နဋာပိ=တို့သည်ရင်း။ ပ။ အယျာထုလ္လနန္ဒာ=သည်။ ဗဟုဿုတာ=၏။ ဘာဏိကာ=နိကာယ်ကိုဆောင်၏။ ဓမ္မိကထံ=ကို။ ကာတုံ=ငှာ။ ဝိသာရဒါ=ရဲရင့်၏။ပဋ္ဌာ=ထက်မြက်စွမ်းနိုင်၏။ အယျာယ=အရှင်မထုလ္လနန္ဒာအား။ ဒေထ=ကုန်လော့။ အယျာယ=အား။ ကရောထ=အရိုအသေပြုကြကုန်လော့။ ဣတိ=ဤသို့။ ဘာသန္တိ=ကုန်၏။

**အဂါရိကောစသည်**

အဂါရိကော = အိမ်ကိုစိုးအုပ်နေသူအားလုံး။

ပရိဗ္ဗာဇကော = ရဟန်း, သာမဏေမှတပါး ပရိဗိုဇ်ဝတ်သူ အားလုံး၊

ပရိဗ္ဗာဇိကာ = ရဟန်းမ, သိက္ခမာန်, သာမဏေမမှတပါး ပရိဗိုဇ်မ ဝတ်သူအားလုံး၊

သမဏစီဝရံ = ကပ္ပဗိန္ဒုထိုးပြီးသောသင်္ကန်း၊

**ကပ္ပဗိန္ဒုမထိုးရသေးသောသင်္ကန်းကိုပေးကောင်း**

သမဏေစီဝရံ နာမ ကပ္ပကတံ ဝုစ္စတိဟုဆိုသောကြောင့် သမဏေစီဝရံ-အရ ကပ္ပဗိန္ဒုထိုးပြီးသောသင်္ကန်းကိုသာယူ၍မည်ဖြစ်၍ ပေးကောင်းသည်။ (ဝိ၊ ၃၊ ၃၇၅)

**သမဏစီဝရပေးကောင်းရာပုဂ္ဂိုလ်များ**

၁။ သီတင်းသုံးဖော် (၅) ဦး၊

၂။ မိဘများ၊

**သမဏစီဝရမပေးကောင်းရာပုဂ္ဂိုလ်များ**

၁။ အိမ်ဦးစီးအုပ်နေသူအားလုံး၊

၂။ ပရိဗိုဇ်အားလုံး၊

၃။ ပရိဗိုဇ်မအားလုံး၊

**ကာလာတိက္ကမနသိက္ခာပုဒ်**

**ဒုဗ္ဗလစီဝရပစ္စာသာဟူသည်**

"တပည့်တော်တို့ တတ်နိုင်ကြလျှင် လှူကြပါမည်၊ ပြုလုပ်ကြပါမည်" ဟု နှုတ်မြွက်ဘူးခြင်း။

**စီဝရကာလသမယဟူသည်**

၁။ ကထိန်မခင်းလသော် မိုးဥတု၏ နောက်ဆုံးတလ၊

၂။ ကထိန်ခင်းလသော် (၅) လ။

**အာပတ်သင့်ပုံ**

၁။ ကထိန်မခင်းလသော် မိုးဥတု၏ နောက်ဆုံးရက်ကို လွန်လျှင် ပါစိတ်သင့်သည်။

၂။ ကထိန်ခင်းလသော် ကထိန်နှုတ်ရာနေ့ကို လွန်လျှင် ပါစိတ်သင့်သည်။

ကထိနုဒ္ဓါရသိက္ခာပုဒ်

ဥပါသကေန=သည်။ သံဃံ=ကို။ ဥဒ္ဒိဿ=ရည်၍။ ဝိဟာရော=ကို။ ကာရာပီ တော=ပြုစေအပ်သည်။ ဟောတိ=၏။ [illegible] ၏။ မဟေ=သံဃာတော်အား ပူဇော်သောအခါ၌။ [illegible] =အား။ အကာလစီဝရံ=ကို။ ဒါတုကာမော=လှူလိုသည်။ ဟောတိ=၏။ [illegible] ခေါ်ပုန် သမယေန=၌။ ဥဘတောသံဃဿ=သည်။ ကထိနံ=ကို။ အတ္ထတံ=ခင်းအပ်သည်။ ဟောတိ=၏။ အထခေါ်=၌။ သောဥပါသကော [illegible] ကထိနုဒ္ဓါရံ=ကထိန်နုတ်ခြင်းကို။ ယာစိ=တောင်းပန်၏။

**ကထိန်နုတ်မှုခွင့်ပြုခြင်း၏အကြောင်းဝတ္ထု**

ဘုရားရှင်သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သံဃာကို ရည်စူး၍ ကျောင်းဆောက် [illegible] တစ်ယောက်သည် ထိုကျောင်း ရေစက်ချပွဲ၌ ဥဘတောသံဃာအား အကာလသင်္ကန်းလှူဒါန်းလိုရာ ဥဘတောသံဃာမှာ ကထိန်ခင်းပြီးဖြစ်၍ လှူဒါန်းခွင့်မရဘဲ [illegible] လျှောက်ထားသဖြင့် ကထိန်နုတ်ရန်ခွင့်ပြုတော်မူသည်။

**ကထိန်နုတ်ပုံ**

ဗျတ္တပဋိဗလရဟန်းက-

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ကထိနံ ဥဒ္ဓရေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ သံဃော ကထိနံ ဥဒ္ဓရတိ၊ ယဿာယသ္မတော ခမတိ ကထိနဿ ဥဒ္ဓါရော၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ဥဗ္ဘတံ သံဃေန ကထိနံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ ဟု သိစေရမည်။ (ဝိ၊ ၂၊ ၃၇၇)

မှတ်ချက်။ ။ နှစ်ပါးလုံးရှေ့နောက်ဖြစ်စေ၊ ပြိုင်တူဖြစ်စေ၊ အိပ်မှ [illegible]

အိပ်၍ တစ်ပါးက ထိုင်လျှင်ဖြစ်စေ, နှစ်ပါးလုံး ထိုင်လျှင်ဖြစ်စေ အာပတ် မသင့်။

ဒွေ ကေဋ္ဌရဏာပါဝုရဏာ တာဝဋ္ဋေယျုံ နှီ= ကား။ တသ္မော= ထိုအဝတ်ကိုသာလျှင်။ အတ္ထရိတွာ= ခင်း၍။ [illegible] ထိုအဝတ်ကိုသာလျှင်။ ပါရုပန္တု= [illegible]

အာပတ်မသင့်အောင် အိပ်နည်း

[illegible] အပိုင်းအခြားကိုပြု၍ အိပ်ခြင်း။

## ဘဒ္ဒါကာပိလာနီ၏ ဂုဏ်ရည်များ

ဘဒ္ဒါကာပိလာနီ= သည်လည်း [illegible] နိကာယ်ကိုဆောင်သည်။ [illegible] ပဉ္ဉာ= ထက်မြက်စွမ်းနိုင်သော အဖြစ်ဖြင့်ဖြစ်သည်။ ဥဇ္ဇာရသမ္မာဝိတာ= မြတ်၏ဟု ချီးမွမ်းအပ်သည်။ ဟောတိ= ၏။

မှတ်ချက်။ ။ ဘဒ္ဒါကာပိလာနီသည် [illegible] ဥဇ္ဇာရသမ္မာဝိတာဂုဏ်ပုဒ်ရှိသည်။

## ထုလ္လနန္ဒာ ဘိက္ခုနီ ဣဿာပကတာ

ထုလ္လနန္ဒာ=သော။ ဘိက္ခုနီ=သည်။ ဣဿာပကတာ=ငြူစူခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍။ ယာက္ကမာ=အကြင်ဘိက္ခုနီမတို့သည်။ ပညတ္တိဗဟုလာ=သိစေခြင်းများကုန်သည်ဖြစ်၍။ ဝိညတ္တိဗဟုလာ=တောင်းခြင်းများကုန်သည်ဖြစ်၍။ ဝိဟရန္တိ=ကုန်၏။ ဣမာ=ဤဘိက္ခုနီမတို့သည်။ အပ္ပိစ္ဆာကိရ=အလိုနည်းကုန်သတဲ့။ သန္တုဋ္ဌာကိရ=ရောင့်ရဲကုန်သတဲ့။ ပဝိဝိတ္တာကိရ=ဆိတ်ငြိမ်ကုန်သတဲ့။ အသံသဋ္ဌာကိရ=မရောနှောကုန်သတဲ့။ ဣတိ=ဤသို့။ ဘဒ္ဒါယကာပိလာနိယာ=၏။ ပုရတော=ရှေ့မှ။ စင်္ကမတိပိ=စင်္ကြံလည်းသွား၏။ တိဋ္ဌတိပိ=၏။ နိသီဒတိပိ=၏။ သေယျံပိ=ကိုလည်း။ ကပ္ပေတိ=၏။ ဥဒ္ဒိသတိပိ=ပါဠိလည်းသင်၏။ ဥဒ္ဒိသာပေတိပိ=သူ့ကိုလည်း သင်စေ၏။ သဇ္ဈာယံပိ=သရဇ္ဈာယ်ခြင်းကိုလည်း။ ကရောတိ=၏။

## သဉ္စိစ္စာတိ

သဉ္စိစ္စာတိ=ကား။ ဇာနန္တီ=သိသည်ဖြစ်၍။ သဉ္ဇာနန္တီ=ကောင်းစွာသိသည်ဖြစ်၍။ စေစ္စ=စေ့ဆော်၍။ အဘိဝိတရိတွာ=လွှမ်းမိုး၍။ ဝီတိက္ကမော=လွန်ကျူးခြင်းတည်း။

## အာပတ်အင်္ဂါမြောက်အောင် အဖါသုကရဏပြုနည်း

"ဒီလိုလုပ်သဖြင့် ဒီ ဘိက္ခုနီမအတွက် မချမ်းသာမှုဖြစ်လိမ့်မည်" ဟုကြံ၍ မပန်ပြောဘဲရှေ့မှစင်္ကြံလည်း သွား၏၊ ရပ်လည်း ရပ်၏၊ ထိုင်လည်း ထိုင်၏၊ အိပ်လည်း အိပ်၏၊ ပါဠိတော်ကိုလည်း ပို့ချ၏၊ ပို့ချလည်း ခိုင်း၏၊ သရဇ္ဈာယ်လည်း သရဇ္ဈာယ်၏။

### နဥပဋ္ဌာပနသိက္ခာပုဒ်

## ဒုက္ခိတာစသည်

ဒုက္ခိတာဟူသည် မကျန်းမာသောမိန်းမ။
သဟဇီဝိနီဟူသည် အတူနေတပည့်မ။

## အာပတ်သင့်ချိန်

"ကိုယ်တိုင်လည်း မလုပ်ကျွေး၊ လုပ်ကျွေးရန်လည်းမကြိုးစားတော့အံ့" ဟု ဝန်ချပြီးချိန်။

**အဆုံးအဖြတ်**

အနွေ့ဂါသိတာပည့်ကိုဖြစ်စေ, သာမဏေမကိုဖြစ်စေ မလုပ်ကျွေးလျှင် ဒုက္ကဋ်။

**သဒ္ဓိဝိဟာရိနီနှင့် အန္တေဝါသိနီတပည့်နှစ်ပါးတို့အပေါ် ရင်းနှီးမှု**

နဉပဋ္ဌာပနသိက္ခာပုဒ်ဖြင့် သဒ္ဓိဝိဟာရိနီတပည့်မကို မပြုစုလျှင် ပါစိတ်သင့်၍ ဂုဏ်သိက္ခာပုဒ် ပဒဘာဇနီဖြင့် အန္တေသိနီတပည့်မကို မပြုစုလျှင် ဒုက္ကဋ်သာသင့်ကြောင်း ပြသောကြောင့် သဒ္ဓိဝိဟာရိနီတပည့်မ အပေါ် ပို၍ရင်းနှီးသည်။

## နိက္ကဍ္ဎနသိက္ခာပုဒ်

**ဥပသယော**

တံခါးရှက်ပါသောကျောင်း။

## သံသဋ္ဌသိက္ခာပုဒ်

**( ယာဝတတိယကပါစိတ် )**

**သံသဋ္ဌာ နာမ**

သံသဋ္ဌာ နာမ=ကား။ အနနုလောမိကေန=မလျော်ကပ်သော။ ကာယိကဝါစသိကေန=ကိုယ်၌ဖြစ်သော နှီးနှောခြင်း, နှုတ်၌ဖြစ်သော နှီးနှောခြင်းဖြင့်။ သံသဋ္ဌာ= နှီးနှောသည်ဖြစ်၍။

**လူတို့နှင့်ရောသောဘိက္ခုနီကိုတွေ့လျှင် လုပ်ရမည့် အစီအစဉ်**

၁။ မြင်ကြ, ကြားကြသောရဟန်းမတို့က "အရှင်မ. . . သူကြွယ်နှင့်ဖြစ်စေ, သူကြွယ်သားနှင့်ဖြစ်စေ ရောနှောမနေပါနှင့်၊ အရှင်မ. . လူတို့မှ ကင်းဆိတ်ပါ၊ ညီမ၏ ကင်းဆိတ်ခြင်းကိုသာ သံဃာက ချီးမွမ်းပါတယ်" ဟု (၃) ကြိမ်တိုင်တိုင် ပြောရခြင်း။

၂။ မစွန့်လျှင် ထိုဘိက္ခုနီကို သံဃာ့အလယ်သို့လည်း ဆွဲခေါ်၍ ရှေ့နည်းတူ (၃)ကြိမ်တိုင်တိုင် ပြောကြားရခြင်း။

၃၂။ မစွန့်သေးလျှင် ဗျတ္တာ, ပဋိဗလာဘိက္ခုနီမက ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် သမနု-
ဘာသနကံပြုရခြင်း။
(ပြောကြားလျှက် မစွန့်သောဘိက္ခုနီနှင့် သတင်းကြားပါလျက် မပြောကြသော
ဘိက္ခုနီမတို့အား ဒုက္ကဋ်[illegible]
အာပတ်သင့်ပုံ
ဉတ်ကြောင့် ဒုက္ကဋ် ကမ္မဝါစာနှစ်ကြိမ်တို့ကြောင့် ထုလ္လစ္စည်း အာပတ်များသင့်၍
ကမ္မဝါစာအဆုံး၌ပါစိတ်။

## အန္တောရဋ္ဌသိက္ခာပုဒ်

**ဘိက္ခုနီယော အန္တောရဋ္ဌေ**

ဘိက္ခုနီယော=တို့သည်။ သာသင်္ကသမ္မတေ=ရွံရှာဘွယ်ရှိ၏ဟု သမုတ်အပ်
သော။ သပ္ပဋိဘယေ=ဘေးကျမ်း[illegible]သော။ အန္တောရဋ္ဌေ=မိမိတိုင်းအတွင်း၌။
အသတ္ထိကာ=ကုန်သည်အဖော်မပါဘဲ။ စာရိကံ=လှည့်ပတ်သွားလာခြင်းကို။ စရန္တိ=
ကုန်၏။ ဝုတ္တိကာ=ဣတ္တိဝုတ္တ သုရာဝုတ္တ အက္ခဝုတ္တ တို့သည်။ ဒုဿန္တိ=ဖျက်ဆီးကုန်၏။

[illegible]=[illegible]=၏။
တဿ=ထိုမင်း၏။ ရဋ္ဌေ=တိုင်းနိုင်ငံ၌။

အာပတ်မသင့်သော[illegible]
[illegible]ကုန်သည်နှင့်တကွ။ ဂစ္ဆတိ=၏။ ခေမေ=ဘေးမရှိသော။ အပ္ပ-
ဋိဘယေ=ကြောက်မက်ဘွယ်မရှိသောတိုင်းအတွင်း၌။ ဂစ္ဆတိ=၏။ အာပဒါသု=
[illegible]ဂစ္ဆတိ=၏။ အနာပတ္တိ=သည်။

## တိရောရဋ္ဌသိက္ခာပုဒ်

**တိရောရဋ္ဌေ** [illegible]

မိမိနေထိုင်ရာ မင်းတိုင်းပြည်မှတပါး[illegible]

## အန္တောဝဿသိက္ခာပုဒ်

### ဘိက္ခုနိယော အန္တောဝဿံ

ဘိက္ခုနိယော=တို့သည်။ အန္တောဝဿံ=ဝါတွင်း၌။ စာရိကံ=ကို။ စရန္တိ=ကုန်၏။ မနုဿာ=တို့သည်။ ပ။ ဟရိတာနိ=စိမ်းစိုကုန်သော။ တိဏာနိ=ဝတို့ကို။ မဒ္ဒန္တာ=နင်းနယ်ကုန်သည်ဖြစ်၍။ ဧကိန္ဒြိယံ=တခုသော ကာယိန္ဒြေရှိသော။ ဇီဝံ=သတ္တဝါကို။ ဝိဟေဌေန္တာ=ညှင်းဆဲကုန်သည် ဖြစ်၍။ ဗဟူ=ကုန်သော ။ ခုဒ္ဒကေ=ငယ်ကုန်သော။ ပါဏေ=သတ္တဝါ တို့ကို။ သံဃာတံ=ဖျက်ဆီးခြင်းသို့။ အာပါဒေန္တာ=ရောက်စေကုန်သည် ဖြစ်၍။ စရိဿန္တိနာမ=သွားကုန်ဘိသနည်း။ ဣတိ=ဤသို့။ ဥဇ္ဈာယန္တိ=ကုန်၏။

### အန္တောဝဿံ

အန္တောဝဿန္တိ=ကား။ ပုရိမံ ဝါ တေမာသံ=ပုရိမဝါသုံးလပတ်လုံးရင်း။ ပစ္ဆိမံ ဝါ တေမာသံ=ပစ္ဆိမဝါသုံးလပတ်လုံးရင်း။ အဝသိတွာ= ပနေမူ၍။

### ဝါတွင်းခရီးသွားသော်လည်း အာပတ်မသင့်

သတ္တာဟကရဏီယေန=ခုနှစ်ရက်အတွင်း၌ ပြုဘွယ်ကိစ္စကြောင့်။ ဂစ္ဆတိ=၏။ ဧကနစိ=တစုံတယောက်သောသူသည်။ ဥပဒ္ဒုတ္ထာ=နှိပ်စက်အပ် သည်ဖြစ်၍။ ဂစ္ဆတိ=၏။ အာပဒါသု=တို့ကြောင့်။ ဂစ္ဆတိ=၏။ အနာပတ္တိ=သင့်။

## စာရိက နပက္ကမနသိက္ခာပုဒ်

### ဘိက္ခုနိယော တတ္ထေဝ ရာဇဂဟေ

ဘိက္ခုနိယော=တို့သည်။ တတ္ထေဝ ရာဇဂဟေ=ထိုရာဇဂြိုဟ်ပြည်၌သာလျှင်။ ဝဿံ=မိုးယ်းလပတ်လုံး။ ဝသန္တိ=နေကုန်၏။ တတ္ထေဝ=ထိုရာဇဂြိုဟ်ပြည်၌သာလျှင်။ ဟေမန္တံ=ဆောင်းလပတ်လုံး။ တတ္ထေဝ=ထိုရာဇဂြိုဟ်ပြည်၌သာလျှင်။ ဂိမှံ=နွေလပတ်လုံး။ ဝသန္တိ=ကုန်၏။ မနုဿာ=တို့သည်။ ပ။ ဘိက္ခုနီနံ=တို့အား။ ဒိသာ=အရပ်မျက်နှာတို့သည်။ အာဟုန္ဒရိကာ= ကျဉ်းမြောင်းလေကုန်သလော။ အန္ဓကာရာ=အမိုက်တိုက်တို့တုံလော။ ဣမာသံ=ဤဘိက္ခုနီမတို့အား။ ဒိသာ=တို့သည်။ နပညာယန္တိ=မထင်ကုန်။ ဣတိ=ဤသို့။ ဥဇ္ဈယန္တိ=ကုန်၏။

**ဝဿံဝုဋ္ဌာ**

ပုရိမဝါ ၃-လပတ်လုံးဖြစ်စေ, ပစ္ဆိမဝါ ၃-လပတ်လုံးဖြစ်စေ နေပြီးသော ရဟန်းမ၊

**အာပတ်သင့်ချိန်**

အောက်ထစ်ဆုံးအားဖြင့် (၆) ယူဇနာ, (၅) ယူဇနာတို့သို့လည်း ခရီးမသွားတော့ဘူး" ဟု ဝန်ချပြီးချိန်။

**စိတ္တာဂါရဝဂ်**

**ရာဇာဂါရသိက္ခာပုဒ်**

**ရညော ပသေနဒိဿ**

ပသေနဒိဿ=အမည်ရှိသော။ ကောသလဿ=သော။ ရညော=၏။ ဥယျာနေ=၌။ စိတ္တာဂါရေ=ဆန်းကြယ်သောအိမ်၌။ ပဋိဘာနစိတ္တံ= ဉာဏ်အထင်ဖြင့် စီရင်အပ်သော ဆန်းကြယ်သော အရုပ်သည်။ ကတံ=အပ်သည်။ ဟောတိ=၏။

**ရာဇာဂါရံ-စသည်**

ရာဇာဂါရံ = မင်းပျော်ပါးကစားရန် ဆောက်လုပ်ထားသော အိမ်တော်။

စိတ္တာဂါရံ = လူတို့ပျော်ပါးကစားရန် ဆောက်လုပ်ထားသော ဆန်းကြယ်သောအိမ်။

အာရာမော = လူတို့ (ပ) သော အာရာမ်။

ဥယျာနံ = လူတို့ (ပ) သော ဥယျာဉ်။

ပေါက္ခရဏီ = လူတို့ (ပ) သော ရေကန်။

**အဆုံးအဖြတ်**

ကြည့်ရန်သွားလုင်ဒုက္ကဋ်၊ မြင်လောက်ရာအရပ်၌ ရပ်တည်၍ ကြည့်လျှင် ပါစိတ်၊ ဒဿနူစာကိုစွန့်၍ ထပ်ကာ ထပ်ကာ ကြည့်လျှင် ပါစိတ်။

(ရာဇာဂါရ စသည်တို့တွင် တစ်ခုခုကိုကြည့်လည်း အတူတူပင်)

## အာသန္ဒိပရိဘုဉ္ဇနသိက္ခာပုဒ်

**ဘိက္ခုနိယော အာသန္ဒိမ္ပိ**

ဘိက္ခုနိယော=တို့သည်။ အာသန္ဒိံပိ-အခြေရှိသော လေးထောင့်အင်းပျဉ်ကို၎င်း။ ပလ္လင်္ကံပိ=အခြေ၌ သားရဲရုပ်ရှိသော ပလ္လင်ကိုဇင်း။ ပရိဘုဉ္ဇန္တိ=ကုန်၏။

**အာသန္ဒိနှင့် ပလ္လင်္ကအထူး**

အာသန္ဒိဟူသည် ပမာဏထက်လွန်သောနေရာဖြစ်သည်။ ပလ္လင်္ကဟူသည် ရွှေ၍မရကြသော သားရဲရုပ်တို့ဖြင့် ပြုအပ်သောနေရာဖြစ်သည်။ ဤသို့ ထူးပါသည်။

**ပရိဘုဉ္ဇေယျ-၌ သုံးစွဲဟူသည်**

ဖိ၍ထိုင်ခြင်း, ဖိ၍ အိပ်ခြင်းဖြစ်သည်။

**အာပတ်မသင့်အောင် သုံးစွဲနည်း**

အာသန္ဒိအခြေတို့ကိုဖြတ်၍ သုံးစွဲရမည်။ ပလ္လင်္ကး၏ သားရဲရုပ်တို့ကိုဖျက်၍ သုံးစွဲရမည်။

## သုတ္တကန္တနသိက္ခာပုဒ်

**ချည် (၆) မျိုး**

သုတ္တံနာမ=ကား။ သုတ္တာနိ-ချည်တို့သည်။ ခေါမံ=နာနတ်ချည်။ ကပ္ပါသိကံ=ဝါချည်။ ကောသေယျံ=ပိုးချည်။ ကမ္ဗလံ=သားမွေးချည်။ သာဏံ=ပိုက်ဆံလျှော်ချည်။ ဘင်္ဂံ=ဘင်ချည်။ ဣတိ=ဤသို့။ (ထည့်)။ ဆ=ခြောက်ပါးတို့တည်း။

**အာပတ်သင့်ပုံ**

ကန္တေယျာတိ=ကား။ သယံ=ကိုယ်တိုင်။ ကန္တတိ=ဝင့်၏။ ပယောဂေ=ကြောင့်။ ဒုက္ကဋံ=သင့်၏။ ဥဋ္ဌဝုဋ္ဌေ=ဝင်ရိုးတွင် ချည်မျှင်ရစ်တိုင်း။ အာပတ္တိ ပါစိတ္တိယဿ။

**အာပတ်မသင့်အောင် ချည်ငင်နည်း**

ငင်ပြီးသောချည်ကို ငင်ခြင်း။

## ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်

**ဂိဟိဝေယျာဝစ္စဟူသည်**

ဂိဟိဝေယျာဝစ္စံနာမ=ကား။ အဂါရိကဿ=လူ၏၊ ယာဂုံ ဝါ=ကိုရင်း။ ဘတ္တံဝါ=ကိုရင်း။ ခါဒနီယံ ဝါ=ကိုရင်း။ ပစတိ=ကျိုချက်ကြော်၏။ သာဋကံ ဝါ=ပုဆိုးကိုရင်း။ ဝေဌနံ ဝါ=ဦးရစ်ကိုရင်း။ ဓောဝတိ=ဖွတ်လျှော်၏။ ပ။

**ဂိဟိဝေယျာဝစ္စံ ဂိဟိ-အရ မပါဝင်သူ**

အနာပတ္တိ (ပ) အတ္တနော ဝေယျာဝစ္စကရဿ (ပ) ဓောဝတိ-ကို ထောက်၍ မိမိ၏ ဝေယျာဝစ္စကိုလုပ်ပေးသော လူပုဂ္ဂိုလ်။

(ယင်းပုဂ္ဂိုလ်၏ ဝေယျာဝစ္စကို လုပ်ပေးလျှင် အနာပတ်)

## အဓိကရဏသိက္ခာပုဒ်

**အဓိကရဏံ အရ**

ဝိဝါဒါဓိကရုဏ်းစသော အဓိကရုဏ်း (၄) ပါးတို့တွင် တစ်ပါးပါးကိုယူပါ။

**အဓိကရဏံ ဝူပသမေဟိ-၌ ဝူပသမဟူသည်**

ဆုံးဖြတ်မှုကို ဆိုလိုသည်။

## ဘောဇနဒါန သိက္ခာပုဒ်

မှတ်ချက်။ ။ အဂါရိက, ပရိဗ္ဗာဇက, ပရိဗ္ဗာဇိကာတို့အရ သမဏာစီဝရ သိက္ခာပုဒ်နှင့်တူပြီး။

ဒ၊ ဒယျ-၌ ကရိုဏ်းထည့်

ဒဒေယျာတိ ကာယေန ဝါ ကာယပ္ပဋိဗဒ္ဓေန ဝါ နိဿဂ္ဂိယေန ဝါ ဒေတိ။

**အဆုံးအဖြတ်**

၁။ ခဲဘွယ်ဘောဇဉ်ကို ပေးလျှင် ပါစိတ်။

၂။ ရေဒန်ပူကိုပေးလျှင် ဒုက္ကဋ်။

## အာဝသထစီဝရသိက္ခာပုဒ်

**အာဝသထစီဝရဟူသည်**

"ဥတုလာသောရဟန်းမတို့ သုံးဆောင်ကြပါစေ" ဟု လှော်ကြကာ လှူအပ်သော သင်္ကန်း။

**အနိဿဋ္ဌိတွာ ပရိဘုဉ္ဇေယျ**

၂-ညဉ့် ၃ညဉ့်တို့ပတ်လုံး သုံးစွဲ၍ လေးရက်မြောက်နေ့၌ ဖွတ်ကာ ရဟန်းမအားဖြစ်စေ, သိက္ခမာန်အားဖြစ်စေ, သာမဏေမအားဖြစ်စေ မစွန့်ဘဲ သုံးစွဲလျှင် ပါစိတ်သင့်သည်။

**အာဝသထစီဝရ ဝင်ခွင့်ရှိသူများ**

ဘိက္ခုနိယာ ဝါ သိက္ခမာနာယ ဝါ သာမဏေရိယာ ဝါ အနိဿဇ္ဇိတွာကို ထောက်၍ ဘိက္ခုနီ, သိက္ခမာန်, သာမဏေမတို့ဖြစ်သည်။ (ဝိ၊ ၂၊ ၃၉၃)

**နောက်ထပ်အလှည့်ကျ၍ မစွန့်မှု**

အနာပတ္တိ (ပ) ပုန ပရိယာယေန ပရိဘုဥ္ဇတိကို ထောက်၍ အာပတ်မသင့်။

**အခြားဥတုလာသော ရဟန်းမတို့ မရှိသေး၍ မစွန့်မှု**

အနာပတ္တိ (ပ) အညာ ဥတုနိယော ဘိက္ခုနိယော န ဟောန္တိ-ကို ထောက်၍ အာပတ်မသင့်ပါ။

## အာဝသထပိဏ္ဍဟာရသိက္ခာပုဒ်

### ဟန္ဒာဝယျေ ဘဏ္ဍာကံ

အယျေ=တို့။ ဟန္ဒ=ယခု။ ဘဏ္ဍာကံ=ဥစ္စာကို။ နိဟရာမ=ထုတ်ကုန်အံ့။ ဣတိ=ဤသို့။ အာဟံသု=ကုန်၏။ ဧကစ္စာ=အချို့သော ဘိက္ခုနီမတို့သည်။ ဇဝံ=ဤသို့။ အာဟံသု=ကုန်၏။ အယျေ=တို့။ မယံ=တို့သည်။ နနီဟရိဿာမ=မထုတ်ကုန်အံ့။ ယံကိဉ္စိ=အမှတ်မရှိသော ဘဏ္ဍာသည်။ နဋ္ဌံ=ပျောက်သည်ရှိသော်။ သဗ္ဗံ=အလုံးစုံသော ဘဏ္ဍာကို။ အမှေ=တို့ကို။ အဘိယုဉ္ဇိဿတိ=စိစစ်လတ့ံ။ ဣတိ=သို့။ အာဟံသု=ကုန်၏။

### အာဝသထော-အရ

တံခါးရွက်ပါသော ကျောင်းကိုယူပါ။

### အနိဿဇ္ဇိတွာ-၌ စွန့်ရမည့်သူများ

(၁) ဘိက္ခုနီမ၊ (၂) သိက္ခမာန်၊ (၃) သာမဏေမ၊

### အာပတ်သင့်ချိန်

ကာရံအပ်သော ကျောင်း၏ အကာအရံကို လွန်ချိန်။

မကာရံအပ်သော ယောကျ်ား၏ ဥပစာကို လွန်ချိန်။

(တံခါးရွက်မပါသော ကျောင်းကို မစွန့်ဘဲ သွားလျှင်တော့ ဒုက္ကဋ်)

## တိရစ္ဆာနဝိဇ္ဇာ ပရိယာပုဏနသိက္ခာပုဒ်

### တိရစ္ဆာနဝိဇ္ဇံ ပရိယာပုဏန္တိ

တိရစ္ဆာနဝိဇ္ဇံ=မဂ်ဖိုလ်နိဗ္ဗာန်မှ ဖီလာဖြစ်သော အတတ်ကို။ ပရိယာပုဏန္တိ=သင်ကုန်၏။ ပ။ ။ ကာမဘောဂိနိယော=ကုန်သော။ ဂိဟိနိယော=လူမိန်းမတို့သည်၊ ပရိယာပုဏန္တိသေယျထာပိ=သင်ကုန်သကဲ့သို့။

**တိရစ္ဆာနဝိဇ္ဇာဟူသည်**

တိရစ္ဆာနဝိဇ္ဇံနာမ=ကား၊ ယံကိဉ္စိ=အမှတ်မရှိသော။ ဗာဟိရကံ= သာသနာတော်မှ အပဖြစ်သော။ အနတ္ထသံဟိတံ=အကျိုးစီးပွားနှင့်မစပ်သော အတတ်တည်း။

**အာပတ်သင့်ပုံ**

ပုဒ်ဖြင့် သင်ယူလျှင် ပုဒ်တိုင်း၂ အာပတ်သင့်၍ အက္ခရာဖြင့် သင်ယူလျှင် အက္ခရာတိုင်း၂ အာပတ်သင့်သည်။

**အနာပတ္တိ လေခံ**

လေခံ=အရေးကို။ ပရိယာပုဏာတိ=၏။ ဓာရဏံ=ဆောင်ခြင်းကို။ ပရိယာပုဏာတိ=၏။ ဂုတ္တတ္ထာယ=လုံခြုံစေခြင်းငှာ။ ပရိတ္တံ=အရံအတားကို။ ပရိယာပုဏာတိ=၏။ အနာပတ္တိ=သင့်။

**အာရာမဝဂ်**

**အာရာမပဝိသနသိက္ခာပုဒ်**

**သမ္ဗဟုလာ ဘိက္ခူ**

သမ္ဗဟုလာ=ကုန်သော။ ဘိက္ခူ=တို့သည်။ ဂါမကာဝါသေ= ရွာကျောင်း၌။ စေတိဝရာ=ထတည်သော သက်န်းရှိကုန်သည်ဖြစ်၍။ စီဝရကမ္မံ=သင်္ကန်းချုပ်ခြင်းအမှုကို။ ကရောန္တိ=ကုန်၏။ ဘိက္ခုနိယော= တို့သည်။ အနာပုစ္ဆာ=မပန်ကုန်မူ၍၊ အာရာမံ=သို့။ ပဝိသိတွာ=၍။ ယေန=၌။ ပ။ ဥပသင်္ကမိံသု=ကုန်၏။

**သဘိက္ခုကော အာရာမော**

သစ်ပင်ရင်း၌လည်း ရဟန်းတို့နေကြရာအရပ်။

**အနာပုစ္ဆာ၌ ပြန်ပြောရမည့်သူများ**

(၁) ရဟန်း၊ (၂) သာမဏေ၊ (၃) အာရာမ်စောင့်။

အာပတ်သင့်ပုံ

ကာရံအပ်သော အာရာမ်၏ အကာအရံကို လွန်လျှင်ဖြစ်စေ၊ မကာရံအပ်သော အာရာမ်၏ဥပစာသို့ သက်ရောက်လျှင်ဖြစ်စေ ပါစိတ်သင့်သည်။

## ဘိက္ခုအနောဒသကသိက္ခာပုဒ်

### အာယသ္မတော ဥပါလိဿ

အာယသ္မတော ဥပါလိဿ=၏။ ဥပဇ္ဈာယော=ဥပဇ္ဈာယ်ဖြစ်သော။ အာယသ္မာ ကပ္ပိတကော=အရှင်ကပ္ပိတကသည်။ သုသာနေ=သင်္ချိုင်း၌။ ဝိဟရတိ=၏။ တေနခေါ ပနသမယေန=၌။ ဆဗ္ဗဂ္ဂိယာနံ=ကုန်သော။ ဘိက္ခုနီနံ=တို့၏။ မဟတရာ=ကြီးသော။ ဘိက္ခုနီ=သည်။ ကာလင်္ကတာ=သေသည်။ ဟောတိ=၏။ ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဘိက္ခုနိယော=တို့ သည်။ တံဘိက္ခုနိံ=ကို။ နီဟရိတွာ=ထုတ်၍။ အာယသ္မတော=သော။ ကပ္ပိတကဿ=၏။ ဝိဟာရဿ=၏။ အဝိဒူရေ=အနီး၌။ ဈာပေတွာ=မီးတိုက်၍။ ထူပံ ကတွာ=စေတီပြု၍။ တသ္မိံထူပေ=ထိုစေတီ၌။ ရောဒန္တိ=ကုန်၏။

### အထခေါ အာယသ္မာ ကပ္ပိတကော

အထခေါ=၌။ အာယသ္မာ ကပ္ပိတကော=သည်။ တေနသဒ္ဒေန=ထိုအသံဖြင့်။ ဥဗ္ဗာဠ္ဟော=နှိပ်စက်အပ်သည်ဖြစ်၍။ တံထူပံ=ကို။ ဘိန္ဒိတွာ=ဖျက်၍။ ပကိရေသိ=ဖရိုဖရဲ ကြဲ၏။ ဆဗ္ဗဂ္ဂိယာ=ကုန်သော။ ဘိက္ခုနိယော=တို့သည်။ ဣမိနာ ကပ္ပိတကေန=သည်။ အမှာကံ=တို့၏။ အယျာယ=၏။ ထူပေါ=ကို။ ဘိန္နော=ဖျက်အပ်၏။ ဟန္ဒ=ယခု။ နံ= ထိုကပ္ပိတကကို။ ဃာတေမ=သတ်ကုန်အံ့။ ဣတိ=ဤသို့။ မန္တေသုံ=တိုင်ပင်ကုန်၏။

### အထခေါ (ပ) ပါသာဏေဟိစ

အထခေါ=၌။ ပ။ ပါသာဏေဟိစ=ကျောက်ခဲတို့ဖြင့်၎င်း။ လေဍ္ဍုဟိစ=ကြွင်း သောခဲတို့ဖြင့်၎င်း။ ဩတ္ထရာပေတွာ=ဖိစေ၍။ ကပ္ပိတကော=သည်။ မတော=သေပြီ၊ ဣတိ=ဤသို့။ ပက္ကမိံသု=ကုန်၏။

**တာ အာယသ္မန္တံ ဥပါလိ**

တာ=ထိုဆဗ္ဗဂ္ဂိမတို့သည်။ အာယသ္မန္တံ ဥပါလိံ=ကို။ အက္ကောသိံသု=ကုန်၏။ ကထံ ဟိ=ကြောင့်လျှင်။ ကာသာဝဇ္ဈော=ဆေတ္တာသည်တို့၏ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်သော။ မလမဇ္ဇနော=သူခပ်သိမ်းတို့၏ အညစ်အကြေးကို သုတ်သင်သော။ နိဟီန ဇစ္စော=ယုတ်သောဇာတ်ရှိသော။ အယံ=ဤဥပါလိသည်၊ အမှာကံ=တို့၏။ မန္တံ=ကို။ သံဟရိဿတိနာမ=ပယ်ပြောင်းရွှေ့ဖျက်ဘိသနည်း။ ဣတိ=ဤသို့။ အက္ကောသိံသု= ကုန်၏။

**အက္ကောသေဃျ**

အက္ကောသဝတ္ထု (၁၀) ပါးတို့ဖြင့်ဖြစ်စေ, ယင်း (၁၀) ပါးတို့တွင် တစ်ပါးပါးဖြင့် ဖြစ်စေ ဆဲရေးလျှင် ပါစိတ်။

**ပရိဘာသေဃျ-၌ ခြိမ်းခြောက်ဟူသည်**

ဘေးကို ပြခြင်းဖြစ်သည်။

### ဂဏာပရိဘာသနသိက္ခာပုဒ်

**စဏ္ဍိကတာဟူသည်**

အချက်ထွက်ခြင်းတည်း။

**ဂဏော- အရ**

ဘိက္ခုနီသံဃာကို ယူပါ။

### ပဝါရိတ သိက္ခာပုဒ်

**နိမန္တိတာ**

ဘောဇဉ် (၅) ပါးတို့တွင် တစ်ပါးပါးဖြင့် ဖိတ်မံခံရခြင်း။

**ပဝါရိတာ-၌ ပရိတ်အင်္ဂါ**

(ဆောင်) စားဆဲ ဘောဇဉ်၊ ဟတ်တွင်းဝင်၊ ဆောင်စဉ် ကိုယ်နှုတ်မြစ်။

## ကုလမစ္ဆရိနီသိက္ခာပုဒ်

### အထခေါ သာ ဘိက္ခုနီ

အထခေါ=၌။ သာဘိက္ခုနီ=သည်။ ကထံဟိ=သို့လျှင်။ ဘိက္ခုနိယော=တို့သည်။ နာဂစ္ဆေယျုံနာမ=မလာကုန်ဘိသနည်း။ ဣတိ=ဤသို့။ ဘိက္ခုနိယော=တို့ကို။ ဥပသက်မိတ္တာ=၍။ ဇတ်ေသစနံ=ကို။ အဝေါစ=၏။ အယျေ=တို့။ အမုကသ္မိ=သော။ သြကာသေ=၌။ ဝါင္ဂာ=ကြမ်းကုန်သော။ သုနခါ=တို့သည်။ အတ္ထိ=ကုန်၏။ စဏ္ဍော=ခက်ထန်သော။ ဗလိဗဒ္ဒေါ=နွားလားသည်။ အတ္ထိ=၏။ စိက္ခလ္လော=ညွန်ရှိသော။ သြကာသော= အရပ်သည်။ အတ္ထိ=၏။ တတ္ထ=ထိုအရပ်သို့။ မာအဂမိတ္ထ=မသွားကြကုန်လင့်။ ဣတိ=ဤသို့။ အဝေါစ=၏။

### မစ္ဆရိနီ အသ

"ဘယ်လိုနည်းဖြင့် ရဟန်းမတို့ မလာကြမည်နည်း" ဟုကြံ၍ ရဟန်းမတို့ထံ၌ အမျိုး၏အပြစ်ကိုပြောသည်။ **(တနည်း)**အမျိုးထံ၌ ရဟန်းမတို့၏အပြစ်ကို ပြောသည်။

### အာပတ်မသင့်သော ပြောနည်း

အမျိုး၌ ဝန်တိုခြင်းမရှိဘဲ ထင်ရှားရှိသော အပြစ်ကို ပြောခြင်း။

## အဘိက္ခုကာဝါသသိက္ခာပုဒ်

### ဂါမကာဝါသေ

ဂါမကာဝါသေ=ရွာကျောင်း၌။ ဝဿံဝုတ္ထာ=ဝါမှထကုန်ပြီးသည်ရှိသော်။ သာဝတ္ထိံ=သို့။ အာဂမံသု=လာကုန်၏။ ဘိက္ခုနိယော=တို့သည်။ တာဘိက္ခုနိယော=တို့ကို။ အဝေါစုံ=ကုန်၏။ ကတ္ထ=အဘယ်အရပ်၌။ အယျာယော=တို့သည်။ ဝဿံဝုတ္ထာ=ဝါမှထကုန်သနည်း။ ကစ္စိ=နည်း။ သြဝါဒေါ=အဆုံးအမသည်။ ဣဒ္ဓေါ=ပြည့်စုံသည်။ အဟောသိ=လော။ ဣတိ=ဤသို့။ အဝေါစုံ=ကုန်၏။

**အဘိက္ခုကော အာဝါသော**

အဆုံးအမခံခြင်းငှာဖြစ်စေ, ဥပုသ်စသော သံဝါသအကျိုးငှာဖြစ်စေ မသွားနိုင်ရာကျောင်း။

**အာပတ်သင့်ပုံ**

(၁) "ဝါဆိုမည်" ဟုကြံ၍ အိပ်ရာနေရာကို ခင်းခြင်း, သောက်ရေ သုံးရေတည်ခြင်း, တံမြက်လှည်းခြင်းတို့ကြောင့် ဒုက္ကဋ်။

(၂) အာရုံတက်လျှင်တက်ခြင်း ပါစိတ်။

**အာပတ်မသင့်**

ဘိက္ခူ=တို့သည်။ ဝဿုပဂတာ=ဝါသို့ကပ်ပြီးသည်ရှိသော်။ ပက္ကန္တာ ဝါ=ဖဲကုန်သည်ရှင်း။ ဝိဗ္ဘန္တာ ဝါ=လူထွက်ကုန်သည်ရှင်း။ ကာလင်္ကတာ ဝါ=သေကုန်သည်ရှင်း။ ပက္ခသင်္ကန္တာ ဝါ=တိတ္ထိကျောင်းသို့ပြောင်းရွှေ့ကုန်သည်ရှင်း။ ဟောန္တိ=ကုန်၏။ အာပဒါသု=တို့ကြောင့်။အဘိက္ခုကေ=သော။ အာဝါသေ=၌။ ဝဿံ ဝသန္တဿ=ဝါဆို၏။ အနာပတ္တိ=သင့်။

## အပဝါရဏာသိက္ခာပုဒ်

**ဝဿံဝုဋ္ဌော**

ဝဿံဝုတ္ထာနာမ=ကား။ ပုရိမံ ဝါ တေမာသံ=ရှေးသုံးလပတ်လုံးရှင်း။ ပစ္ဆိမံ ဝါ တေမာသံ=နောက်သုံးလပတ်လုံးရှင်း။ ဝုတ္ထာ=ထပြီးသော။ ဘိက္ခုနီ=မသည်။

**အာပတ်သင့်ချိန်**

"ဥဘတောသံဃာ၌ ဒိဋ္ဌ, သုတ, မုတဟူသော (၃)ဌာနတို့ဖြင့် မဖိတ်မံတော့" ဟု ဝန်ချပြီးချိန်။

## ဩဝါဒသိက္ခာပုဒ်

**ယံမှိ မယံ အယျေ**

အယျေ=တို့။ မယံ=တို့သည်။ ဩဝါဒဿ=၏။ ကာရဏာ=ကြောင့်။ ယံပိဋ္ဌာနံ= အကြင်အရပ်သို့လည်း။ ဂစ္ဆေယျာမ=ကုန်ရာ၏။ ဣမေဝ=ဤအရပ်သို့သာလျှင်။ အယျာ ဆဗ္ဗဂ္ဂိယာ=တို့သည်။ အာဂန္တွာ=ကုန်၍။ အမှေ=တို့ကို။ ဩဝဒန္တိ=ကုန်၏။

**ဩဝါဒေါဝါဒသည်**

ဩဝါဒေါ-အရ ဂရုဓမ် (၈) ပါးကို ယူပါ။

သံဝါသော - အရ ဧကကမ္မ, ဧကုဒ္ဒေသ, သမသိက္ခတာ (၃) ပါးတို့ကို ယူပါ။

## ဩဝါဒူပသင်္ကမနသိက္ခာပုဒ်

**ဥပေါသထမှိ**

ဥပေါသထံပိ=ဥပုသ်နေ့ကိုလည်း။ နပုစ္ဆန္တိ=ကုန်။ ဩဝါဒံပိ=အဆုံးအမကိုလည်း။ နယာစန္တိ=မတောင်းကုန်။

**ဥပေါသထသရုပ်**

(၁) စာတုဒ္ဒသိက။ (၂) ပန္နရသိက။

**အာပတ်သင့်ချိန်**

"ဥပုသ်နေ့ကိုလည်း မမေး, အဆုံးအမကိုလည်း မတောင်းတော့အံ့" ဟု ဝန်ချပြီးချိန်။

## ပဿာခေ ဇာတသိက္ခာပုဒ်

**ပဿာခေ ဇာတံ**

ပသ ၁ခေ=ချက်အောက် ခက်မနှစ်ခုဖြာရာ အရပ်၌။ ဇာတံ=ပေါက် သော။ ဂဏ္ဍံ= အိုင်းအမာကို။ ပုရိသေန= နှင့်။ သဒ္ဓိံ=ကွ။ ဧကေနေကာ=တစ်ယောက်သည် တစ်ယောက် ချင်း။ ဘေဒါပေတိ=ဖေါက်စေ၏။ အထ ခေါ=၌။ သောပုရိသော=သည်။ တံဘိက္ခုနိံ=ကို။

ဒူသေတုံ=ငှါ။ ဥပက္ကမိ=လုံ့လပြု၍။ သား=ထိုဘိက္ခုနီမသည်။ ဝိသာရံ=ဖေါက်ပြန်သော အသံကို။ အကာသိ=၏။

**ပဿာခဟူသည်**

ချက်မှအောက်, ပုဆစ်ဒူးဝန်းမှအထက်၊

**ဂဏ္ဌောစသည်**

ဂဏ္ဌောဟူသည် အိုင်းအမာအားလုံး။

ရုမိတံဟူသည် အမာအားလုံး။

သံယောဟူသည် ဘိက္ခုနီသံဃာ။

ဂဏောဟူသည် ဘိက္ခုနီမများစွာ။

ပုရိသော-အရ ဘီလူးယောက်ျား, ပြိတ္တာယောက်ျား, တိရစ္ဆာန် ယောက်ျားတို့ကို မယူရ၊ တတ်သိနားလည်သော လူယောက်ျားကို ယူရမည်။

**ဂဗ္ဘိနီဝဂ်**

**ဂဗ္ဘိနီသိက္ခာပုဒ်**

**ဂဗ္ဘိနီဟူသည်**

ကိုယ်ဝန်ဆောင်မိန်းမကို ခေါ်သည်။

**အာပတ်သင့်ပုံ**

(၁) "ရဟန်းခံပေးမည်" ဟု ကြံ၍ ဂိုဏ်း, ဆရာမ, သက်န်း ရှာမှီးခြင်း၊ သိမ်ဖွဲ့ခြင်းကို့ကြောင့် ဒုက္ကဋ်။

(၂) ဉတ်ကြောင့် ဒုက္ကဋ်၊ ကမ္မဝါစာ နှစ်ကြိမ်တို့ကြောင့် ဒုက္ကဋ်အာပတ်များ။

(၃) ကမ္မဝါစာအဆုံး၌ ဥပဇ္ဈာယ်အား ပါစိတ်သင့်၍ ဂိုဏ်းနှင့် ဆရာမတို့အား ဒုက္ကဋ်သင့်သည်။

(ရဟန်းခံပေးတိုင်း အတူတူပင်)

## ပါယန္တိသိက္ခာပုဒ်

### ပါယန္တိဟူသည်

အမိရင်း (သို့မဟုတ်) နို့ထိန်း။

## ပဌမသိက္ခမာန သိက္ခာပုဒ်

### ဒွေ ဝဿာနိ ဆသု ဓမ္မေသု

ဒွေဝဿာနိ=(၂)နှစ်တို့ပတ်လုံး။ ဆသုဓမ္မေသု=ခြောက်ပါးသော သိက္ခာပုဒ်တို့၌။ အသိက္ခိတသိက္ခံ=ကျင့်အပ်သော သိက္ခာမရှိသော။ သိက္ခမာနံ=သိက္ခမာန်ကို။ ဝုဋ္ဌာပေန္တီ=ကုန်၏။ တာ=ထိုမိန်းမတို့သည်။ ဗာလာ=မိုက်ကုန်သည်။ အဗျတ္တာ=မလိမ်မာကုန်သည်။ ဟောန္တိ=ကုန်၏။ ကပ္ပိယံဝါ=အပ်သည်ကိုရင်း။ အကပ္ပိယံဝါ=ကိုရင်း။နဇာနန္တိ=မသိကုန်။

### မဟာဘိက္ခမာန်အား ပေးရမည့်သမ္မုတိ

၂-နှစ်တို့ပတ်လုံး သိက္ခာပုဒ် (၆) ပါးတို့၌ ကျင့်ရမည့် သမ္မုတိ။

### သိက္ခာသမ္မုတိပေးပုံ အစီအစဉ်

(၁) သိက္ခမာန်သည် သံဃာတို့ချည်းကပ်၍ လက်ကန်တော့တင်ခြင်း, ရဟန်းမတို့၏ ခြေတို့ကို ရှိခိုးခြင်း, ဆောင့်ကြောင့်ထိုင်ခြင်း, လက်အုပ်ချီခြင်း အမှုတို့ကိုပြုကာ "အရှင်မတို့ . . . ဤအမည်ရှိသော အရှင်မ၏ ဤအမည်ရှိသော သိက္ခမာန်ဖြစ်သည့် တပည့်တော်သည် သံဃာတော်ကို ၂-နှစ်တို့ပတ်လုံး သိက္ခာပုဒ် (၆)ပါးတို့၌ ကျင့်သုံးသော သမ္မုတိကို တောင်းပန်ပါ၏" ဟု (၃) ကြိမ်တိုင်တိုင် တောင်းပန်ရခြင်း။

(၂) ဗျတ္တပဋိဗလာရဟန်းမက ဉတ္တိဒုတိယကမ္မဝါစာဖြင့် သံဃာအား အသိပေးရခြင်း။

(၃) သိက္ခမာန်ကို "ပါဏာတိပါတာ ဝေရမဏီ ဒွေ ဝဿာနိ အဝီတိက္ကမ္မ သမာဒါနံ သမာဒိယာမိ" စသည်တို့ကို ဆိုခိုင်းခြင်း။

သာ သိက္ခမာနာ

သာသိက္ခမာနာ=ထိုသိက္ခမာန်ကို။ ဧဝံ=ဤသို့။ ဝဒေဟိ=လော့။ ဣတိ=သို့ ဝတ္တဗ္ဗာ=ဒအပ်၏။ ပါဏာတိပါတာ=ပါဏာတိပါတ်မှ။ ဝေရမဏီ=ကြဉ်ခြင်း, ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ ဒွေဝဿာနိ= တို့ပတ်လုံး။ အဝီတိက္ကမ္မ=မလွန်ကျူးမူ၍ သမာဒါနံ=ဆောက်တည်ခြင်းကို။ သမာဒိယာမိ=ဆောက်တည်ပါ၏။

**သိက္ခမာန် (၂) နှစ်ပတ်လုံးကျင့်ရမည့် သိက္ခာပုဒ် (၆) ပါး**

(၁) ပါဏာတိပါတ ဝေရမဏီ သိက္ခာပုဒ်။

(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပုဒ်။

(၃) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပုဒ်။

(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပုဒ်။

(၅) သုရာမေရယ မဇ္ဇပမာဋ္ဌာနာ ဝေရမဏီ သိက္ခာပုဒ်။

(၆) ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပုဒ်။

**အသိက္ခိတသိက္ခာ**

သိက္ခာမပေးအပ်သေးသူ (သို့မဟုတ်) ပေးပြီးသောသိက္ခာ ပျက်ပြီးသူ။

**ဝုဋ္ဌာပေယျဟူသည်**

ရဟန်းခံပေးခြင်း။

**ဒုတိယသိက္ခမာနသိက္ခာပုဒ်**

**ဝုဋ္ဌာနသမ္မုတိပေးရမည့်သူ**

၂-နှစ်တို့ပတ်လုံး သိက္ခာပုဒ် ၆-ပါးတို့၌ ကျင့်သုံးပြီးသော သိက္ခမာန်။

**အသမ္မတာ**

ဥတ္တိ ဒုတိယကံဖြင့် ဝုဋ္ဌာနသမ္မုတိ မပေးရသေးသော သိက္ခမာန်။

## ပထမဂိဟိဂတသိက္ခာပုဒ်

**ဦနဒွါဒသဝဿံ**

ဦနဒွါဒသဝဿံ=(၁၂)နှစ်မပြည့်သော။ ဂိဟိဂတံ=ယောကျ်ားတစ်ပါး သွားလာဘူးသော မိန်းမကို။ ဝုဋ္ဌာပေန္တိ=ကုန်၏။ တာ=ထိုမိန်းမတို့သည်။ သီတဿ=ကို။ ဥဏှဿ=ကို။ ဇိဃစ္ဆာယ=ထမင်းမွတ်သိပ်ခြင်းကို။ ပိပါသာယ=ရေသိပ်ခြင်းကို။ ဍံသမကသ ဝါတာတပ သရီသပ သမ္ဖဿာနံ=မှက်, ခြင်, လေ, နေပူ, မြွေ, ကင်း, သန်း-တို့၏ အတွေ့တို့ကို။ အက္ခမာ=ကုန်သည်။ ဟောန္တိ=ကုန်၏။ ဒုရုတ္တာနံ=မကောင်းသဖြင့်ဆိုအပ်ကုန်သော။ ဒုရာဂတာနံ=မကောင်းသဖြင့် လာရောက်ကုန်သော။ ဝစနပထာနံ=စကားဟုဆိုအပ်သော အကြောင်းတို့ကို။ ဥပ္ပန္နာနံ=ဖြစ်ပေါ်ကုန်သော။ သာရီရိကာနံ=ကိုယ်၌ဖြစ်ကုန်သော။ ဒုက္ခာနံ=ကုန်သော။ တိဗ္ဗာနံ=ထက်ကုန်သော။ ခရာနံ=ကြမ်းကုန်သော။ ကဋုကာနံ=စပ်ကုန်သော။ အသာတာနံ=မသာယာအပ်ကုန်သော။ အမနာပါနံ=နှလုံးကိုမပွားစေတတ်ကုန်သော။ ပါဏဟရာနံ=အသက်ကို ပယ်တတ်ကုန်သော။ ဝေဒနာနံ=တို့ကို။ အနဓိဝါသကဇာတိကာ=သည်းမခံနိုင်သော သဘောရှိကုန်သည်။ ဟောန္တိ=ကုန်၏။

**ဦနဒွါဒသဝဿာ စသည်**

ဦနဒွါဒသဝဿာဟူသည် ၁၂-နှစ်မပြည့်သေးသူ
ဂိဟိဂတာဟူသည် ယောကျ်ားတစ်ပါးသွားလာဘူးသော မိန်းမ။

## ပထမသဟဇီဝိနီသိက္ခာပုဒ်

**သဟဇီဝိနီဟူသည်**

သဒ္ဓိဝိဟာရိနီတပည့်မ။

**နေဝ အနုဂ္ဂဏှေယျ-၌ ချီးမြှောက်ရမည့်အရာများ**

(၁) ဥဒ္ဒေသ၊ (၂) ပရိပုစ္ဆာ၊ (၃) ဩဝါဒ၊ (၄) အနုသာသနီ။

## ပဝတ္တိနီနာနုဗန္ဓနသိက္ခာပုဒ်

**ဘိက္ခုနိယော ဝုဋ္ဌာပိတံ**

ဘိက္ခုနိယော=တို့သည်။ ဝုဋ္ဌာပိတံ=ပဉ္စင်းခံသော။ ပဝတ္တိနိံ=ဥပဇ္ဈာယ်မကို။ ဒွေ ဝဿာနိ=တို့ပတ်လုံး။ နာနုဗန္ဓန္တိ=အစဉ်မလိုက်ကုန်။

**ပဝတ္တိနီဟူသည်**

ဥပဇ္ဈာယ်ဆရာမ။

**နာနုဗန္ဓေယျ-ဟူသည်**

ကိုယ်တိုင်မလုပ်ကျွေးခြင်းဖြစ်သည်။

## ဒုတိယသဟဇီဝိနီသိက္ခာပုဒ်

**သဟဇီဝိနိံ ဝုဋ္ဌာပေတွာ**

သဟဇီဝိနိံ=အတူနေတပည့်မကို။ ဝုဋ္ဌာပေတွာ=ပဉ္စင်းခံ၍။ နေဝ ဝူပကာသေတိ= မိမိလည်းခေါ်၍မသွား။ န ဝူပကာသာပေတိ=သူတစ်ပါးကိုလည်းခေါ်၍မသွားစေ၊ သာမိကော=လင်သည်။ အဂ္ဂဟောသိ=ဖမ်းယူ၏။

## ကုမာရိဘူတဝဂ်

## ပဌမကုမာရိဘူတသိက္ခာပုဒ်

**ကုမာရိဘူတာဟူသည်**

သာမဏေမတည်း။

## ဦနဒွါဒသဝဿသိက္ခာပုဒ်

**ဥပဇ္ဈာယ်ဆရာမ၏ အရည်အချင်း**

(၁) ၁၂-ဝါရရှိခြင်း။

(၂) ဝုဋ္ဌာနသမ္မုတိရရှိခြင်း။

**ဝုဋ္ဌာနသမ္မုတိပေးရမည့် ဘိက္ခုနီ**

ဗျတ္တာ, လဇ္ဇိနီဘိက္ခုနီ။

**ဝုဋ္ဌာနသမ္မုတိ မပေးရမည့်ဘိက္ခုနီများ**

(၁) ဗာလ အလဇ္ဇိနီ ဘိက္ခုနီ။
(၂) ဗာလ လဇ္ဇိနီ ဘိက္ခုနီ။
(၃) ဗျတ္တ အလဇ္ဇိနီ ဘိက္ခုနီ။

**ခိယျနဓမ္မသိက္ခာပုဒ်**

**စဏ္ဍကာဠီ ဘိက္ခုနီ**

စဏ္ဍကာဠီ=သော။ ဘိက္ခုနီ=သည်။ သာဝတ္ထိ=ကောင်း၏ဟူ၍။ ပဋိသုဏိ=ဝန်ခံ၏။ပ။ အဟမေဝ=သည်သာလျှင်။ ဗာလာနူန=မိုက်သည်လော။ အဟမေဝ=သည်သာလျှင်။ အလဇ္ဇိနီနူန=အလဇ္ဇီမလော။ သံဃော=သည်။ အညာသံ=ငါမှတစ်ပါးကုန်သော။ ဘိက္ခုနီနံ=တို့အား။ ယံဝုဋ္ဌာပနသမ္မုတိံ=အကြင်ဝုဋ္ဌာပနသမ္မုတိကို။ ဒေတိ=၏။ တံ=ထိုဝုဋ္ဌာပန သမ္မုတိကို။ မယှမေဝ=ငါ့အားသာလျှင်။ နဒေတိ=မပေး။ ဣတိ=ဤသို့။ ဥဇ္ဈာယတိ=၏။

**ပဌမသိက္ခမာန နဝုဋ္ဌာနသိက္ခာပုဒ်**

**ယာ ပန ဘိက္ခုနီ**

ယာပနဘိက္ခုနီ=သည်။ ဘိက္ခမာနံ=သိက္ခမာန်ကို။ တွံ=သည်။ မေ=ငါ့အား။ စီဝရံ=ကို။ သစေဒဿသိ=အကယ်၍ ပေးလတ့်။ ဧဝံ=ဤသို့ ပေးသည်ရှိသော်။ အဟံ=ငါသည်။ တံ=သင့်ကို။ ဝုဋ္ဌာပေဿာမိ= ပဉ္စင်းခံအံ့။ ဣတိ=ဤသို့။ ဝတွာ=၍။

**သောကာဝါသ သိက္ခာပုဒ်**

**ယာ ပန ဘိက္ခုနီ**

ယာပနဘိက္ခုနီ=သည်။ ပုရိသသံသဋ္ဌံ=ကြီးသောယောကျ်ားနှင့် နှီးနှောသော၊ ကုမာရကသံသဋ္ဌံ=သူငယ်နှင့်ရောနှောသော။ စဏ္ဍိံ=ကြမ်းတမ်းသော။ သောကာဝါသံ=ယောကျ်ားတို့၏ နှလုံးတွင်း၌ စိုးရိမ်ခြင်းကို သွင်းတတ်သော။ ဝါ=ယောကျ်ားနှင့် ပေါင်းဖော်ခြင်းကို မရသောကြောင့် စိုးရိမ်ခြင်း၏နေရာဖြစ်သော။ သိက္ခမာနံ=ကို။ ဝုဋ္ဌာပေယျ=ပဉ္စင်းခံငြားအံ့။

**ပုရိသနှင့် ကုမာရကထူး**

အသက် ၂၀-ပြည့်ပြီးသော ယောကျ်ားသည် ပုရိသမည်၍ အသက် ၂၀-မပြည့်သေးသော ယောကျ်ားသည် ကုမာရကမည်သည်။

**စဏ္ဍိ-အရ**

အမျက်ထွက်လွယ်ရှိသော ဘိက္ခုမာန်ကိုယူပါ။

**အနနုညာတသိက္ခာပုဒ်**

**မာတာပိတရော**

မိဘအရင်းတို့ကို ယူပါ။

**သာမိကော-အရ**

သိမ်းပိုက်ထားသော လင်ယောကျ်ားကိုယူပါ။

**ပါရိဝါသိကသိက္ခာပုဒ်**

**ပါရိဝါသိက ဆန္ဒဒါနေနဟူသည်**

ပရိသတ် ထပြီးခြင်း။

**အနုဝဿသိက္ခာပုဒ်**

**အာပတ်မသင့်အောင် ရဟန်းခံပေးနည်း**

တစ်နှစ်ခြား ရဟန်းခံပေးပါ။

**ဆတ္တုပါဟနဝဂ်**

**ဆတ္တုပါဟနသိက္ခာပုဒ်**

အဂိလာနာ -

ထီး ဘိနပ်မပါဘဲ ချမ်းသာသူ။

**ဝိလာနာဟူသည်**

ထီး, ဘိနပ်မပါက မချမ်းသာသူ။

**ထီးသရုပ်**

ဆတ္တံနာမ=ကား။ ဆတ္တာနိ=တို့သည်။ မဏ္ဍလဗဒ္ဓံ=အဝန်းဖွဲ့အပ်သော။ သလာက ဗဒ္ဓံ=ဝါးခြမ်းစိပ်ဖြင့်ဖွဲ့အပ်သော။ သေတစ္ဆတ္တံ=ထီးဖြူ။ ကိလိဉ္စစ္ဆတ္တံ=နှီးဖြင့်ပြုအပ်သောထီး။ ပဏ္ဏစ္ဆတ္တံ=သစ်ရွက်ဖြင့်ပြုအပ်သော ထီး။ ဣတိ=ဤသို့။ တီဏိ=တို့တည်း။

**ကျောင်းနှင့် ကျောင်းဥပစာ၌ ဘိနပ်စီး, ထီးဆောင်းကောင်း**

အနာပတ္တိ (ပ) အာရာမေ အာရာမူပစာရေတိကိုထောက်ပါ။

## ယာနသိက္ခာပုဒ်

**ယာနသရုပ်**

ယာနံနာမ=ကား။ ဝယှံ=ပေါင်းချုပ်။ ရထော=ရထား။ သကဋံ=လှည်း။ သန္ဒမာနိကာ=သံလျှင်း။ သိဝိကာ=ထမ်းစင်။ ပါဋင်္ကီ=ပုဆိုး သံလျှင်း။

## သယ်္ဘာဏိသိက္ခာပုဒ်

**ဟန္ဒယျေ ဣမံ**

အယျေ=မ။ ဟန္ဒ=ယူလော့။ ဣမံသယ်္ဘာဏိံ=ဤခါးကြိုးကို။ အမုကာယနာမ=ဤ အမည်ရှိသော။ ဣတ္ထိယာ=အား။ ဒေဟိ=ပေးပါလေလော့။ ဣတိ=သို့။ အဝေါစ=၏။ အထခေါ်=၌။ သာဘိက္ခုနီ=သည်။ အဟံ=သည်။ ပတ္တေန=ဖြင့်။ အာဒါယ=၍။ သစေဂစ္ဆာမိ=အကယ်၍သွားသည်ဖြစ်အံ့။ မေ=အား။ ဝိဿရော=ဖောက်ပြန်သော အသံသည်။ ဘဝိဿတိ=အံ့။ ဣတိ=ဤသို့။ ပဋိမုဉ္စိတွာ=ခါး၌စွပ်၍။ အဂမာသိ=၏။ တဿ=ထိုခါး ကြိုး၏။ ရထိကာယ=လမ်းမ၌။ သုတ္တကေ=ချည်ကြိုးသည်။ ဆိန္နေ=ပြတ်သည်ရှိသော်။ ဝိပ္ပကိရိံသု=ဖရိုဖရဲ ကြကုန်ရာ၏။

**သိယာ်ဂါဟူသည်**

ခါးတန်ဆာအားလုံး။

**ခါးစည်းကြိုးဆောင်မှု**

အနာပတ္တိ (ပ) ကင္မိုသုတ္တကံ ဓာရေတိကိုထောက်၍ အာပတ်မသင့်။

## ကြတ္ထာလင်္ကာရသိက္ခာပုဒ်

**ကြတ္ထာလင်္ကာရသရုပ်**

ကြတ္ထာလင်္ကာရောနာမ=ကား။ သီသူပဂေါ=ဦးခေါင်တန်ဆာ။ ဂီဝူပဂေါ= လည်တန်ဆာ။ ဟတ္ထူပဂေါ=လက်တန်ဆာ။ ပါဒူပဂေါ=ခြေတန်ဆာ။ ကဋူပဂေါ=ခါးတန်ဆာ။

## ဂန္ဓဝဏ္ဏက သိက္ခာပုဒ်

**ဂန္ဓောဟူသည်**

နံ့သာအားလုံး။

**ဝဏ္ဏကံဟူသည်**

အဆင်းရှိသော ရေချိုးကသယ်မှုန့်အားလုံး။

## ဝါသိတက သိက္ခာပုဒ်

**ဝါသိတက ပိညာကဟူသည်**

နံ့သာမှုန့်ဖြင့် ထုံအပ်သော နှမ်းမှုန့်။

## သိက္ခမာနာဒိဥမ္မဒ္ဒါပနသိက္ခာပုဒ်

**သာမဏေရီဟူသည်**

သိက္ခာပုဒ် ၁၀-ပါးရှိသော မိန်းမ။

**ဂိဟိနီဟူသည်**

အိမ်၌နေသော မိန်းမ။

## အနာပုစ္ဆာသိက္ခာပုဒ်

**အာသနေ နိသီဒေယျ-၌ အာသန - အရ**

အောက်ထစ်ဆုံးအားဖြင့် မြေအခင်းကိုယူပါ။

## ပဥှပုစ္ဆန သိက္ခာပုဒ်

**ပဥှံ ပုစ္ဆေယျ**

သုတ္တန်၌ ခွင့်ပြုခိုင်း၍ ဝိနည်းကိုဖြစ်စေ, အဘိဓမ္မာကိုဖြစ်စေ မေးလျှင် ပါစိတ်သင့်သည်။

## အသံကစ္စိကာ သိက္ခာပုဒ်

**အသံကစ္စိကာ ဂါမံ**

အသံကစ္စိကာ=ရင်လွှမ်းတန်းဆာမပါဘဲ။ ဂါမံ=ရွာသို့။ ပိဏ္ဍာယ=ငှါ။ ပါဝိသိ=ဝင်၏။ တသ္မာ=ထိုဘိက္ခုနီမ၏။ ရထိကာယ=ရထားလမ်းခရီး၌။ ဝါတမဏ္ဍလိကာ=လေဘွေသည်။ သံဃာဋိယော=ဒုကုဋ်တို့ကို။ ဥက္ခိပိံသု=ပင့်ကုန်၏။ မနုဿာ=တို့သည်။ အယျာယ=၏။ ထနုဒ္ဒရာ=သားမြတ်အုံသည်။ သုန္ဒရာ=ကောင်း၏။ ဣတိ=ဤသို့။ ဥက္ကုဋ္ဌိံ= ကြွေးကြော်ခြင်းကို။ အကံသု=ကုန်၏။ သာဘိက္ခုနီ=သည်။ တေဟိ မနု ဿေဟိ=တို့သည်။ ဥပ္ပဏ္ဍိယမာနာ=ပြက်ရယ်ပြုအပ်သည်ရှိသော်။ မင်္ကု=နှလုံးမသာသည်။ အဟောသိ=ပြီ။

**သံကစ္စိကဟူသည်**

ညှပ်ရိုးနှစ်ဘက်မှ အောက်, ပုဆစ်ဒူးဝန်းမှ အထက်ကို ဖုံးလွှမ်းရန် ပြုလုပ်ထားသော သင်္ကန်း။

**ဂါမံ ဝိသေယျ**

ကာရံအပ်သော ရွာ၏ အကာအရံကို လွန်စေလျှင်ဖြစ်စေ, မကာရံအပ်သော ရွာ၏ ဥပစာကို သက်ရောက်လျှင်ဖြစ်စေ ပါစိတ်သင့်သည်။

အနာပတ်

အစ္ဆိန္နစီဝရိကာယ=သောကြောင့်။ နဋ္ဌစီဝရိကာယ=သောကြောင့်။ ဂိလာနာယ=သောကြောင့်။ အသတိယာ=သတိမေ့လျော့သောကြောင့်။ အဇာနန္တိယာ=မသိသောကြောင့်။ အာပဒါသု=တို့ကြောင့်။ ပဝိသတိ=၏။ အနာပတ္တိ=သင့်။

ပထမပါဋိဒေသနီယသိက္ခာပုဒ်

အဂိလာနာဟူသည်

ထောပတ်မပါဘဲ ချမ်းသာသူ။

သပ္ပိဟူသည်

အသားအပ်သော သတ္တဝါတို့၏ ထောပတ်ဖြစ်သော နွားထောပတ်, ဆိတ်ထောပတ်, ကျွဲထောပတ်။

တေလသရုပ်

(၁) တိလ တေလံ = နှမ်းဆီ၊
(၂) သာသပတေလံ = မုန့်ညှင်းဆီ၊
(၃) မဓုကတေလံ = သစ်မည်ဆီ၊
(၄) ဧရဏ္ဍတေလံ = ကြည်ဆူဆီ၊
(၅) ဝသာတေလံ = အသားဆီ၊

မဓု

ပျားငယ်ပြုအပ်သော ပျားရည်။

ခီရသရုပ်

အသားအပ်သောသတ္တဝါတို့၏ နို့ဖြစ်သော နွားနို့, ဆိတ်နို့, ကျွဲနို့။

**ဂုဏ်ထူးဆောင် ဝိနယဝိဒူ**
**ပါစိတ်အဖွင့် ပြီးပါပြီ။**

အမှတ် ၂၈၂၄၁...
ရက်စွဲ ..........

ဗုဒ္ဓသာသနာအစွန့်ရှည်စွာ ရောင်ဝါထွန်းစေဖို့
ဘာသာရေးဆိုင်ရာ စာပေ များကို
စာမူအပ်လိုက်ရုံဖြင့် သပ်ရပ်ကောင်းမွန်သော
စာအုပ်စာစောင်များထွက်ပေါ်လာသည့်အထိ
စရိတ်သက်သာ၊ မြန်ဆန်ချောမွေ့အောင်
ကြိုးပမ်းဆောင်ရွက်ပေးခြင်းဖြင့် ကုသိုလ်ယူပါရစေ

ရတနာ့ဂုဏ် အော့ဖ်ဆက် ပုံနှိပ်တိုက်
အမှတ် (၅၁) ၊ လမ်း – ၁၄၀ ၊
မအူကုန်း ၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၀၀၀၇၆

